
ရန်ကုန်ဘဆွေ
သေသော်မှတည့်
ကြော်ကောင်း၏
ထီးသုဉ်း နန်းသုဉ်း
မြို့သုဉ်းသုည
သုဉ်းသုံးဝဖြင့်
သုဉ်းရပြန်လစ်
သုဉ်းသည့်ခေတ်တွင်
ဖြစ်လာရလေ
တို့တစ်တွေမှာ
သေသော်မှတည့် ကြော်ကောင်း၏။
ဆီးဘန်းနီ ဆရာတော်
တတိယအကြိမ်

ရန်ကုန်[illegible]

# သေသော်မှတည့် ဖြော်ကောင်း၏

၈၉၅.၈၃
၄၃၁

| ရက်စွဲ | တိုက်ပိုးအမှတ် |
|---|---|
| ၂၀.၁.၉၈ | ၄၃၁ |
| ရက်စွဲ | ပညာရပ်အမှတ် |
| ........ | ၈၉၅.၈၃ |
| ရက်စွဲ | စင်အမှတ် |
| ........ | ........ |
| | |

မြဝတီ

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း
(လောကသာရပျို့)

## ပုံနှိပ်မှတ်တမ်း

မြဝတီစာပေတိုက်၊ စာစဉ် အမှတ် (၁၁)

ပဥ္စမအကြိမ်

အုပ်ရေ - ၃၀၀၀

၁၉၉၇ ခုနှစ်၊ မေလ

မျက်နှာဖုံး ဒီဇိုင်း - ပန်းချီ မောင်ညိုဝင်း

တန်ဖိုး - [redacted] ၁၆၀-ကျပ်

မြဝတီစာပေတိုက်၊ အမှတ် ၇၅(ခ)၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း၊ းစိန်မြို့နယ်၊ ရန်ကုန်တွင် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ချစ်နိုင်က ပ်သူအမှတ်(၀၂၂၅၁)ဖြင့် ပုံနှိပ်၍ ထုတ်ဝေသူ အမှတ်(၃၇၀၂)ဖြင့် ချိထုတ်ဝေသည်။

## ဒို့တာဝန် အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသား အားလုံး၏ တာဝန်ဖြစ်သည်။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ☆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ☆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်၊
တိုင်းရင်းသား အချင်းချင်း လေးစားပါ၊ ချစ်ခင်ပါ၊
တန်းတူရည်တူ ဆက်ဆံပါ၊ လွတ်လပ်ရေးကို ကာကွယ်ပါ။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

# သသော်မှတည့်သြော်ကောင်း၏

## ရန်ကုန်ဘဆွေ

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။
(ကန်တော်မင်းကျောင်းဆရာတော်)
(လောကသာရပျို့)

## ပုံနှိပ်မှတ်တမ်း

မြဝတီစာစဉ်အမှတ် - ၁၁

၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ

စတုတ္ထအကြိမ်

အုပ်ရေ - ၄၀၀၀

ပန်းချီ - ညိုဝင်း

တန်ဖိုး - ၁၀၀ ကျပ်

မြဝတီစာပေတိုက် အမှတ် ၁၈၁-၁၈၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တွင် စာတည်းမှူးချုပ် ဒုတိယ ဗိုလ်မှူးကြီးချစ်နိုင်၊ ထုတ်ဝေသူမှတ်ပုံတင်အမှတ် (၃၇၀၂) က ထုတ်ဝေ၍ ဦးမြင့်ကြွယ် ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၂၅၅၁) က ပုံနှိပ်သည်။


## ထုတ်ဝေသူ၏ အမှာ

လွန်ခဲ့သော အနှစ်၃၀-ကျော်။

၁၉၆၂-၆၅ ခုနှစ်ဆီက ကျွန်တော်သည် အထက်တန်းကျောင်းသားတစ်ယောက် ဖြစ်လေသည်။ ချောက်မြို့ဈေးအတွင်း၌ အုန်းမောင်နှင့်ညီများ စာအုပ်အငှားဆိုင် ရှိသည်။ ဈေးအပြင်၌ လိမ္မော်စာအုပ်အငှားဆိုင်ရှိသည်။ သမဂ္ဂသုခ၊ မြင့်စာပေ စသည့် စာအုပ်ရောင်းသည့် ဆိုင်ကြီးများအပြင် အငှားဆိုင်က သီးခြားဖြစ်၏။

မြဝတီ၊ ရှုမဝ၊ သွေးသောက်၊ နောက်ငွေတာရီ။ မဂ္ဂဇင်းငှားခ ၁-ရက် ၁၀-ပြား။

လုံးချင်းဝတ္ထု ၁-အုပ် ၁၀-ပြား။ ၄-ကျပ်၊ ၅-ကျပ်တန် ပုဂံစာအုပ်တိုက်ထုတ် အထူကြီးတွေ။ ခုဝံ၊ နန္ဒတို့လို ရွှေဥဒေါင်း၏ ရတနာသိုက် (ဘာသာပြန်)တို့လို အထူကြီးတွေမှ ၁၅-ပြား။ တစ်ရက်ငှားခ။ နတ်နွယ်ရေးသည့် ဝက်ပါ ဝတ္ထုအထူစားမို့ ၁၅-ပြား။

ကျွန်တော်တို့သည် စာအုပ်တွေကို ဝါးစားသကဲ့သို့ အငမ်းမရ ဖတ်ဖြစ်ခဲ့ကြလေသည်။ မဟာဆွေ၊ ဇဝန၊ တက္ကသိုလ်ဘုန်းနိုင်၊ နတ်နွယ်၊ မောင်သာရ၊ သိန်းဖေမြင့်၊ ရန်ကုန်ဘဆွေ၊ သခင်မြသန်း၊ ဗန်းမော်တင်အောင်၊ မိုးဝေ၊ အောင်လင်း၊ မြသန်းတင့်၊ မင်းကျော် ထွက်သမျှတွေ့သမျှ တစ်အုပ်မကျန် ပိုက်စိပ်တိုက်ပြီး ဖတ်ရှုဆွေးနွေး ကြ၏။

ရန်ကုန်ဘဆွေ၏ သေသော်မှတည့် ဩော်-ကောင်း၏၊ မြန်မာပြည်သား၊ ရွှေဝါပြည်၊ တိုက်ယူရသည့် မျက်ရည်တစ်ပေါက်၊ ချီလေသော်လည်း၊ ချစ်ဇနီးသို့ စသည်တို့ကို ဖတ်ရှုပြီး တိုင်းပြည်နှင့် လူမျိုးကို ပိုပြီး မြတ်နိုး လေးစားတတ်လာပါသည်။ ကျေးဇူးကြီးပေစွ။

သေသော်မှတည့် ဩဘ်–ကောင်း၏ ဇာတ်လမ်းထဲက ဆွေဆက်နှင့် လူမိုက်ကြီး မိုးသီးတို့ ဗိုလ်လုပွဲကို ဖတ်ပြီးသောအခါ ကျွန်တော်သည် ခပ်ပျော့ပျော့ လူငယ်တစ်ယောက်အဖြစ်မှ စစ်သား စစ်ဗိုလ်ဖြစ်နိုင်လောက်သော ခံနိုင်ရည်ကို ရရှိလာသည်ဟု ဆိုချင်ပါ၏။

၁၉၇၂–ခုနှစ်မှာတော့ အမှန်တကယ်ပင် ကျွန်တော်တို့သည် စစ်မြေပြင်ကိုထွက်၍ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းရွက်နိုင်သည် အထိ ရောက်ရှိခဲ့ပါသည်။ အနှစ် ၂၀–ကျော်သည် ကာကွယ်ရေး၊ လုံခြုံရေး တာဝန်များသာ။ မည်မျှပင် ပင်ပန်းဆင်းရဲပါစေ ကျေနပ်ကြည်နူး နေတတ်သည်။ နိုင်ငံအတွက် ကျရာမှာ နေရမည်။ ဆရာ ရန်ကုန်ဘဆွေ အစရှိသော စာပေပညာရှင်များ ပုံသွင်း ပျိုးထောင် ပြုစုပေးခဲ့သော ကျေးဇူးတရား။ တို့နိုင်ငံ၊ တို့လူမျိုး တိုးတက်စေရမည်။

ကျွန်တော်တို့ မျိုးဆက် အသက် ၄၀–၅၀ တွေကို ဟိုစဉ် အထက်တန်း ကျောင်းသားဘဝ အသက် ၁၄–၁၅ အရွယ်လောက်မှာ မျိုးချစ်စိတ်ဓာတ်ကို ခံစားနားလည်အောင် လှုံ့ဆော် သင်ပြခံခဲ့ကြရသည်။ ခံစားချက်သည် လူ့ဘဝမှာ အရေးပါ၏။ မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်ကို ကိုယ်တိုင်ခံစား မျှဝေနားလည်ဖို့တော့ လိုလေသည်။ အဆိုးအကောင်း၊ အကျိုးအကြောင်း၊ ဆင်ခြင်တုံတရားသည် အရေးကြီးပါ၏။ နှလုံးသားထဲအထိ စွဲမြဲသော အမျိုးချစ်တရားကလည်း ဘဝကို အဆုံးအဖြတ် ပေးသည်။ ဟော–

ဆင်ခြင်တုံတရားနှင့် စဉ်းစားခဲ့လျှင်လည်း မဖြစ်သင့်။

နှလုံးသားဖြင့် ခံစားလျှင်လည်း မလုပ်သင့်။

အကျိုးဖျက်ဆီးလိုသူ သူတစ်ပါး၏ လက်ကိုင်တုတ် ဘာ့ကြောင့် လုပ်ကြသနည်း။ အမျိုးသား သစ္စာဖောက်တွေ။

နယ်ချဲ့ကဝေ မှော်သွင်းပြုစား နှလုံးသား ခန်းခြောက်အောင် မှိုင်းတိုက် ခံထားကြရရှာသည်။ ပူးဝင်ပြီး ဖြိုခွဲ၊ ဖျက်ဆီး၊ မီးရှို့။

ဤအန္တရာယ်မျိုးသည် ယခင်ကလည်း ရှိခဲ့သည်။ ယခုလည်း ရှိနေသည်။ နောင်အခါလည်း ရှိနေဦးမည်လော ။ ၊

အမျိုးစောင့်တရားကို နှလုံးသားဖြင့် ခံစားနားလည် တတ်စေရန် ဤကဲ့သို့ ရသမြောက်သော ဝတ္ထုကြီးမျိုးကို လေ့လာ ဖတ်ရှုအပ်ပါသည်။ ရန်ကုန်ဘဆွေသည် ပါရမီရင့်သန်သော ပညာရှိစာဆို မျိုးချစ်ပုဂ္ဂိုလ် တစ်ယောက်ပါပေ။ စတုတ္ထအကြိမ်တိုင်အောင် ဤဝတ္ထုကို အဘယ်ကြောင့် ပြည်သူလူထုက အလေးအမြတ်ပြုကာ ဖတ်ရှုချင်ကြသနည်း။

ဖတ်ကြည့်မိလျှင် အဖြေတွေ့ရပါလိမ့်မည်။ ။

ထုတ်ဝေသူ

**စာရေးသူ၏ အမှာ......**

ခေတ်သည် နှစ်အချိန်ကြာညောင်းသည်နှင့်အမျှ တိုးတက်ရ၏။ မျက်မြင်ဖြစ်သည်။ ငြင်းခုံ၍မရ။

လူသားတို့သည် နှစ်အချိန်ကြာညောင်းသည်နှင့်အမျှ၊ ‘စား၊ ဝတ်၊နေ၊ သွေး’ အမှုတို့၌ ခေတ်နှင့်အတူ တိုးတက်ရ၏။ မျက်မြင်ဖြစ်သည် ငြင်းခုံ၍မရ။

သို့သော်...

ဤအဆိုပြုချက်သည် ခေတ်တစ်ခုလုံးကို လွှမ်းခြုံ၍ဆိုကဟုတ်၏။ ထိုသို့ မဆိုဘဲ အကြောင်းဖြစ်ရပ်တစ်ခုစီတိုင်း ဘာမဆို ကြာလေတိုးတက်လေဖြစ်ရမည်ဟု ယုံကြည်လျှင်မှား၏။

ခေတ်တစ်ခုတစ်ခု၌ အရေအတွက်များလှသော အကြောင်းဖြစ်ရပ်တွေတိုင်း တိုးတက်မှုရှိသည် မှန်၏။ သို့သော်... အချို့သော အကြောင်း ခြင်းရာတစ်ခုနှစ်ခုတို့သည် ခေတ်နှင့်အတူအသုံးမဝင်တော့ပြီဖြစ်သော ကြောင့်လည်းကောင်း၊ အရေးတကြီး မလိုအပ်တော့ပြီဖြစ်သောကြောင့် လည်းကောင်း ပျောက်ဆုံးကျန်ရစ်ခဲ့တတ်၏။

ထိုပျောက်ဆုံးမှုသည် ခေတ်တစ်ခုလုံးနှင့် ခြုံ၍ကြည့်သော် တိုးတက် သည် ဆိုခြင်းကို မည်သို့မျှ မထိခိုက်နိုင်သော်လည်း အကြောင်းဖြစ်ရပ် တစ်ခုချင်း အနေနှင့်တွေးလျှင်၊ နှမြောဝမ်းနည်းဖွယ်ကောင်း၏။

ဆိုကြပါစို့ - သေနတ်အမြောက်မော်တော်ကား စသည့် စစ်ပစ္စည်း တို့ကို အားပြုတိုက်ခိုက်နေရသည့် ယခုခေတ်မျိုး၌၊ စစ်ဗိုလ်စစ်သား တစ်စုံတစ်ယောက်သည် ဆင်စီး မြင်းစီး ဓားခုတ် လှံထိုး အမျိုးမျိုးတို့ကို အသုံးမလိုတော့ပြီဖြစ်သောကြောင့် တတ်မြောက်ရန် ခဲယဉ်း၏။

သို့သော်...ဤအတတ်တို့သည် မိမိတို့ လူမျိုးနှင့် တိုင်းပြည်ကို နှစ် ပေါင်းရှည်လျားစွာ ထူထောင် ဂုဏ်ယူနိုင်ခဲ့စေသော အတတ်မျိုးတို့ ဖြစ်သောကြောင့်၊ အသုံးမဝင်ဟု ဆိုစေဦး၊ ယဉ်ကျေးမှုတစ်ရပ်အနေနှင့် ထိန်းသိမ်းထားသင့်၏။ မပျောက်ဆုံးစေသင့်...။

ယခုမော်တော်ကား လေယာဉ်စသော တိုးတက်သည့် ခရီးသွား



ယာဉ်များ ထွန်းကားနေသည့်ခေတ်၌၊ ဗမာတစ်စုံတစ်ယောက်သည် ထိုင်း နိုင်ငံဟု ခေါ်နေကြသည့် ယိုးဒယားကို သွားလိုသည်ဖြစ်စေ၊ ရခိုင် အာသံ မဏိပူရသို့ သွားလိုသည်ဖြစ်စေ...။

ခရီးစရိတ်ငွေရအောင် ရှာဖို့သာလို၏ (ဘုရင့်နောင်၊ အလောင်းဘုရား၊ မဟာဗန္ဓုလစသော စစ်ခေါင်းဆောင်ကြီးတို့၏ နောက်က လိုက်ခဲ့ကြသည့် ရှေးဗမာကြီးများ၏ အဆင်းရဲခံနိုင်မှုမျိုး၊ အားထုတ်နိုင်စွမ်း ရှိမှုမျိုး၊ ဒွဲရှိမှုမျိုးနှင့် ဝံ့ရဲခြင်းရှိမှုမျိုးတွေမလိုတော့... )

ထို့ကြောင့် (ယခုဗမာတို့သည် ရှေးဗမာကြီးများ၌ ရှိကြသော အဆင်းရဲခံနိုင်မှုမျိုး အားထုတ်နိုင်စွမ်းရှိမှု၊ ဒွဲရှိမှုမျိုးနှင့် ဝံ့ရဲခြင်းရှိမှုမျိုးတွေ လျော့ပါးပျောက်ဆုံးကုန်ကြရ၏။ )

( ဤအတိုင်းလူတို့၏ ခံနိုင်ရည်နှင့် ဒွဲ၊ ဝံ့ရဲမှုစသည်တို့သည် ခေတ်မီ လူသုံးပစ္စည်းများ တိုးတက်လာသည်နှင့်အမျှ၊ လျော့ပါး ဆုတ်ယုတ်ကုန်ကြရ၏။ )

ထိုဆုတ်ယုတ်မှုသည် အကယ် လူသုံးပစ္စည်းများ တိုးတက်ပေါ်များစွာ ထုတ်လုပ်တတ် ထုတ်လုပ်နိုင်သည့် လူမျိုးနှင့် တိုင်းပြည်တို့အဖို့ ဆုတ်ယုတ် ကုန်ကြသည်ဆိုသော် မထောင်းတာ...မိမိတို့တိုင်းပြည်၌ မည်သည့် ခေတ်မီ လူသုံးကုန်ပစ္စည်းကိုမျှ မထုတ်လုပ်နိုင်သေးပါဘဲနှင့် သူတစ်ပါးတိုင်းပြည် ထုတ်အသုံးပစ္စည်းများကို အားကိုး၍ မိမိတို့၏ ကိုယ်ပိုင်ခံနိုင်ရည်ရှိမှု၊ ဝံ့ရဲမှု၊ ဒွဲကောင်းမှုတို့ကို စွန့်ပစ်လိုက်ကြ

မည်ဆိုသော် ထိုသို့သော တိုင်းပြည်နှင့် လူမျိုးတို့သည်...

ဒေါင်းတောင်ကို ငှား၍ ကြွားဝါသော ကျီးကဲသို့လည်းကောင်း...

ဖားကိုတုလျက် ခရုခုန်ဘိသို့လည်းကောင်း...

ငါးကိုတု၍ ခရုပွက်သည်သို့လည်းကောင်း၊ ထပ်တူထပ်မျှဖြစ်၏။

( ထိုသို့ ဖြစ်တတ် ဖြစ်ကြ ဖြစ်ရသော တိုင်းပြည်နှင့်လူမျိုးများအထဲ၌ ဗမာလူမျိုးတို့က ရှေ့ဆုံးမှပါ၏။ )

ထို့ကြောင့် ယခုဗမာတို့သည် ခေတ်နှင့်ညီသော လူသုံးပစ္စည်းများကို မထုတ်လုပ်တတ် မထုတ်လုပ်နိုင်ကြစေကာမူ၊ ခေတ်နှင့်ညီသော လူနေမှု အဆင့်အတွင်း၌ကား နေထိုင်တတ်ကြပြီး၊ နေထိုင်ချင်ကြပြီး ဖြစ်နေ၏။

မိမိတို့ပိုင်ပစ္စည်း၊ မိမိတို့ပိုင်လုပ်ငန်းအားဖြင့် စက်ဘီးတစ်စီး၊ မော်တော်ကားတစ်စီး အဖြစ်ရှိအောင် မလုပ်တတ်ကြသေးသော်လည်း ခြေလျင်သွားနိုင်သည့် အင်အား ခြေလျင်သွားလိုသည့် အကျင့်မျိုးတို့ကို စွန့်ပစ်နှင့်ကြပြီးဖြစ်နေ၏။

ဤသို့ စွန့်ပစ်ထားနှင့်ကြသောကြောင့်၊ မိမိတို့အဖို့ မော်တော်ယာဉ်များလည်း အလုံအလောက် မရှိနိုင် မသုံးနိုင်...

ရှေးဗမာကြီးများကဲ့သို့ ဆင်းရဲပင်ပန်းခံနိုင်မှု၊ အားထုတ်နိုင်စွမ်းရှိမှု၊ ဇွဲရှိမှုနှင့် ဝံ့ရဲမှုတို့လည်း မရှိတော့ဘဲ အစစလူညံ့လူဖျင်းတွေ



ဖြစ်လာကြရ၏။ ဤဖြစ်ရပ်အတိုင်း အကြောင်းကိစ္စမျိုး အရပ်ရပ်တို့၌လည်း ညံ့ဖျင်းအောက်တန်းကျလာကြရ၏။

ယင်းသို့၊ ဖြစ်တတ် ဖြစ်ရသည့် အကြောင်းများကြောင့်၊ မည်သည့် တိုင်းပြည်နှင့်လူမျိုးမဆို တိုးတက်ခေတ်မီသော လူသုံးကုန်ပစ္စည်းများ ကိုယ်တိုင်မဖြစ်သေးသမျှ၊ ထိုကုန်ပစ္စည်းအသုံးနှင့် ပတ်သက်သည့် ရှေးဟောင်း အရည်အချင်းတို့ကို မစွန့်ပစ်အပ် မစွန့်ပစ်သင့်ဟုထင်၏။

မိမိတို့တိုင်းပြည် မိမိတို့လူမျိုး မိမိတို့ထီးပိုင် နန်းပိုင် ကြငှန်းပိုင်နှင့် ရာဇဝင်စာတင်လာခဲ့ကြသော တိုင်းပြည်တို့မှ လူမျိုးတိုင်းတို့သည်...

ပြောစမှတ်ပြုလောက်သည့် ခံနိုင်ရည်၊ ပြောစမှတ်ပြုလောက်သည့် ဇွဲ၊ ပြောစမှတ် ပြုလောက်သည့် ဝံ့ရဲမှုမျိုး ရှိခဲ့ကြသည်ချည်း ဖြစ်၏။

ထိုသူတို့အထဲ၌ ဗမာသည် ရှေ့တန်းတိုင်းပြည်၊ ရှေ့တန်းလူမျိုးထဲမှ ပါဝင်ခဲ့ကြ၏။

ခရစ်သက္ကရာဇ် ၁၀၄၅–ခု၌ နန်းတက်ခဲ့သော ဗမာဘုရင် အနော်ရထာသည် ထိုခေတ် ထိုအချိန်ကပင်လျှင် ခံမြို့ ၄၃–မြို့ကို တည်ဆောက်၍ တရုတ်တရက်တို့၏ ရန်ကို ကာကွယ်နိုင်ခဲ့သူဖြစ်၏။ လယ်ယာလုပ်ငန်းအတွက် ဆည်ကြီးမြောင်းကြီးများကို ဖောက်ပေးနိုင်ခဲ့၏။ ဗမာလူမျိုးတို့၏ ယဉ်ကျေးမှုမျိုးစေ့ဖြစ်သော ကိုးကွယ်ရန်

ဘာသာကိုရှာဖွေဆောင်ကြည်းပေးနိုင်ခဲ့သူဖြစ်၏။ အင်္ဂလိပ်တို့၏ ပထမဝီလျံဘုရင် သည် နော်ရထာဘုရင်နန်းစံ ၂၁–နှစ်မြောက်သော ခရစ်သက္ကရာဇ် ၁၀၆၆–ခုနှစ်တွင် နန်းတက်၏။ ထိုဘုရင် William ဝီလျံသည်လည်း အနော်ရထာ ဘုရင်ကဲ့သို့ပင်လျှင်၊ မိမိ၏ ညီနောင်တော်များဖြစ်ကြသော Harold ဟာရိုနှင့် Tostig တော့စတစ်တို့ကို တိုက်ခိုက်သတ်ဖြတ်၍ နန်းတက်လာခဲ့ရသော်လည်း အနော်ရထာ ဘုရင်ကဲ့သို့ မိမိ၏တိုင်းပြည်ကို မထူထောင်နိုင်ခဲ့။

ခရစ်သက္ကရာဇ် ၁၁၁၃ခုနှစ်တွင် နန်းတက်သော ဗမာဘုရင် အလောင်းစည်သူမင်းသည် အသက်ကြီး၍ လက်မောင်းလက်ရုံးတို့၌ အရေပြားကြီးများ တလှုပ်လှုပ်တွဲလျားကျနေသည့် အချိန်အထိ မှူးမတ်တို့ ထိတ်လန့်ကြောက်ရွံ့လာလောက်အောင် မြင်းစီးကောင်းသေး၏။ ထိုမင်းလက်ထက်၌ လေအားကိုအသုံးပြု၍ သွားသောလှေဖြင့် ပင်လယ်ခရီးမှ သီဟိုဠ်နှင့် မလေးကျွန်းဆွယ်စသည်တို့ကို အရောက်သွားခဲ့၏၊ ဆင်စီးလည်း ကျွမ်းကျင်၏၊ အစွယ်ကိုဆွဲကိုင်လျက် ဆင်ပေါ်သို့အရောက်တက်နိုင်၏။ ဆင်ကျော့ရန် ဝါသနာထုံ၏၊ မှူးမတ်အလုံးအရင်းနှင့် ဆင်ကျော့ရာ သန်မြန်သော ဆင်ရိုင်းအကောင်တစ်ရာမှ ခုနစ်ရာ တစ်ထောင်အထိ ရသည်ချည်းဖြစ်၏။ တစ်နှစ်သုံးသီးစားနိုင်ရန် ဆည်မြောင်းရေကန်တို့ကို တူးစေ၏။ ဘာသာသာသနာကိုလည်း ရှိသေကိုင်းရှိုင်း၏။ နန်းစံ၅၅နှစ်၊ ခရစ်သက္ကရာဇ် ၁၁၆၈ခုနှစ်၌ နတ်ထီးစံ၏။



ဗမာဘုရင် အလောင်းစည်သူမင်းနှင့် ထီးပြိုင်နန်းပြိုင်အင်္ဂလိပ်ဘုရင်သည် Stephen စတီဖင် ဖြစ်၏။ ခရစ်သက္ကရာဇ် ၁၁၃၅ခုမှ ၅၄ခု အထိသာ နန်းသက်ရှည်၏။ ထိုမင်းလက်ထက် အင်္ဂလန်နိုင်ငံ၌ လူတို့ အလွန်သေကျေပျက်စီးကြရ၏။ အချို့တန်ခိုးကြီးသော အမတ်ကြီးတို့သည် ဆင်းရဲသားတို့အား ညှဉ်းပန်းနှိပ်စက်ငွေကြေးတောင်းယူပြုကြ၏။ အချို့ တို့ကို အစာငတ်ထားခြင်း၊ ဖောက်ထိုးဆွဲ၍ မီးရှို့မြိုက်ခြင်း လက်၌သာလျှင် ကြိုးချည်၍ တွဲလဲဆွဲခြင်း၊ ဆံပင် ဦးခေါင်း၌သာ ကြိုးဖြင့် ချည်၍ တွဲလဲဆွဲခြင်း စသည်တို့ကို ပြု၏။

ဤသို့သော ဗမာဘုရင်နှင့်အင်္ဂလိပ်ဘုရင်တို့ကို နှိုင်းယှဉ်ကြည့်ကြမည်ဆိုလျှင် ရှေးရှေးဗမာကြီးတို့သည် မည်မျှ အဆင့်အတန်းမြင့်မားစွာ ရှေ့တန်းကျကျ နေခဲ့နိုင်သည်ကို ချင့်ချိန်စဉ်းစားနိုင်ကြ၏။ ထို့နောက် ယခုမျက်မှောက်ခေတ်၌ မျက်မှောက်ဗမာတို့သည် မည်သည့်အဆင့်၌ ရှိနေကြရသည်ကိုလည်း မိမိတို့ကိုယ်တိုင် သိနိုင်ကြ၏။

သို့သော်...ထို ရှေးရှေးဗမာကြီးတို့ လက်ထက်ကပင် ဗမာလူမျိုးများ ကျွန်ဖြစ်ခဲ့ကြရသည်။

ကျွန်ဖြစ်ကြရဖို့ အကြောင်းကလည်း လုံလောက်လှ၏။ ရှေးရှေးဗမာကြီးတို့သည် မိမိတို့ဆည်းကပ်ကြသော ဘာသာရေး၏ သွန်သင်ချက်အရလောဘနည်း၏။ သူတစ်ပါးစည်းစိမ်ကို တပ်မက်လိုချင်သောကြောင့် စစ်မတိုက်၊ အမျိုးမာန်ဖြင့် မိမိတို့ကို မကျိုးနွံမရှိသေသော

ကြောင့်သာစစ်တိုက်၏။ ကျိုးနွံရှိသေပါသည်ဟုပြောလျက် တစ်နှစ် တစ်နှစ်အဖို့ ဆံင်တစ်ကောင်နှစ်ကောင် မြင်း သုံးလေးကောင်နှင့် ငွေသားအနည်းငယ်ပို့လာလျှင်ပြီးနေ၏။

ဤသို့သော အကြောင်းတို့ကြောင့် တိုင်းတစ်ပါးတို့နှင့် ကူးလူး ဆက်ဆံမှုနည်း၏။ စစ်ပစ္စည်းများ စုဆောင်းမှု တပ်မက်မှုမရှိ၊ မိမိတို့၏ ပင်ကို လူစွမ်းလူစကို အားကိုးလွန်း၏။

ထိုအခါ တိုးတက်သော လူသုံးကုန်ပစ္စည်း၊ တိုးတက်သော လူသုံး ကုန်လုပ်ကိရိယာ တိုးတက်သော စစ်လက်နက်တို့ကို **မတွေ့ဖူး–မမြင်ဖူး** ဖြစ်ရ၏။ မရှိရမသုံးရဖြစ်ရ၏။ အားလုံးခြုံ လိုက်သော် မိမိတိုင်းပြည် ကွက်ကွက်ကလေးနှင့် ပတ်ဝန်းကျင်တို့၏ အကြောင်းကိုသာ သိလျက်၊ ကမ္ဘာ့တိုးတက်မှုကိုမသိရ၊ မတွေ့ရဘဲ ဖြစ်ရ၏။ ယင်းအကြောင်း တို့ကား ဗမာတို့ သု ျွန်ဖြစ်လိုက်ရသည့် အခြေခံ အကြောင်းရင်းပင် ဖြစ်၏။

သို့သော် ထို ရှေးဗမာကြီးတို့သည် မိမိတို့စွဲကိုင်နေသည့် လက်နက်နှင့် ကမ္ဘာကို လှည့်လည်တိုက်ခိုက် နယ်ချဲ့လာကြသူတို့၏ လက်နက်တို့၊ လက်နက်ချင်း မယှဉ်သာအောင် ကွာခြားနေကြပြီဖြစ် သော်လည်း...

ရန်စအငြင်းပွားရှာ၍ လက်နက်ပြ ခြိမ်းခြောက်၍ စကားဖြင့် လှည့် ပတ် လိမ်ညာ၍ ကြက်ကလေး ငှက်ကလေးကို ဖမ်းယူသွားသကဲ့သို့



မိမိတို့ ဘုရင်အား အလွယ်တကူ ဖမ်းယူသွားပြီး ဖြစ်သော်လည်း...

မိမိတို့ ထီးနန်း မှူးမတ် စစ်တပ်တို့ **ကစဥ့်ကရဲ** ပြိုလဲပျက်စီး ခဲ့ပြီ ဖြစ်သော်လည်း အလွယ်တကူ အရှုံးပေးလိုက်ကြသည် မဟုတ်...။

ထို့ကြောင့် သခင်လုပ်ရန် ရောက်လာကြကုန်သော အင်္ဂလိပ်တို့ သည် မိမိတို့၏ ကိုယ်ပိုင်စစ်တပ်များအပြင် လုံးစွပ်သေနတ် ကိုယ်စီကိုင်သော စစ်ပုလိပ် ၂၀၀၀၀–ခန့်ကို ဖွဲ့စည်း ငှားရမ်း အသုံးပြုရသေး၏။

သို့သော် အနိုင်မခံ **အရှုံးမပေးသည့်** စိတ်ဓါတ်ဖြင့် တစ်ပြည်ထောင်လုံး လှုပ်လှုပ်ရွရွပြုလျက် **တစ်ဖက်မှ** သေနတ်လုံးစွပ်ကြီးများကို ဓားဖြင့် ခုတ်၊ တုတ်ဖြင့်ရိုက်ရင်း ငါးနှစ်ကျော်ကျော်မျှ ဗမာဟူသော မိမိတို့၏ မျိုးရိုး စိတ်ဓာတ်ကို ရှေးရှေးဗမာကြီးများက ပြခဲ့ကြသည်။

ဤလို ပြခဲ့သည်မှာ ဤအကြိမ်သာလျှင်မဟုတ်၊ ယခင့်ယခင် အကြိမ်ကြိမ်ကလည်း ပြခဲ့သည်ချည်းဖြစ်၏။

ယခု ဖော်ပြအံ့သောအကြောင်းသည် ဤသို့သော တကယ့် အကြောင်း ဖြစ်ရပ်မျိုးတွေအထဲမှ တစ်ခုသော အကြောင်းဖြစ်၏။

ထိုအကြောင်းဖြစ်ရပ်ကို သိရှိရန်၊ စာရေးသူသည် နှစ်ပေါင်းများစွာ ရှာရ၏။ လူပေါင်းများစွာ မေးရ၏၊ စာအုပ်ပေါင်းများစွာ ဖတ်ရ၏။

ယခုလို ရှာဖွေမေးမြန်းထားသည့်အထဲမှ ထိုတစ်ခုသော အကြောင်းကို ချောချောမွေ့မွေ့ဖြစ်အောင် ဆက်စပ်သီကုံးထား၏။

ထိုအကြောင်းဖြစ်ရပ်ထဲမှ ရှေးရှေးဗမာကြီးတို့၏ ခံနိုင်ရည်ရှိမှု၊ ဇွဲရှိမှု၊ ဝံ့ရဲမှု၊ အမျိုးချစ်မှုတို့ကို စာဖတ်သူတို့က အရိပ်အမြွက်မျှ အကဲခတ်နိုင်ကြမည်ဆိုလျှင် စာရေးသူအဖို့ ဝမ်းသာလှပါပြီ။

**ရန်ကုန်ဘဆွေ**

**သူတို့**
**ပေါ်ပေါက်လာရခြင်း၏**
**အကြောင်းရင်း**

ရေစီးနေသော ချောင်းငယ်တစ်ခုတွင် ဝံပုလွေက အထက်ဘက်က ရေသောက်နေ၏။ သိုးငယ်တစ်ကောင်က အောက်ဘက် အတန်ကွာကွာမှ ရေသောက်နေ၏။

ဝံပုလွေသည် သိုးငယ်ကိုမြင်သော် မိမိဝမ်းဖြည့်တင်းရန်အတွက် ကိုက်သတ်စားချင်လာ၏၊ သည်အတိုင်း ဖမ်းစားလျှင်... မိမိကို မတရားဘူးဟု ပြောကြမည်။ ထို့ကြောင့် သိုးငယ်ရှိရာသို့ မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဟေ့ သိုးငယ်ကောင် . . . ဒီမှာငါရေငတ်နေတယ် . . .မင်း ဘာလို့ ငါ့သောက်ရေကို နောက်နေရတာလဲ . . ."

"ကျွန်တော် နောက်၍မရပါ၊ ရေဟာ အရှင်ဝံပုလွေကြီးဆီက ကျွန်တော့်ဆီကို စီးဆင်းနေရသည့်အတွက်၊ ကျွန်တော့်ဆီမှာသာ ရေတွေ နောက်လာနိုင်ပါတယ် . . ."

ဝံပုလွေက တွေ၍စဉ်းစားပြီးနောက် သိုးငယ်ဘက်သို့ ရန်လိုသော ဟန်ပန်ဖြင့် ရေးရှလှည့်၍ရပ်လိုက်၏။

"အေး . . .အဲဒါ ထားပါအုံး . . . မင်း **မနှစ်ကဆိုရင်** ငါ့ အကြောင်းကို မကောင်းလျှောက်ပြောနေတာပဲ မဟုတ်လား . . ."

"မဟုတ်ရပါဘူးခင်ဗျာ . . . ကျွန်တော် မနှစ်က မမွေးသေးပါဘူး၊ အခုမှ ကျွန်တော့်အသက် သုံးလသားရှိပါသေးတယ် . . ."

"မင်း မနှစ်က မမွေးရသေးဘူးဆိုရင်လည်း မင်းအဖေဖြစ်မှာပေါ့၊ မင်းတို့ သိုးကောင်တွေဟာ အတူတူချည်းပဲ၊ နောက်ငါ့အကြောင်း မကောင်း ပြောချင်ကြအုံး . . .ကဲ . . ."

ဝံပုလွေကြီးသည် သိုးငယ်ကို ကိုက်သတ်လိုက်၏။

ပုံပြင်ထဲတွင်ပါသော ဝံပုလွေနှင့်သိုးငယ်အားလုံးပေါင်း နှစ်ကောင် ရှိသည့်အနက်၊ ဗမာတို့က သိုးငယ်နေရာ၌နေ၍ အင်္ဂလိပ်တို့က ဝံပုလွေနေရာကို အရယူထားသည့်အချိန် . . .



ဗမာသက္ကရာဇ် ၁၂၁၃–၁၄ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၅၂ခုနှစ် ပုဂံမင်း လက်ထက်၌ဖြစ်၏။

ရန်ကုန်မြို့ကို မြို့ဝန်ဦးအုပ်က အုပ်ချုပ်သည်၊ ဗမာမြို့ဝန်သည် တရားပိုင်၊ စားပိုင်၊ အသက်ဦးဆံပိုင်ဖြစ်၏။ တရားစီရင်ပိုင်ခွင့်၊ သေဒဏ် အပြစ် ပေးပိုင်ခွင့်၊ ကိုယ်တိုင်သတ်ပိုင်ခွင့်ရှိ၏။

ဗမာ့ဥပဒေ၊ ဗမာ့ရာဇသတ်၊ ဗမာ့ဓမ္မသတ်နှင့် အုပ်ချုပ်၏။ ဗမာမြို့ဝန် အုပ်ချုပ်သည့် ဗမာ့မြေပေါ်၌ နေသူမှန်သမျှ ဗမာမြို့ဝန်ကို လေးစားရိုသေ ကြရ၏။ ဗမာမြို့ဝန်၏အိမ်ထဲသို့ မည်သူမျှ မြင်းစီး မဝင်ရ၊ ဤသည်ကား ဗမာ့ထုံးတမ်းစဉ်လာ၊ ဗမာ့ရိုးရာယဉ်ကျေးမှု ဖြစ်၏။

ဗမာပြည် ဗမာမြို့ဖြစ်သော ရန်ကုန်မြို့၌ လာနေသည့် အင်္ဂလိပ် ဈေးသည် သင်္ဘောကပ္ပိတန် **Mr. Shepherd** မစ္စတာ ရှက်ပက်နှင့် **Mr.Lewis** မစ္စတာလူဝစ် အမည်ရှိသူနှစ်ဦးသည် မိမိတို့ကဲ့သို့ပင် ဗမာပြည်၌ မှီခိုနေကြသည့် အိန္ဒိယသားတို့နှင့် အချင်းများကြ၏။

အင်္ဂလိပ် ရှက်ပတ်သည် မြန်မာရေကြောင်းပြတစ်ယောက်ကို သင်္ဘော သောင်တင်စေအောင် ပြုသည်ဟု၊ ရန်ဖြစ်ပစ်သတ်၏။ အင်္ဂလိပ်လူးဝစ် သည်၊ အပြိုင်ကုလားမည်းကုန်သည်များနှင့် အချင်းများလျက်၊ ဗမာပြည် ပေါက် ကုလားကုန်သည်တစ်ယောက်ကို ပင်လယ်အတွင်း၌ သတ်ခဲ့၏။

ထို့ပြင် ဘင်္ဂါလီအမျိုးသားတို့ကလည်း လူသတ်မှု၊ အခြား အခကြေးငွေ ရသင့်သည်တို့ကို မပေးသေးသောအမှုတို့ဖြင့် လူဝစ်အား စွပ်စွဲလျက် ... ရန်ကုန်မြို့ဝန်ကိုတိုင်၏။ ရန်ကုန်မြို့ဝန် ဦးအုပ်က အလွဲသုံးစားမှု၊ အခကြေးငွေမပေးမှုနှင့် လူသတ်မှုတို့ကို ပူးပေါင်းလျက် အင်္ဂလိပ်ဈေးသည် ရှက်ပတ်နှင့်လူဝစ်တို့အား နိုင်ငံခြား သားများ ဖြစ်သည့်အတွက် အလွန်သက်ညှာစွာ ဗမာငွေကျပ်ကိုးထောင် ဒဏ်ရိုက် ၏။

ယင်းဒဏ်ငွေသည် အသတ်ခံရသူတို့အတွက်အသက်ဖိုး သုံးပိဿာ စီ ပေးလျော်ရန်နှင့် မိမိတို့လှည့်သုံးထားကြသည့်ငွေများ၊ ခိုင်းစေထား ကြသော လုပ်ခများကိုပေးဆပ်လိုက်ရန်မျှဖြစ်၏။

ဤသည်ကိုပင် အင်္ဂလိပ်ဈေးသည်တို့က မကျေနပ်ကြ၊ မိမိတို့ အင်္ဂလိပ်များက အသားမည်း ကုလားတွေကို မဆိုထားဘိ ဗမာတွေကို သတ်လျှင်လည်းအပြစ်မရှိနိုင်ဟုထင်၏။ သို့ပါလျက်...ရန်ကုန်မြို့ဝန် က အပြစ်ရှိသည်ဟု မိမိတို့အား ဒဏ်ငွေကိုးထောင်ကျပ် ထပ်ရိုက် ခြင်းမှာ သက်သက် မတရားညှဉ်းပန်းခြင်းသာဖြစ်၏။ ဤသို့ ညှဉ်းပန်း အနိုင်ကျင့်မှုမျိုးကို မခံမရပ်နိုင်ဖြစ်ရကား မိမိတို့၏ အင်္ဂလိပ်အစိုးရရှိရာသို့ လှမ်းတိုင်အကူအညီတောင်းကြ၏။

အင်္ဂလိပ်အစိုးရကလည်း ကမ္ဘာတွင် မိမိတို့သာ စစ်လက်နက် အင်အား အတောင့်ဆုံး အကောင်းဆုံး ဖြစ်နေသည့် ထိုသို့သော



ခေတ်အချိန်ဆီက မိမိတို့လူမျိုးများ တိုင်းတစ်ပါး၌ အနှိပ်စက်ခံနေရ ပါသည် ဆိုလျှင်... လျစ်လျူပြုနေလေ့မရှိ၊ ထို့ကြောင့်...

"ဟံသာဝတီ၌ရှိသော အင်္ဂလိပ်ကုန်သည်တို့ကို ရန်ကုန်မြို့ဝန်၊ ဦးအုပ်က ညှဉ်းပန်းနေသည်။ ထို့ကြောင့် အင်္ဂလိပ်ကုန်သည်များ ကျေနပ်အောင် ပြုလုပ်ပေးပါ၊ ထို့ပြင်ရန်ကုန်မြို့ဝန်ဦးအုပ်ကို မြို့ဝန် အဖြစ်မှ နုတ်ပယ်ပေးပါ..." ဟူသည့် စာကို ဗမာဘုရင့်ထံသို့ ပို့လိုက်၏။

အင်္ဂလိပ်အစိုးရ၏ ပေးစာနှင့်ပတ်သက်၍ ဗမာဘုရင်က "စကား နည်း ရန်စဲ" ဖြစ်လို၏။

စင်စစ် ဗမာဘုရင်နှင့်ဗမာအမှုထမ်း အရာထမ်းတို့သည် အင်္ဂလိပ် များက ရန်စစော်ကားလိုနေကြသည်ကို သိကြပြီးဖြစ်၏။

ထို့ကြောင့် မှုထမ်းရာထမ်းငယ်များနှင့် ရှီးရှီးအရပ်သူအရပ်သား တို့ကို တင်းတင်းကြပ်ကြပ် မျက်ခြည်မပြတ်အောင် ထိန်းသိမ်းထား ရသည်ကပင် အလုပ်တစ်ခု ဖြစ်နေကြ၏။ မလုပ်လျှင်မဖြစ်။

ဗမာနှင့်အင်္ဂလိပ်တို့သည်ယဉ်ကျေးမှုချင်းမတူကြ၊ ယင်းသို့ မတူညီကြ သည်ကို **တစ်ဖက်နှင့်တစ်ဖက်** လိုက်လိုက်လျောလျော ပြုနိုင်ကြလျှင် ဖြစ်၏။ သို့သော် ... ရန်စလိုသော အင်္ဂလိပ်တို့က ဗမာတို့ မခံမရပ်နိုင်အောင် တမင်ပြုတတ်ကြသည်။

ဗမာလူမျိုးတို့သည် သက်ကြီးဝါကြီးနှင့် မိမိတို့၏ အရှင်သခင် များကို လေးစားရိုသေကြရ၏။ မြို့ဝန်မင်းလာလျှင် လမ်းဘေးမှ

ရှိသေသမှု ပြု၍ ရပ်တန့်နေကြရ၏။ မြို့ဝန်မင်းလွန်သွားမှ မိမိတို့သွားလိုရာကို သွားကြသည်။ ဤ အပြုအမူကား ဗမာတို့၏ ရိုးရာယဉ်ကျေးမှုစည်းကမ်း...

ဤသည်ကို သိနေကြသော ဗမာရည်ဝသည့် အင်္ဂလိပ်တို့က တမင်မသိ ယောင်ပြုလျက်၊ မြို့ဝန်မင်းလာမည့် လမ်းမှ အချိန်ကိုက်၍ ရင်ဆိုင် လာတတ်ကြ၏။ တွေ့သည်နှင့် ခရီးလမ်းဖယ်ပေးခြင်း မပြုရုံမျှမက ရှေ့တည့်တည့်မှ ဆီးဆို့ရပ်လျက်...

"ဟော... ကောင်းသော နံနက်ပါပဲလား၊ မြို့ဝန်မင်းကြီး ခင်ဗျား... ဥတုရာသီကလည်း တယ်သာယာတာကိုးဗျ။ ခင်ဗျားလည်း တစ်နေ့တခြား ကျန်းမာဝဖြိုးလာပါပကော၊ ခင်ဗျားကို မြင်ရတဲ့အတွက် ဝမ်းသာသဗျား..." ဟု အရောတဝင်ပြောဆို၍ မြို့ဝန်မင်း၏ ဗိုက်ကိုလက်ဖြင့်ပုတ်သွားလိုကြ၏။

ဤသို့ပြုမူခြင်းသည် မိမိတို့ကမြို့ဝန်ကြီးကိုချစ်ခင်၍ မိမိတို့ ဓလေ့အတိုင်း ပြုလုပ်ပါသည်ဟု အင်္ဂလိပ်တို့က ဆင်ခြေပေးကြသော် လည်း စင်စစ်ဗမာတို့ မခံမရပ်နိုင်မှန်း သိသောကြောင့် တမင်လုပ်ကြ ခြင်းဖြစ်၏။

အင်္ဂလိပ်တို့၏ စော်ကားရန်စနည်းသည် ဗမာလူမျိုးတို့အဖို့ အသက်နှင့်လဲ၍ လူမျိုးပါ အပျောက်ခံချင်လောက်သည့် စော်ကားရန် စနည်း မျိုးဖြစ်၏။

ဤရန်စပြုမူချက်မျိုးကို ဗမာတို့က မခံရပ်နိုင်၊ မိမိတို့လေးစား



ရှိသေ ရသည့် အရှင်သခင် သက်ကြီးဝါကြီးကို ရိုင်းပျစော်ကားရ ကောင်းလားဟု၊ နေရာ၌ပင် ဓားဖြင့် ဝင်ပိုင်းရန် တကဲကဲ ဖြစ်နေကြ၏။

မျက်နှာလွှဲလိုက်သည်နှင့် ရိုင်း ပျစော်ကားသော အင်္ဂလိပ်တို့အား ဓားဖြင့် ပိုင်းကြပေတော့မည်။ ဓားဖြင့် ပိုင်းမိကြသည်နှင့် အင်္ဂလိပ်ဗမာ စစ်ဖြစ်ရပေတော့မည်။ စစ်ဖြစ်သည်နှင့် လက်နက်အင်အားခြင်း မယှဉ်သာ သည့် ဗမာတို့အဖို့ သူနိုင်စက်တိုင်း ခံရပေတော့မည်၊ ဝံပုလွေသည် သိုးငယ်ကို ရန်စနေလေပြီ...

ဤအကြောင်းဖြစ်ရပ်တို့ကို ဗမာဘုရင်နှင့်တကွ၊ မှူးကြီးမတ်ကြီး၊ မြို့အုပ်၊ မြို့ချုပ်အားလုံးတို့က သိ၏။

ထို့ကြောင့်...

ယခု လက်ရှိမြို့ဝန်ဦးအုပ်ကို အရာနုတ်သိမ်း၍ ပြည်ရွှေတောင်ဝန် ဖြစ်သော ဦးမှုန်ကို ရန်ကုန်မြို့ဝန်အဖြစ် ခန့်အပ်လိုက်ကြောင်း၊ အင်္ဂလိပ် ကုန်သည်များ ကျေနပ်သည်အထိ၊ အမှုအခင်းတို့ကို စစ်ဆေးစီမံရန် ဦးမှုန်အား အမိန့်ပေးလိုက်ပြီးဖြစ်ကြောင်း၊ ဗမာဘုရင်က အင်္ဂလိပ်အစိုးရထံသို့ စာပြန်၏။

သို့သော်...အင်္ဂလိပ်အစိုးရသည် Commodore Lambert ကွန်မင်ဒိုလင်းဘတ်ဆိုသူအား တိုက်သင်္ဘောတစ်စင်းနှင့်အတူ ရန်ကုန် သို့ စေလွှတ်လိုက်ပြီဖြစ်၏။

လင်းဘတ်ကို စေလွှတ်လိုက်ခြင်းအကြောင်းကား အင်္ဂလိပ်ကုန်

သည်များနှင့် ဗမာတို့အဆင်ပြေစွာ ဆက်ဆံနိုင်ရေးအတွက် ရန်ကုန်မြို့ဝန်ထံသို့ စာတစ်စောင် . . .

အကယ်၍ ရန်ကုန်မြို့ဝန်က ထိုစာပါအတိုင်း လက်မခံခဲ့သော်...ဘာ ဘုရင်ထံသို့ သွားရောက်ပေးရန် စာတစ်စောင်၊ ပေါင်းစာနှစ်စောင် ပေးရန်အတွက်ဖြစ်၏။

ထိုသို့စာများကို ပေးအပ်ဆောင်ရွက်ရာ၌ ကျေနပ်မှုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မရဘဲ ဗမာတွေကို မသင့်မတင့်အောင် မပြုရ၊ ရန်မပြုရဟု အမိန့်စာနှင့်တကွ အင်္ဂလိပ်အစိုးရ တို့က လင်းဘတ်ကို စေခိုင်းလိုက်ခြင်းဖြစ်သည်ဆို၏။

သို့သော်...လင်းဘတ်သည် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်လိုက်သည်နှင့် သင်္ဘောပေါ်မှနေ၍၊ မှန်ပြောင်းဖြင့် ကြည့်မိသောအခါ မိမိအား အမိန့်ပေးလိုက်သော အထက်အစိုးရအပေါ်၌ အတော်ဒေါသဖြစ်နေ၏။

မိမိတွေ့ရသည်ကား ဆံပင်ကို ငယ်ထိပ်ပေါ် တည့်တည့်၌ ထုံးဖွဲ့ လျက်၊ အဝတ်တစ်ထည်ဖြင့် ခေါင်းကို ရစ်ပတ်ထားသည့် နှုတ်ခမ်းမွေးကားကား၊ ကြေးနီညိုရောင်အသားနှင့် ယောကျ်ားကြီးများကို တွေ့နေရသောကြောင့်ဖြစ်၏။

ထိုယောကျ်ားကြီးများသည် ကိုယ်ပေါ်၌ လုံးဝအင်္ကျီမရှိ။ ရှည်လျားသော အဝတ်တစ်ထည်ကို ခါး၌ပတ်ကာ၊ ကုလားပြည်၌တွေ့ရသော



ဟိန္ဒူတို့ကဲ့သို့ အောက်ပိုးကျိုက်ထားကြသည်ကို အများအပြားတွေ့ရ၏။ အချို့ဝို့ကမူ မွတ်စလင်ကုလားများ လုံချည်ဝတ်သကဲ့သို့ ပိတ်ရှည်စကို ခါးတွင် ပတ် လျက်ပိုသောအစကို ကျောပြင်ထက်၌ ခြုံထားကြ၏။

မိန်းမများကိုမြင်ရလျှင်လည်း အများအားဖြင့် အင်္ကျီမရှိ၊ ခါးဝတ်ကို ရင်ဘတ်အထိ ဖုံးလွှမ်းဝတ်ဆင်ထားကြ၏။ ရွှေတုံးကြီးများနှင့် ကျောက်မျက် ရွဲများကို လည်၌ဆွဲထားကြ၏။ ကြီးမားသော ရွှေနားတောင်းကြီးများ ကိုလည်း နား၌ ပန်ဆင်ထားကြ၏။ တချို့ ငယ်ရွယ်သူ မိန်းကလေးတို့၌ အင်္ကျီရှိပါ၏။ သို့သော် ရင်ခွဲအင်္ကျီရှည်များ ဖြစ်လျက်၊ ထိုအင်္ကျီတို့၌ ကြယ်သီးနှင့်တူသည့် အရာဟူ၍ တစ်ခုတလေမျှမပါရှိကြ။

လင်းဘတ်၏ စိတ်ထဲ၌ အင်္ကျီမဝတ်သေးသော ဤမျှရိုင်းစိုင်းသည့် လူမျိုးကိုများ၊ မိမိတို့အင်္ဂလိပ်အစိုးရသည် ဘာရည်ရွယ်ချက်နှင့် ယခုကဲ့သို့ အရေးတယူ ပြုလုပ်နေရပါလိမ့်ဟု တွေး၏။

မှန်ပြောင်းတစ်ခုဖြင့် ဝဲယာမြစ်ကမ်းဆီသို့ ရှုးစိုက်ကြည့်မိတိုင်း။ မိမိတို့သင်္ဘောအား၊ ပြေးထွက်ကြည့်နေကြသည့် အင်္ကျီမပါသော နှုတ်ခမ်းမွေးကားကားနှင့်ဗမာယောကျ်ားကြီးများကို တွေ့မြင်နေရ၏။ ဤသို့ မြင်လိုက်ရတိုင်း လှောင်အိမ်တွင်းမှ ချောက်ပြသည့်မျောက်ကို တွေ့နေရသောကလေးငယ်ကဲ့သို့၊ လင်းဘတ်၏စိတ်၌ တုတ်ဖြင့် ထိုးလိုက်ချင်စိတ်မျိုးတွေ ပေါ်လာ၏။

လင်းဘတ်သည် ပါးစပ်မှလေကို**ဖူးခနဲ** မှုတ်ထုတ်လိုက်ပြီးနောက် မိမိကိုယ်ကိုမိမိ ပြန်ကြည့်၏။ ရာထူးအဆင့်အတန်းအလိုက် ခမ်းနားလှပသောထူထဲသည့် စစ်အဆောင်အယောင်အင်္ကျီသည် ချွေး**ရည်တို့**ဖြင့် စိမ့်စိမ့်စိုနေ၏၊ ဆောင်းထားသည့် ဦးထုပ်၏ ဘေး**တစ်ဖက်တစ်**ချက်မှ စီးယိုကျလာသော ချွေးစီးကြောင်းကြီးတို့သည် စင်ကြယ်**အောင်ရိတ်ထားသည့်**မေးစေ့၌အသီးအသီး စီရရီတွဲခိုကျ၏။ မိမိတစ်ကိုယ်လုံးသည် ဖက်စိမ်းဖြင့်အထပ်ထပ် ထုပ်လျက်၊ မီးဖိုထဲ၌ အဖုတ်ခံရသည့် အသားထုပ် ကဲ့သို့ အငွေ့ရှိန်ရှိန်ထွက်နေသည်ဟုထင်ရ၏။

ကမ်းထက်ရှိ ရေစပ်သစ်ရိပ်တွင် အင်္ကျီဟင်းလင်းရှိသော ကိုယ်နှင့် အေးအေးလူလူရပ်ကြည့်နေကြသော ဗမာယောကျာ်းကြီးများကို တွေ့လိုက်ရသောအခါ၊ ထူထဲသော အင်္ကျီအတွင်းရှိ လှောင်အိုက်နေသည့် မိမိကိုယ်ကို မသက်မသာသတိရလာ၏။

"စောက်... ပူလိုက်တာ..."

လင်းဘတ်သည် ကမ်းနားသစ်ပင်တို့နှင့်တကွ၊ ပတ်ဝန်းကျင်တစ်ခုလုံးကို ကြည့်မရအောင် ဖြစ်နေရာမှ ရေရွတ်လိုက်၏။

မြစ်တွင်းရှိ ရေသည် ရွှံ့နှစ်ရောင်အတိုင်း ဝါကြန့်ကြန့် ရှိလျက်နောက်ကျိ၏။ ကမ်းခြေရှိ သစ်ပင်တို့က ထူပိန်းရှုပ်ထွေးလှ၏။ အဝေး တွင် မြင်နေရသော လယ်ကွင်းပြန့်ကြီးက မျက်စိတဆုံးကျယ်လျက် ကောက်ပြတ်တွေကြောင့် ဝါဝင်းလွန်း၏။ နေရောင်



ရက်စွဲ ၂၀-၁-၉၇ ... ပညာဒါနအမှတ် ၈၇၅

ကလည်း ကျဲကျဲတောက်ပူပြင်းနိုင်အား၏။ မြင်မြင်သမျှ အရာဝတ္ထုအားလုံး မျက်စိစူးကျိန်းအောင် အရောင်ပြင်းလွန်း၏။ တိုက်ခိုက်သည့် လေကလည်း ပူရက်လှဘိတော့...

မြစ်သုံးခွဆိုင်သို့ ရောက်လာသည်နှင့်၊ ကွန်မင်ဒို လင်းဘတ်စီးလာသည့် Fox ဖောက် အမည်ရှိသော သင်္ဘောသည် နောက်ခပ်လှမ်းလှမ်းမှပါလာသည့် Tenasserim တနင်္သာရီအမည်ရှိသော စစ်မီးသင်္ဘောကြီးကို စောင့်ရပ်စောင့်၏။ သင်္ဘောနှစ်စင်း အနေအထားကျသည်နှင့် အကွာအဝေးမပျက်စေဘဲရန်ကုန်ဆိပ်ကမ်းသို့ ရှေးရှုမောင်း၏။

လင်းဘတ်သည် စစ်ဝတ်တန်ဆာအဆောင်အယောင် အဝတ်များကို ချွေးတလုံးလုံးဖြင့် ဝတ်ဆင်ထားလျက်၊ လူယဉ်ကျေးတို့၏ ဟန်ပန်နှင့် ကိုယ်ကိုတောင့်တောင့်ရပ်ကာ မိမိ၏မှန်ပြောင်းကို ရန်ကုန်ဆိပ်**ကမ်းဆီသို့ ချိန်လိုက်**၏။ ရန်ကုန်ဆိပ်ကမ်းမရောက်မီကမ်းခြေ**တစ်နေရာ၌အ**ဆောက်အဦးအချို့နှင့်အတူကြက်လျှာစွန်းသုံးခုပါသည့် ဒေါင်းလံတစ်ခုလွှင့်ထားသည်ကို တွေ့လိုက်ရ၏။

လင်းဘတ်သည် ထိုနေရာကို ဂရုတစိုက် ကြည့်လိုက်သည်။ မြစ်သည်ထိုနေရာ၌ အခြားနေရာထက်ကျဉ်းနေ၏။

နှုတ်ခမ်းမွေးကားကားနှင့် ယောကျာ်းကြီး တစ်ယောက်သည် ရှည်လျားပါးလွှာသော အင်္ကျီဖြူကိုဝတ်၍ ပခုံးပေါ်၌ တဘက်တစ်ထည်

တင်ထား ပြီးလျှင် လက်မှယပ်တောင်တစ်ချောင်းကိုကိုင်ကာ ငြိမ်သက်စွာရပ်နေ၏။ ယောကျ်ားကြီးဝတ်ထားသော အင်္ကျီအဖြူဦ ရွှေချည်အနားပတ်ကြီးများ ကွပ်ထားသည်ကိုတွေ့ရ၏။

"အမယ်...အင်္ကျီနဲ့ဘာနဲ့..."

လင်းဘတ်သည် ပါးစပ်မှရေရွတ်ရင်း ထိုလူကြီးရှိရာသို့ သေသေချာချာ ထပ်ကြည့်၏။ အခြားယောကျ်ား ရွယ်ရွယ်တစ်ယောက်က ထိုလူကြီးကို ကြီးမားသော ထီးနီကြီးဖြင့် မိုးပေးထား၏။ ထီးကြီး၏ ထိပ်ဖူး၌ရှိသော ရွှေရောင်သည် ဝင်းဝင်းလက်လက် တောက်နေ၏။

ထိုလူကြီး၏ ဘေးတစ်ဖက်တစ်ချက်၌ ဓားလွတ်ကိုင် လူလေးယောက်တို့ မတ်မတ်ရပ်နေကြ၏။ ထိုလူကြီးနှင့် မနီးမဝေး ဘယ်ညာ တစ်ဖက်တစ်ချက်တွင် အလွန်ဟောင်းနွမ်း ရှေးကျသော အမြောက်အိုကြီး နှစ်လက်ရှိ၏။ အမြောက်အိုကြီး တစ်လက်တစ်လက်၏ဘေး၌ လူ ၁၅-ယောက်ခန့်စီ ရှိနေကြ၏။ ထိုမြင်ရသမျှ လူအားလုံးတို့သည် မည်သူမျှ အင်္ကျီဝတ်မထားကြ၊ ထို့ကြောင့် ကျစ်လစ်တုတ်ခိုင်သော ကိုယ်လုံးကိုယ်ထည်ကြီးများကို မြင်နေ၏။

လင်းဘတ်သည် မျက်နှာချင်းတကယ်ဆိုင်နေရသလို မှန်ပြောင်း၏ ထိပ်ဝမှမြင်နေရသော နှုတ်ခမ်းမွေးကားကားနှင့် တည်တည်ငြိမ်ငြိမ် ဗမာကြီးအား မျက်တောင်မခတ်ကြည့်နေရာမှ "စောက်ရူး" ဟု ဒေါသတကြီး အော်လိုက်၏။



ထိုစဉ် အလွန်ပီသသော အင်္ဂလိပ်စကားဖြင့် လှမ်းအော်ပြောလိုက်သည့် အသံတစ်ခု မြစ်တွင်းမှပေါ်လာ၏။

"နိုင်ငံခြားသား မိတ်ဆွေများခင်ဗျား.... အကောက်ရုံးရဲ့ ခွင့်ပြုချက် အမိန့်ကို ယူပြီးမှ ရန်ကုန်မြစ်တွင်းကို ဝင်ခွင့်ရနိုင်ပါတယ်။ ဒါကြောင့် မိတ်ဆွေများ အခက်အခဲမရှိစေရန် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်နိုင်ခွင့် အမိန့် စာချွန်များကို မိတ်ဆွေများလိုချင်လိမ့်မည်ထင်သဖြင့် လာပို့ပါတယ်ခင်ဗျား"

လင်းဘတ်သည် မှန်ပြောင်းကို ဖယ်လိုက်ပြီး အသံလာရာဘက်သို့ လှည့်ကြည့်၏။ ထို့နောက်မှန်ပြောင်းဖြင့် ကြည့်ပြန်၏။

တုတ်ခိုင်သော ယောကျ်ားကြီး ၉ ယောက်တို့ မပင်မပန်း လှော်လာကြသည့်၊ တစ်စင်းလုံးနီနေသောလှေငယ်ပေါ်မှ....အော်ပြောလိုက်ခြင်းဖြစ်၏။

လှေ၏ ဦးထိပ်နှင့် နောက်မြီးတို့တွင်ပြိုးပြိုးပြက်ပြက်အရောင် ထွက်သော ရောင်စုံကျောက်များကို ရွှေတို့ဖြင့် ရောစပ်ခြယ်လှယ်ထား၏။ လှေ၏ ငါးပိုင်းလောက်၌ ပိတ်ဖြူ အင်္ကျီရှည်ဝတ်ထားသည့် ယောကျ်ားတစ်ယောက်က လှေပေါ်၌ မတ်မတ်ရပ်လျက်၊ လက်နှစ်ဖက်ကို ဝှေ့ရမ်းပြီး လျှင် အဆက်မပြတ် ထပ်ခါထပ်ခါ အော်ဟစ်နေ၏။

"အမယ် ....ဒီအရိုင်းကောင်တွေက ဒါလောက်လှပတဲ့ လှေကိုများ စီးပြီး ငါဒို့စကားတွေကိုများ ပီပီသသပြောလို့"

လင်းဘတ်သည် စူးစူးစိုက်စိုက်ကြည့်ရင်း အငိုလို မလိုတမာ ဖြစ်လာ၏။ မိမိတို့နှင့် တိုက်ခိုက်ရမည့် အရိုင်းကောင်ကြီးများကို မုန်းမုန်းတီးတီး အသေးစိတ် လေ့လာမှတ်သား၏။

တစာစာဟစ်အော်နေသော လှေသည် မိမိတို့သင်္ဘော၏ ရှေ့တည့်တည့်၌ ကန့်လန့်ပြု၍ ရပ်ထား၏။ လှေလှော်သော ယောကျ်ားကြီး ၉ ယောက်တို့သည် လှော်တက်ကို ရေထဲသို့ နှစ်မြှုပ်လျက် ငြိမ်သက်သော မျက်နှာနှင့် သင်္ဘောရှိရာသို့ ကြည့်နေကြ၏။

ထိုလူကြီးတို့၏ ကိုယ်၌ အင်္ကျီမရှိ၊ ရင်ဘတ်နောက်ကျော၊ လည်ပင်း စသည်တို့၌ ဆေးနီကွင်းကြီးများ ထိုးခြယ်ထားကြ၏။ ခေါင်း၌ နီရဲသော ပိတ်စကိုဆံပင်နှင့်အတူရော၍ ဖွဲ့စည်းထုံးနှောင်ထား၏။ အကွက်တုံးဖော်ထားသည့် တိုင်းရင်းဖြစ်အထည်ကို ခါး၌ အလွန်ကျစ်လျစ်စွာ ရစ်ပတ် ထားကြ၏။ ခါးမှ ဒူးအထိ ပေါင်တံ ကြီး နှစ်ဖက်လုံး၌ ဆေးမင်ကြောင် အပြည့်ထိုးထားသဖြင့် ဘောင်းဘီတို ဝတ်ထားဘိသို့ မြင်နေရ၏။

"စက်ကိုအကုန်ဖွင့် ....သင်္ဘောဥသြပေး၊ အဲဒီလှေကို ရပ်အော်နေတဲ့လူ တည့်တည့်ကဝင်တိုက် ...."

လင်းဘတ်သည် မိမိလူများအား အမိန့်ပေးပြီးသည်နှင့် မိမိဖန်တီးပေးလိုက်သည့် ကြမ္မာကို လှေပေါ်က အရိုင်းအစိုင်းများမည်သို့ ခံကြလေမလဲဟု ရေတပ်ဗိုလ်ကြီး၏ သိက္ခာဖြင့် အလွန်တည်ငြိမ်စွာ



ကြည့်၏။

လင်းဘတ်၏ စိတ်ထဲ၌ ငါတို့သင်္ဘောကြီး အနီးသို့ ရောက်သည်နှင့် ဗမာဆိုသော ယောကျ်ားရိုင်းကြီးများ အထိတ်တလန့်ဖြစ်၍ ထွက်ပြေးကြမည်ကိုကြည့်လို၏။ ထိုသို့ ထွက်ပြေးလျှင် ....သင်းတို့ လှော်ထွက်နိုင်ပါ့မလား၊ သင်းတို့၏လှပသောလှေသည် လှပသလောက် အသုံးဝင်ပါ မည်လား၊ မည်မျှမြန်မြန်ဆန်ဆန် လှော်ထွက်ရွေ့လျားသွားနိုင်ပါမည်နည်း။

**သင်္ဘော**သည် ဖွေးဖွေးထသော ရေပန်းရေဖွားများကို ဖြစ်စေ၍ **လှေငယ်ဆီ**သို့ ဦးတည်လျက် တစ်စထက်တစ်စနီးသွား၏။

လှေပေါ်ရှိ လူ၉-ယောက်တို့သည် လှော်တက်ကို ရေထဲသို့ နှစ်မြဲ နှစ်လျက်၊ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ သင်္ဘောသည် လှေငယ်ပေါ်ရှိလက်များကို**ဝှေ့ယမ်း**ပြနေသည့်လူရှိရာသို့ တည့်တည့် ဝင်တိုး၏။ ကန့်လန့်ရပ်ထားသော **လှေငယ်**သည် သင်္ဘောဦး၏ **အောက်၌နစ်မြုပ်သွား**၏။ လှေပေါ်ရှိ လူအားလုံးတို့သည် တိမ်းရှောင်**ကူးခပ်**ခြင်းကိုမျှမပြု**ကြဘဲ**လှေနှင့်အတူ ရောနှောနစ်မြုပ်ကြ၏။

လင်းဘတ်သည် နစ်မြုပ်သွားသောလှေ**ကို** ငုံ့ကြည့်ရာမှ မိမိလူများဘက်သို့ လှည့်လျက် ပြုံးသောမျက်**နှာ**နှင့် ပခုံးနှစ်ဖက်ကို ကျုံ့ပြ၏။

ထိုစဉ် ....အမြောက်ကျည်ဆန် နှစ်လုံးရေထဲသို့ ကျလာပြီးနောက် ကုန်းထက်မှ အမြောက်သံ နှစ်ချက်ပေါ်လာ၏။

"ဟ.... ပစ်ပဟ ...."

လင်းဘတ်သည် အသံခပ်ကျယ်ကျယ် အော်ဟစ်မိရာမှ မိမိတို့သင်္ဘောကို အမြောက်ပစ်ရာနှင့် ခပ်ဝေးဝေးသို့ နေရာယူလိုက်ရန် အမိန့်ပေး၏။

လင်းဘတ်စီးလာသော 'ဖောက်' သင်္ဘောပေါ်၌ ကျည်ထိုးအမြောက် လေးလက်သာပါရှိရာ သုံးလက်ကို အလံထူထားသော အကောက်ဆိပ်ရှိရာ သို့ ချိန်စေ၍ ကျန်အမြောက်တစ်လက်ကို အခြားတစ်ဖက်ကမ်းသို့ ချိန်ထားစေ၏။ ထို့နောက် မိမိတို့နောက်မှ ကပ်လျက်ပါလာသည့် တနင်္သာရီ စစ်မီးသင်္ဘောကိုလည်း အလံထူထားသော ဗမာ့အကောက်ဆိပ်ရှိရာသို့ ....အမြောက်ဖြင့် တုံ့ပြန်ပစ်ခတ်ရန် နေရာယူဖို့အချက်ပြ အမိန့်ပေး၏။

ထိုပြင် အမြောက်ကျည်ဆန်နှစ်လုံး ရေထဲသို့ နောက်ထပ်ကျလာပြီးနောက် ကုန်းပေါ်မှ အမြောက်သံ နှစ်ချက်ကြားရပြန်၏။ ဗမာအမြောက်ကျည်ဆန်တို့သည် မိမိတို့သင်္ဘောရှိရာသို့နှစ်ကြိမ်လုံးလုံး တည့်တည့်မတ်မတ် ရောက်လာကြသော်လည်း အလှမ်းမမီဘဲ ကိုက် ၄၀ အကွာလောက် ရေထဲ၌ကျ၏။

ထူထူပူပူဖြစ်သွားသော လင်းဘတ်သည် နောက်တစ်ကြိမ်



အမြောက်ဆံတွေကျလာသည်ကို မြင်ရသောအခါ ဗမာ့အမြောက်အိုကြီးများမှ အမြောက်ဆံပို့ မိမိသင်္ဘောရှိရာသို့ ဘယ်နည်းနှင့်မျှ မရောက်မမှန်နိုင်ကြောင်းသိလာ၏။

"ကဲ ဒို့အမြောက်တွေလဲ ပစ်ပြလိုက်ရသေးတာပေါ့ကွာ"

လင်းဘတ်သည် အမြောက်တွေကို ပစ်ရန်အမိန့်ပေးလိုက်၏။ **တစ်ခဏ** အတွင်း သင်္ဘောနှစ်စင်းလုံးက မိုးထစ်ချုန်းဘိသို့ အုန်းအုန်းခြိမ့်ခြိမ့် မြည်ဟီး၏။ မြစ်ရိုးတစ်လျှောက်လုံး မီးခိုးများဖြင့် ဖုံးလွှမ်း၏။ ပဲ့တင်ရိုက်ထပ် လှိုင်းဘောင်ဘင်ခတ်လျက် ကမ်းစပ်ရှိ သစ်ပင်အများ ကျိုးပြတ်ကျကုန်၏။

လင်းဘတ်သည် ဗမာ အကောက်ဆိပ်ကမ်းဆီသို့ မှန်ပြောင်းဖြင့်ကြည့်၏၊ မိမိတို့ပစ်ခတ်လိုက်ကြသော အမြောက်ကျည်ဆံတို့သည် အကောက်ဆိပ်ကမ်းတစ်ခုလုံးကို နေရာ အနှံ့အပြား ထိရိုက်ပျက်စီးစေ၏။

စိမ်းစိမ်းစိုစို ရှိနေသော အုန်းပင်များသည် **ခါးလယ်မှ** ထောင်းထောင်းပြတ်ကျ၏။ အုန်းပင်များအောက်ရှိ အိမ်ငယ်တို့သည် **မွမွကြေ** ပျက်၏။ အိမ်ငယ်ကလေးများရှေ့ရှိ ကမ်းစပ်မြေပြင်တစ်ခုလုံး အကွင်းအကွင်း ကျင်းချိုင့်ကြီးများ ဖြစ်၏၊ စောစောက အသံထွက်လာသော အမြောက်အိုကြီးနှစ်လက်တို့သည်ပြိုလဲလျက်ရှိနေလေပြီ ....

ဗမာလူရိုင်းများသည် ဤမျှပစ်ခတ်နေသည့် အကြားကပင်

ထွက် ပြေးတိမ်းရှောင်ခြင်းမပြုကြ၊ အသုံးမဝင်သောသင်းတို့၏ အမြောက်အိုကြီးများကို ပူရွက်ဆိတ်များဝိုင်းအုံနေကြဘိသို့ အလွန်မိုက်မဲစွာ ဝိုင်းအုံသယ်ရွှေ့နေကြ၏။ ထီးနီကြီးအောက်၌ မတ်မတ်ရပ်နေသော လူကြီးကလည်း မိမိ၏လူများပြုလုပ်နေကြသည်ကို ငြိမ်သက်ကြည့်နေ၏။ ထိုလူကြီးကို ထီးမိုးပေးနေရသော သူကသော်မျှ ယခုလောက် ထိခိုက်အောင်ပစ်ခတ်နေသည့် သင်္ဘောတွေဖက်ဆီသို့ လှည့်ကြည့်ဖော်မျှမရလေ။

"နေရာကောင်းကောင်းယူပြီး အဲဟိုကုန်းပေါ်က ထီးနီကြီးနဲ့ လူတွေကို ထိအောင်ပစ်စမ်း...."

လင်းဘတ်၏ အမိန့်အရ၊ သင်္ဘောသည် ဗမာအကောက်ဆိပ်ကမ်းနှင့် ပို၍နီးသည့် သင့်တော်ရာသို့ ရွှေ့ပြောင်းနေရာယူ၏။ ထိုစဉ် သင်္ဘော ပဲ့ပိုင်းဆီမှ လှုပ်လှုပ်ရှားရှား ပြေးလွှားဆူညံသံကြားရ၏။ ချက်ချင်း သေနတ်သံတွေထွက်လာ၏။ မမျှော်လင့်ထားသောကြားရချက်ဖြစ်၏။

သေချာပြီ မိမိတို့သင်္ဘောပေါ်၌ ရန်သူနှင့် တိုက်ပွဲဖြစ်နေကြောင်း လင်းဘတ်ကချက်ချင်းသိ၏။

"ရန်သူတွေ ဘယ်လိုများ သင်္ဘောပေါ် ရောက်လာပါလိမ့်"

လင်းဘတ်သည် သင်္ဘောသားများ အသင့်ဖြစ်စေရန် အချက်ပေးခေါင်းလောင်းကို အတီးခိုင်း၏။ တစ်သင်္ဘောလုံး ပို၍ ဆူညံလာ၏။



လက်ထောက်မာလိန်မှူးသည် မိမိတို့သင်္ဘောကို ရန်သူများက တိုက်ခိုက်လာပြီဖြစ်ကြောင်း နောက်သင်္ဘောမှသိရန်ဥသြမှုတ်၏။ တစ်ပြိုင်တည်းလိုလိုပင် နောက်သင်္ဘောကလည်း အလားတူ ဥသြမှုတ်၏။

"ဟယ်.... ဘယ်လိုများတို့သင်္ဘောနှစ်စင်းလုံးပေါ်ကို ရန်သူကောင်တွေ ရောက်လာကြပါလိမ့်...."

လင်းဘတ်သည် မိမိကိုယ်တိုင် လုံခြုံရာ၌ နေရာယူလျက် သေနတ်နှစ်လက်ကို ကိုင်၍ အသင့်စောင့်၏။ မိမိရှိရာသို့ ဆူဆူညံညံ ပြေးတက်လာသည့် အသံတွေကိုကြားရ၏။

"လာပေ့စေ လာပေ့စေ လာကြပေ့စေ...."

ထိုးတော့မည့် ဆင်ကဲ့သို့ ရှေ့ရှုရာကို စူးစိုက်ကြည့်လျက် ရန်သူနှင့်ရင်ဆိုင်ရန် အာရုံပြုထား၏။ သေနတ်နှစ်လက်ကို တင်းတင်းဆုပ်၍ အကာအကွယ်ယူလိုက်၏။

သွေးသံရဲရဲနှင့် ပြေးတက်လာကြသူတို့ကား မိမိသင်္ဘောသားများဖြစ်နေကြသည်။ လင်းဘတ်သည် နေရာမှ ခုန်ထွက်လိုက်၏။

"ဘာလဲဟေ့ ဘာဖြစ်ကြတာလဲ...."

"ငရဲသွားမယ့် ဝက်ရိုင်းသုံးကောင်ခင်ဗျ အခုကိစ္စချောသွားပါပြီ၊ ကျွန်တော်တို့ဘက်က ငါးယောက်ကျပြီး သုံးယောက်ဒဏ်ရာရတယ်...."

"တိတ်စမ်း အလကား မင်းတို့လူညံ့တွေ ...."

လင်းဘတ်သည် မိမိ၏ အဝတ်များကို ပို၍ **သပ်ရပ်ခံ့ညား**အောင် ပြုပြင်လိုက်ပြီးနောက် အချင်းဖြစ်ပွားရာ နေရာသို့ခပ်သုတ်သုတ် ထွက်သွား၏။

ဟင်းလင်းပွင့်သောရင်များ၊ အပိုင်းပိုင်းပြတ်သော ကိုယ်များနှင့် မရှုမလှကျဆုံးနေရသည့် မိမိသဘော်သားများ....

သွေးချင်းချင်းလူးသော ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်၍ သေနပ်ပေါက်များဖြင့် တစ်ကိုယ်လုံး**ဆန်ခါပေါက်**တွေ ဖြစ်နေပါလျက် ခုန်ထ ရန်မူတော့မည်ကဲ့သို့ မျက်လုံးအပွင့်သား ရှိနေကြသော ဗမာ အရိုင်းကောင်သုံးယောက်....

လင်းဘတ်သည် မိမိရှေ့၌ မြင်နေရသော ရှုကွင်းကို ကြည့်လျက် မနှစ်မြို့၊ ရွံရှာလာ၏။

"ဟေး ....ဒီ ငရဲကောင်သုံးကောင်ကို ရေထဲကနန်ချလိုက်စမ်း၊ ဟိုမှာ ကျနေတဲ့လူတွေကို တစ်နေရာရာမှာစုပြီး အဝတ်နဲ့ ဖုံးထားလိုက်၊ ဘာလဲ မင်းတို့အ...ပုကြည့်နေကြတာလား...."

လင်းဘတ်၏ အော်သံကြောင့် သဘော်သားတွေအားလုံး ပြာသွား၏။ လင်းဘတ်သည် မမျှော်လင့်ဘဲ ဤသို့အဖြစ်ခံလိုက်ရသည့်အတွက် ပို၍ စိတ်တိုနေ၏။ ဗမာအရိုင်းကောင် သုံးယောက်တို့သည် မိမိတို့ သဘော်ကတိုက်မြှုပ်လိုက်သော လှေပေါ်မှ အရိုင်းကောင်များ ဖြစ်ကြ၏။



ဘယ်အချိန် မိမိတို့သဘော်ပေါ်သို့ တက်ရောက်လာသည်ဟု မသိလိုက်ကြရဘဲ အပေါ်ရောက်လာသည်နှင့် အဆုတ်အဆိုင်းမရှိ၊ နီးရာလူကို အတင်းဝင်ရောက် ထိုးခုတ်သည်ဟုဆို၏။ ဓားမြှောင်ကိုင် နှစ်ယောက်သည် ဝိုင်းပစ်နေသည့်ကြားထဲက ဦးတည်ထားသော လူဆီသို့ အရောက်ပြေးဝင်၍ ခါးကိုပွေ့ကာ ရင်ကိုခွဲချလိုက်ပြီးမှ အတူတူရောနှောလဲကျသည်ဆို၏။ ဓားရှည်ကိုင်ထားသော သူကလည်း ရန်သူကို တိုက်လာသည်နှင့်မတူဘဲ၊ က,နေဘိသို့ ခုန်ပျံကာ ထိုးခုတ်ပိုင်းထစ်သွားသည်။ မိမိတို့ဘက်သားများ အမှတ်မထင် အပိုင်းပိုင်း အခုတ်ခံလိုက်ရသည်။ အားလုံး ပေါင်း ဆာဂျင်ဆမစ်နှင့် အိန္ဒိယစစ်မျက်နှာ၌ နာမည်ရ စစ်သားကောင်း လေးယောက်တို့ ကျဆုံးကြရသည်။ နှစ်ယောက်အပြင်းအထန် ဒဏ်ရာရ၍ တစ်ယောက် မျက်နှာ ပါးတစ်ခြမ်း အလွှာလိုက် ခုတ်အချခံလိုက်ရသည်ဆို၏။

ထိုသူကို လင်းဘတ်ကိုယ်တိုင် တွေ့ခဲ့ပြီးဖြစ်၏။ မိမိတို့ သဘော်၌ ကိုယ်လုံးကိုယ်ထည်အကြီးဆုံးအသန်စွမ်းဆုံး ရေတပ်သား ကြီး ဆမောဂျက်ပင်ဖြစ်လေသည်။

"ကောင်းပြီလေ ....ဒို့ကလည်း ဒီအရိုင်းကောင်တွေကို ဘယ်လို အမြောက်စာပြန်ကျွေးလိုက်မယ် ဆိုတာကို ကြည့်ရသေးတာပေါ့...."

လင်းဘတ်သည်ဝမ်းထဲမှကြိမ်းရင်း မိမိတို့သဘော်အား အကောက်ဆိပ်နှင့် ပို၍နီးသည့်နေရာသို့ အတင့်ရဲစွာအရွေ့ခိုင်း၏။ ထို့နောက်

ကမ်းပေါ်ရှိ ဗမာအရိုင်းကောင်များမည်သို့ပြေးလွှားထိခိုက် ကုန်ကြသည်ကို သေချာစွာမြင်ရရန် မှန်ပြောင်းဖြင့်ကြည့်၏။

"ကဲ....ပစ်ခိုင်းစမ်း.... "

လင်းဘတ်၏ အမိန့်အတိုင်း သင်္ဘောအမြောက်မှူးက အမြောက်လေးလက်လုံး အကောက်ဆိပ်ဆီသို့ အပစ်ခိုင်း၏။ မိမိတို့ သင်္ဘောမှ သာလျှင် ပစ်သည်မဟုတ်၊ မိမိတို့ နောက်မှ ပါလာသော တနင်္သာရီ စစ်သင်္ဘောကလည်းဝိုင်းပစ်၏။

ဗမာ ယမ်းမှုန့်ယိုး အမြောက်တစ်လက်က တစ်ချက်ပစ်လိုက်တိုင်း မိမိတို့ ကျည်ထိုးအမြောက်တစ်လက်သည်အချက်ပေါင်း ၂၀ ကျော် ပစ်နိုင်၏။ ထိမှန်ရာ၌ တစ်ဆင့်ပေါက်ကွဲသော ယမ်းမှုန့်အသင့်ထည့်ပြီး ကျည်တောင့်များကို အသုံးပြုသောကြောင့် ဗမာအမြောက်တို့ထက် အဆ ပေါင်းများစွာ ပြင်းထန်လှ၏။ ထို့ပြင် ဗမာတို့ဘက်၌ ယမ်းမှုန့်ထိုး အမြောက်အိုကြီးနှစ်လက်သာရှိ၏။ မိမိတို့ကမူ မိမိတို့ သင်္ဘောပေါ်၌ လေးလက်၊ တနင်္သာရီ စစ်သင်္ဘောပေါ်၌ အမြောက် ခြောက်ဆယ်၊ အားလုံးပေါင်း ခြောက်ဆယ့်လေးလက်ဖြစ်၏။

"ကဲ ....ကြည့်ကြသေးတာပေါ့ကွာ...."

လင်းဘတ်သည် အောင်နိုင်သူတို့၏ ရင့်ကျက်တည်ငြိမ်သော မျက်နှာဖြင့် ကမ်းထက်သို့ စူးစိုက်ကြည့်၏။ ကမ်းထက်၌ရှိသော အုန်းပင်၊ ထန်းပင်နှင့်အခြားသစ်ပင်များ၊ အိမ်ငယ်အဆောက်



အဦကလေးများ အစရှိသည့် အားလုံးတို့သည် ထောင်းထောင်းညက်ကြေလျက် လေပွေဆောင်ယူသော အမှိုက်သစ်ရွက်တို့ကဲ့သို့ ကောင်းကင်၌ လွင့်စဉ်တည်၏။ အမြောက်ဆံတို့မှ ပေါက်ကွဲသည့် ယမ်းမီးခိုးများ ထိမှန်ရာမှ ထောင်းထောင်းထသည့် မြူဖုံမှုန့်များဖြင့် ကမ်းပါးသစ်အုပ်တစ်ခုလုံးချက်ချင်း အမှောင်ထုဖြင့် ဖုံးအုပ်၏။

ဗမာအရိုင်းကောင်များမည်သို့**အထိတ်တလန့်**ဖြစ်ကုန်ကြသည်ကို ကြည့်လို၊ မြင်လိုသောလင်းဘတ်သည် မိမိအမြောက်တပ်သားများဘက်သို့ လက်ကာလိုက်၏။

အတော်ချည့်ကြာမှ ကမ်းပါး၌ မီးခိုးဖုံမှုန့်ရှင်း၏။ ရှုခင်းသည် မျက်လှည့်ပြလိုက်ဘိသို့ ချက်ချင်း ပြောင်းလဲသွား၏။ ခပ်စောစောက မြင်လိုက်ရသော စိမ်းစိမ်းစိုစိုသစ်အုပ်နှင့် အိမ်ကလေးတို့သည် ပြောင်တလင်းခါလျက် မြေပြင်၌ ပြားပြားဝပ်ကုန်၏။ လတ်လတ်ဆတ်ဆတ် ကျိုးကျကုန်သောသစ်ပင်တို့မှ ကြွင်းကျန်ရစ်သည့်ပင်စည် ငုတ်တိုတို့သည် **ဖရိုဖရဲ** ပြန့်ကျဲနေကြသော အမှိုက်ပုံတို့၏ အကြား၌ ထိုးထိုး ထောင်ထောင်**မငြိမ်းမှု**နေကြ၏။ အချို့သောနေရာတို့တွင် အိမ်ပျက်များကို မီးစွဲလောင်နေသောကြောင့် မီးခိုးငွေ့တလူလူထနေ၏။ မိနစ်ပိုင်း အတွင်း ဤမျှ **ချေမှုန်း** ဖျက်ဆီးပြလိုက်နိုင်ခြင်းအတွက် လင်းဘတ်က ဂုဏ်ယူကျေနပ်၏။ ဗမာအရိုင်းကောင်များ မည်မျှ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားကြလိမ့်မည်လဲဟု တွေးလျက် ဝမ်းသာနေ၏။ သို့သော် ....လင်းဘတ်သည် ချက်ချင်းအံ့အားတသင့် ဖြစ်လာရပြန်၏။

ကျင်းများ ချိုင့်များ ဖြစ်နေသော မြေပြင်ထဲမှ လူတစ်စုသည် လေးပင်သော အရာဝတ္ထုတစ်ခုကို ဝိုင်းအုံသယ်မ, လာကြ၏။ သင်းတို့ကို ကြည့်ရသည်မှာ စားသောက်ဖွယ် တစ်ခုကို ပရွက်ဆိတ်များ ဝိုင်းအုံ ချီမ လာသကဲ့သို့ မြင်နေရ၏။ မကြာမီ သင်းတို့သယ်ယူလာကြသော အရာသည် အသုံးမဝင်သောသင်းတို့၏ အမြောက်အိုကြီး ဖြစ်ကြောင်း လင်းဘတ်သိလာ၏။ သည်ဗမာတွေဘာများ ဆက်လုပ်ကြမတုံးဟု စောင့်ကြည့်၏။

သူတို့သည် လေးလံကြီးမားသော သူတို့၏ အမြောက်အိုကြီးကို အမြင့်ဆုံးကမ်းနဖူးထိပ်သို့ ယူလာကြ၏။ ထို့နောက် လူပေါင်းများစွာတို့သည် အမြောက်အိုကြီးကို ကျောဖြင့်လည်းကောင်း၊ လေးဖက်ဝပ်၍လည်းကောင်း ကုန်း၍လည်းကောင်း သင့်ရာသင့်ရာ အလိုက်သင့် ထမ်းပိုးထားကြ၏။

"ဘုရားရေ ....တော်တော်မိုက်မဲပြီး ဉာဏ်နည်းတဲ့....အရိုင်းကောင်တွေပါလား...."

လင်းဘတ်၏ နှုတ်မှအမှတ်မဲ့ထွက်လာ၏။ ထို့နောက် ဤသို့ ထုတ်ဖော် အံ့ဩမိသည့်အတွက် မိမိတို့ အင်္ဂလိပ်လူမျိုး၏ ဂုဏ်သိက္ခာကိုများ ထိခိုက်လေမလားဟုတွေးရင်း ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်၏။ မည်သူမျှသိပုံကြားပုံမရသဖြင့် တော်သေး၏။ လင်းဘတ်သည် ကမ်းဆီသို့ မှန်ပြောင်းဖြင့်ထပ်ကြည့်၏။ ထိုစဉ် မိမိတို့၏



တနင်္သာရီ စစ်သင်္ဘောဆီမှ အမြောက်သုံးလက် **တစ်ပြိုင်နက်**ပစ်လိုက်ရာ ထိုလူအုပ်ဆီသို့ တိုက်ရိုက်ထိမှန်၏။

ဤမြင်ကွင်းကို**အပ်ကျမပ်ကျ**မြင်လိုက်ရသော လင်းဘတ်အဖို့ အံ့ရသာရှိလှ၏။ လင်းဘတ်သည် အသက်မရှူဘဲ စိတ်ဇောကြီးစွာဖြင့် လိုက်လိုက်သဲသဲကြည့်၏။ မီးခိုးများရှင်းသွားသည်နှင့် တုံးလုံးပက်လက် လဲကျနေသော ဗမာများကို တွေ့ရ၏။ အချို့သူတို့သည် သင်းတို့၏ အမြောက်ကြီးအောက်၌ မရှုမလှပိနေကြ၏။

သို့သော် ....ထနိုင်သူကား ချက်ချင်း လူးလဲထ၏။ ထီးနီကြီးဖြင့် ဆောင်းပေးထားခြင်း ခံရသော နှုတ်ခမ်းမွေးကားကားနှင့် ဗမာကြီးသည် ဣန္ဒြေမပျက် မလှုပ်ရှားသော မျက်နှာဖြင့် တစ်စုံတစ်ခုကို ပြောဆိုစီမံနေဟန်ရှိ၏။ ထိုလူကြီး၏ နောက်ပါးမှ ထီးမိုးပေးနေသူကား မိမိလက်ထဲ၌ ရှိသော ထီးကြီး တစ်ခြမ်းလုံးလုံး စုတ်ပြတ်သွားပြီဖြစ်သည့်တိုင်အောင် မိမိ၏တာဝန်ကို မလစ်ဟင်းစေဘဲ ထိုထီးစုတ်ကြီးဖြင့်ပင် နေရောင်ကိုကာမြဲကာပေးနေ၏။

တနင်္သာရီ စစ်သင်္ဘောမှ ပစ်လိုက်သော အမြောက်ဒဏ်ကြောင့် လူအတော်များများသေကျေပျက်စီးသွားသည့်တိုင်အောင် နောက်ထပ် လူစားများချက်ချင်း ရောက်လာကြ၏။

နောက်ရောက်လာသူတို့သည် စောစောက လူများနည်းတူ အမြောက်အိုကြီးကို ဝိုင်းဝန်းထမ်းထားကြ၏။

လင်းဘတ်သည်ဗမာလူရိုင်းများ ပြုလုပ်သည်ကို ကြည့်လိုသော
ကြောင့် တနသ်ာရီသင်္ဘောနှင့်တကွမိမိ၏သင်္ဘောကိုပါ အမြောက်များ
မပစ်သေးဘဲ ရပ်ထားရန် အမိန့်ပေးခိုင်း၏။ ထို့နောက် မျက်ခြည်ပြတ်
မခံဘဲ ဆိပ်ကမ်းရှိရာသို့ ဆက်ကြည့်၏။

ထိုအချိန်၌ ဗမာတို့သည် အမြောက်ကြီး၏ ပြောင်းဝအတွင်းသို့
ယမ်းမှုန့်များ လောင်းထည့်သူကလောင်းထည့်၏။ တုတ်ဖြင့် ထိုးသ
ထောင်းသူတို့က ထိုးကြထောင်းကြ၏။ လေလုံစေရန်အတွက်
**အုန်းဆံနှံ့ခွံ**နှင့် အခြားအရာဝတ္ထုများကိုထည့်သူ ထောင်းသူတို့က
ထည့်ကြထောင်းကြ၏။

"ပျင်းလှပြီဗျာ.... အဲဒီလူတွေကို ကျွန်တော်တို့ တစ်ချက်လောက်
တွယ်လိုက်ဦးစို့...."

"ရှီး ....အသာနေစမ်း ဒီအရိုင်းကောင်တွေ ဘယ်လောက်
ဉာဏ်တုံးသလဲမြည်းတွေလိုပဲမိုက်မဲကြတယ်ဆိုတာ ဒို့အခုတွေ့ကြ
မယ်...."

လင်းဘတ်က မှန်ပြောင်းနှင့် မျက်လုံးမခွာဘဲ စကားပြန်လိုက်၏
ကမ်းပေါ်၌လည်း လင်းဘတ်ပြောထားသည့်အတိုင်း မြင်နေရ၏
လူငါးဆယ်ကျော်ခန့်တို့သည် အမြောက်ကြီးကို ဝိုင်းဝန်းထမ်းထာ
ကြရင်း ထီးဆောင်းပေးခြင်းခံနေရသော လူကြီး၏ အမိန့်ပေးချက်
အတိုင်း အမြောက် ပြောင်းဝကို နိမ့်ခြင်းမြှင့်ခြင်း၊ ဘယ်ညာရွှေ့ခြင်
စသည်တို့ကို ပြုလုပ်နေကြ၏။ ခိုင်းသူသည် မိမိသ ဘာကျ ရရှိသည်နှ



မီးစ, တစ်စကိုကိုင်ကာ စနက်တံ ကိုကိုယ်တိုင်မီးရှို့၏။

အမြောက်ကြီး၏ ရှေ့နောက် ဘေးပတ်ပတ်လည်တို့၌ ချက်ချင်း မီးခိုးတွေဖုံးလွှမ်းသွားပြီးလျှင် လူတွေအားလုံး လွင့်စင်လဲပြိုကုန်ကြ၏။ လင်းဘတ်က ထိုမြင်ကွင်းကိုကြည့်၍ ပြုံး၏၊ လင်းဘတ် ပြုံးနေဆဲအချိန် သို့ရောက်မှ အမြောက်ကျည်ဆံသံလုံးကြီးနှင့် အမြောက်သံက ရှေ့ဆင့် နောက်ဆင့်ရောက်လာ၏။ အရှိန်ကုန်လာသောအမြောက်ကျည်ဆံ သံလုံးကြီးသည် လင်းဘတ်၏မျက်နှာဘေးမှပွတ်ကပ်လျက် သင်္ဘော ကုန်းပတ်ပေါ်သို့ကျလာရာ ကြမ်းပြင်သုံးချောင်း ကျိုးစေပြီးနောက် ဘေးသို့လိမ့်သွား၏။

ကမ်းအထက်၌ကား ဗမာတို့၏ အမြောက်ကြီးသည် လုံးဝ ကွဲသွားပြီးနောက် အမြောက်လုံးကြီးကို ထမ်းထားကြသည့် လူများ လည်း အနီးအနားတွင် လွင့်စင်လဲပြိုနေကြရာမှ ထလာနိုင်သည်ကို မတွေ့ရတော့....။

ဤရှုခင်းကို မြင်လိုက်ရသော လင်းဘတ်သည် အမြောက်ကျည်ဆံ ကြီး မိမိမျက်နှာအနီးမှ ဖြတ်သွားသဖြင့် လန့်သွားရသေးသည်ကို ချက်ချင်း မေ့လျော့ကာ မအောင့်နိုင်မဆည်နိုင် ပြုံးမိ၏။

ထိုစဉ် မျက်နှာတစ်ခြမ်းလုံး၌**မည်းနေပြီဖြစ်သော** နှုတ်ခမ်းမွေး ကားကားရှိသည့် လူကြီးသည် တစ်စုံတစ်ခုကို အမိန့်ပေးလျက် ကုန်းမြင့်မြင့် တစ်နေရာကို ညွှန်ပြ၏။

လေးပင်သော အရာတစ်ခုကို သယ်မလာဟန်ရှိသော ဘယ်က ရောက်လာသည်မသိရသည့် လူစုလူဝေးတစ်အုပ်သည် ချိုင့်ထဲမှ တစ်စတစ်စပေါ်လာ၏။ လဲပြိုနေသောကျန်သေးသည့် အမြောက် တစ်လုံးကို သယ်မ,လာကြခြင်းဖြစ်၏။

"သည်အရိုင်းကောင်တွေသင်းတို့ဟာသင်းတို့ ငရဲသွားဖို့ လုပ်နေကြပြန်ပါပြီ ....သည်ကောင်တွေ လန့်ပြေးသွားအောင် ဘေးပတ်ပတ်လည်နဲ့ ကမ်းစပ်အောက်ခြေကို အမြောက်နဲ့ ပစ်ထည့်လိုက်ကြစမ်း ....သင်းတို့ကို မထိစေနဲ့ ...."

လင်းဘတ်၏ အမိန့်အတိုင်း အမြောက်ဗိုလ်ကတစ်ဆင့် အမိန့်ပေး၏။ "ဖေါက်က်စ်" သဘော်ပေါ်၌ ပါသောအမြောက်လေးလက်လုံးက ဝိုင်းအုံပစ်လိုက်ကြ၏။ အချက်ပေါင်း သုံးဆယ်ကျော်လေသည်။

လင်းဘတ်သည် မိမိ၏ အမြောက်တပ်ဖွဲ့ကို အငြိမ်ရပ်စေလျက် ကမ်းထိပ်သို့ ဂရုတစိုက် ကြည့်၏။ အမြောက်ဆံများ ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးခိုးလုံးများ ရှင်းလင်းသွားသည်နှင့် မိမိတို့ သင်္ဘောကို ပြန်လှန်ပစ်ခတ်ရန် အသင့်ဖြစ်နေကြသော ဗမာ အရိုင်းကောင်များကို တွေ့နေရပြန်၏။

"ကြည့်စမ်း ....သည်ကောင်တွေသင်းတို့ဘေးမှာ အမြောက်ဆံတွေ ဒါလောက် ဝိုင်းဝိုင်းလည် ပေါက်ကွဲနေတာတောင် ....ထွက်မပြေးကြသေးဘူး....၊ကဲ– သိကြရအောင် တစ်ချက်လောက်တည့်တည့်တီးထည့်လိုက်ကြစမ်း...."



အမြောက်ဗိုလ်သည် လင်းဘတ်၏ အမိန့်ကို သာသာထိုးထိုး နာယူလျှက် ၂ ချက်ပစ်ချလိုက်၏။ ၂ ချက်လုံး တည့်တည့်မတ်မတ် ထိမှန် သောကြောင့် အမြောက်လုံးကြီး ဘေးရှိ ဗမာများ အားလုံးလိုလို ဒဏ်ရာရကုန်ကြ၏။ သို့သော် ....ဒဏ်ရာအနာတရ မကြီးကျယ်သူတို့ လဲပြိုရာမှ ချက်ချင်းထရပ်ကြ၏။ အမြောက်လုံးကြီးကို ဆက်၍ မ,ချီကြ၏။

အကောက်ဆိပ်ကမ်း၏ အကြီးအကဲ ပြုလုပ်သူ နှတ်ခမ်းမွေးသည် မိမိဦးခေါင်းတွင် ရစ်ပတ်ထားသည့် ပဝါစကိုဖြုတ်၍ မိမိရင်သို့ စည်း၏။ ထို့နောက် မိမိလူများရှိရာသို့လှမ်းကြည့်၏။

"ငါဒို့လူတွေ ဒါအကုန်ပဲလားဟေ့ ....၊ ဒီလူအားနဲ့တော့ ဒို့ အမြောက် ကြီးကို မ,လို့ရမယ် မထင်ဘူးကွဲ့...."

နှုတ်ခမ်းမွေးကြီး၏စိတ်၌**အကြံရကျုပ်**နေ၏။ မိမိအနီး ပတ်ဝန်းကျင်၌ ရှိသမျှသော လူများလည်းကုန်လေပြီ....။

အမြောက်ကြီးကို ရှိရင်းအတိုင်း အောက်၌ချ၍ ထိထိမထိထိ အရမ်း ပစ်နေလျှင် ကုလားတွေက အထင်သေးမည်၊ မထိမည့်အတူတူ မထူးဘူးဟု မပစ်ဘဲရပ်လိုက်လျှင် သင်းတို့ကို ကြောက်ပြီး မပစ်ဝံ့၍ ရပ်သွားသည်ဟုထင်မည်။ ကြောက်သည်ဟု ထင်ယုံမျှဆိုက ကိစ္စမရှိ၊ နိုင်နေကြ ကြက်ကဲ့သို့ အနိုင်ကျင့်လိုစိတ်ဖြင့် ဗမာတစ်မျိုးလုံးကို ဆက်လက်နှိပ်စက်လာချေသော်....။

မခံချိ မှုများ ပေါက်ကွဲထွက်ဘိသို့၊ ကျယ်လောင်စွာ 'တကက်' တစ်ချက် ခေါက်လိုက်၏။ အမြောက်ကြီးဘေးရှိ၊ ကြိုးစားမ,ချီနေကြသော၊ လူများသည် တကက်ခေါက်သံကြားရာသို့ လှည့်ကြည့်မိကြ၏။

**ချစ်ချစ်ပုသော** နေရောင်ခြည်အောက်၌၊ ယောကျ်ားပီပီ ကျားကျား **လျားလျား**ကားကားကြီးရပ်နေသော နှုတ်ခမ်းမွေးကြီး၏ ရင်စည်းပုဝါတွင် **သွေးခြင်းခြင်း** စိမ့်စိုနေ၏။ ထီးတော်မိုး မင်းချင်းလုလင်သည် သွေးအိုင်ထဲမှ မထတော့ **ရွှေပိန်းအထွတ်တပ်သော** ထီးနီကြီးသည် မြေပြင်တစ်နေရာ၌ အမှိုက်ဖုံမှုန့်တို့ဖြင့် ရောနှောလျက် စုတ်စုတ်ပြတ်ပြတ်လဲပြိုနေ၏။

"ဟယ်...အကောက်တော် ဝန်ထောက်ဘုရား ရင်ဘတ်မှာ..."

ချစ်ကြည်ညိုနေသော၊ တစ်ယောက်သောသူက မိမိကိုယ်တိုင် နာကျင်စွာခံစားရဘိသို့ အထိတ်တလန့်အသံပြု၏။

ဤအသံမျိုးသည် စိတ်ဓာတ်ကိုကျလွယ်စေသော အသံမျိုးဖြစ်သည့်အတွက် အကောက်တော်ဝန်ထောက်ကြီးကလက်မခံ။

"ကဲ...ကွယ်တို့ အစော်ကားခံပြီး အသက်ရှင်နေကြရတာထက်၊ အသေခံပြီး တုံ့ပြန်နိုင်အောင် ကြိုးစားကြအုံးစို့လား၊ ဗမာ့သွေးဟော့... အားခဲပြီး ထလိုက်ကြအုံး မောင်တို့..."

အကောက်တော်ဝန်ထောက်ကြီး၏ အသံကြောင့် အတော်အတန် ဒဏ်ရာအနာတရ ရှိသူတို့ပါ သွေးသံစက်စက် စီးယိုကျနေလျက်



အားခဲထရပ်ကြ၏။ အမြောက်ကြီးကို ကြွမြောက်လာအောင် ဝင်ရောက်ကူညီထမ်းကြ၏။ သို့သော်အမြောက်သည် တည့်တည့် မတ်မတ် တန့်ရပ်နိုင်ခြင်းမရှိပဲ၊ ဟိုယိမ်းသည်ယိုင်**ယမ်းခါ**နေ၏။ ရဲမက်တော်သားတို့လည်း၊ လူ အားနည်းလှသောကြောင့် မနိုင်မနင်း ဖြစ်နေ၏။

"သင်းအတိုင်းဆိုယင် ကုလားတို့ **ရှုတ်**ချတာကို ငါတို့ခံကြရ တော့ မကော..."

အကောက်တော် ဝန်ထောက်ကြီး၏အသံ၌ မခံချည့်လှသည့် ညည်းညူ သံမျိုးပါနေ၏။ ထိုစဉ် မနီးမဝေးကုန်းမြင့်အကွယ်တို့မှ ပုန်းအောင်းကြည့်နေကြသော အမျိုးသမီးတို့ကမိမိတို့၏ သားငယ်များကိုပစ်ချကာယောကျ်ားတွေ၏ အကြားသို့ဝင်လျက် အချို့ဦးခေါင်းဖြင့်ရွက်၏၊ အချို့ ခါးစောင်း၌တင်၏။ အချို့က ကျောဖြင့်ဖေးမ၏။

ဗမာယောကျ်ားကြီးများသည် မိမိတို့အား လာရောက်ကူညီကြသည့် မိခင်များ၊ မယားများဖြစ်ကြသော အမျိုးသမီးများကို ကြည့်မိကြရာမှ တစ်ဖက်သို့ မျက်နှာလွှဲလိုက်ကြ၏။ မေးကြောကြီးများ ထောင်ထလာအောင် အံကြိတ်နေကြ၏။ သူတို့သည် မိမိတို့ဆီသို့ မလာရန်၊ မကူညီရန် မိမိတို့၏မိခင်များ၊ မယားများကို မည်သူတစ်စုံတစ်ယောက်ကမျှ တားဆီးခြင်းမပြုကြလေ...

အမြောက်လုံးကြီးသည် ခုံပေါ်၌တင်ထားဘိသို့ လုံးဝမလှုပ်ရှားဘဲ လိုရာသို့ တန်းတန်းမတ်မတ် ချိန်ဆပြီး အသင့်ရှိနေ၏။

အော်ဟစ်ငိုလိုက်သည့် **သား**ငယ်၏အသံကို ကြားရသော မိခင်ငယ် တစ်ဦးသည်၊ အသံလာရာဆီသို့ '**ရုတ်ခြည်း**လှည့်ကြည့်မိရာမှ၊ မျက်ရည်ဖုံးသည့် မျက်လုံးကိုမှိတ်လျက် **ချာခနဲ** ခေါင်းကိုရမ်းလိုက်ပြီး မကြားဘိသို့ငြိမ်သက်၏။ အကောက်တော်ဝန်ကြီးသည် ချုပ်ထိန်း**ထား**ရသည့် မျက်နှာဖြင့် စနက်တန်ကိုမီးညှိရန် လှုပ်ရှားလိုက်သည်။ ထိုစဉ် အကောက်တော်ဆိပ်ကမ်းသို့ မြင်းသုံးစီး အပြင်းမောင်း**နှင်**လာ၏။ မြင်းစေကျော်တို့သည် မြင်းမရပ်မီ မြင်းပေါ်မှခုန်ဆင်းကြလျက်၊ အကောက်တော် ဝန်ထောက်ကြီးကို ရိုသေစွာဦးညွှတ်၍ ပုဝါနီဖြင့်ရစ်ပတ်သည့် အမိန့်တော်စာပုရပိုက်ကိုဆက်၏။

"ကိုယ်တို့က မပစ်မခတ်ကြနှင့်တော့...

ကိုယ်တို့က မပစ်မခတ်ပါတော့ဘူးဟုလည်း ကုလား**တို့ကို** အကြောင်းမကြားလေနှင့်...

သင်းတို့အနိုင်အထက် ပိုမိုပြုကျင့်လာပါလျှင် လွတ်အောင်**ရှောင်၍** ဆုတ်၊ တရားရေး၌ သင်းတို့လွန်သည်ကို ဖုံးကွယ်မရ၊ သိသာပြီ..."

အကောက်တော် ဝန်ထောက်ကြီးသည်၊ ပစ်ရန်အသင့်ပြင်ထားသော အမြောက်လုံးကြီးကို ချစေ၏။ ထို့နောက် မိမိရဲမက်လူသူ**တို့ကို**၊ ရန်သူ့ လက်နက်မထိမပေါက်နိုင်သည့် နေရာ၌ စုစုစည်းစည်းနေလေဟု အမိန့်ပေး၏။

"ရေဝန်မင်းကြီးအမိန့်ကြောင့် ငါတို့ရပ်ရသည်၊ စကတည်း**က** သင်းတို့ အနိုင်အထက်ပြုကျင့်ဝင်လာကြသောကြောင့် ရှုံးမည်သိလျက် ငဒို့အသေခံပြီး တားဆီးတိုက်ခိုက် နေကြခြင်းဖြစ်သည်။ တံခါးမရှိ၊ ဓားမရှိ မတားရဲ မဆီးရဲသော နိုင်ငံဟု၊ သင်းတို့အထင်ရောက်မည်စိုး၍၊ ငဒို့တိုက်ကြပစ်ကြသည်။ ယခုငါတို့ အပစ်ရပ်လိုက်သည်နှင့်...

"သင်းတို့ ကုလားတွေလာသည်ကို၊ ဗမာများက တားဆီးပစ်ခတ်ကြသည်။ တုံ့ပြန်လိုက်သည်နှင့်၊ မီးကိုရေဖြင့် ငြိမ်းသတ်ဘိသို့ ဗမာတွေ တုတ်တုတ်မလှုပ်ပဲ ငြိမ်သက်သွားကြ၏" ဟု...သင်းတို့ ကုလားဖြူ ရာဇဝင်၌ နောက်အခါ '**စာတန်းထိုးချိမ့်မည်**။ သို့သော် ရေဝန်မင်း၏အမိန့်ကိုငါမလွန်ဆန်လို၊ သည်အမိန့်ကိုနာခံရသည်ထက်၊ ကုလားတို့၏ သင်္ဘောပေါ်သို့ တက်တိုက်ရင်း ကျဆုံးဟန်ရှိသော ငါ့သွေးသောက်ကြီးပျံ့ချီကဲ့သို့ သေရသည်ကမှ ကောင်းသေး၏ဟု အကောက်တော်ဝန်ထောက်ကြီးက ဆက်ပြော၏။

အကောက်တော် ဝန်ထောက်ကြီးသည် အောက်နှုတ်ခမ်းစွန်း တစ်ဖက်ကို ကိုက်လျက်၊ မျက်လုံး၌မျက်ရည်များ ဝေ့ရစ်လာ၏။ ဒို့တော့နိုင်ငံနဲ့လူမျိုး ပါ အစော်ကားခံရလေပြီကောဟူသော အသိသည် နှုတ်ခမ်းမွေးကားကားနှင့် ယောကျာ်းကြီးတစ်ယောက်အတွက်၊ မျက်ရည်များရစ်ဝိုင်းလာစရာ အကြောင်းမျိုးပင်ဖြစ်၏။

အကောက်တော် ဝန်ထောက်ကြီးသည် မကျေချမ်းသော မျက်နှာကြီးဖြင့် အဝေးသို့**ငေးမျှော်**ကြည့်နေရာမှ ရင်၌စည်းထားသည့် ပုဝါစကိုဖြေချလိုက်၏။ ရထားသောဒဏ်ရာအပေါက်ကြီးမှ သွေးတို့

သည် သွန်ချလိုက်ဘိသို့ **ဟောခနဲ** ထွက်ကျ၏။ သွေးအကျရပ်သည်နှင့် မရှေးမနှောင်းပင်၊ သစ်ပင်ကြီးလဲပြိုသကဲ့သို့ လဲပြိုကျ၏။

မှန်ပြောင်းတစ်လက်ဖြင့်၊ သင်္ဘောပေါ်မှ အသေအချာကြည့်နေသော လင်းဘတ်သည် မှန်ပြောင်းကိုမျက်နှာမှခွာလိုက်ပြီးနောက်၊ မိမိသင်္ဘောသားများဘက် လှည့်လိုက်၏။

"အရိုင်းကောင်တွေ၊ ဒို့ကပြန်ပစ်လိုက်တော့ အကန်ခံရတဲ့ခွေးလို **အမြီးကုပ်**ပြီး တိတ်သွားတာပဲ၊ ကဲ . . .ဒို့သင်္ဘောကို ဆက်မောင်းကြတော့။ ဘယ်သူ့အမိန့်မှ တောင်းခံစရာမလိုဘူး၊ ကြိုက်တဲ့နေရာရပ်၊ ကြိုက်တဲ့နေရာကပ် ဒါဘဲ . . ."

မကြာမတင် ဖေါက်စ်သင်္ဘောနှင့်၊ တနသ်ာရီစစ်သင်္ဘောကြီးသည် တစ်စင်းနှင့်တစ်စင်း မကွာမဝေး ရှေ့နောက်ဆင့်လျက် အလံတလူလူ လွှင့်ထူကာ ရန်ကုန်ဆိပ်ကမ်းရှိရာသို့ ရှေးရှုဝင်သွားကြ၏။

"ကဲ . . .ကိုဆွေဆက်၊ ကျုပ်တို့ ရေဝန်မင်းကြီးဆီပြန်ပြီး သံတော်ဦး တင်ကြချေအုံးစို့ . . ."

မြင်းစေကျော်တို့၏ အကြီးအကဲဖြစ်သူ ဆွေဆက်သည်လဲကျနေသော အကောက်တော်ဝန်ထောက်ကြီး၏ မျက်နှာကို ပုဆိုးစဖြင့် လွှမ်းပေးလိုက်၏။ ထို့နောက်ဝိုင်းဝန်းနေကြသော ရဲမက်တော်တို့ အကြားမှ တိုးဝှေ့ထွက်လာ၏။ မြင်းစေကျော်သုံးယောက်သား ရေဝန်မင်းကြီးအိမ်သို့ ရောက်ကြသောအခါ—



ရေဝန်မင်းကြီးသည် ကျောက်မော်မြို့ဝန် မဟာမင်းကျော်ရာဇာ၊ အဝေးရောက်စာရေး မဟာမင်းကျော်မင်းထင်ရာဇာ၊ ခနေတ်ကွင်း အုပ်လှိုင်သူကြီး၊ သီလဝါစောင့် သုံးခွပွဲနင်းဦးခွေးဖြူ၊ ရဲဗိုလ်မောင်ပို တို့နှင့် ခေါင်းချင်းရိုက်တိုင်ပင်နေရာမှ ရုတ်ချည်းခေါ်မေး၏။

ကုလားသင်္ဘောကပစ်သည့် အမြောက်ကျည်ဆံသင့်၍ အကောက်တော် ဝန်ထောက်နှင့်တကွ ပျံချီအပါအဝင် ရဲမက်လူသူမိန်းမ, ယောကျ်ားကလေးများပါ အားလုံးစုစုသုံးရာခန့်မျှကျသည်။ အကောက်ဆိပ်ရဲမက်တော်ဝင်းတစ်ခုလုံး ပျက်စီးသည်။ သစ်ပင်များပိုင်းပိုင်းပြတ်၍ ကုန်းပြောင်ပြောင်ဖြစ်သည်ဟု ဆွေဆက်ကလျှောက်၏။

ထို့ပြင် အကောက်တော်ဝန်ထောက်ကြီးသည် ဤသို့ဖြစ်မည်ဟု ကြိုတင်သိသောကြောင့် ရန်ကုန်မြစ်ဆိပ်သို့ ကုလားဖြူများ ဝင်ရောက်လာကတည်းကဝင်နိုင်ခွင့်အမိန့်စာကို သင်္ဘောသို့အရောက် ပေးပို့စေ၏။ သို့ပါလျက် ကုလားဖြူတို့ကအမိန့်စာကိုမယူ။ နိုင်ငံကို အသိအမှတ် မပြုဘဲ စာလာပို့သည့် ပျံချီ၏လှေကို သင်္ဘောဖြင့်တိုက်နှစ်၍ တံခါးမားကင်းမဲ့သကဲ့သို့ အတင်းချဉ်းနင်းဝင်၏။

သဟာကိုခံနေလျှင် သင်းတို့သည် မကြာမတင် နိုင်ငံကိုပါ အနိုင်ကျင့်ခြိမ့်မည်။ သို့ကြောင့်သေမည်ကြေမည်ကို သိလျက်ပစ်ခတ်တားဆီးရသည်ဟု အကောက်တော်ဝန်ထောက်ကြီးက ပြောသွားကြောင်း ဆွေဆက်ကလျှောက်၏။

ရေဝန်မင်းကြီး၊ ကျောက်မော်မြို့ဝန်၊ အဝေးရောက်စာရေးတော်ကြီး၊ လှိုင်သူကြီး၊ သုံးခွဲပဲ့နင်းကြီးနှင့်၊ ရဲဗိုလ်မောင်ပိုတို့သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်လျက် ငြိမ်သက်နေကြ၏။

အကောက်ကော် ဝန်ထောက်ကြီးသည် တိုင်းပြည်နှင့်လူမျိုးအတွက် မိမိ၏အသက်နှင့်တကွ၊ သားမယား **အခြွေအရံ** အိုးအိမ်စည်းစိမ်တို့ကိုပါ စွန့်လွှတ်ပူဇော်သွား၏။ ယခုအကောက်တော်ဝင်းကြီး တစ်ခုလုံး ပြုန်းပြုန်းပျက်စီးခဲ့ရ၏။ ကျန်သူတို့လည်း မကြာမတင် ရောင်းရင်းဘက်ဝန်ထောက် ကြီး၏ နောက်သို့ လိုက်ကြရမည်ဖြစ်၏။ ဤသို့လိုက်ကြရခြင်းက အရေးမကြီး၊ အရေးကြီးသည်ကား...

ရေဝန်မင်းကြီးသည် မိမိ၏လူသူလက်နက်များကို အပြေးအလွှား စာရင်းချတွက်၏။ ယခုတလော မိမိဟို့၌ ဓားကိုင်၊ လှံကိုင် အမှုထမ်း ရှစ်ဆယ်ကျော်မျှသာရှိသည်။ ကုလားဖြူတို့ဘက်က မည်မျှရှိနေသည်ဟုမသိရသေး။

မည်သည့်နည်းနှင့်မဆို လက်နက်ကား ကုလားဖြူတို့ဘက်မှသာမည် ဖြစ်သည်။ ဓားဓားချင်း လှံလှံချင်း တိုက်ရမည်ဆိုလျှင် သည်ကုလားဖြူတွေ လူကောင်မြင့်မား လူလုံးလူ ထည်ကြီးသော်လည်း၊ သင်းတို့ငါးယောက်နှင့် ဗမာတစ်ယောက်ယှဉ်နိုင်၏။ ယခုမူ သင်းတို့က သေနတ်လက်နက်တွေချည်းကိုင်ကြ၏။ ခါးပိုက်ဆောင် သေနတ်ငယ်ကလေးများလည်းပါသေး၏။ သင်းတို့သေနတ်သည် ဗမာတို့၏



သေနတ်နှင့်မတူ၊ ရုတ်ချည်း ရုတ်ချည်းပစ်၍ရ၏။ ဗမာတို့သေနတ်ကဲ့သို့ ယမ်းမှုန့်ထည့်သိပ် အုန်းဆံဖတ် ထည့်သိပ်၊ ခဲဆံထည့်သိပ်ပြီးမှ ပစ်ရသော သေနတ်မျိုးဖြစ်ပါက၊ သင်းတို့သေနတ်ပြောင်းတွေကို ဆွဲကိုင်၍၊ တစ်ယောက်ပြီးတစ်ယောက် ခုတ်ချပစ်နိုင်၏။

ယခုလည်းရှုံးမည် သေမည်ကိုကြောက်၍မဟုတ်၊ မိမိတို့သေကြပြီးနောက်၊ ရှုံးကြပြီးနောက်၊ နိုင်ငံအလုံး ကုလားဖြူတို့လက်၌ ကျန်ရစ်မည်စိုးသောကြောင့်သာ ချိန်ဆနေကြရခြင်းဖြစ်၏။ သို့သော်... ဘာဘဲဖြစ်ဖြစ် တိုက်ရတော့မည်၊ နိုင်အောင်လည်း တိုက်ရတော့မည်။ သင်းတို့ကိုနိုင်မည်ဆိုလျှင်သင်းတို့အသက်ကို ဗမာတို့က အသက်ပေါင်းနှစ်ဆယ်နှင့်လဲလိုကလဲရပေစေ...။

သူ တစ်ပါးစော်ကားတိုင်း ခံရသည့်သူ့အနိုင်ခံရသော လူမျိုးဖြစ်ရခြင်းထက်၊ အနိုင်မခံတိုက်ခိုက်ရင်း သေကြရသည်က မမြတ်ပါလော...။

"သည့်ကိစ္စကို ရောင်းရင်းတို့ ကျုပ်တို့အသက်နဲ့ လဲရန်ပဲကျန်တော့သည်။ သို့ပေမင့်... နိုင်ငံတစ်ခုလုံး အရေးဖြစ်သောကြောင့် နေပြည်တော်ကို အကြောင်းကြားဖို့လိုအပ်သည်။ သည်**အတွင်း** ခုကစပြီး လူ သူလက်နက် စုကြရမည်။ အင်အားချင်း **နှိုင်းချိန်ပြီး** အသေခံရဲမက်များရှာကြမည်။ သင်းတို့ကုလားဖြူတွေက အ**ကြောင်း**စကားစ,လာလျှင် မြို့ဝန်ကြီးသာ အရေးပိုင်သူဖြစ်သောကြောင့်

မြို့ဝန်ကြီးဆိုက်ရောက်မှ အရေးပိုင်သူအချင်း ချင်း စကားပြောပါရန် အချိန်ဆွဲထားမည်။

ထို့ပြင် ကုလားဖြူတို့က ရန်စစော်ကား လာသည့်တိုင်၊ ကုလားဖြူတို့နှင့် ခိုက်ရန်မဖြစ်ပွားကြရန်၊ ဟံသာဝတီရန်ကုန်မြို့သားတို့ကို တိတ်တဆိတ်အမိန့်ထုတ်ထားမည်။ ထိုသို့မပြုထားက ကုလားဖြူတို့သည် ဗမာတို့မခံရပ်နိုင်အောင်ရန်စ၍ ဗမာတို့ကတုံ့ပြန်လိုက်သည်နှင့် ယင်းသည်ကိုအကြောင်း အပြစ်ရှာလျက် ငါတို့ကိုတိုက်ခိုက်နိုင်ရန် လုံးပမ်းကြလိမ့်မည်။

အကောက်ဆိပ်၌လည်း သင်းတို့သည်အတိုင်း ပြုကျင့်ကြသည်။ ထို့ကြောင့်ငါတို့၌ ခုခံတိုက်ခိုက်နိုင်ရန်အင်အားမပြည့်စုံ၊ မစုဆောင်းမိသေးသမျှ၊ သင်းတို့နှင့်ခိုက်ရန် မဖြစ်ပွားကြရန် ငါတို့လူများကို အနိုင်ထိန်းကြ ရမည်။ သည်အတွင်း သတင်းအကြောင်းစုံ ပေးပို့ရန် ဆွေဆက်တို့ကို နေပြည်တော်သို့စေလွှတ်မည်။ ကိုယ်တို့ပသို့သဘောရသတုံး . . .”

ရေဝန်မင်းကြီး၏စီစဉ်ချက်ကို အားလုံးသဘောကိုက်ညီသောကြောင့်၊ ယင်းသည့်အတိုင်း စီစဉ်ဆောင်ရွက်ရန် တာဝန်အသီးသီးခွဲဝေယူသွားကြ၏။ ယင်းသည့်အတွင်း ဟံသာဝတီ ရန်ကုန်မြို့ရှိလူအချို့သည် ရန်ကုန် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားကြသည့် ကုလားဖြူသင်္ဘောပေါ်သို့ အဝင်အထွက် အဆက်အဆံလုပ်ကြ၏။ ကုန်စည်ဖလှယ်မှုများပြုကြ၏။ မိမိတို့ တစ်အိုးစုတစ်အိမ်ထောင် အမြတ်အစွန်း



ရကြသည်ကို ကျေနပ်သဘောကျကြ၏။

ဤသည်ကို လူငယ်လူရွယ် မိန်းမငယ်နှင့် အများအပြားသောသူတို့က လှောင်ပြောင်ပျက်ရယ်ပြုခြင်း၊ ကဲ့ရဲ့ရှုံ့ချခြင်း၊ ခွဲရှာစက်ဆုတ်ဟန်ပြုခြင်း၊ အနူ အရွဲကဲ့သို့ မိမိတို့အနားအကပ်မခံပဲ အဝေးမှကွင်းရှောင်သွားကြခြင်းမျိုး ပြုလုပ်ကြ၏။

ထိုအခါ အချင်းချင်းခိုက်ရန်ဖြစ်ပွားကြရာမှ ကုလားဖြူတို့ကိုပါ ရောနှောထိပါးကုန်ကြလျှင်၊ ကုလားဖြူတို့က ဗမာများကို စတင်တိုက်ခိုက်ရန် အကြောင်းအစရလာမည်စိုးသောကြောင့် ဟံသာဝတီရန်ကုန်ဆိပ်ကမ်း၌ဆိုက်ကပ်ထားသော ကုလားဖြူသင်္ဘောသို့ ဗမာများအဝင်အထွက် မလုပ်ရ။ သင်္ဘောရှိရာသို့ဆင်း၍ ကူးသန်းသွားလာခြင်း ရောင်းဝယ်ဖောက်ကားခြင်းမပြုရဟု ရေဝန်မင်းကြီးက အမိန့်ဖြင့်တားမြစ်၏။

ဤတွင် တိုင်းပြည်နှင့်လူမျိုးကိုမကြည့်၊ မိမိတို့တစ်အိုး တစ်အိမ်ထောင် အမြတ်အစွမ်းကိုသာ ကြည့်တတ်ကြသော ကုန်သည်တို့က . . .

“ကျုပ်တို့၊ မိတ်ဆွေကြီးများ သင်္ဘောသို့၊ ကုန်စည်ဖလှယ်ရောင်းဝယ် ရန် လာလိုကြ၏။ သို့သော် . . .ကျုပ်တို့ရေဝန်မင်းကြီးက ဘားမြစ်ထားသော ကြောင့် မလာဝံ့ကြပါ”ဟု ပြောကြ၏။

ဤတွင် ဟံသာဝတီရန်ကုန်မြို့၌ ရှိနေကြသော ကုလားဖြူကုန်သည်များနှင့် ကုလားဖြူရေတပ်ဗိုလ်မှူး ကွန်မင်ဒိုလင်းဘတ်တို့က

ဗမာစကား ပြောတတ်သည့် ကုလားဖြူ "အက်ဒွပ်" Edward ကိုရေဝန်မင်းကြီးအထံသို့စေလွှတ်၍ ဤအမိန့်အား ချက်ချင်း ရုတ်သိမ်းပေးရမည်ဟုတောင်းဆို၏။

ရေဝန်မင်းကြီးက ထိုအမိန့်ကို ချက်ခြင်း ရုပ်သိမ်းပေးလိုက်ရ၏။ ဤသည်မှစ၍ ဟံသာဝတီရန်ကုန်မြို့တော်၌ ဗမာကုန်သည် ပွဲစားအချို့နှင့် သင်္ဘောသားကုလားဖြူတို့ အရောတဝင်ဖြစ်ကြရပြန်သည်။ တစ်ဖက်နှင့်တစ်ဖက် ကူးလူးဆက်ဆံပြုကြပြန်သည်။ အချို့သိုးစပ်သော ကုလားဦးထုပ်ဆောင်းခြင်း၊ ကုလားဆံဖြတ်ခြင်း၊ ကုလားတို့ကဲ့သို့ ဘောင်းဘီဝတ်ခြင်း စသည်တို့ကိုပင် ပြုကြ၏။ မိမိတို့အားသရော်လှောင်ပြောင်သူကဲ့ရဲ့သူ ရှုံ့ချသူများကို တမင်အရွဲ့ပြု၍ ကုလားဖြူတို့နှင့် ပိုမိုအရောတဝင်ပြုကြ၏။ ကုလားဖြူတို့၏ အသုံးအဆောင် အထည်ပစ္စည်းတို့ကိုဝတ်ဆင်ပြီးလျှင် ပပလွှားလွှားသွားကြ၏။ ထိုစဉ်တပေါင်သီချင်း တစ်ပုဒ်ပေါ်လာရသည်။

> " သိုးဘောင်းဘီ အနီကွပ်၊ ရှော့ဝတ်တော့ပေး။ မဝတ်
> လိုက်က မိုက်လို့ထင်၊ ဝတ်လိုက်ယင်လဲ ကြိုက်လို့ထင်၊
> ဘောင်းဘီရှင် သူလာခိုက်၊ မှောင်မိုက်ကတွေး..."

ဟံသာဝတီ ရန်ကုန်မြို့တော်သူ မြို့တော်သားတို့သည်၊ ဘာအဓိပ္ပာယ်ဟု မည်မည်ရရမသိသော ထိုသီချင်းကို လူတိုင်းလိုလိုနှစ်နှစ်သက်သက် သီဆိုလာကြ၏။ ထိုသီချင်းနှင့် မရှေးမနှောင်းတူးဆန်းသည့်အကြောင်းဖြစ်ရပ်ဟိုလည်းပေါ်လာခဲ့၏။



ထိုအကြောင်း ဖြစ်ရပ်တို့သည် ထိုစဉ်အခါကသော လူတိုင်းတို့၏ နှုတ်ဖျား၌ ပန်းသွေးရောင် ကွမ်းရည်စွဲသကဲ့သို့ စွဲခဲ့ပြောခဲ့ကြသည့် အကြောင်းဖြစ်ရပ်ဖြစ်၏။

ရှေးဗမာကြီးတို့သည် ထိုအကြောင်းဖြစ်ရပ်တို့ကိုသာ ပြောနေကြရမည်ဆိုလျှင်၊ စားရမည့်အချိန် အိပ်ရမည့်အချိန်တို့ကို မေ့လျော့ကုန်ကြ၏။ ထမင်းပစ်ဟင်းပစ်ထိုးနေသော စစ်တုရင်ပွဲကိုပင် ရပ်ထားလျက်...

"အင်္ဂလိပ်ဗမာ ဒုတိယစစ်ပွဲဖြစ်ကြတုံးကပေါ့ကွာ၊ ဒို့ဗမာတွေဆိုတာ သေလိုက်ကြတဲ့ဖြစ်ခြင်း ဘယ်ပြောကောင်းမလဲ" ဟု အစချီတတ်ကြ၏။

ထို့နောက် ပြောပြသည့်ဖြစ်ရပ်တစ်ခုလုံး ဗမာတွေက အရှုံးဘက်ကည်း ဖြစ်၏။ ဗမာတွေ၌ လက်နက်မရှိပုံ၊ လေ့ကျင့်သင်ကြားထားသော စ်သားဆို၍ တစ်ယောက်တလေမျှမရှိကြပုံ၊ ဗမာတွေနှင့် တိုက်ကြမည့် ကုလားဖြူတို့က လက်နက်အင်အား ကောင်းလှပုံ၊ ကုလားဖြူမှန်သမျှ လေ့ကျင့်သင်ကြားထားသော စစ်သားတွေချည်းဖြစ်နေကြပုံ...။

ရှေးဗမာကြီးများ၏ ပြောဆိုချက်အရ၊ ထိုစဉ်ကဖြစ်ခဲ့သည့် ဂ်လိပ် ဗမာ ဒုတိယစစ်ပွဲ၌ အင်္ဂလိပ်တို့သည် မြို့အနံ့နယ်အနံ့ ည့်ပတ်သတ်လာခဲ့ကြသော ကျွမ်းကျင်သည့် ကြေးစားလက်ဝှေ့ မားကြီးနှင့်တူသည်ဆို၏။ ဗမာတို့က မိမိရွာထဲ၌ အချင်းချင်းမသင့်

မြတ်သည့်အခါမှ၊ တစ်ကြိမ်နှစ်ကြိမ် ရန်ဖြစ်ထိုးသတ်ဖူးရသည့်၊ လက်ပန်း လက်ဝှေ့လုံးဝမတတ်သောရွာကာလသား ပေါက်ကလေးနှင့် တူသည်ဆို၏။

ထိုနှစ်ယောက်တို့တွေ့ကြသောအခါ ကြေးစားလက်ဝှေ့သမားကြီးက ရွာကာလသားပေါက်ကလေးကိုကြည့်၍...

"ဟေ့ကောင်...မင်းတယ်ဗလကောင်းပါလားကွ၊ သတ္တိရှိရင် မင်းနဲ့ငါ တစ်ချီတစ်ပွဲလောက် လက်ဝှေ့သတ်ရအောင်..."

"မသတ်ချင်ဘူးဗျာ–ကျုပ်လဲ လက်ဝှေ့မထိုးတတ်ပါဘူး"

"မင်း–လူကြောက်ပဲ၊ မင်းတို့အမျိုးက ဒီလိုပဲ သူရဲဘောကြောင် တတ် သလား၊ မင်းနဲ့ငါ ဗလချင်းအတူလောက်ပါကွ၊ လာပါ၊ ငါလဲမထိုးတတ် ပါဘူး။ တစ်ချီလောက် အပျော်ထိုးကြည့်ရအောင်..."

"ကျုပ်မသတ်ချင်ဘူးဗျာ ခင်ဗျားဘာသာခင်ဗျား အေးအေးနေစမ်းပါ"

"ငါက အေးအေးမနေတော့ မင်းကဘာလုပ်ချင်လဲ၊ မင်းဘာမှ မလုပ်ဝံ့တဲ့ နွားလိုအကောင်ဆိုတာ ငါသိသားဘဲ၊ မင်းတို့တစ်မျိုးလုံး မင်းလို လူကြောက်တွေချည်းပဲမှတ်လား။ ဒီလိုဆိုယင် မင်းနှမနဲ့ မင်းတို့အမျိုးတွေကို ငါယူဖို့ စိတ်မကူးတော့ဘူး၊ တော်တော်ကြာ မင်းလိုလူကြောက်ကလေးတွေ မွေးလာရင်ဘယ်နှယ့်လုပ်မလဲ..."

"ကဲဟာ...စော်ကားအုံး ခွေးကြီး..."



ကာလသားပေါက်ကလေးက လက်ဝှေ့သမားကြီးကို လက်ပါတုံ့ ပြန်လိုက်၏။

ဤတွင် လက်ဝှေ့သမားကြီးက ကာလသားပေါက်ကလေးကို အမဲ ဖျက်နိုင်ရန် အကြောင်းအချက်ပေါ်လာသဖြင့် ကျားပြုံး ပြုံး လိုက်၏။

"အိမ်း...အဲဒီအတိုင်း ငါဒို့ဗမာတွေက ကာလသားပေါက်က လေး နေရာမှာယူပြီး၊ ကုလားဖြူတွေကို အရှုံးကြီးရှုံးခဲ့ကြတာပေါ့..."

ထိုစစ်ပွဲ၌ ပကိုးတလိုင်းနိုင်ငံကြီးတစ်ခုလုံးနှင့်တကွ ရခိုင်ဘိုးခေါင် တောင်ထိပ်မှ အရှေ့တည့်တည့် မြေထဲမြို့အထိ မျဉ်းကြောင်းပြု၍ ထိုမျဉ်း ကြောင်း၏ အောက်ပိုင်းတစ်ခုလုံးကို စစ်တောင်းမြစ်နှင့် ကရင်နီနယ်စပ်အထိ ဗမာတို့က ကုလားဖြူတို့ကို ပေးလိုက်ရသည် ဆို၏။

ယင်းသို့ပေးလိုက်ပါသည်ဆိုသောစာချုပ်ကို ကုလားနာရီ (၂၄) နာရီ အတွင်း၊ ဗမာတို့က လက်မှတ်ထိုးရမည်။ လက်မှတ်မထိုးလျှင် ဗမာနိုင်ငံတစ်ခုလုံးကို တိုက်သိမ်းလျက် ဗမာထီးနန်းကိုပါ ဖျက်ပစ်မည် ဟု ကုလားဖြူဗိုလ်လော့ဒါလဟိုဇီ **Lord Dalhousie** အမိန့်အရ ဗမာပြည်စစ်ကြောင်း ကုန်းတပ်တာဝန်ခံ ဂျင်နရယ်ဂေါ်လဒွင် **General Godwin**နှင့် ရေတပ်တာဝန်ခံလင်းဘတ်တို့က ပြောလာ၏။ ဗမာတို့က စာချုပ်စာတမ်း ပြု၍ မပေးပါရစေနှင့် သည်အတိုင်းယူပါဟု

ကျောက်မော်မြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူတို့က အကြိမ်ကြိမ် ပြေလည်အောင် ပြောဆိုပေးခဲ့ကြရသည်ဆို၏။

"ကုလားဗမာ ဒုတိယစစ်ပွဲကြီးတုံးက ငဒို့ဗမာတွေ အဲသလောက် ရှက်ဖွယ်ကြောက်ဖွယ် ဆုံးရှုံးနေကြရတဲ့အချိန်မျိုးမှာ သူတို့လေ... သူတို့..."

ဗမာလူမျိုး ဗမာပြည်သားတွေရဲ့ အကြောင်းကို သင်းတို့ကုလားဖြူ တွေသိအောင် အကြောင်းပြလိုက်နိုင်ကြတဲ့ သူတို့တတွေပေါ့မောင်ရယ် သူတို့...သူတို့...

သူတို့အကြောင်းတွေဟာ...မင်းရေးစိုးရာမဟုတ်လို့ ဗမာ့ရာဇဝင် တွေ ထဲမှာမပါပေမယ့် ကုလားဖြူတွေရဲ့ အချို့မှတ်တမ်းတွေမှာတော့ အကျဉ်းရုံးပြီးရှိနေသတဲ့ကွယ်...

ငါဒို့ကတော့ ဘယ်မေ့နိုင်ပါ့မလဲ။ တကယ်တော့ သူတို့တတွေ ဟာ..."

ရှေးဗမာကြီးများသည် ထို'သူတို့'ဆိုသူများ၏ အကြောင်းကို ဆက် လက်ပြောတတ်ကြ၏။ ထို့နောက် မျက်လုံး၌မျက်ရည်များ ရစ်ဝိုင်းလာကြလျက် ဘေးလူတို့ကို မေ့သွားတတ်ကြ၏။ အတန်ကြာ မှ...

"တကယ်တော့ သူတို့မသေကြပါဘူးလေ... သူတို့တတွေ ခု အထိ ဒို့နဲ့အတူ ရှိနေကြပါတယ်..."ဟု ခပ်တိုးတိုး ပြောတတ်ကြ၏။



ရှေးရှေးဗမာကြီးများသည် "ရဲသော်မသေ" ဟူသည့် စကား အတိုင်း တိုင်းတစ်ပါးသားတို့က လာရောက်စော်ကားခြင်းကို ခံကြရ သည်နှင့်အနီးတွင် "သူတို့"တတွေမသေပဲ၊ ရှိနေသကဲ့သို့ အမြဲသတိရ တတ် အားတက်တတ်ကြ၏။

တို့...မသေကြသော"သူတို့..."အနက်...

## ၁။

အင်္ဂလိပ်ဗမာ ဒုတိယစစ်ပွဲဖြစ်လုလုအချိန်လောက်ဆီက ဟံသာဝတီ ရန်ကုန်မြို့သည်အိမ်ခြေနည်းလှ၏။ မြို့ကွက်ကျဉ်း၏။ မြို့နှင့် မနီးမဝေး အနောက်မြောက်စူးစူး၌ ကြည့်မြင်တိုင် (ကြေးမြှင့်ဒိုင်) ရွာငယ်ရှိ၏။

မြို့၏အရှေ့မြောက် ယွန်းယွန်းတွင် ပုဇွန်တောင်ချောင်း ကမ်းပါးတံငါရွာငယ်ရှိ၏။ ပကိုးမှလာသည့် ကုန်ရောင်းကုန်ဝယ် လှေများဆိုက်ကပ်ရာ ဈေးဆိပ်ရွာကလေးဖြစ်သည်။

မြို့၏အစွန်း အနောက်စူးစူး၌ သရက်တောကြီးနှင့် ဘုန်းတော်ကြီးကျောင်းရှိ၏။ (ယခုသရက်တောကျောင်းတိုက်နေရာ) မြို့၏အစွန်း

အရှေ့ စူးစူးမြစ်ဆိပ်ကမ်း၌၊ ကုလားဖြူတို့ရပ်ကွက်နှင့် ဘုရားငယ်တစ်ဆူရှိ၏။ (ယခုဗိုလ်တထောင်စေတီနှင့်ရပ်ကွက်နေရာ) မြို့၏အစွန်းမြောက်ဘက်စူးစူး၌ ဆူးလေကုန်းနှင့် ဆူးလေစေတီရှိ၏။ မြို့၏တောင်ဘက် မြစ်တစ်ဖက်ကမ်း၌ ဒလရွာငယ်ရှိ၏။ မြို့၏မြောက်ဘက်၌ ကြီးမားထူထပ်သော ပင်စောက်သစ်တောကြီးရှိ၏။ ထိုသစ်တောကြီးအတွင်း အနောက်ယွန်းယွန်း တွင် ဗဟန်းရွာငယ်နှင့် သိင်္ဂုတ္တရကုန်းရှိ၏။ ထိုကုန်းပေါ်၌ ဗမာပြည်၏ အကျော်ကြားဆုံးသော ရွှေတိဂုံစေတီတော်ရှိသည်။

မြစ်ဆိပ်ကမ်းရှိ အချို့သော အဆောက်အဦအနည်းငယ်မှလွဲ၍၊ ဟံသာဝတီရန်ကုန်မြို့ကို အဝေးမှကြည့်၍ မမြင်ကြရ၊ မြို့တွင်းမြို့ပြင်အားလုံး သစ်ပင်များဖုံးလွှမ်းထားဘိသို့ရှိ၏။ အုပ်ဆိုင်းနေသော သစ်ပင်ဝါးပင်ကြီးများအောက်၌ ရှက်ပုန်းသီးမှည့်နေသော သစ်သီးကဲ့သို့ အလွန်စည်ကား၏။

သင်္ဘောဆိပ်ကမ်းမြို့ ဖြစ်သောကြောင့် ကုန်စည်သယ်ဖို့အတွက် လှည်းများ သွားနိုင်ရန် လမ်းကျယ်ကြီးများရှိ၏။ ဖုံထောင်းထောင်းထသော လမ်းကျယ်ကြီးများပေါ်၌ကုန်သည်များ၊ ခရီးဝေးမှ ဈေးဝယ်လာကြသူများ၊ ဗမာပြည်၌မှီခိုနေထိုင်ကြသော နိုင်ငံခြားသားများ၊ မင်းမှုထမ်းများ၊ ထိုသူတို့၏ မြင်းများ၊ ကုန်တင်လှည်းကြီးများ စသည်တို့သည် ရက်နေသော ရက်ကန်းစင်အတွင်းရှိ လွန်းများကဲ့သို့ လူးလာတုံ့ခေါက်သွားနေကြ၏။



မြစ်ဆိပ်၌လည်း ကုလားဖြူတို့၏သင်္ဘောများ၊ ယွန်းတို့၏သင်္ဘောများ၊ ဘဝရှင်မင်းတရားကြီး၏ သင်္ဘောများ၊ နိုင်ငံတော်ရှိကုန်သည် သူဌေးတို့၏ သင်္ဘောများ၊ ရေး၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီသွား သင်္ဘောများ၊ ပုသိမ်မြောင်းမြသွား သင်္ဘောများ၊ ပိန်းကောကြီးများ၊ လောင်းကိုကြီးများ၊ ထန်းပါလေ့ကြီးများ၏ ရွက်တိုင် များ စသည်တို့သည်၊ ဘီးသွားကို လှန်ထောင်ထားဘိသို့ မြစ်ကမ်းတစ် လျှောက်၌အစီစီအထပ်ထပ်ရှိကြ၏။ အလုံးစုံခြုံလိုက်သော် နေပြည်တော်ကဲ့သို့ မကျယ်ဝန်းသော်လည်း နေပြည်တော်ထက်ပင် အရောင်းအဝယ် စည်ကားသည်၊ အေးချမ်းသာယာသည်၊ ပင်လယ်နှင့်နီးသောကြောင့် ဥတုရာသီညီမျှသည်ဟုဆိုနိုင်၏။

သို့သော် လွန်ခဲ့သည့် တစ်ပတ်ခန့်အတွင်း ရန်ကုန်မြစ်ထဲသို့ဝင် လာသည့် ကုလားဖြူသင်္ဘောတို့သည် ဗမာတို့က ပေးအပ်လာသည့် ဝင်ခွင့်အမိန့်ကို အသိအမှတ်မပြု မယူငြင်းဆန်၍ ဗမာတို့က တားဆီးပစ်ခတ်ကြသောအခါ ဗမာအကောက်ဆိပ်တစ်ခုလုံးကို ပြာပုံမြေပုံဖြစ်အောင်ပစ်ခတ်တိုက်ခိုက်၍ ဟံသာဝတီရန်ကုန်ဆိပ်ကမ်းသို့ အတင်းဝင်ရောက်ဆိုက်ရပ်၏။

ထိုသည်မှစ၍ ဟံသာဝတီရန်ကုန်မြို့၌ ပါးစပ်သတင်းမျိုးစုံဖြစ်လာ၏။ လူတွေ နေ့တထိတ်ထိတ်၊ ညဥ့်တထိတ်ထိတ် ရှိ၏။ လူစည်ကားရာ ဖြစ်သည့် ဈေးများ၊ လှည်းဆိပ် လှေဆိပ် ရပ်ကွက်များ၌

တစ်နေ့ သုံးလေးကြိမ်လန့်လျက် ပြေးကြလွှားကြ ဆိုင်တွေအိမ်တွေပိတ်ကြ မကြာမကြာဖြစ်၏။

လူတွေသာ လန့်သည်မဟုတ်၊ ကျီးတွေကလည်း ခဏခဏပြေး၏။ လမ်းပေါ်၌ လူသူကင်းရှင်းလျက် လမ်းဘေးဝဲယာရှိ ဝင်းတံခါးများအားလုံးပိတ်ထားကြ၏။ ဝင်းတံခါးအတွင်း၌ လှန်းထားသည့် ထမင်းခြောက်ဖျာများ အိမ်ဟိုင်းလိုလို၌တွေ့ရ၏။

ထမင်းခြောက်ဖျာတို့၏ဘေး၌ ထမင်းခြောက်သိမ်းခြင်း၊ အသစ်လှန်းခြင်း၊ မွှေခြင်းစသည်တို့ကို ပြုလုပ်နေကြသည့် အိမ်သူမိန်းမကြီးတစ်ယောက် နှစ်ယောက်တို့ကိုလည်း အိမ်တိုင်းအိမ်တိုင်း၏ ဝင်းတို့၌တွေ့ကြရ၏။ အချို့သောအိမ်ဘေး အိမ်ရှေ့ကပြင် စသည်တို့၌ မြှားတံသပ်နေသော ယောကျ်ား၊ လှံအရိုးတပ်နေသော ယောကျ်ား၊ ဓားသွေးနေသော ယောကျ်ားတို့ကို တွေ့ရတတ်၏။

ဟံသာဝတီရန်ကုန်မြို့သူမြို့သားများသည် လမ်းမပေါ်၌ သွားလာနေကြသည့် တစ်ယောက်တလေမျှသော လမ်းသွားလမ်းလာတို့ကိုပင် ကြောက် ရွံ့သကဲ့သို့လည်းကောင်း၊ ရန်မူချင်နေသကဲ့သို့လည်းကောင်း၊ စိမ်းစိမ်းကားကား ကြည့်နေတတ်ကြ၏။ အိမ်ရှေ့တံခါးတို့ကိုလည်း အားလုံးပိတ်လျက် တံခါးတစ်ရွက်မျှသာလှပ်ထားကြ၏။

လွန်ခဲ့သည့် သုံးလေးရက်အတွင်းကမှ လမ်းပေါ်၌ ဤမျှ လူသူမရှင်းသေး၊ ရန်ကုန်မြို့ရှိ ဗမာ၊ ကုလား၊ တရုတ်၊ ကုန်သည်အနည်းစု



တို့သည် ဆိုက်ကပ်လာသည့် ကုလားဖြူသင်္ဘောနှင့် ကုန်စည်ချင်းဖလှယ်မှု ရောင်းဝယ်ဖောက်ကားမှုတို့ကို ပြုလုပ်နေကြသဖြင့် လမ်းပေါ်၌ လှည်းများ မြင်းများ ဥဒဟိုသွားဆဲရှိသေး၏။

အခြားသော အများစုဖြစ်ကြသည့် ဗမာ၊ ကုလား၊ တရုတ်တို့က ဗမာဆိပ်ကမ်းကို အနိုင်အထက် အတင်းဝင်ရောက်ဆိုက်ကပ်သော စစ်သင်္ဘောမှပါလာသည့် ကုန်စည်များကို အရောင်းအဝယ်လည်း မပြု၊ ကုလားဖြူတို့ကိုလည်း မဆက်ဆံဘဲ နေကြ၏။ ထို့ကြောင့် အရောင်းအဝယ်ပြုသူတို့အဖို့ အပြိုင်လုယက်ဝယ်ယူရောင်းချမည့်သူများ မရှိသည့် အတွက် အမြတ်အစွန်း ခပ်မြက်မြက်ရနိုင်သည့် အချိန်ကောင်း၊ အခွင့်ကောင်းမျိုး ဖြစ်နေ၏။ သို့အတွက် ကုလားဖြူတို့နှင့် အခင်အမင်ပေါင်း၍ အရောင်းအဝယ်ပြုလုပ်သူများက ပြုလုပ်ကြ၏။

ဤသို့ပြုသည်ကို ဟံသာဝတီ ရန်ကုန်မြို့သားတို့နှင့် ကုန်သည်အများစုတို့က နောက်ပြောင်ပြက်ရယ်ပြုကြ၏။ ရှုံ့ချပြစ်တင်ကြ၏။ "မိမိတို့ တစ်အိုးတစ်အိမ်ထောင်ကောင်းစားရေးကိုသာ ကြည့်သောမျိုးဖျက်များ၊ သူခိုးကို ဓားရိုးကမ်းသည့် သစ္စာဖောက်မျိုးဖျက်များ၊ ဒါလောက် ကြေးငွေစုံမက်လျှင် နင်တို့သမီးများ၊ နှမများ၊ မယားများ၊ မအေများကို ကုလားဖြူသင်္ဘောရှိရာသို့ သွားပို့ကြ"ဟု ဆဲရေးရန်စကြ၏။

ထို့ကြောင့် ခိုက်ရန်ဖြစ်ပွားကြသဖြင့် ဟံသာဝတီ ရန်ကုန်မြို့ကိုခေတ္တ အုပ်ချုပ်နေရသော ရေဝန်မင်းကြီးက ဗမာဘုရင်ပိုင်နက်၌

မှီခိုနေထိုင်သူအားလုံး၊ ကုလားဖြူတို့နှင့် ဆက်ဆံမှုမပြုရ၊ ကုလားဖြူသင်္ဘောရှိရာသို့ အထွက်အဝင်မပြုရဟု အမိန့်ထုတ်၏။

ထိုသို့ အမိန့်ထုတ်သည်ကို ကုလားဖြူတို့နှင့် ကူးလူးဆက်ဆံနေကြသည့် ဗမာ၊ ကုလား၊ တရုတ်ကုန်သည် အနည်းစုတို့က မကျေနပ်၊ ထို့ကြောင့်ရန်ကုန်နေကုလားဖြူကုန်သည် မစ္စတာရက်ပက်တို့နှင့် ပူးပေါင်း ၍ ကုလားဖြူသင်္ဘောအုပ် ကွန်မင်ဒိုလင်းဘတ်ကိုတိုင်၏။

ဤတွင် ကွန်မင်ဒိုလင်းဘတ်က ဟံသာဝတီရန်ကုန်ကို ခေတ္တအုပ်ချုပ်နေသော ရေဝန်မင်းကြီးဆီသို့ ကုလားဖြူစကားပြန် အက်ဒွပ်ကိုစေလွှတ်၍ယင်းအမိန့်ကိုချက်ခြင်းရုတ်သိမ်းပေးရမည်ဟု တောင်းဆို၏။

ဤအရေးသည် ကုလားဖြူတို့က အကြောင်းရှာလျက် အကောက်တော်ဆိပ်ကမ်းကို မြေလှန်ပစ်လိုက်သကဲ့သို့ ရန်ကုန်တစ်မြို့လုံးကို အလွယ်တကူ ခိုက်ခိုက် သိမ်းယူပစ်နိုင်သည့် အရေးမျိုးဖြစ်၏။ အကယ်၍ ခုခံတိုက်ခိုက် ကြမည်ဆိုလျှင်၊ မိမိတို့ဘက်မှ ခုခံတိုက်ခိုက်ကြရန် လူသူလက်နက်ဘာမျှအသင့်မရှိသေး။

ထို့ကြောင့် ရေဝန်မင်းကြီးက မိမိထုတ်ထားသော အမိန့်ကို ချက်ခြင်းရုတ်သိမ်းပေးလိုက်၏။ ထို့ပြင် ကုလားဖြူတို့နှင့် အရောတဝင် ဝင်ထွက် ဆက်ဆံကြသည့် ကုန်သည်တို့ကို အခြားမကျေနပ်သူတို့က ပြောဆို နောက်ပြောင် ရန်စကြရာမှ၊ ကုလားဖြူတို့ ပါဝင်လာလျက်



ကုလားဖြူနှင့် ဗမာတို့အချင်း ဖြစ်ပွားနိုင်သောကြောင့် ... "ကုလားဖြူတို့နှင့် ဆက်ဆံ ရောင်းဝယ်သည့် ကုန်သည်တို့ကို နောက်ပြောင်ရန်စခြင်းမပြုရ ..." ဟု အမိန့်ထုတ်ရသေး၏။

ဤတွင် ကုလားဖြူတို့နှင့် ရောင်းဝယ်ဆက်ဆံကြသည့် ဗမာ၊ ကုလား၊ တရုတ်ကုန်သည်တို့သည် ဘေးလူတို့ မျက်စိနောက်အောင် ထောင်ထောင်လွှားလွှားလုပ်လာကြ၏။ လမ်းမကြီးပေါ်၌ ကုလားဖြူတို့နှင့် တွဲတွဲ တွဲတွဲ လုပ်ပြကြ၏။ ကုန်စည်လှည်းကြီးများဘေးက ကြွားကြွားဝါဝါ အော်ကျယ်ဟစ်ကျယ်ပြောဆိုရယ်မောကာ သွားလာကြ၏။

သို့သော် ဤအပြုအမူမျိုးကို ကြာရှည် မလုပ်လိုက်ကြရချေ ...

ကြည့်မြင်တိုင် "ကြေးမြင့်ဒိုင် ရှာငယ်မှ၊ ဗမာသေဌေး ကုန်သည်ကြီး ဦးတင်ထွန်း၏သား မျိုးမင်းသည် အမေရိကန်လူမျိုး ကုလားဖြူဘုန်းကြီး မစ္စတာ ကင်းကိတ် Mr. Kin caid နှင့် ရင်းနှီး၏။ ကုလားဖြူတို့နှင့်လည်းအပေါင်းများ၏။ ကင်းကိတ် သင်ကြားပေးသောကြောင့် ကုလားဖြူစကားလည်း ကောင်းစွာတတ်၏။

ထို့ကြောင့်အခွင့်ကောင်းကြုံကြိုက်တုန်း၊ ကုလားဖြူသင်္ဘောအထည် အတော်များများကို အခြားကုလားတရုတ်တို့နှင့် အပြိုင်ဝယ်ကြရာတွင် ဈေးချင်းတူညီပါလျက်နှင့် မျိုးမင်းကရ၏။ သို့အတွက် ကုလားဖြူကုန်သည်နှင့်တကွ၊ ကုလားဖြူဗိုလ်ငယ်များ ကုလားဖြူ

စစ်သားများ၊ ကုလားဖြူ ဘုန်းကြီးကင်းကိတ်စသည်တို့ကို ညစာကျွေးမွေးရန် တစ်ပါတည်းခေါ်ဆောင်လာ၏။

ကုန်စည်တင်ထားသောမျိုးမင်း၏ လှည်းတန်းကြီးသည် ဟံသာဝတီ ရန်ကုန်မြို့၏အနောက်ဘက်၊ သရက်တောကြီးထဲမှ ဖြတ်၍ ကြည့်မြင်တိုင် ရွာဆီသို့၊ ရှေးရှုသွားရမည်ဖြစ်၏။

ကုန်စည်လှည်းကြီးများ၏ ရှေ့၌ ရှားပါးလှသည့် စာဥပြောက်နွားပြေးနွားချော ဆင်တူနှစ်ကောင်ကသော လှည်းယာဉ်တစ်စီး၊ နွားညိုချော့ကလေးနှစ်ကောင်ကသော လှည်းယာဉ်တစ်စီး၊ နွားဖြူသိုးနှစ်ကောင်ကသောလှည်းယာဉ်တစ်စီးနှင့် မြင်းဆယ်ကောင်ရှိ၏။

လှည်းယာဉ်သုံးစီးပေါ်၌ လက်နက်ကိုင် ကုလားဖြူစစ်သားများ ကုလားဖြူတိုင်းပြည်ဖြစ်ဝီစကီ၊ ဘရန်ဒီအရက်များရှိကြ၏။ လှည်းယာဉ်တို့၏ရှေ့၌ ကုလားဖြူဘုန်းကြီး ကင်းကိတ်၊ ကုလားဖြူကုန်သည်လူငယ်၊ ကုလားဖြူဗိုလ်ငယ်များနှင့်၊ ညစာစားဖိတ်သူမျိုးမင်းတို့ မြင်းကိုယ်စီစီးလျက် အသင့်ရှိနေကြ၏။

မျိုးမင်းတို့သည် သင်္ဘောဆိပ်မှ ထွက်သွားကြရာ၌ ကြည့်မြင်တိုင်ရွာငယ်သို့ တန်းတန်းမတ်မတ် မသွားကြ၊ မြင်းဆယ်ကောင်၊ လှည်းယာဉ်သုံးစီး၊ ကုန်စည်လှည်းပေါင်းငါးဆယ်ဖြင့် ဟံသာဝတီ ရန်ကုန်မြို့အတွင်းသို့ ဖုံ ထောင်းထောင်းထအောင် လှူးလာတုံ့ခေါက်သုံးကြိမ်တိုင်လှည့်ပတ် လိုက်သေး၏။

■



ကင်းကိတ်မှတစ်ပါး မျိုးမင်းသည်လည်းကောင်း၊ ကုလားဖြူတို့သည် လည်းကောင်း အတော်အတန်မူးနေကြပြီဖြစ်ရာ၊ လှည်းယာဉ်များ မြင်းများပေါ်မှ အော်ကြီးဟစ်ကျယ် စကားပြောကြ၏။ သစ်ပင်များအကြား၌ပွဲတင်သံ ရိုက်ခတ်ကျန်ရစ်အောင် တဟားဟား တဝါးဝါး ရယ်ကြ၏။ ဟံသာဝတီရန်ကုန်မြို့တစ်ခုလုံး သင်းတို့အသံ၏ ပွဲတင်သံများဖြင့်လည်းကောင်း၊ သင်းတို့လှည်းများကြောင့်ထသော ဖုံတို့ဖြင့်လည်းကောင်း ဖုံးလွှမ်းကျန်ရစ်ခဲ့၏။ သင်းတို့ကမူ ကြည့်မြင်တိုင်ရွာငယ်သို့ သွားရာလမ်းရှိသည့် မြို့အနောက်ဘက် သရက်တောအုပ်ကြီးထဲသို့ ဝင်သွားကြ၏။

မျိုးမင်းတို့ သရက်တောကြီးအတွင်းသို့ ဝင်သွားကြသည့်အချိန်သည် ကြက်စာကျွေးချိန် နေချိုရုံမျှ ရှိသေး၏။ နေလုံးကျ၍ နွားရိုင်းသွင်းချိန် ရောက်သည်နှင့် ဟံသာဝတီ ရန်ကုန်နှင့်တကွ၊ အနီးအပါး ရွာငယ်ကလေး တွေအားလုံးသို့ အထိတ်တလန့် သတင်းတစ်ခုရောက်လာ၏။

"ကြည့်မြင်တိုင်သူဌေးသား မျိုးမင်းကိုလူဆိုးတွေက သရက်တောကြီးထဲကစောင့်ပြီး ဖမ်းသွားကြသတဲ့၊ အတူပါသွားတဲ့ ကုလားဖြူစစ်သား နှစ်ကျိပ်ကျော်နဲ့ကုန်တင် လှည်းငါးဆယ်ကျော်ကိုပါ ခေါ်သွားလိုက်သေးသတဲ့ ..."

ထိုသတင်းသည် တောမီးလောင်သလို နေရာအနှံ့ ရုတ်ချည်းပြန့်၏။ "ဖြစ်နိုင်ပါ့မလား ... မဖြစ်နိုင်တာချည်း ..."ဟု တချို့က

ဆိုကြ၏။ "ဆိုနိုင်ဘူး . . . ဟုတ်ချင်ဟုတ်မှာ၊ ဒီကောင်က ကုလားဖြူတွေနဲ့ ပေါင်းနေတော့ **အမြင်ကတ်လို့** တမင်လုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ . . ."ဟု တချို့ကပြောကြ၏။ "သင်းအဖမ်းခံရတာ မခံရတာက အရေးမကြီးပါဘူး သေနတ်သံ တစ်ချက် မကြားလိုက်ရဘဲနဲ့ ကုလားဖြူတွေပါအားလုံး ပါသွားကြတယ်ဆိုလို့ ငါတို့က အံ့သြလွန်းလို့ . . ."ဟု အချို့ကအံ့သြကြ၏။

ဟံသာဝတီရန်ကုန်တစ်မြို့လုံး လှုပ်လှုပ်ရွရွ ဖြစ်နေ၏။ ရန်ကုန်မြို့ကို ခေတ္တအုပ်ချုပ်နေရသည့် ရေဝန်မင်းကြီးအဖို့၊ ကြည့်မြင်တိုင်သူဌေးသား မျိုးမင်းကို လူဆိုးတွေက ဖမ်းသွားသည့်အတွက် အရေးမကြီး၊ အရေးကြီးသည်ကား . . .

ထို လူဆိုးတို့သည် ဗမာဘုရင် မင်းတရားကြီးကို ထောင်ထား၊ ထကြွမည့် လူဆိုးတွေလား . . .

ကုလားဖြူတွေကိုပါ ဖမ်းသွားသည့်အတွက် ကုလားဖြူသင်္ဘောကို အုပ်ချုပ်လာသည့် ဗိုလ်နှင့် မည်သို့ပြေလည်အောင် ပြုလုပ်ရပါ့မလဲ . . . ဟူသောကိစ္စတွေဖြစ်၏။

ပုဇွန်တောင်ရွာငယ်၌ရှိသည့် သီလဝါစောင့် သုံးခွ ပုံနင်းကြီးအိမ်သို့ မင်းလုလင်များကို စေလွှတ်ရ၏။ မနေ့တိကွင်းမှ လှိုင်သူကြီးကို အခေါ် ခိုင်းရ၏။ ကျောက်မော်မြို့ဝန် မဟာမင်းကျော်ရာဇာကို ပင့်ဖိတ်ရ၏။ အဝေးရောက်စာရေး မင်းကျော်မင်းထင်ကို ခေါ်ယူရ၏။



ရဲဗိုလ်မောင်ပို သူ့အလိုလို ရောက်လာသဖြင့် ရေဝန်မင်းကြီး အလုပ်သက်သာသွား၏။ အားလုံးမျက်နှာချင်းဆိုင်မိကြသည်နှင့် "ပသို့ပြုရပါ့မြီမို့ . . ."ဟု ရေဝန်မင်းကြီးက စတင် အကြံတောင်း၏။

ဤသတင်းကို ကုလားဖြူဘုန်းကြီး ကင်းကိတ်က လာပြောခြင်းဖြစ်၏။ လူဆိုးတို့ကမှာကြား အပြောအဆိုလွှတ်လိုက်သောကြောင့် ကင်းကိတ် လွှတ်လာရခြင်းဖြစ်သည်ဆို၏။ လူဆိုးဆိုသူတို့မှာ အားလုံးဆယ့်သုံး ယောက်မျှသာရှိ၏။ သင်းတို့ လုပ်ရည်ကြံရည် လူစွမ်းလူစ ရှိသသူချည်း ဖြစ်ပုံရ၏။

ကင်းကိတ်ပြောချက်အရ သင်းတို့သည် ကုလားဖြူတွေထဲမှ အကြီးအကဲ ဖြစ်သော ဗိုလ်ငယ်ကလေးများကို သိနှင့်ကြသည်ဆို၏။ သရက်တောကြီးအတွင်းသို့ ဖြတ်ဝင်လာကြ၍ စမ်းချောင်းငယ်ကလေးကို ကျော်မိကြသည်နှင့် အသင့်စောင့်နေကြသော သင်းတို့လူစုက ကုလားဖြူဗိုလ်ငယ် ခြောက်ယောက်နှင့် မျိုးမင်းကို ဖြုတ်ချည်း မြင်းပေါ်သို့ ခုန်တက်ဖမ်းကြပြီး လည်မျိုကို ဓားဖြင့် ထောက်လိုက်ကြ၏။ **ကျန်လူတို့က သေးနှစ်ဘက်နှင့်နောက်ဘက်မှ တာဝန်ခွဲ၍** ပိတ်ညှပ်စောင့်ကြ၏။

"မိတ်ဆွေများ ခုခံကြရင် . . . . .မလွဲမရှောင်သာဘဲ၊ မိတ်ဆွေတို့ရဲ့ ဗိုလ်များကို သတ်ရပါ့မယ်၊ မခုခံရင် မိတ်ဆွေတို့ကို ကျုပ်တို့က ဖိတ်ခေါ် သွားပါ့မယ် . . . မိတ်ဆွေတို့ကို ကပွဲတစ်ခုနဲ့ ညှို့ခံပြီး ဘေးမသီ ရန်မခစေဘဲ ချက်ချင်း ပြန်ပို့ပေးပါမယ် . . ."

မျက်နှာကို ဖုံးအုပ်ထားသည့် လူဆိုးဗိုလ်နှင့်တူသူက ကုလားဖြူစကားဖြင့် ယဉ်ကျေးဖွယ်ရာ ပြောလိုက်ပြီး ချက်ချင်း မိမိနောက်၌ရှိသူတို့ကိုအချက်ပေးလိုက်၏။ အချက်ပေးခံရသူတို့က ကုလားဖြူစစ်သားတို့ အထံ၌ရှိသော လက်နက်တို့ကို အသာတကြည် လက်ဖြန့်တောင်းကြ၏။

ကုလားဖြူစစ်သားများက မပေးလိုဘဲလေးလေးကန်ကန် လုပ်နေကြစဉ် ကုလားဖြူဗိုလ်တို့၏ လည်မျိုကို ဓားဖြင့် ထောက်ထားသူများက ခပ်ဖိဖိ ပြုလိုက်ကြ၏။ ကုလားဖြူဗိုလ်တို့က မိမိတို့စစ်သားများအား လက်နက်တွေ ပေးလိုက်ကြရန် အမိန့်ပေး၏။

လူဆိုးဗိုလ်ဆီမှ ရယ်သံထွက်လာ၏။

"ခေတ္တ သိမ်းဆည်းထားတာပါ၊ မိတ်ဆွေတို့ လက်နက်တွေကိုပြန်အပ်ပါ့မယ်..."

လူဆိုးဗိုလ်၏ တပည့်တို့က လက်နက်အားလုံးကို သုံးစုခွဲစည်းလျက် မြင်းသုံးစီးပေါ်သို့တင်၏။ ပြီးလျှင်အသင့်ပါလာကြသော ဝန်တင်နွားများပေါ်သို့ လှည်းထက်မှ ကုန်စည်များကို သယ်တင်ကြ၏။ လှည်းသမားတို့ကလည်း ကူညီတင်ပေးကြရ၏၊ လှည်းတို့မှ နွားများကိုလည်း ဖြုတ်ယူကြ၏။ ထို့နောက်လှည်းသမားများနှင့်တကွ ကုလားဖြူစစ်သား တို့ကိုပါ လမ်းမရှိသော တောတွင်းသို့ ခြေလျင်ခေါ်သွားကြ



၏။ ကင်းကိတ်ကိုမူ... တောထဲသို့ တစ်တိုင်ခန့်အတူ ခေါ်သွားပြီးမှ...

"ကုလားဖြူတွေကို ခု ညတွင်းချင်း ဟံသာဝတီ ရန်ကုန်မြို့သို့ ပြန်ပို့ပေးမည်။ အကယ်၍ မိမိတို့နောက်သို့ လိုက်လံထောက်လှမ်းသည်၊ ရှာဖွေသည်ဟုသိရလျှင် ကုလားဖြူတွေကို တစ်ကောင်မှပြန် မလွှတ်၊ ကုလားဖြူဗိုလ် လင်းဘတ်နှင့်ရေဝန်မင်းကြီးတို့ အချင်းများကြ စိမ့်မည်..."ဟု ရေဝန်မင်းကြီးကို အကြောင်းကြားပေးနိုင်ရန် လွှတ်လိုက်သည်ဆို၏။

"သည်အတိုင်းပဲ ကုလားဖြူဘုန်းကြီး ကင်းကိတ်က လာပြောသဗျား... သဟာတောင် သင်းတို့ ကုလားဖြူဗိုလ်ကို အရင်ပြောပြီးမှ သည်လာ ပြောတာ..."

ရေဝန်မင်းကြီး၏ မျက်နှာ၌ မကြဲတတ် မစည်တတ် ဖြစ်နေ၏။ မည်သူ မည်ဝါတွေ ဖြစ်လိမ့်မည်ဟူ၍ပင် မခန့်မှန်းတတ်...

"ငါဒို့က လိုက်သွားရင်လည်း သင်းတို့ပြောတဲ့အတိုင်း... ကုလားဖြူ တွေကို သတ်ပစ်ကြရင် အခက်၊ မလိုက်ဘဲ နေပြန်ရင်လည်း သင်းတို့ ဘယ်သူဘယ်ဝါတွေမှန်းမသိ၊ ခြေရာခြေကြောင်း ကောက်မရတာက အခက်၊ သည်အရေးအရာ မောင်ပိုနဲ့ ဆိုင်မှတ်သကော..."

ရဲဗိုလ်မောင်ပိုလည်း ရေဝန်မင်းကြီး မျက်နှာကိုကြည့်၍ ခေါင်းယမ်း၏။ ဟံသာဝတီရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တို့၌ ဤသို့ ပြုရဲ၊

ပြုံ့သူ၊ လူဆိုးသူဆိုးတို့ မရှိကြ၊ ရဲဗိုလ် မောင်ပိုဆီမှ အဖြေမရသေးမီ စကားပြန် အက်ဒွပ်နှင့် ကုလားဖြူဗိုလ်တို့ ရောက်လာကြပြန်၏။

ကုလားဖြူဗိုလ်တို့က ရေဝန်မင်းကြီးကို မာရေ **ကျောရေ** မတန် မဆ ပြောကြ၏။ "မိမိတို့ လူများအဖမ်းခံရသည့်ကိစ္စအတွက် မည်သို့ ဆောင်ရွက်ပြီးပလဲ။ ဤကိစ္စမျိုး ဖြစ်ပွားရခြင်းသည် ရေဝန်မင်းကြီး၌ လုံးဝ တာဝန်ရှိ၏၊ ယခုည ကုလားစက် ၁၂–နာရီအတွင်း မိမိတို့လူများ ပြန်မလာလျှင် ရေဝန်မင်းကြီးတို့က သဘောတူ တမင်ဖမ်းဆီးခိုင်းထားခြင်းဖြစ်သည်"ဟု ယူဆမည်...စသဖြင့်ပြော၏။

ရေဝန်မင်းကြီးကလည်း "မိမိတို့ အရေးယူနေကြသည်။ အဖမ်းခံနေရသည်ဆိုသော ကုလားဖြူဗိုလ်ငယ်များ ပြန်မလာမှသာ မိမိတို့ကို ပြောသင့်သည်၊ မိမိတို့အရေးယူဆောက်ရွက်ဆဲ ဤသို့ မပြောသင့်ပါ"ဟု ပြန်ပြော၏။

ကုလားဖြူဗိုလ်တို့ မကျေမနပ်နှင့် ဆူဆူညံညံပြု၍ ပြန်သွားကြသော အခါ ရေဝန်မင်းကြီးက၊ အဖမ်းခံရသည်ဆိုသူတို့၏ နောက်သို့ လိုက်သင့် မလိုက်သင့် ဆက်၍ဆွေးနွေး၏။

လှိုင်သူကြီး၊ သုံးခွ ပုဲနင်းကြီး၊ ရဲဗိုလ်မောင်ပိုနှင့် အဝေးရောက် စာရေးကြီးတို့က ကုလားဖြူဗိုလ်တို့ကို စိတ်မကျေမချမ်း အောင့်အင်း နေလိုက် ရသောကြောင့် ဘာမျှအတိုင်အပင်ပြု၍မရ၊ အကြံဉာဏ် မပေးနိုင်။



ကျောက်မော် မြို့ဝန် မဟာမင်းကျော်ရာဇာ တစ်ယောက်သာ လူကြီး ပီပီ ကွမ်းတချွတ်ချွတ်ဝါးရင်း၊ ကွမ်းသွေးကို ပက်ခနဲထွေးလိုက် ပြီး စိတ်ပူနေဟန်ရှိသော ရေဝန်မင်းကြီးကိုလှမ်းကြည့်၏။

"သဟာလောက်လည်း ပူပင်မနေပါနဲ့လေ... သင်းတို့ လုပ်ရည် ကြံရည်ကို ကြည့်ရသဟာ... လူဆိုးဆိုပေမင့် ပညာအဆင်ခြင်ရှိပုံ ရပါဘိသနှင့်၊ သင်းတို့ ကတိပျက်ကြမယ် မထင်ကဘူး၊ ကျုပ်တို့ လုပ်ရမှဟာက၊ အကယ်လို့ အကြောင်းမသင့်ခဲ့သော် ကုလားဖြူတွေ လာတိုက်သဟာကို ဘယ်ပုံဘယ်နည်း ခုခံကြမယ်ဆိုသဟာ အသင့်ပြင် ထားရုံ ရှိသပ..."

ကျောက်မော်မြို့ဝန်ကြီး အဆိုပြုချက်ကို အားလုံးသဘောကြိုက်ညီ သဖြင့် အရေးရှိက ကုလားဖြူတို့တိုက်ခိုက်မှုကို ခုခံနိုင်ရန် တာဝန်ခွဲဝေ ကြပြန်၏။

ဤတွင် အငြင်းအခုံ ဖြစ်ကြရပြန်သည်၊ ကုလားဖြူတို့က စတိုက်လျှင်မိမိတို့ကသက်သက်ခုခံနေခြင်းထက် သင်းတို့ကို ပြန်တိုက် ခြင်းက ပို၍ ထိရောက်သည်၊ သို့မဟုတ် သက်သက်ခုခံနေကြမည်၊ မိမိတို့က သင်းတို့ရှိရာကို ကြိုတိုက်လျှင် သင်းတို့ စ,သည်ကို မိမိတို့က စ,တိုက်ပါသည်ဟု ဖြစ်လာနိုင်သည်။ ဤနှစ်ချက်ဖြစ်၏။ ငြင်းခုံနေကြရ၍ တော်တော်နှင့်စကားမပြီးပြတ်ကြ။

ထိုစဉ် ညဉ့်ကုလားစက်နာရီ၁၁–နာရီကျော်ကျော် ရဲဗိုလ်

မောင်ပို၏ ဟံသာဝတီရန်ကုန်မြို့စောင့်၊ မင်းလုလင်အချို့တို့ မြင်းကိုယ်စီဖြင့်ရောက်လာကြ၏။

လူဆိုးတို့ ဖမ်းဆီးသွားသော ကုလားဖြူစစ်သားတွေနှင့် လှည်းသမားများ အားလုံး ပြန်ရောက်လာကြပြီဟု အကြောင်းလာကြား၏။

နောက်နေ့တွင် ထိုသတင်းသည် ဟံသာဝတီရန်ကုန်မြို့နှင့်တကွ ပတ်ဝန်းကျင် ရွာငယ်ကလေးများ၌ပါ၊ ပြောမဆုံးအောင် ရှိနေကြ၏။

. သေနတ်ကိုယ်စီပါသော ကုလားဖြူနှစ်ဆယ်ကျော်၊ လှည်းသမားငါးဆယ်ကျော်နှင့် မျိုးမင်းတပည့် လူမိုက်များအပါအဝင် မျိုးမင်းတို့ကို ဆယ့်သုံးယောက်တည်းရှိသော လူဆိုးတို့က ဖမ်းဆီးသွားပုံ...

လူဆိုးဗိုလ်က မျက်နှာကို ဖုံးထားပုံ၊ ကုလားဖြူစကားတတ်ပုံ... လူငယ်လူချောဟုထင်ရပုံ... သေဌေးသား မျိုးမင်းကိုထဘီဝတ်စေလျက် ...

"ခါသာပါးနှင့် မျက်နှာချိုလေ့......ကုလားပြည်ကို လိုက်မယ့်မိန်းမ..."

ဟုဆို၍ ကုလားဖြူတို့ရှေ့၌ က,ခိုင်းပုံ...ထို့နောက် ကုလားဖြူတို့ရှေ့၌ပင် ခေါင်းကွက်ကျားရိတ်ပေးကြလျက်၊ အမြီးတဝ်၍ မျောက်ကဲ့သို့ ခြယ်လှယ်ပေးပြီး..

"ဟေလာ မျောက်ကြီး၊ ရှောက်သီးစားမလား...



ကုလားရှောက်သီး ချဉ်ဖြုံး ချဉ်ဖြုံး..."

ဟု–သီဆို၍၊ ငုလားဖြူတို့ စားသောက်နေသည့် အချိန်၌ သေဌေးသား မျိုးမင်းကဆက်လက် က,ပြနေရပုံ...

ကုလားဖြူတို့ကို သင်းတို့ယူဆောင်လာကြသည့် ဝီစကီ၊ ဘရန်ဒီ တို့ဖြင့် ပြန်၍ဧည့်ခံကျွေးမွေးပုံ... ထို့နောက် ကုလားဖြူတို့ ကိုင်ဆောင်လာကြသည့် သေနတ်တွေထဲမှ ကုလားဖြူတို့ရောင်းချသော သေနတ်အချို့ကို ဈေးကြီးပေး၍ ဝယ်ယူထားလိုက်ပုံတို့ ဖြစ်၏။

ထို့ပြင် လူဆိုးတို့က သေဌေးသား မျိုးမင်း၏ နဖူး၌ "မျိုးဖျက်"ဟု မျက်ခုံးအထက်နားတွင်ကပ်၍ ဆေးနက်ဖြင့်ထိုးနှံ့လွတ်လိုက်ပုံ ... ဤသို့ မပြုပါရန် မျိုးမင်းကတောင်းပန်သောအခါ မျက်နှာဖုံးထားသည့် လူဆိုးက "ဒါတော့ ရှက်တတ်သလား..." ဟုပြော၍ ပါးကို ၂–ချက်တိတိ ရိုက်လိုက်သေးပုံတို့ကိုလည်း ပြောဆိုနေကြသေး၏။

ဒီလိုဆိုရင် ပုစွန်တောင်ရွာ သုံးခွ ပွဲနင်းကြီးရဲ့သမီး "မြရွက်"က ဘယ်ကြိုက်ပါတော့မလဲအေရဲ့"ဟု မိန်းမအချင်းချင်း တွေ့ဆုံကြရာ၌ ပြက်ရယ်ပြောကြ၏။

"ကောင်းပါလေစ, တော် ...သင်းစည်းစိမ်ဥစ္စာ အရှိန်အဝါနဲ့ ဟံသာဝတီရန်ကုန်မြို့ကြီးကိုတောင် လှည်းတွေနဲ့ အခေါက်ခေါက် ပတ်သွားသေးသမှတ်လား...သည်လိုဖြစ်တာ ကောင်းတယ်..."ဟု အချို့က ဝမ်းသာကြ၏။

ဟံသာဝတီရန်ကုန်မြို့၌ ထိုအဖြစ်သည် ထိုမျှနှင့် ရပ်မနေဘဲ၊ ကုလားဖြူတို့နှင့် ဆက်သွယ်ဝင်ထွက် ရောင်းဝယ်ဖောက်ကားနေကြသူ အားလုံးတို့ကို ဆက်ကာဆက်ကာဖြစ်လာ၏။ လမ်းတွင်လည်းကောင်း၊ အိမ်သို့လည်းကောင်း လာရောက်တိုက်ခိုက်ခြင်းခံရတတ်၏။ ဗမာနိုင်ငံ ဗမာဘုရင်၏ ဘုန်းရိပ်အောက်၌ ရှိနေသူမှန်သမျှ သင်းတို့ ကုလားဖြူတွေ အချင်းချင်းမှ တစ်ပါး ကုလားဖြူတွေနှင့် ဆက်ဆံနေလျှင် အတိုက်အလု ခံရသည်ချည်းဖြစ်၏။ တစ်ကြိမ်ထက် တစ်ကြိမ်လည်း ပို၍ ပို၍ အတင့်ရဲလာ၏။

ကလားဖြူတို့ထံမှ သင်းတို့တတွေ တစစ်စစ် ဝယ်ယူသွားကြသော လက်နက်တို့ကလည်း မနည်းပြီ၊ ထို့ကြောင့် သည်အရေးကို လျစ်လျူပြု မနေနိုင်တော့ဘဲ၊ ရဲဗိုလ်မောင်ပိုတို့ လိုက်လံထောက်လှမ်းကြရ၏။

ထောက်လှမ်းသော်လည်း ခြေရာခြေကြောင်း ထင်ထင်ရှားရှား မတွေ့ရ၊ လှော်ကားအိုင်ကြီးအစပ် တောင်ကုန်းငယ်အချို့၌ သင်းတို့ စခန်းချထား သည့် နေရာကိုသာ တွေ့ရ၍၊ လှိုင်မြစ်ဘက်သို့ ဖြတ်ဆင်းလေသလား၊ ဝါးနက်ချောင်းဘက်သို့ လှည့်ဆင်းလေသလား တွေးတောမရ...

ထိုစဉ် ... ရန်ကုန်မြို့ဝန်မင်းကြီးအိမ်နှင့် မဝေးလှသော အနောက်ဘက် ပန်းဆိုးတန်းထဲ၌ ဝင်ရောက် စီးနင်းသွားသော အမှုတစ်ခုဖြစ်၏။



ပန်းဆိုးတန်းလမ်း၌ ဦးသာဒွန်းသည် ကြေးရတတ်ထိပ်သီး ကုန်သည်တစ်ယောက်ဖြစ်၏။ နိုင်ငံခြားကုန်များကိုသိုလှောင် ရောင်းချ၏။ နိုင်ငံခြားမှဝယ်ယူတတ်သော ကုန်များကိုလည်း သိုလှောင်ရောင်းချ၏။

ထိုသို့ရောင်းချရေး ဝယ်ယူရေးအတွက် ဦးသာဒွန်း၏သမီး မမိုးသူနှင့် မဒိုးဖြူတို့သည် ဈေးခေါ်ကောင်းများဖြစ်ကြ၏။ ဦးသာဒွန်း၏ အိမ်သို့ ကုလားဖြူကုန်သည်များ အဝင်အထွက် ရှိ၏။ ဦးသာဒွန်း၏ သမီးအကြီး မမိုးသူကလည်း မိမိတို့ ဗမာ အချင်းချင်းကိုပင် အထင်သေးသယောင်ယောင်ရှိ၏။ ကုလားဖြူတို့ တိုင်းပြည်၌ဖြစ်သော ရေမွှေးများကို အမြဲ ဆွတ်ဖျန်း၏၊ ကုလားဖြူတို့ တိုင်းပြည်၌ဖြစ်သော ကသယ်မှုန့်များကိုမှ လူးခြယ်၏၊ မမိုးသူက လူထင်၍ဆက်ဆံသော ဗမာလူငယ်ယောကျ်ားကား ရဲဗိုလ်မောင်ပို တစ်ဦးတည်းသာဖြစ်၏။ ရဲဗိုလ်မောင်ပိုကလည်း မမိုးသူ၏အိမ်သို့ ကုလားဖြူများ ဝင်ထွက်သည်ကိုပင်မကြိုက်၊ မတတ်သာ မရှောင်သာ သောကြောင့်သာကြည့်နေရ၏။ ကုလားဖြူများကို အစိမ်းလိုက် စားလိုနေသည့် အကြောင်းများထဲ၌ မမိုးသူ၏ အိမ်သို့ ကုလားဖြူများ ဝင်ကြထွက်ကြသော အကြောင်းတစ်ခုပါ၏။

ထိုနေ့နံနက်က၊ မမိုးသူသည် အ ရုဏ်ဆွမ်းကပ်ရန်အတွက် ဆွမ်းတော်ဗန်းကို ဆေးနေ၏။ ထိုစဉ် ရဲဗိုလ်မောင်ပို လမ်းလျှောက်လာ သည်ကိုမြင်သဖြင့် နှုတ်ဆက်လိုက်သေး၏။

ဆွမ်းတော်ဗန်းဆေးပြီးသဖြင့် အိမ်ထဲသို့ ဝင်လိုက်သောအခါ၊ ဘယ် အချိန်က ဝင်လာသည်မသိသော လူသုံးယောက်တို့ မိမိ၏နောက်မှ ကပ်လျက်ပါလာ၏။ မမိုးသူကို ကုလားဖြူတို့ ကိုင်ဆောင်တတ်သည့် ခါးပိုက်ဆောင်သေနတ်မျိုးဖြင့် ချိန်ထားပြီး နောက် အိမ်သားအားလုံးတို့ကိုနှိုးယူ၏။

ထို့နောက် ယနေ့နေ့လယ် ကုလားဖြူတို့ကို ကုန်ဖိုးပေးချေမည့် ငွေများကို တောင်း၏။မရလျှင်အိမ်သားအားလုံးကို ကြိုးဖြင့်တုတ်၏။ ပါးစပ်ထဲသို့ အဝတ်များထည့်၍ အပေါ်မှစည်းနှောင်၏။ လူဆိုးဗိုလ် လုပ်သူသည် နောက်ဆုံး မမိုးသူကို ကြည့်လိုက်၏။

"နင် လင်သဟာလောက် ရှားသလား၊ ကုလားနဲ့ပလူးရမှ တင်းတိမ် သလား၊ နင် ပလူးစရာ ဗမာတွေ တပုံချည်းရှိသကော..."

လူဆိုးဗိုလ်က မမိုးသူ၏ပါးကို ဖြန်းဖြန်းမြည်အောင် ရိုက်၏။ ထို့နောက် 'နင်လည်း သတိထား...'ဟု မမိုးဖြူကို တစ်ချက်လှမ်းကန် ပြီးနောက် နောက်လိုက်တို့နှင့်အတူ အိမ်ထဲမှ ထွက်သွား၏။

မမိုးသူနှင့်မမိုးဖြူတို့က ချက်ချင်းအိမ်ရှေ့သို့ ထွက်၍ အော်၏။ ထိုစဉ်ပင် အိမ်အပြင်ဘက်မှ စောင့်နေဟန်ရှိသူတစ်ယောက်နှင့် ပေါင်း လူလေးယောက်တို့ မြင်းကိုယ်စီစီးလျက် အရှေ့ဘက်သို့ စိုင်းသွားကြ၏။

ဤအဖြစ်အပျက်သည် နေ့ထန်းတစ်ဖျားခန့် မရှိမီ၊ ဟံသာဝတီ



ရန်ကုန်တစ်မြို့လုံး ပျံ့နှံ့သွား၏။မိမိထွက်လာ၍ကွမ်းတစ်ယာညက်မျှ မကြာမီအတွင်း ယင်းသို့ဖြစ်လိုက် ပျက်လိုက်ရသောကြောင့် ရဲဗိုလ် မောင်ပိုကလည်း မကျေမချမ်း ဖြစ်နေ၏။ ထို့နောက်တွင်မူ ဟံသာဝတီ ရန်ကုန်မြို့၌ ကုလားဖြူတို့နှင့်အဆက်အံဆံ ပြုလုပ်ဝံ့သူများ မရှိတော့...

မိုးမချုပ်မီ နေချိုသည်နှင့်လမ်းပေါ်တွင် လူသူကင်းရှင်း တိတ်ဆိတ် နေတတ်၏။ တစ်ခါတစ်ရံ ကုလားဖြူတို့ စီးသွားကြသော မြင်းခွာသံ များ၊ ငါးယောက်တစ်တွဲ၊ ခြောက်ယောက်တစ်တွဲအစုလိုက် စကားပြော ၍ သွားကြသောရဲဗိုလ်မောင်ပို၏ မြို့စောင့်မင်းလုလင်များ အသံ တို့မှတစ်ပါး တိတ်မြဲတိတ်ဆိတ်နေတတ်၏။

ဟံသာဝတီရန်ကုန်တစ်မြို့လုံး၊ ဤမျှချောက်ချားတိတ်ဆိတ်နေဆဲ နေဝင်ရီသရော တစ်ခုသော ညနေတွင် ရုတ်ရုတ်သဲသဲအသံတွေ ကြားလာရ၏။ အိမ်တိုင်း အိမ်တိုင်းတို့မှ အထိတ်တလန့်ထ၍၊ တံခါးတစ်ချပ် ကို မသိမသာဟ,ကြည့်ကြ၏။ လမ်းပေါ်၌ များစွာသော လူသူဆင်မြင်းတို့ကိုတွေ့ကြရသည်။ အသစ်ကြွချီလာသော ရန်ကုန်မြို့ ဝန် သတိုးမင်းကြီးမဟာမင်းလှမင်းခေါင်ကျော် ဦးမှုံ၏ အခြွေအရံ နောက်လိုက် နောက်ပါတို့ဖြစ်ကြသတည်း။

ဟံသာဝတီရန်ကုန်မြို့ဝန်သစ် ဦးမှုံသည် နတ်စုလက်ဝဲ ဗိုလ်မဟာ မင်းလှမင်းခေါင်နှင့်... ဓားကိုင် လှံကိုင်တိုက်လှူ ၁၀၀၀...

နတ်စုလက်ျာ ဗိုလ်မဟာ မင်းလှမင်းခေါင်နှင့်စားကိုင်လုံကိုင် တိုက်လှူ ၉၀၀...

ရွှေလက်ျာ ဗိုလ်မဟာမင်းလှမင်းကျော်ရာဇာနှင့်စားကိုင် လုံကိုင် တိုက်လှူ ၁၀၀၀ ...

ရွှေပြည်မှန်ကင်း ဗိုလ်မဟာ မင်းထင်ရာဇာနှင့်စားကိုင်လုံကိုင် တိုက်လှူ၁၀၀၀၊ စုစုပေါင်း လှူသုံးထောင့်ငါးရာနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။

ဟံသာဝတီရန်ကုန်မြို့ဝန်သစ် ဦးမှုံရောက်ရှိလာသည်နှင့်မြို့ကို ခေတ္တတာဝန်ယူထားရသော ရေဝန်မင်းကြီးနှင့် ကျောက်မော်မြို့ဝန် မင်းကြီးတို့က ရန်ကုန်မြို့၏ အခြေအနေအရပ်ရပ်ကို လျှောက်ထား သံတော်ဦးတင်ရ၏။ ရန်ကုန်မြို့ဝန် မင်းကြီး ဦးမှုံကလည်း၊ ချက်ချင်း အရေးတယူ တိုင်ပင်ဆွေးနွေးလျက် ကျောက်မော်မြို့ဝန်မင်းကြီးနှင့် ရေဝန်မင်းကြီးကို ပုဂံမင်းလှူတွေလား၊ မင်းတုန်းမင်း လှူတွေလားဟု အကဲခတ်၏။

စကားအတော်အတန် ပြောပြီးသည်နှင့်တစ်ဦး၊ ကိုတစ်ဦး အကဲခတ်၍ ရကြသောအခါ ... ရန်ကုန်မြို့ဝန်မင်းကြီးကိုယ်တိုင်က မိမိတို့ လုပ်ဆောင်ကြရမည့် အခြေအနေ၊ ထားအပ်ရမည့် စိတ်ထားတို့ကို ရှင်းပြ၏။

"ကျုပ်တို့ ဗမာနိုင်ငံကို နှစ်ရှည်လများကတည်းက စော်ကား



သိမ်း ပိုက်ရန် ကြံစည်လာခဲ့ကြသော ကုလားဖြူတို့ ယခုအင်နှင့်အားနှင့် ဝင်လာကြပြီ။ သည်လို အချိန်မျိုးတွင် ကျုပ်တို့ ဘဝရှင်မင်းတရားကြီး နှင့် ညီတော်သားတော်တို့လည်း မင်းရိုးမင်းမျိုး အချင်းချင်း နောက် လိုက် နောက်ပါမှုုးမတ်တို့ မလိမ္မာသောကြောင့် ပြတ်လုလု ကြိုးကဲ့သို့ တည်းတည်းမျှရှိကြသည်...

စင်စစ် ဘဝရှင်မင်းတရားကြီး၏ အရေး ညီတော်မင်းတုန်း၊ ကနောင်တို့၏ အထင်အမြင်လွဲမှားနေကြသော အရေးသည် နိုင်ငံ၏ အရေးမဟုတ် ...

ကိုယ်တို့ ကျုပ်တို့ ကျေးကျွန်ဟူသည်။ သခင်ကိုချစ်လျှင် နိုင်ငံ ကိုချစ်ရမည်။ နိုင်ငံတည်တံ့မှသာ ကိုယ့်သခင်တည်တံ့မည်။ နိုင်ငံမရှိဘဲ သခင်ရှိနေ၍ ကျုပ်တို့သခင်ကို ပသို့ထားမည်နည်း...

ယခု ကိုယ်တို့ကျုပ်တို့အိမ်ကို မီးလောင်နေချေပြီ၊ မီးကို အလျင် မငြိမ်းဘဲ မည်သူ့အား ဤအိမ်ကို ပေးသင့်၏ဟု ငြင်းခုံခိုက်ရန် ပြုနေကြ၍ မဖြစ်...

ဘဝရှင်မင်းတရားကြီးတို့ ညီနောင်သည် အလိုလိုက်၍ အကြိုက် ကို တင်ကြသောမင်းပါးကပ်မြှောင်တို့၏ လျှောက်ထားမှုကို နား ဝင်လျက်၊ ညီနောင်ချင်းချင်း ပြိုင်ဆိုင်ရန်သာ ရဲမက်လူသူစုနေကြသည်။ ကုလားဖြူတို့၏ ဘေးရန်ကိုမှုကြီးသည်ဟု မထင် အမှုလည်းမထား...

မိမိတို့၏အနီးကပ်သော အရေးအခင်းကိုသာ စိတ်ပါဝင်စား

ကြိုက် ဖြစ်နေကြသောကြောင့် "နင်ရို . . . ကြောက်ကြသလော" ဟု ဆိုမည်စိုး၍၊ ကုလားဖြူတို့၌ အင်အားလက်နက်များပါသည် ကောင်းပါသည်ဟူ၍ မည်သူမျှအမှန်ကို မလျှောက်တင်ဝံ့ကြ . . .

သည်အရေး၌ ကိုယ်တို့ကျုပ်တို့သည် ကိုယ်တို့သခင်နှင့် ကိုယ်တို့နိုင်ငံအတွက်၊ ကိုယ်တို့ကျုပ်တို့ အညီအညာ အစွမ်းကုန် ကြိုးပမ်းကြရန်သာရှိတော့သည်။ ကျုပ်တို့ဗမာနိုင်ငံသား ရှမ်း၊ ကရင်၊ တလိုင်း၊ ဂျိမ်းဖော အားလုံး စည်းစည်းရုံးရုံး ပြုကြ၍၊ ကျူးကျော်ရန်လာရောက်နေကြသည့် ကုလားဖြူတို့ကို ကိုယ်တို့ကျုပ်တို့ ကိုယ်စွမ်း ကိုယ်စနှင့် ခုခံနိုင်အောင် ကြိုတင်ပြင်ဆင်ထားကြစို့ . . ."

ရန်ကုန်မြို့ဝန်မင်းကြီးသည်ကျောက်မော်မြို့ဝန်မင်းကြီး၊ ရေဝန်မင်းကြီး၊ စစ်ကဲ၊ နာခံစသော မှူထမ်းရာဟာမ်း အသီးသီးတို့နှင့် ဤသို့ တွေ့ဆုံ ပြောဆိုပြီးသည့်နောက်၊ ချက်ချင်းလိုပင် ဟံသာဝတီ ရန်ကုန်မြို့နှင့် တကွ၊ အောက်ဗမာနိုင်ငံတစ်ခုလုံး လူသူလက်နက်တို့ လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၏။ ဓားသွေးလှံသွေး ပြုလာကြ၏။ ကျေးလက်တောရွာ ကလေးတွေ အားလုံးလိုလိုပင် စည်းရိုး၊ ဝါးတပ်၊ သစ်တပ်များ ကာရံကုန်ကြ၏။ မြို့နေအမှုထမ်းတို့လည်း မိမိတို့ "ကျွမ်း" သော နယ်ပယ်တစ်လျှောက်သို့ ရောက်နေကြ၏။ မြင်းသည်ကျော် "ဆွေဆက်" ကိုမူ ရန်ကုန်မြို့ဝန်သစ်က နှစ်သက်သဘောကျသဖြင့် ကိုယ်ရံလက်စွဲတော်အဖြစ် မိမိအနီးတွင် အမှုထမ်းစေ၏။

၂။

မြို့ဝန်သစ်သည် အနားမရှိ နေ့ညမရွေး အလုပ် လုပ်၏။ ရန်ကုန်သို့ ရောက်ပြီး ၂-ရက်အတွင်း မိမိအရေးတကြီး ရောက်လာရသည့် ကိစ္စရပ်ကို စ,ကိုင်၏။

အဝေးရောက် စာရေးတော်ကြီး မင်းကျော်မင်းထင်ရာဇာကို စေလွှတ်၍ . . .

ရန်ကုန်မြို့၌ လာရောက်စီးပွားရှာနေကြသည့် အင်္ဂလိပ်အမျိုးသားများအတွက် အင်္ဂလိပ်တို့ဘက်မှ အရေးဆိုမည့် အင်္ဂလိပ်ဗိုလ်အကြီးအကဲဖြစ်သည့် လင်းဘတ်ကိုအိမ်သို့ကြွရောက်ပါရန် ဟံသာဝတီ ရန်ကုန်မြို့ဝန်မင်းကြီးက ဖိတ်ကြား၏။

ကွန်မင်ဒိုလင်းဘတ်သည် အဝေးရောက် စာရေးတော်ကြီး မင်းကျော် မင်းထင်ရာဇာကို ကိုယ်တိုင်အတွေ့မခံဘဲ၊ စကားပြန် အက်ဒွပ်ကိုစေလွှတ်၍ အကြောင်းပြန်ခိုင်း၏။ အက်ဒွပ်သည် စက္ကူရွက် တစ်ခုကို လက်ဖြင့်ကိုင်လာလျက် စာရေးတော်ကြီးအားဖတ်ပြ၏။

"ကမ္ဘာ့နိုင်ငံကြီး တိုင်းပြည်ကြီး အမြောက်အများကို အင်္ဂလန်ကျွန်း ၏ နယ်ပယ်များအဖြစ် စိုးမိုးပိုင်သထားသည့် ဝိတိုရိယဘုရင်မကြီး၏ ဘုရင့်ရေတပ်မတော်ကို အုပ်ချုပ်လာခဲ့သော ကျွန်ုပ်ကွန်မင်ဒို လင်းဘတ် သည်...

... အင်ဒိချိုင်းနားကျွန်းဆွယ်ရှိ တောနက်ကြီးအတွင်းမှ ရန်ကုန် အမည်ရှိသော သင်္ဘောဆိပ်စခန်း၌လာရောက်နေထိုင်ကြသည့် ဥရောပ တိုက်သား တိုင်းကြီးပြည်ကြီးသားတို့၏ အရေးကိစ္စနှင့်ပတ်သက်၍...

... မည်သို့ဆောင်ရွက်ရမည်ဟူသော ညွှန်ကြားချက်ကို ကျွန်ုပ်၏ စကားပြန် အက်ဒွပ်နှင့်အတူ ကျွန်ုပ်လက်အောက်ရှိ ဗိုလ်ငယ်ကလေး များနှင့် အသင်ရန်ကုန်သူကြီးထံသို့ ပေးပို့ခိုင်းလိုက်မည်...

အသင်ရန်ကုန်သူကြီးသည် ကျွန်ုပ်၏လက်အောက် ဗိုလ်ငယ်များ နှင့် ပြေလည်းသည်အထိ ဆောင်ရွက်ဆွေးနွေးနိုင်သော အခွင့်အရေးကို ကျွန်ုပ် ကွန်မင်ဒိုလင်းဘတ်က သက်ညှာစွာ ပေးလိုက်မည်။

"အဲဒါ ဝိတိုရိယဘုရင်မကြီး၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေ သော ဘုရင့်ရေတပ်မတော် ဗိုလ်မှူးရဲ့ ပြန်ကြားချက်ပဲ..."



အဝေးရောက် စာရေးတော်ကြီးမင်းကျော်မင်းထင်သည် စကားပြန် အက်ဒွပ်၏မျက်နှာကို စူးစိုက်ကြည့်လျက် အသားဆတ်ဆတ်တုန်၏။ ခြောက်သွေ့လာသော နှုတ်ခမ်းကို လျှာဖြင့် သိမ်းဂိုက်ပြီးနောက် အတန်ကြာသည်တိုင်အောင် မိမိစိတ်ကိုတည်ငြိမ်စေရန် ဆောက်တည် နေ၏။ တရုတ်၊ ပြင်သစ်၊ ပူတာကေ(ပေါ်တူကီ)စသော သံကြီး တမန်ကြီးတို့နှင့် ဆက်ဆံနေကြဖြစ်သောကြောင့်သာ ဣန္ဒြေမပျက် အောင် မိမိကိုယ်စိတ်ကို မိမိထိန်းနိုင်ရ၏။ စာရေးတော်ကြီးက စကားပြန်အက်ဒွပ်ကို ကြည့်၍ ပြုံးလိုက်သည်...

"ယခု ရန်ကုန်တွင် အင်္ဂလိပ်တို့ဘက်၌ လင်းဘတ်သည် အင်္ဂလိပ် ဘုရင်မကြီးက စေလွှတ်လိုက်သော အကြီးအကဲဖြစ်ပါသည်။ ဗမာတို့၏ဘက်၌၊ ရန်ကုန်မြို့ဝန်မင်းကြီးဦးမှုံသည် ဗမာဘုရင် ဘဝရှင်မင်းတရားကြီးက စေလွှတ်လိုက်သော အကြီးအကဲဖြစ်ပါသည်။ တိုင်းပြည်တစ်ခုနှင့်တစ်ခု ဆက်ဆံကြရာတွင် မိမိတို့ဘုရင်က တာဝန် ပေးအပ်စေခိုင်းခြင်းခံရသူ မဟုတ်သူတို့က ဝင်ရောက်တာဝန် ဆောင် ရွက်ရန်သင့်မည် မဟုတ်ပါ။ အကယ်၍ ဝင်ရောက်တာဝန်ဆောင်ရွက် ပြောဆိုကြမည်ဆိုလျှင်လည်း ထိုသူတို့ ပြောဆိုသည့် စကားကို တစ်ဘက်တိုင်းပြည်ကဘုရင်၏ကိုယ်စား ပြောဆိုဆောင်ရွက်ခြင်း ဖြစ်သည်ဟု အသိအမှတ်ပြုဝံ့လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် တာဝန် တကယ်ရှိသူ အင်္ဂလိပ်ဗိုလ်လင်းဘတ်ကိုယ်တိုင်မလာဘဲ စာပို့လိုက်မည် ဆိုလျှင်၊ စကားပြန်အက်ဒွပ်တစ်ဦးတည်းနှင့် အပေးအပို့လွှတ်ပါ။

ဤအရေးကိစ္စ၌၊ တာဝန်မရှိသော ဗိုလ်ငယ်တို့နှင့် တိုင် ပင်ဆွေးနွေး၍ အရာထင်မည်မဟုတ်သောကြောင့်ဗိုလ်ငယ်တို့လိုက်လာရန်မလိုပါ...” ဟု စာရေးတော်ကြီးက ပြော၍ပြန်ခဲ့၏။

ဤအကြောင်းမျိုးတို့ကို မြို့ဝန်မင်းကြီး ဦးမှုံအား အကြောင်းပြန်ကြားသော်၊ မင်းကြီးဦးမှုံသည် အတော်နှလုံးမသာမယာဖြစ်၏။

ဤကုလားဖြူတို့ကား၊ ငါဒို့၏မျိုးရိုး ယဉ်ကျေးမှုကိုပါ စော်ကားမော်ကားပြုကြတော့မည်။ ငဒို့သည် ငဒို့တိုင်းပြည်ကို ကာကွယ်ရန်အတွက်၊ ကြိုတင်အစီအမံ ပြုထားကြသော်လည်း၊ ကုလားဖြူတို့နှင့် စစ်ဖြစ်ရလျှင် ငဒို့ရှုံးမည်ဟု သိကြ၏။ မရှောင်သာ၍ ဖြစ်ကြရသော် အသင့်ရှိစေရန်သာ ကြိုတင်ပြင်ဆင်နေရခြင်းဖြစ်၏။ စင်စစ် ငါဒို့က စစ်မဖြစ်လို၊ ထို့ကြောင့် ငါဒို့တိုင်းပြည်အတွက် ငါဒို့ကို ကုလားဖြူတို့က စော်ကားလျှင် ကြိတ်မှိတ်ခံကြရတော့မည်သာဖြစ်၏ဟု ညည်းညူပင့်သက်ချ၏။

မြို့ဝန်မင်းကြီးစကားကြောင့် အိမ်တော်သားအားလုံး စိတ်မချမ်းမမြေ့ဖြစ်ကြ၏။ မြို့ဝန်မင်းကြီးက အိမ်ရှိအမှုထမ်းများဘက်သို့ လှည့်ကြည့်၏။

“ငါဒို့ အမှုထမ်းတွေကို နည်းနည်း မှာထားချင်တယ်ဟေ့... ငဒို့ အမှုထမ်းတွေဟာ ကုလားဖြူတွေနဲ့ ဆက်ဆံကြရတဲ့အခါမှာ အစွမ်းကုန် သည်းခံပြီး ဆက်ဆံကြပါ...



... ဒီလို သည်းခံတာဟာ ကုလားဖြူတွေကို ကြောက်လို့ရွံ့လို့ မဟုတ်၊ တိုင်းပြည် သူ့လက်အောက် ရောက်မည်စိုးတဲ့အတွက် တမင်အညှ့် ခံပေးကြရမှာပဲ...

...ကုလားဖြူတွေက မခံမရပ်နိုင်အောင် စ,လာလို့ တစ်ခုခုပြုချင်တာနဲ့တစ်ပြိုင်နက်၊ ငဒို့တိုင်းပြည် ငဒို့လူမျိုးလောက် ငါ့ကိုယ်ဟာ အဖိုးမတန်...၊ ငါ့ကို သင်းတို့ လုပ်ချင်သလို လုပ်ကြပစေ... ငဒို့တိုင်းပြည်တော့ သင်းတို့လက် မပေးဘူးဆိုတဲ့ စိတ်ထားမျိုးထားကြပါ...

...ငဒို့လူမျိုးတွေမှာ “အရှက်ကို အသက်နဲ့လဲမယ်”ဆိုတဲ့ စကား ရှိတယ်၊ အစဉ်အလာလည်း ရှိတယ်...အသက်ကိုအသေခံချင်ခံမယ်၊ အရှက်ကွဲခံလေ့မရှိကြဘူး၊ အသက်ထက် မိမိကိုယ်ရေးကိုယ်တာ ဂုဏ်သိက္ခာကို ပိုချစ်ကြတယ်...

... အခုငဒို့ပြုကျင့်ကြရမှာက ငဒို့ကိုယ်ရေးကိုယ်တာ ဂုဏ်သိက္ခာထက် ငဒို့တိုင်းပြည်ကို ပိုချစ်ကြရမယ် ...

...ကုလားဖြူတွေဟာ ငဒို့ကိုယ်ရေးကိုယ်တာ ဂုဏ်သိက္ခာတွေကို ထိခိုက်အောင် ရန်စကြလိမ့်မယ်၊ ငါတို့က မခံမရပ်နိုင်လို့ တုံ့ပြန်ရင်၊ အဲဒါကို အကြောင်းပြပြီး ငါတို့နိုင်ငံတစ်ခုလုံးကို တိုက်ခိုက်ကြမယ် ...

...ဒါကြောင့် ငါတို့တတွေဟာ သင်းတို့စော်ကားလာရင်၊ ငဒို့

ကိုယ်ရေးကိုယ်တာ ဂုဏ်သိက္ခာကို အထိခိုက်ခံ အရှက်တကွဲအဖြစ်ခံပြီး ငဒို့နိုင်ငံကို ကာကွယ်ပေးကြပါမှ...”

လှိုက်လှဲထိခိုက်သံပါလှသော ရန်ကုန်မြို့ဝန်မင်းကြီး၏အသံသည် နစ်ဝင်သွား၏။ စကားပြောပြီးသည်နှင့် အချိန်အခါမဟုတ်ဘဲ ဘုရားဆောင် သို့ ဝင်သွား၏။ အိမ်တော်သူ အိမ်တော်သားတို့သည်၊ ခေါင်းငိုက်စိုက် နှင့် မိမိတို့တာဝန်ထမ်းဆောင်ရာသို့ ပြန်လာသည်။ ထမင်းအိုးတစ်လုံး ချက်ခန့်အကြာ၌ပင် အိမ်ရှေ့မှ ဆူဆူညံညံအသံတွေ ကြားလာရ၏။

ကုလားဖြူစကားပြန် အက်ဒွပ်၊ ကုလားဖြူဘုန်းကြီး ကင်းကိတ်နှင့် ကုလားဖြူဗိုလ်ငယ်လေးယောက်တို့၊ မြင်းကိုယ်စီဖြင့် မင်းကြီး၏ အိမ်ဝင်းတံခါးရှေ့၌ ရောက်နေကြသည်။ ဝင်းတံခါးစောင့်က တားဆီးထားသည်။

“မြို့ဝန်မင်းကြီးအိမ်ဝင်းထဲသို့မည်သူမျှ မြင်းစီးမဝင်ရပါ၊ ထို့ကြောင့် မြင်းပေါ်ကဆင်းပါ ကျွန်တော်မျိုးကြီး ဝင်းတံခါးဖွင့်ပေးပါမည်”ဟု ဝင်းတံခါးမှူးက အရိုအသေပြု၍ပြော၏။

အရက်မူးနေကြသော ကုလားဖြူဗိုလ်ငယ်တို့သည် ဝင်းတံခါးမှူး ဘာတွေ ပြောနေသည်ကို စကားပြန် အက်ဒွပ်အားမေးကြ၏။ အက်ဒွပ်ရှင်းပြသည်ကို နားထောင်ပြီးမှ မြင်းကို အတင်းစိုင်းလျက် ဝင်းတံခါးမှူးနှင့်ဝင်းတံခါးကို မြင်းဖြင့်တိုက်၍ အတွင်းသို့ဝင်၏။



ဝင်းတံခါးနှင့်တကွ ဝင်းတံခါးအစောင့်ကိုပါ မြင်းဖြင့်အတင်းတိုက်၍ အိမ်တော်ဝင်းထဲ သို့ မြင်းစိုင်းဝင်လာကြသော ကုလားဖြူများကို ဆွေဆက်သည် လှေကားထိပ်မှ ရပ်ကြည့်၏။ ကုလားဖြူတို့သည် အိမ်တော်လှေကားရှေ့သို့ ရောက်လာကြလျက် ဆွေဆက်ကို မော့ကြည့်၏။

“ဟေး...ကျွန်ကောင် မင်းတို့ ရန်ကုန်သူကြီးကို ခေါ်လိုက်စမ်း၊ ဒို့ရန်ကုန်သူကြီးနဲ့ စကားပြောဖို့လာတယ်ကွ၊ ဒို့ဘုရင်မကြီးရဲ့ရေတပ်မတော်က တပ်မှူးကလည်း စာပေးလိုက်တယ်...”

ကုလားဖြူတို့၏ပြောဆိုပုံ ...စကားအသုံးအနှုန်းသည် အတော်ကြီး တောဆန်လျက် ရိုင်းပျ၏။ ဆွေဆက်က စကားပြောလိုက်သူ ကုလားဖြူ ဗိုလ်ငယ်၏မျက်နှာကို ငေးကြည့်နေသည်။ ထိုစဉ် ...စကားပြန်အက်ဒွပ်က ဗမာစကားဖြင့် အတိအကျပြန်ပြော၏။ ဆွေဆက်သည် လှေကားပေါ်မှ တစ်လှမ်းချင်း ဣန္ဒြေရရ ဆင်းလာ၏။ ထို့နောက် အလွန်ယဉ်ကျေး သိမ်မွေ့သော ဟန်ပန်ဖြင့် ကုလားဖြူတို့ကို ကြည့်၏။

“ရန်ကုန်မြို့ဝန်မင်း သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ဦးမှူးအိပ်နေပါတယ်ခင်ဗျာ... မိတ်ဆွေတို့ ကျေးဇူးပြု၍ မြင်းပေါ်က ဆင်းပြီး ဧည့်ခန်းဆောင်ကို ကြွကြပါ...

...ကျွန်တော်တို့ မြို့ဝန်မင်းကြီးရဲ့ လက်အောက်အရာရှိများ

ဖြစ်ကြ တဲ့… ရေဝန်မင်းကြီး၊ စစ်ကဲတော်မင်းကြီးတို့နဲ့ တွေ့ဆုံပြီး မိတ်ဆွေတို့ပေးလိုတဲ့စာ၊ ပြောလိုတဲ့ အကြောင်းအရာများကိုပေးနိုင်၊ ပြောနိုင်ပါတယ်…"

ဆွေဆက်ပြောသောစကားသည် ကုလားဖြူစကားဖြစ်၏။ အသံနေ အသံထား လေယူလေသိမ်း ပီသမှန်ကန်၏။ စကားလုံး အသုံးအနှုန်းလည်း ယဉ်ကျေးနန်းဆန်၏။ သျှောင်ထုံးကြီးနှင့်အသားညိုသော လူတစ်ယောက်က ဤသို့ မိမိတို့စကားကို ပီပီသသယဉ်ယဉ်ကျေးကျေး ပြောသည်ကိုတွေ့ရသောအခါ ကုလားဖြူဗိုလ်ငယ်တို့က လူပါးဝသည်ဟုထင်လျက် ဒေါသဖြစ်ကြ၏။

"ဟေး… စောက်ရူး ငါပြောနေတယ်၊ မင်းရဲ့ ရန်ကုန်သူကြီးကို အခု ဒီခေါ်လာခဲ့၊ အိပ်နေရင် ခြေထောက်နဲ့ကန်နှိုးခဲ့ ငါပြောတာ နားလည်လား…"

"မိတ်ဆွေတို့ တာဝန်နဲ့လာကြတာဆိုရင် ကျေးဇူးပြုပြီး မြင်းပေါ်ကဆင်းပါ။ ပြီးတော့ညှိ့ခန်းဆောင်မှာ မြို့ဝန်မင်းကြီးရဲ့ လက်အောက်အရာရှိရေဝန်မင်းကြီးနဲ့တက်တွေ့ကြပါ၊ စော်ကားရအောင် လာတယ်ဆိုရင်တော့ သည်အိမ်ဝိုင်းထဲက ထွက်သွားကြဖို့ အသင့်တော်ဆုံးအချိန်ရောက်နေပါပြီ၊ ကျုပ်တို့ထုံးစံအရ မင်းကြီးအိမ်ဝိုင်းထဲကို မြင်းစီးမဝင်ရပါဘူး…"

ကုလားဖြူဗိုလ်ငယ်တို့က ဟားတိုက်ရယ်ကြ၏။ ထို့နောက်



ကုလားဖြူ ဗိုလ်ငယ်တစ်ယောက်က ညစ်ညစ်ပတ်ပတ် ဆဲရေးတိုင်းထွာလျက် အိမ်ရှေ့ဝင်းဘဲရှိ ပန်းခင်းတွင်းသို့ မြင်းကိုဖြတ်စိုင်းလိုက်ပြီးနောက် ဆွေဆက်ရှိရာသို့ ဦးတည်ပြေးလာ၏။ ဘေးမှအဖော်များက ရယ်မော အားပေးကြ၏။

ဆွေဆက်သည် နေရာမှမလှုပ်ဘဲ မိမိဆီသို့ နီးလာသည့် မြင်းကို စူးစိုက်ကြည့်နေ၏။ ရယ်သံများတဖြည်းဖြည်း တိတ်သွား၏။ မရှောင်မပြေး မလှုပ်ရှားသော ဆွေဆက်ကို ကုလားဖြူတို့ စိတ်စောလျက် အံ့အားတသင့် ကြည့်နေစဉ် မဒရပ်စစ်မြင်းကြီးသည် ဆွေဆက်ရှိရာကို အရှိန်ပြင်းစွာဖြင့် ဝင်တိုး၏။

သို့သော် ပို၍ အံ့အားသင့်ဖွယ်ကောင်းသည်ကား၊ ဆွေဆက်သည် မြင်းကြီးပေါ်သို့ မြောက်ခနဲရောက်သွားပြီး၊ မြင်းစိုင်းလာသော ကုလားဖြူ ဗိုလ်ငယ်၏လည်မျိုကို ဓားမြှောင်ဖြင့်ထောက်ပြီး ဖြစ်နေ၏။ ဆွေဆက်က မြင်းဇက်ကြိုးကို သတ်လိုက်ပြီးနောက်…

"မြင်းပေါ်မှ မဆင်းကြဘူးဆိုရင် ခင်ဗျားတို့အားလုံး ကျေးဇူးပြုပြီး အိမ်ဝင်းအပြင်မှာ စောင့်နေကြပါ၊ ကျုပ်တို့ ရန်ကုန်မြို့ဝန်မင်းကြီး နီးလာရင် ခင်ဗျားတို့ စောင့်နေကြောင်း အကြောင်းကြားပေးမယ်။ ဒါပါပဲ…"

ကုလားဖြူဗိုလ်ငယ်တို့သည် ဖြုံးခနဲ သေနတ်များကို ထုတ်လိုက်ကြသော်လည်း ဆွေဆက်၏လက်ထဲ၌ မလှုပ်မယှက်နိုင်အောင်

ချုပ်ကိုင်ခံရပြီး လည်မျိုကိုဓားဖြင့်အထောက်ခံရပြီးဖြစ်နေသော မိမိတို့လူကိုကြည့်၍ သေနတ်များကိုပြန်သိမ်းလိုက်ကြ၏။ ကုလားဖြူဘုန်းကြီး ကင်းကိတ်ကလည်း အိမ်ဝင်းအပြင်သို့ ထွက်နေကြဖို့ ပြော၏။ ထိုစဉ် ရန်ကုန်မြို့ဝန်မင်းကြီး၏အိမ်ဝင်းအပြင်ဘက်၌ ဗမာမြင်းစီးလုံကိုင်စစ်သား သုံးဆယ်ကျော်ခန့် ရောက်ရှိလာကြ၏။

"မိတ်ဆွေတို့ အိမ်ဝင်းအပြင်ကို မြင်းပေါ်က ဆင်းပြီးသွားကြမယ်ဆိုရင်... ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်..."

ကုလားဖြူတို့သည် စကားတစ်ခွန်းမျှ မဟကြတော့ဘဲ ဆွေဆက်ပြောသည့်အတိုင်း မြင်းပေါ်မှမကျေမနပ်ဆင်းကြ၏။ ဆွေဆက်နှင့်အတူရှိသော ကုလားဖြူကိုမူ ဆွေဆက်ကအောက်သို့ ခပ်ကြမ်းကြမ်းဆွဲချ သည်။ မြေပြင်သို့ရောက်သည်နှင့် ထိုကုလားဖြူ၏ခါး၌ရှိသော ခါးပိုက်ဆောင် သေနတ်ငယ်သည် ဆွေဆက်၏ လက်ထဲရောက်နေ၏။ အိမ်ဝင်း အပြင်သို့ ရောက်မှ "ကျေးဇူးတင်ပါတယ်..."ဟု ပြောလျက် ထိုကုလားဖြူဗိုလ်ငယ်ရှိရာသို့ သေနတ်ကို ပစ်ပေးလိုက်သည်။ ကုလားဖြူတို့ သည် ဝင်းပြင်သို့ ရောက်သည်နှင့် မိမိတို့ မြင်းများပေါ်သို့ တက်လိုက်ကြ၏။

လမ်းဘေးတစ်ဘက်တစ်ချက်တွင်၊ ဗမာမြင်းစီးလုံကိုင် စစ်သားများ ငြိမ်သက်စွာရပ်နေကြ၏။ ကုလားဖြူဗိုလ်ငယ်တစ်ယောက်က ကွန်မင်ဒို လင်းဘတ် ပေးလိုက်သည်ဆိုသော စာကို လမ်းမ,ပေါ်သို့



ပစ်ချခဲ့၏။ ထို့နောက် မကျေနပ်သောမျက်နှာတို့နှင့် သဘော်ဆိပ်ရှိရာဘက်သို့ ခပ်မှန်မှန် ထွက်သွားကြ၏။ အိမ်မှ အတော်လှမ်းလှမ်းသို့ ရောက်သည်နှင့် အော်ဟစ်ဆဲဆိုကြကာ မိုးပေါ်သို့ သေနတ်အချက်ပေါင်းများစွာပစ်ဖောက်ကြ၍ မြင်းကိုဒုန်းစိုင်းသွားကြသည်။

တကယ် အိပ်နေခြင်းမဟုတ်သော ရန်ကုန်မြို့ဝန်မင်းကြီး ဦးမှုံနှင့်တကွ၊ ရေဝန်မင်းကြီး၊ ကျောက်မော်မြို့ဝန်မင်းကြီး၊ စစ်ကဲကြီးနှင့် သုံးခွပဲ့နင်းကြီးတို့သည် မြို့ဝန်မင်းကြီး၏ အိမ်ထက်မှနေ၍ ဤအချင်းအရာအားလုံးကို တွေ့ပြီးကြားပြီး သိပြီး ဖြစ်၏။ ဆွေဆက်သည် လင်းဘတ်ကပေးသည်ဟုဆိုသော ကုလားဖြူတို့လမ်းပေါ်၌ ပစ်ချသွားသည့်စာကို ရန်ကုန်မြို့ဝန်မင်းကြီးသို့ ပေးဆက်ရင်း...

"မင်းကြီး မှာကြားထားပါလျက် ညံ့ဖျင်းစွာ စိတ်မချုပ်တီးနိုင်သောကြောင့် ဤသို့ဖြစ်ရပါသည်၊ ထိုက်တန်သည့်အပြစ်ကိုသာ ပေးပါ..."ဟု ရန်ကုန်မြို့ဝန်မင်းကြီးအားလျှောက်၏။

"မောင် မမှားလေ ... အခုလောက်မှ မတုံ့ပြန်လျှင် ကုလားဖြူတို့ ပိုမို စော်ကားလာခြိမ့်မည်။ ယခုလည်းသင်းတို့–သင်းတို့ကို သွေးတစ်ပေါက်စွန်းသေးသည်မဟုတ်၊ သံဟာပေမင့် သည့်အတွက် မောင် အနစ်နာခံရမည်ထင်သည်။ အကြောင်းပေါ်မှဆက်ပြီး အနာခံတော့..."ဟု ပြောလျက်၊ လက်သူကြွယ်၌ ဝတ်ထားသည့် လက်စွပ်ကို ချွတ်၍ ရန်ကုန်မြို့ဝန်မင်းကြီးက ဆွေဆက်ကိုပေး၏။

ထို့နောက် ရန်ကုန်မြို့ဝန်မင်းကြီးပြောသည့်အတိုင်းလည်း ဖြစ်လာရသည်။ ထိုညဉ့်၌ပင် . . .ကုလားဖြူသင်္ဘောတို့သည် ရန်ကုန်မြစ်ကမ်းမှ ထွက်ခွာသွားကြပြီးနောက် ဘဝရှင်မင်းတရားကြီး၏ ရေနန်းယာဉ်သာသင်္ဘောကို သင်းတို့၏ သင်္ဘောနှစ်စင်းဖြင့် ဝဲယာညှပ်၍ သံလျင်စွန်းဘက်ဆီသို့ ဆွဲယူသွားကြ၏။

ဗမာတို့ကလည်းချက်ချင်းသိသောကြောင့် ဓနုတ်ကွင်း လှိုင်သူကြီး၊ သီလဝါသုံးခွ ပုံနင်းကြီး ဦးခွေးဖြူ၊ ရဲဗိုလ်မောင်ပိုတို့ လက်နက်လူသူအနည်းငယ်နှင့် အပြင်းလိုက်သွားကြ၏။

သီလဝါမီးပြ ကင်းရှေ့တွင်မီ၍ အတင်းဆီးဆို့ တိုက်ခိုက်ကြရာကုလားဖြူသင်္ဘောမှ လေးမြို့ဝန်ဗိုလ်ကုလားတစ်ယောက်နှင့် စစ်ဗာရီအများကျဆုံး၏။ သို့သော်ကုလားဖြူစစ်ဗိုလ်တို့သည် ဗမာတို့ဆီးဆို့ထားသည်ကို အတင်းဖောက်ထွက်နိုင်ခဲ့၏။ လက်နက်အင်အားချင်းမယှဉ်နိုင်သော ဗမာတို့ကလည်း ဓားများလှံများကို အားကိုးကြကာကုလားဖြူတို့၏ သင်္ဘောပေါ်သို့ အတင်းတက်ရောက် ထိုးခုတ်ကြရ၏။ ကုလားဖြူများရော၊ ဗမာများပါ သေကျေပျက်စီးကြရသည်။ ရဲဗိုလ်မောင်ပိုနှင့် လူအနည်းငယ်တို့သာ ပြန်လာနိုင်ခဲ့၏။ ဓနုတ်ကွင်းသူကြီးနှင့် သုံးခွပုံနင်းကြီးတို့ ဆုံးရှုံးခဲ့ရသည်။ ကုလားဖြူတို့သည် ရေခုနစ်လံ ဝ, သံလျင်စွန်း၌ ကျောက်ချရပ်စွဲနေကြ၏။

ရန်ကုန်မြို့ဝန်မင်းကြီးဦးမှုံက ရေဝန်အရာရှိများနှင့်ဒလမြို့ဝန်



မဟာ မင်းခေါင်ရာဇာတို့ကို စေလွှတ်၍ လင်းဘတ် ခေါင်းဆောင်သောကုလားဖြူတို့ အတင်းလုယူသွားကြသည့် "ရေနန်းယာဉ်သာ"သင်္ဘောကြီးကို ပြန်တောင်းသည်။ ကုလားဖြူတို့ကပြန်မပေးကြ။

ဤကိစ္စကို ရန်ကုန်မြို့ဝန်မင်းကြီးသည် အထက်ဘင်္ဂလားအစိုးရသို့ စာပေးပို့လွှတ်၍တိုင်ဆဲ၊ ကုလားဖြူဗိုလ်မှူး လင်းဘတ်ထံမှ အချက် သုံးချက်ပါသော အကြောင်းကြားစာတစ်ခု ရောက်လာ၏။ ထိုစာ၌ . . .

၁။မစ္စတာရှက်ပက်နှင့်ပစ္စတာလူဝစ်တို့အထံမှ ယခင် ရန်ကုန်မြို့ဝန်ဟောင်းက တပ်ရိုက်သော ဒဏ်ငွေ ၉၀၀ဝိ၊ကျပ်ကို ပြန်ပေးရမည်။

၂။ယခု မြို့ဝန်ထံသို့ စာလာပို့သော စကားပြန်အက်ဒွပ်နှင့် ဗိုလ်ငယ်ကလေးများ မြို့ဝန်က အတွေ့မခံသောကြောင့် အရှက်ရသည်။ ယင်းကိစ္စကို ဗိုလ်ငယ်ကလေးများ ကျေနပ်အောင် ပြုလုပ်ပေးရမည်။

၃။အင်္ဂလိပ် ဗမာ ပထမစစ်ပွဲတွင် ချုပ်ဆိုကြသော ရန္တပိုစာချုပ်ပါသတ္တမအချက်အရ၊ဗမာပြည်၌ အင်္ဂလိပ်ကိုယ်စားလှယ်ခန့်ထားသည်ကို ယင်း၏ ဂုဏ်နှင့်အညီအညွတ် နေရာထိုင်ခင်းပေး၍ လက်ခံရမည်၊ ဤသုံးချက်ကို ဗမာတို့က လိုက်နာပြုလုပ်မှ ဗမာတို့၏ သင်္ဘောကို ပြန်ပေး၍ ကျွန်ုပ်တို့၏တိုက်သင်္ဘောများကို နုတ်သိမ်းပြန်သွားမည်ဟူသော အဓိပ္ပာယ်တို့ပါရှိ၏။

ရန်ကုန်မြို့ဝန်မင်းကြီး ဦးမှုံက ကြံခင်းမြို့သူကြီးဦးမြတ်သာထွန်း

အောင်ကို စေလွှတ်၍၊ သင်းတို့၏စာကို ရွှေဖဝါးတော်အောက်သို့ အရောက် ပို့၏။ ရွှေနန်းတော်ကြီးမှ ကုလားဖြူတို့၏ စာအတိုင်း ကျေနပ်အောင် ဆောင်ရွက်ပေးရန် အမိန့်တော်မြွက်မှတ်လိုက်၏။

ရန်ကုန်မြို့ဝန်မင်းကြီးဦးမှုံသည် ရန်ကုန်မြို့နေကုလားဖြူ ရှက်ပက်နှင့် လူဝစ်တို့အပေါ်၊ ယခင် မြို့ဝန်ဟောင်း တပ်ရိုက်ထားသည့် ဒဏ်ငွေ ၉၀၀၀-ကျပ်ကို စာရင်းနှင့်တကွပြန်ပေး၏။

မိမိအိမ်သို့လာကြသော ကုလားဖြူဗိုလ်ငယ်များကို အဆောင်အယောင်နှင့်တကွ ဖိတ်ခေါ်၍၊ သံတမန်ကြီးများ ဧည့်ခံသကဲ့သို့ ဧည့်ခံကျွေးမွေး၏။ ထို့နောက် ကုလားဖြူဗိုလ်ငယ်တို့လာစဉ်က မိမိမသိလိုက်ဘဲမဖြစ်သင့်သည်တို့ဖြစ်ပျက်သွားရသောကြောင့်ဝမ်းနည်းကြောင်းပြောဆို၏။

ကုလားဖြူဗိုလ်ငယ်တို့က မိမိတို့အား ဗမာကျေးကျွန် တစ်ယောက်က ဓားမြှောင်ဖြင့် ထိုးမည်ပြုပါသည်ဟုဆို၏။

ရန်ကုန်မြို့ဝန်မင်းကြီး ဦးမှုံသည် ကုလားဖြူတို့အား ဓားမြှောင်ဖြင့် ထိုးမည်ဟု ခြိမ်းခြောက်သည်ဆိုသော ဆွေဆက်ကိုခေါ်ယူ၏။

ထို့နောက် မြို့ဝန်မင်းကြီးအမိန့်အရ၊ သင်းတို့ရှေ့၌ပင်၊ လက်ဇာ့တော်ကြီးတစ်ဦးက... ဆွေဆက်၏ရောင်ကို ကိုင်၍... လေထဲ၌ သုံးပတ် ဆွဲရမ်းလှည့်ပတ်ပြီး မြေသို့ ပစ်ချရ၏။ ထို့ပြင် ဆွေဆက်ကို မြေ၌ မှောက်လျက် လဲကျစေပြီးနောက်၊ မျက်နှာရင်ဘတ်စသည်တို့ကို မြေကြီးနှင့်ထိခိုက်နာကျင်စေလျက်၊ အိမ်တော်ဝင်းအပြင်သို့ ရောက်သည်အထိ ဆံပင်ဖျားမှ ရစ်ကိုင်၍ ဒရွတ်တိုက် ဆွဲထုတ်သွားစေ၏။



မြို့ဝန်မင်းကြီးသည် မလှုပ်ရှားသော မျက်နှာဖြင့် တိတ်ဆိတ်စွာ အစအဆုံး ငြိမ်သက်ကြည့်နေပြီးမှ၊ ကုလားဖြူဗိုလ်လင်းဘတ်သို့ ပေးအပ်ရန် ကုလားဖြူဗိုလ်ငယ်များကို စာတစ်စောင်ပေးအပ်၏။

ထိုစာသည် ကုလားဖြူဘာသာဖြင့် သဘော်စက္ကူတွင် ရေးထားသည့် စာဖြစ်၍ဆင်စွယ်ကြုတ်၌ထည့်လျက်၊ အပေါ်မှ ကတ္တီပါအိတ်နီ စွပ်ထား၏။

စာတွင် ရန္တပိုစာချုပ်ပါ သတ္တမအချက်အရ၊ ဗမာမင်းတို့သည် အင်္ဂလိပ် လူမျိုးတို့၏ ကိုယ်စားလှယ်ထားရှိရေးအတွက်၊ တစ်ကြိမ်မျှ အကန့်အကွက်မရှိခဲ့ဘူးပါ၊ ယခင်ကလည်း အင်္ဂလန်နိုင်ငံ၏ ကိုယ်စားလှယ်တော်အဖြစ် ကာနယ်ဘားနေးတို့ လာရောက်နေထိုင်ကြ၍ ဗမာတို့က ထိုက်ထိုက်တန်တန် နေရာထိုင်ခင်းပေး၍ လေးစားစွာ ဆက်ဆံကြပါသည်။ အင်္ဂလိပ်ကိုယ်စားလှယ်တော်တို့က အလိုအလျောက်ရုပ်သိမ်းသွားကြသောကြောင့်သာမရှိဖြစ်ရသည်။ ယခုလည်း မကန့်ကွက်ပါပါဟူသော အဓိပ္ပာယ်ပါရှိ၏။

ကုလားဖြူဗိုလ်ငယ်တို့ ပြန်သွားကြသောအခါ၌၊ ရန်ကုန်မြို့ဝန်မင်းကြီးက ရေနန်းယာဉ်သာသဘော်ကို ပြန်ပို့ပေးပါရန် မှာကြားလိုက်သေး၏။

မင်းကြီးသည် ကုလားဖြူတို့ ထွက်သွားကြပြီးသည်နှင့် "ဆွေဆက် မည်သည့်နေရာ၌ ရှိသလဲ..."ဟု မေး၏။

အိမ်တော်အတွင်း အနောက်ဆောင်၌ရှိသော အခန်းတစ်ခုထဲသို့ ရောက်နေသည်ဟု သိရသောအခါ ရန်ကုန်မြို့ဝန်မင်းကြီးကိုယ်တိုင် ကြွရောက် ရှုစား၏။

ဆွဲကိုင်**မွေ့ယမ်း**ခဲ့သော လက်ဝှေ့တော်ကြီးသည်၊ သားငယ်အား ပြုစုသကဲ့သို့ ဆွေဆက်၏ဒဏ်ရာများကို ဆေးထည့်ပြုစုနေ၏။

မြို့ဝန်မင်းကြီးသည် မသာယာသော မျက်နှာဖြင့် "မောင် အနစ်နာခံ ရမည်ထင်သည်လို့ ငါပြောခဲ့ဖူးသကော"ဟု ညည်းညူရင်း မိမိကိုယ်တိုင် ခံစားနေရဘိသို့ ဆွေဆက်၏ ဒဏ်ရာကို ကြည့်၏။

ဆွေဆက်က "မိမိသည် ဤမျှခံရခြင်းဖြင့်လည်းကောင်း ဤမျှ ရရှိသော ဒဏ်ရာကြောင့်လည်းကောင်း၊ မည်သို့မျှ မတုန်မလှုပ်ပါ ... သို့သော် မိမိအား အိမ်တော်ဝင်းအပြင်ဘက်မှ ဝိုင်းဝန်းကြည့်နေကြသော အရပ်သူအရပ်သားတို့အထဲ၌ သုံးခွပဲ့နင်းကြီး၏သမီး မြရွက်ကို တွေ့ရသောအခါမှသာ မျက်စိပြာသွားရပါသည်"ဟု ဆို၏။

ဆွေဆက်အဖို့ မိမိဤသို့ ဖြစ်ရခြင်းကို မြရွက်တွေ့သွားရသည့် အတွက် အကယ်ပင် ရှက်ကြောက်၏။ ထို့ကြောင့် လမ်းဖုံလောက် အောင် နေ့စဉ်သွားနေကြဖြစ်သော ပုဇွန်တောင်ရွာငယ်ဆီသို့ ခြေဦးမျှ မလှည့်တော့...



သို့သော် ဤသတင်းသည် ဟံသာဝတီရန်ကုန်တစ်မြို့လုံး၌ ဟိုးဟိုးကျော်နေ၏။

ဟံသာဝတီရန်ကုန်မြို့ဝန်မင်းကြီးအိမ်သို့ ကုလားဖြူတို့က စော်ကားမော်ကား အိမ်ဝင်းထဲအရောက် မြင်းစီးဝင်ကြပုံ...

ထိုစဉ် မြို့ဝန်မင်းကြီး၏ လက်သုံးတော် ဆွေဆက်က ပျံချီဘွဲ့ရ သူများကဲ့သို့၊ မဒရပ်စစ်မြင်းကြီးပေါ်သို့ ခုန်ပျံတက်၍ ကုလားဖြူဗိုလ်၏ လည်မျိုကို ဓားဖြင့်ထောက်လျက် မြင်းပေါ်မှ ဆင်းကြစေပြီး အိမ်ဝင်းထဲက ထွက်သွားခိုင်းပုံ ထို့နောက် ကုလားဖြူများကျေနပ် အောင် ပြုရမည်ဟူသောအမိန့်ကြောင့် ကုလားဖြူများ၏ ရှေ့၌ပင် ဆွေဆက်၏ရောင်ကိုကိုင်၍ အိမ်ဝင်းအပြင်သို့အရောက် ဒရွတ်တိုက် ဆွဲထုတ်ခြင်းခံရပုံတို့ဖြစ်၏။

ထို့နောက် ကုလားဖြူများကျေနပ်အောင်ပြုရမည်ဟူသော အမိန့် ကြောင့်၊ ကုလားဖြူများ၏ရှေ့၌ပင်ဆွေဆက်၏ရောင်ကိုကိုင်၍ အိမ်ဝင်း အပြင်သို့အရောက် ဒရွတ်တိုက်ဆွဲထုတ်ခြင်းခံရပုံတို့ဖြစ်၏။

ဤသတင်းမျိုးတို့ကြောင့် ဟံသာဝတီ ရန်ကုန်မြို့ဝန် မင်းကြီးသည် ဆွေဆက်ကို မိမိအထံ၌ ဆက်လက်ထားရှိပါက ကုလားဖြူတို့ စွပ်စွဲစရာ အကြောင်းတစ်ခုများ ဖြစ်လာလေမလားဟု တွေးတော၏။

မြို့ဝန်မင်းကြီး၏စိတ်၌ မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ ကုလားဖြူတို့နှင့် မပြေမလည်မဖြစ်စေရ၊ ကုလားဖြူတို့နှင့်

မပြေလည်ကြလျှင်၊ ကုလားဖြူဗမာတို့ ဒုတိယအကြိမ် စစ်ဖြစ်ကြရ
မည်၊ စစ်ဖြစ်ကြရလျှင်

လေပြည်သုတ်နေသော သာယာသည့် ဟံသာဝတီရန်ကုန်မြို့၏ ညနေခင်း၌ပင်လျှင် ရန်ကုန်မြို့ဝန်မင်းကြီး၏ မျက်နှာ၌ ချွေးသီးချွေး ပေါက်ကြီးများစို့နေ၏။

၃။

လက်ဖွေ့တော်ကြီးကို အကြိမ်ကြိမ် မှာကြားလိုက်သည်ဆိုသော ကြောင့်၊ ပုဇွန်တောင်ရွာငယ်ဘက်သို့ မြင်းတစ်စီးနှင့် ထွက်လာခဲ့၏။ အပြင်သို့မထွက်ဘဲ အိမ်တွင်းပုန်းလုပ်နေသော ဆွေဆက်အဖို့ မျက်နှာ မထားးတတ်အောင်ဖြစ်နေရ၏။ မျက်နှာ၌ရထားသည့် ဒဏ်ရာတို့က လည်း လုံးဝမပျောက်သေး.....

သည်ဒဏ်ရာတို့ကြောင့် မသွားဘဲနေရမှာကလည်း နာရေးကိစ္စ ဖြစ်နေ၏။ ထို့ထက်ပို၍ သွားသင့်သည်ကား သုံးခွပဲ့နင်းကြီး ဦးချွေးဖြူသည် တိုင်းပြည်ဂုဏ်ကိုဆယ်ယူရန် တိုက်ခိုက်ရင်း ပူပူနွေးနွေး ကျဆုံးသွားခဲ့သည် မဟုတ်ပါလား။

မိမိတို့အဖို့ ဦးခွေးဖြူကိုလည်း ဂုဏ်ပြုရပေမည်။ ကျန်ရစ်သော မြရွက်ကိုလည်း အားပေးစကား သွားရောက် ပြောကြားသင့်သည်။

မြရွက်သည် မိခင်ကိုယ်နှင့် ဖခင်စိတ်ဖြစ်၏။ မိခင် ကရင်မကြီးကို တူလျှင် အလွန်အေးချမ်းတိတ်ဆိတ်စွာရှိပေမည်။ သို့သော် မြရွက်ကား ယိုသို့မဟုတ်...

ကိုယ်လုံးကိုယ်ထည်ကမူ မိခင်ကိုတူသောကြောင့် ထုထည်ကြီး၏။ တုတ်ခိုင်သန်စွမ်း၏။ ဖခင်၏လုံးကျစ်မှုကလည်း ပါဝင်ပေါင်းစပ်ထား သေးသည်။

မျက်နှာကမူ မိခင်အနွယ်သို့လိုက်လျက် ထင်ပေါ်သော မေးရိုးရှိ၏။ မိခင်၏အသားအရေမျိုးလည်းရှိ၏။ အရွယ်ရောက်သည်နှင့် ကရင် စပ်မကလေးပီပီ ကြည့်၍ အလွန်လှ၏။

ရန်ကုန်သူရန်ကုန်သားတို့သည်၊ ကုလားဖြူတို့နှင့် အရောင်း အဝယ် အဆက်အဆံများသောကြောင့်၊ ရန်ကုန်အနောက်ဖျားရှိ၊ ကရင်ကျောင်းသို့ မိမိတို့သားသမီးများကိုအပ်နှံလေ့ရှိကြ၏။ ကရင် ကျောင်းတွင် ကုလားဖြူဘုန်းကြီးနှင့် ကရင်ဆရာကြီးတို့ရှိကြ၏။ ကုလားဖြူစာနှင့် ဗမာစာကို သင်ပေး၏။ ဗမာနည်း၍ ကရင်အမျိုးသား များလေသည်။

မြရွက်နှင့်ဆွေဆက်တို့သည် ကရင်ကျောင်းထွက်များ ဖြစ်ကြ၏။



ငယ်စဉ်ကတည်းက ကစားဖော်လည်းဖြစ်၏။ ရန်ဖြစ်ဖက်လည်း ဟုတ်၏။

မြရွက်က ခင်မင်လိုသော်လည်း ဆွေဆက်က မြရွက်မခံမရပ် နိုင်ရန် အမြဲပြောဆို ရန်စ,တတ်၏။ မြရွက် မခံမရပ်နိုင်အောင် ကရင်ပုပ်မ၊ ကရင်ပုပ်မဟု ခေါ်၏။ "သည်ကောင်မလေး မဆိုးဘဲ နေပါ့မလား၊ ရေလက်ကြား လူကပြားတဲ့..."ဟုလည်း မကြာမကြာ ပြောတတ်၏။

ဤသို့ပြောတိုင်း မြရွက်သည် ငြိမ်ခံနေလေ့မရှိ၊ ဆွေဆက်ကို အတင်းဝင်လုံး သတ်ပုတ်တတ်၏။ သို့သော် ဆွေဆက်က ပြန်၍ သတ်ပုတ်ရိုးမရှိ၊ "နင်က မိန်းမပဲ နင်နဲ့ဖက်သတ်ရမှာ ငါရှက်ပါ တယ်..." ဟု ဆွေဆက်ကဆိုတတ်၏။

မြရွက်အတော်ကလေး ကြီးလာသောအခါ "ငါတို့ ကရင်လည်း ဒီမြေကြီးပေါ်မွေး၊ ဒီမြေကြီးကထွက်တဲ့ အသီးအနှံတွေစားပြီး၊ ဒီမြစ်ထဲက ရေတွေသောက် ကြီးလာတာပဲ။ နင်တို့ ဗမာလည်း ဒီမြေပေါ်မွေး၊ ဒီမြေကြီးကထွက်တဲ့ အသီးအနှံစားပြီး၊ ဒီမြစ်ထဲက ရေတွေသောက် ကြီးလာတာပါပဲ..."ဟု ပြော၏။

"အေး...ဟုတ်တယ် ... ငါလည်း ဒီလိုပဲတွေးမိတာပဲ၊ ဒို့ ဒီမြေပေါ်မွေး၊ ဒီမြေပေါ်နေ၊ ဒီမြေပေါက်အသီးအနှံတွေစား၊ ဒီရေတွေ သောက်ပြီးကြီးလာကြတဲ့ လူတွေဟာ အတူတူချည်းပေါ့ကွာ...

တစ်တိုင်းတစ်ပြည်ဆီက မြေပေါ်မှာကြီးလာကြတဲ့ လူတွေမှ မဟုတ်ဘဲ . . .”

“အေးပေါ့ဟဲ့ အဲဒါပေါ့ နင်က အားကြီး သွေးခွဲစကား ပြောတတ်တယ်၊ဒို့အားလုံးတစ်မြေထဲ တစ်ရေထဲ ကြီးပြင်းလာကြတာ မှုတ်လား . . .”

“အေး . . . ငါအခု အရင်လို မပြောတော့ပါဘူး၊ ဒို့ဗမာလည်း ဒီမြေပေါ်ကြီးလာကြတာပဲ၊ နင်တို့ကရင်လည်း ဒီမြေပေါ် ကြီးလာကြတာပဲ၊ ဒို့အတူတူပဲမှုတ်လား၊ ဒါ့ကြောင့် နင့်အမေ ယီးအစုနဲ့ နင့် အဖေ ဦးရီးခွေးဖြူတို့ အတူတူနေကြတာပေါ့”

“အေးပေါ့ ဒါပေါ့ . . . ဒို့အဘက ဘယ်တော့မှ မခွဲဘူး”

“အေး . . . ငါလဲ နင့်အဘလိုပဲ ဘယ်တော့မှ မခွဲခြားဘဲ နင်နဲ့ ငါနဲ့အတူနေချင်လာပြီ”

“ကြည့်စမ်း သေခြင်းဆိုး ငါက အကောင်းပြောနေတာမှတ်လို့ ကဲ–ကဲ”

မြရွက်သည် ဆွေဆက်၏ ကျောပြင်ကြီးကို အုန်းအုန်းမြည်အောင် ထု၏။ ဆွေဆက်က မည်သို့မျှ မဖြစ်ဘဲ မျက်နှာကလေး နီရဲနေသော မြရွက်ကို စိမ်းစိမ်းစူးစူးကြည့်၏။

ထိုသည့်နောက်မှစ၍ ဆွေဆက်နှင့်မြရွက်တို့ မသတ်ကြ မပုတ်ကြ



တော့ဘဲ၊ မြရွက်လည်း ဆွေဆက်မလာလျှင် တမျှော်မျှော် နေတတ်၍ ဆွေဆက်ကလည်း မြရွက်ဆီသို့ တစ်နေ့တစ်ခေါက် မသွားရလျှင် မနေနိုင် ဖြစ်လာ၏။ ဆယ်ကျော်သက်က ဖြစ်ပျက်ခဲ့ရပုံများ ဖြစ်၏။

အရွယ်ကလေးရောက်သည်နှင့် ဆွေဆက်နှင့် မြရွက်တို့ ဝေးခဲ့ကြရသည်။ ဆွေဆက်သည် နေပြည်တော်အထိ သွားရောက်အမှုထမ်းနေရသော မင်းလုလင်တစ်ယောက် ဖြစ်နေ၏။ ဆွေဆက် မရောက်ဘူးသော အရပ်ဟူ၍မရှိ . . . ဆွေဆက် မလိုက်ပါဘူးသော စစ်မြေပြင်ဟူ၍ မရှိ၊ အနယ်နယ် အရပ်ရပ်ကို နှံ့စပ်ခဲ့ပြီးမှ အမှုတော်ထမ်းဘဝနှင့်ပင်၊ ဟံသာဝတီရန်ကုန်မြို့သို့ ပြန်ရောက်လာရ၏။

ရောက်သည်နှင့် မြရွက်ကိုသတိရသည်၊ သို့သော် . . . အလာ ကောင်းသော်လည်း အခါနှောင်းသလိုထင်ရ၏။ မြရွက်ကို ကြည့်မြင်တိုင် သဌေးသား မျိုးမင်းက ကြိုက်သောကြောင့် မိဘကိုပူဆာသဖြင့်၊ ကြည့်မြင်တိုင်သဌေးက ကြောင်းလမ်းနားဖောက်နေသည်ဟု ကြားရ၏။ မြရွက်မိဘ သုံးခွပ်နင်းကြီးဦးခွေးဖြူတို့က မည်သို့မျှ အကြောင်း မပြန်သေး . . .

ဆွေဆက်က မြရွက်ကို သွားရောက်တွေ့ဆုံသောအခါ စိတ်ထဲမှ ရည်ရွယ်ထားသကဲ့သို့ဝမ်းပန်းတသာ နှုတ်မဆက်နိုင်ဘဲ ငေးမောနေ ရ၏။

"မထိုက်ရပ်ရာ၊ မြိုင်စုံသာဝယ်၊ သူဇာမိုးနေ၊ ဘုံကကြွေသို့၊ ဆံကေ ရှင်မြ၊ ထုံးရှုရှုလည်း၊ ယုယမပြင်၊ လက်သင်မြိတ်လွတ်၊ သွယ်နွဲ့ညွတ်ကို ..."

ဆွေဆက်၏ခေါင်းထဲ၌ နတ်သျှင်နောင်၏ ရတုကဗျာပေါ်လာသည်။ နှစ်ယောက်သား အတန်ကြာအောင် မျက်လုံးချင်းဆိုင်လျက်၊ နှလုံးသားချင်း ပွေ့ဖက်နှုတ်ခွန်းဆက်မိကြ၏။ မြရွက်သည် ဣန္ဒြေရှိစွာ ပြုံးလိုက်၏။

"အို... အစ်ကိုဆက်..."

မြရွက်၏မျက်လုံး၌တောက်ပလာသည်။ မလှုပ်မရှားကျောက်သားသို့ ဖြစ်နေသော ဆွေဆက်ကို ရွှန်းလဲ့လဲ့ မျက်လုံးဖြင့် ထပ်ကြည့်၏။

"ကြွပါ ...လေ..."

ဆွေဆက်သည် လှုပ်ရှားသော နှလုံးဖြင့် အိမ်ပေါ်သို့ တက်ခဲ့သည်...။ မြရွက်၏ဖခင်ကြီး သုံးခွပုံနှင်းကိုမေးသည်။ ထို့နောက် မိခင်ကိုမေးသည်။ မိခင်ယီးအစ၊ ဆုံးပါးခဲ့ပြီဟုသိရ၏။ ထို့နောက်ကား မိတဆိုးမိန်းမချောကလေးကို နှမငယ်ပမာ ဆက်ဆံ ခဲ့၏။ ပုံနှင်းကြီးဦးခွေးဖြူကလည်း ဆွေဆက်သွားလာ ဝင်ထွက်နေ သည်ကို ကျေနပ်၏။ ယခုအခိုက် အတန့်အတွင်း၌မူ၊ အရေးတော် ရှုပ်ထွေးနေသဖြင့် ပြေးလွှားနေရသောကြောင့် ဆယ်ရက်တစ်ကြိမ် ငါးရက်တစ်ကြိမ်မျှသာ ရောက်နိုင်ရာခဲ့သည်။



တိမ်ပျံသည် သွားနေကြလမ်းအတိုင်း သခင်ကို သယ်ပိုးလျက် မြရွက်တို့အိမ်ရှေ့၌′ အလိုအလျောက်ရပ်၏။ ခေါင်းငိုက်စိုက်နှင့် ငြိမ်သက်ပါလာသော၊ ဆွေဆက်သည် နပျိုသူတို့၏ အတွေးဥယျာဉ်ဝယ်၊ အိပ်ရာမှနိုးလာဘိသို့သတိရ၏။ "ဟယ် ...မြရွက်တို့အိမ်တောင် ရောက်လာပါပကော"ဟုတွေးရင်း မိမိကိုယ်မိမိရှက်ရွံ့စွာ မြင်းပေါ်မှ ဆင်း၏။

မြရွက်က အိမ်ရှေ့မဏ္ဍပ်အပြင်သို့အရောက် ထွက်လာကြို၏။ မဏ္ဍပ်အတွင်း၌ ပုဏ္ဏန်တောင် ရှာသူအပျိုချောများ ကြက်သွန်လှီးနေကြသည်။ ပုဏ္ဏန်တောင်ရှာသူအပျိုတို့သည် ဒဏ်ရာမပျောက်သေးသည့် ဆွေဆက်၏မျက်နှာကို ဝိုင်းကြည့်နေကြသောကြောင့် ဆွေဆက်က မျက်နှာ မထားတတ်အောင် ရှက်ရွံ့လျက် ဖျာစကို ခလုတ်တိုက်၏။

အကြောင်းစုံကို သိထားပြီးသော မြရွက်က ဆွေဆက်အတွက် အားနာ သနားနေ၏။ အိမ်ထဲသို့ရောက်သောအခါ ပြန်တော့မည့်ဆဲဆဲ ပြုနေသောဦးကြီးတစ်ယောက်က မြရွက်ကို နှုတ်ဆက်လာသည်။

မြရွက်နှင့်ထိုလူကြီး အတန်ကြာအောင် ခေါင်းချင်းကပ်၍ စကား ပြောကြပြီးနောက်၊ ထိုလူကြီးက ထွက်သွားတော့မည်ကဲ့သို့ပြုပြီးမှ ပြန်လှည့် ရပ်၏။

"အကြောင်းပေါ်လာလို့သာပေါ့... တကယ်တော့ နက်ဖြန်ခါ ငါရှိဖို့ ကောင်းတာ၊ ဒါပေမဲ့ ငါ့တူမကြီး စိတ်မကောင်းမဖြစ်နဲ့..."

"ကိစ္စမရှိပါဘူး ဘကြီး... မြရွက်နားလည်ပါတယ်၊ ဩော် ဒါထက်...

မြရွက်က ပြုံးတော့မလိုလိုပြုံရင်း ခပ်လှမ်းလှမ်း၌ ငြိမ်သက်ရပ်စောင့်နေသော ဆွေဆက်ကို လှည့်ကြည့်၏။ ထို့နောက် ဆွေဆက်ရှိရာသို့သွား၍ လက်မောင်းရင်းမှ ကိုင်ဆွဲခေါ်လာပြီးနောက်·ထိုလူကြီးရှေ့၌ ရပ်စေ၏။

"ဒါ... ကျွန်မတို့ဘကြီး၊ အဖေ့အစ်ကို တစ်ဝမ်းကွဲ၊ ဦးမြတ်ထွန်းတဲ့၊ ဟောဒါက မြရွက်တို့ ငယ်ငယ်က ကျောင်းနေဖက်၊ ရန်ဖြစ် ဖက် အစ်ကိုဆွေဆက်..."

လူကြီးသည် ဆွေဆက်၏မျက်နှာကို စူးစမ်းသော မျက်လုံးဖြင့် ကြည့်၏။

"တစ်နေ့က ပြောပြောနေတဲ့ ဆွေဆက် ဆိုတာလား..."

မြရွက်က ညင်သာစွာ ခေါင်းညိတ်ပြ၏။ လူကြီးက ဝမ်းမြောက်ချစ်ခင်သောဟန်ပန်နှင့်ဆွေဆက်၏ လက်မောင်းနှစ် ဖက်ကို ဆုပ်ကိုင်ဖျစ်ညှစ်၏။

"ဩ... မောင်ရင်ပဲကိုး၊ ကျုပ်က မြတ်ထွန်းတဲ့ မကြာခင် မောင်နဲ့ကျုပ်နဲ့တစ်နေ့လောက် ဆုံကြဦးစို့..."

စကားပြောပြီးသည့်တိုင်အောင် လူကြီးသည် ဆွေဆက်၏မျက်လုံးကို စူးစိုက်ကြည့်နေသေး၏။ ထို့နောက် တည်ငြိမ်သော.အပြုံးနှင့်ပင်



နှုတ်မဆက်ဘဲ လှည့်ထွက်သွား၏။ လူကြီး၏စကားပြောပုံ ကြည့်ရှုပုံတို့မှာ လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက်ရှိ၏။

ဆွေဆက်နှင့်မြရွက်တို့ ကြည့်နေခိုက်ပင် ပုဇွန်တောင်ချောင်းအတွင်း ရေဆိပ်၌အသင့်ဆိုက်ကပ်ထားသော လှေထက်သို့ လူကြီးရောက်သွား၏။ လှေ၌ အရွယ်ညီ၍ အားကောင်းမောင်းသန်သော လှေလှော်သား ဆယ့်နှစ်ယောက်တို့ရှိနေကြ၏။ ထိုသူတို့သည် လူကြီးလှေပေါ်သို့ ရောက်ပြီးသည်နှင့် လေးမှ လွတ်လိုက်သည့် မြားကဲ့သို့ အတုံ့အဆိုင်းမရှိ လှေကို လှော်ထုတ်သွားကြ၏။ ပုဇွန်ဆီသွေးနှင့် လူးခြယ်ပေးနေသည့် ကောင်းကင်ကြောင့် ရွှေညိုရောင်ထသော လှိုင်းကြက်ခွပ်များနှင့် တလက်လက်လှနေသည့် ပုဇွန်တောင်ချောင်း ရေယဉ်သည် ဖြတ်ကျော်သွားလိုက်သော လောင်းလှေငယ်ကြောင့်၊ ရတ်ရတ်သဲသဲ ရယ်နေဘိသို့ လှိုင်းထလှုပ်ရှား၏။

ဆွေဆက်သည် မြရွက်နှင့်အတူ ဤသို့ ရပ်ငေးနေရသည်ကိုပင် တသိမ့်သိမ့် ကြည်နူးနေ၏။ ငေးမောနေသော ဆွေဆက်၏ မျက်နှာကို မြရွက်က ကြည့်လိုက်သည်။ နေလောင်သောကြောင့် ရင့်ကျက်နေသည့် အသား၊ ပေါ်လွင်သော နှာတံ၊ ညီညာသော နဖူး၊ ချွန်သောပါးရိုး၊ ခိုင်မာသော မေးရိုးတို့နှင့် ပီသထင်ရှားသည့် မျက်လုံးနှာခေါင်းပါးစပ်တို့ရှိ၏။ မျက်နှာ၌ ထိခိုက်ပွန်းပဲ့နေသည့် ဒဏ်ရာတို့သည် ရင့်ကျက်သော ယောကျ်ားတစ်ယောက်၏ ပီပီသသမျက်နှာကို

မဖျက်ဆီးနိုင်ရုံမက လှပခန့်ညားအောင် ထပ်ဆင့် အမွှမ်းတင်ပေးနေသကဲ့သို့ရှိ၏။

"ကြည့်စမ်း အမှတ်မထင် နေလာခဲ့မိတာကိုး ...တကယ်တော့ သူက ယောက်ျားပီပီခန့်ချောကြီး ချောတဲ့လူတစ်ယောက်ပဲ..."ဟု ဝမ်းထဲက တွေးမိလိုက်၏။

ထိုသို့ ငေးမောတွေးမိဆဲ၊ ငွေဆွဲဆက်က ဖျတ်ခနဲ မြရွက်မျက်နှာကို ကြည့်လိုက်သည်။ မရှောင်လွှဲလိုက်နိုင်ဘဲ ငေးကြည့်နေသည်ကို အမိခံလိုက် ရရုံမျှမက၊ ဆွေဆက်မျက်လုံးကို ပြန်ကြည့်နေမိရသေး၏။ ဖိုသောရင် ဖြင့် ဣန္ဒြေပျက်စွာ မျက်နှာလွှဲလိုက်မိ၏။

"လာလေ... အိမ်ထဲကိုသွားမယ်...

မြရွက်သည် မိမိအသံကို မိမိမမှတ်မိလောက်အောင် အသံပျက်နေကြောင်း သတိထားမိ၏။ ချက်ချင်း မနက်ဖြန်မှ ဖခင်ကြီး၏ ရက်လည်ဆွမ်းကို သွပ်ရမည်။ ယခု မိမိက ဤသို့ ဖြစ်နေရသည်မှာ သင့်လျော် ပါမည်လားဟု တွေးတော၏။ မိမိကိုယ်မိမိ အပြစ်တင် စက်ဆုပ်ရက်ရွံ့မိ၏။

သို့သော် ခက်နေသည်ကား ...ဖခင်ကြီး ကျရသည်ကို စိတ်ထိခိုက်သည် မှန်၏။ မျက်ရည်ကမထွက်၊ ဝမ်းနည်း၍လည်း မရ၊ "ငါတို့ အဘ ကုလားဖြူတွေတိုက်ရင်း၊ ကျရတာပဲဘာဖြစ်သလဲ..."ဟု



ဂုဏ်တောင်ယူလိုက်ချင်သေး၏။ သို့ပေမယ့် လူတွေက ကဲ့ရဲ့တတ်ကြသည်။

ဖခင်သေဆုံးလျှင် ဖခင်ကိုတကယ်ချစ်ခင်သော ဗိုင်းကောင်းကျောက်ဖိဖြစ်သော မိန်းကလေးတစ်ယောက်သည် ဝမ်းနည်းပူဆွေးရမည်၊ မျက်ရည်စက်လက် ဖြစ်နေရမည်၊ ပူပုံပန်းရုပ်ကလေးနှင့် သနားစဖွယ်ဖြစ်နေ၍ အရပ်က ဝိုင်းဝန်းကြင်နာခြင်း၊ အားပေးအားမြှောက်ပြုခြင်းကို ခံနေရမည်ဖြစ်၏။

မြရွက်သည် အရပ်၏ ကဲ့ရဲ့ခြင်းကို မခံရလေအောင် အနည်းအကျဉ်း ဟန်ဆောင်ငြိမ်သက်ကြည့်၏။ ထိုသို့ ဟန်ဆောင်နေရင်း ဝမ်းထဲက ရယ်ချင် ရယ်ချင် လာသောကြောင့် ရိုးရိုးပင်ကို အတိုင်း ပွင့်ပွင့်လင်းလင်း နေလိုက်ရသည်။

သနားချင်နေကြသော အပေါင်းအသင်းများနှင့် အရပ်က အဒေါ်ကြီးများ၊ ရပ်မိရပ်ဖများ စသည်တို့သည် မြရွက်ကိုကြည့်ပျက်၊ မကျေ မနပ် ဖြစ်ကြ၏။ မိမိတို့သနားရမည့်သူက သနားစရာရုပ်မျိုး မရှိလေသော အခါ စိတ်ဆိုးကြ၏။

အရွယ်ရောက်ခါမှ မိတဆိုးကလေးဖြစ်လျက်၊ ဒီအဖေဒီသမီးနှစ်ဦး တည်းကျန်ရစ်ခဲ့ရာ၊ ယခု အကောင်းသား အမွန်သား အကျန်းမာသားနှင့် ဒီသမီးကလေးကို တစ်ကောင်ကြွက်ထားပစ်ခဲ့ကာ၊ ကုလားဖြူတို့နှင့် တိုက်ရင်း အဖေကကျဆုံးသွားရ၏။

ဒါထက် သနားစရာ၊ လွမ်းစရာ၊ စိတ်ထိခိုက်စရာအဖြစ်မျိုးသည် မရှိ၊ ဒါနဲ့တောင် ဒီသမီးက မျက်နှာတယ်မညှိုးလှ ဣန္ဒြေ တယ်မပျက်လှ...

သို့သော် ဗမာတို့သည် ကြင်နာတတ်သူများ ဖြစ်ရကား မသနားရလျှင် မနေနိုင်...

"သနားပါတယ်ဟယ် **သူ့ခမျာ** ကရင်သွေးက စပ်နေတော့ ဘာမှလည်း လူရေးလူရာ မသိဘူး၊ ဝမ်းနည်းရကောင်းမှန်း စိတ်ပူရကောင်း မှန်း မသိရှာဘူး၊ မျက်နှာ သိပ်မပျက်လှဘူးဟဲ့..."

မြရွက်ကို ဤသို့သော အကြည့်မျိုးဖြင့် ကြည့်ကြ၏။ ဤသို့သော အမြင်မျိုးဖြင့် မြင်ကြ၏။ အချို့က တစ်ကောင်ကြွက် တစ်မျက်နှာ ကျန်ရစ်ခဲ့ရသော မြရွက်ကိုယ်စား မြရွက်၏ရှေ့ရေးကို တွေးတော ပူပင်ကြ၏။

"လူဆိုတာ တစ်ဘက်က ကုသိုလ်ဆိုးရင် တစ်ဘက် ကုသိုလ် ကောင်းတတ်ကြတယ်ဟဲ့၊ မြရွက်ကို ကြည့်မြင်တိုင်သူဌေးသားက ကြိုက်လိုက်တာမှ ဖျပ်ဖျပ်ကိုလူးလို့ လူကြီးချင်း နားတောင် ဖောက်ပြီးကြပြီ ပဲ၊ အခုဆိုရင် အသာယူလိုက်ပြီး သဌေးကတော် လုပ်နေလိုက်ရုံပဲပေါ့..."

"ညည်းတို့ ပြောသလိုတော့ လွယ်သားပဲအေ့၊ ဒါပေမယ့် မြရွက်ကရော မြရွက်တို့ အဖေကရော၊ အဲဒီ သူဌေးသားကို သူတို့



အိမ် အဝင်အထွက် လုပ်လုပ်နေတာတောင် လူကြီးတွေက အထိုက် အလိုက်နေပေမယ့် မြရွက်က မောင်းတောင်ချသတဲ့..."

"ဟိုတုန်းကတော့... ဟုတ်ချင်ဟုတ်ကြမှာပေါ့အေ... ဒါပေမယ့် သူ့ခမြာ အခုတော့ အားကိုးရာမဲ့၊ တစ်ကောင်ကြွက် မဟုတ်လား..."

ဤသို့ မြရွက်နှင့် သူဌေးသားအကြောင်းပြောနေချိန်၌ပင်၊ ကြည့်မြင်တိုင် သူဌေးသားရောက်လာ၏။ နောက်လိုက်နောက်ပါ အခြွေအရံနှင့် စီစီညံညံ ရှိလှ၏။

သူဌေးသားသည် ပုသိမ်ပုဝါကို မျက်ခုံးစပ်အထိ ဖုံးအုပ်လျက် အကြော့အမော့ခေါင်းကို ရစ်ပေါင်းထား၏။ လွန်းကြီးချိတ် ပုဆိုးရှည်ကို ဂက်ဆင်ထားသည်ဖြစ်ရာ၊ မဏ္ဍပ်ဝသို့ဝင်လာသည်နှင့် ပိုးပုဆိုးမှ တရှမ်းရှမ်း မြည်သံကို အိမ်ပေါ်ထပ်မှ ကြားရ၏။ သူဌေးသား၏ နောက်မှ ကွမ်းအစ်ကိုင်၊ ဆေးအစ်ကိုင်၊ ဓားလွယ်ကိုင် လူရှစ်ယောက် ခန့်ပါလာကြသည်။ သူဌေးသား၏ မြင်းတို့ကို မဏ္ဍပ်အပြင် အိမ်ဝင်းထရံ၌ တန်းစီချီ ထားကြ၏။

ဧည့်သည်တွေဝင်လာသည်ကိုမြင်သောကြောင့် မြရွက်နှင့် စကား ပြောနေသည့် ဆွေဆက်က နေရာမှ ထ,လိုက်သည်။

"ကျုပ်ပြန်မယ် မမြရွက် နက်ဖြန်မှ လာတော့မယ်..."

"နေအုံး အစ်ကိုဆက် မြရွက်ပါ အောက်ကမဏ္ဍပ်ထဲကို သိုက်ခဲ့ အုံးမယ်..."

"အို… ဟိုမှာ ဧည့်သည်တွေ လာနေကြတယ်လေ… အိမ်ရှင်ဆိုတာ ကိုယ့်နှာရေးကိစ္စကို ရောက်လာတဲ့လူဆိုရင် ဝတ္တရားကျေအောင် ဧည့်ခံရတယ်။ ပြီးတော့ ဒီဧည့်သည်ကလည်း တစ်နေ့ ကိုယ့်အိမ်ဦးနတ် ဖြစ်လာရမယ့်…"

"အို… အစ်ကိုဆက်ကလည်း…"

မြရွက်သည် ဆွေဆက်၏စကားကိုမှဆုံးအောင် နားမထောင်ဘဲ မဏ္ဍပ်ရှိ အပျိုဖော်များဆီသို့ ဆင်းသွား၏။

အဆင်းအတက်၌ မြရွက်နှင့်သူဌေးသား မျိုးမင်းတို့ ဆုံလိုက်မိကြသော်လည်း မြရွက်က မမြင်ဘိသို့ပြုလျက် နီမိသွားမည့်လမ်းကို ရှေးရှု ဆင်းသွား၏။

သူဌေးသား မျိုးမင်းသည် နေရာတွင်ရပ်လျက်၊ မြရွက်ကို လည်ပြန်လှည့်ကြည့်နေရာမှ လူကြီးဝိုင်းမှ မိမိအားဆီးကြို နှုတ်ဆက်လိုက်သည့် နေရာသို့ အရှက်ပြေထိုင်ရန်သွား၏။

ဆွေဆက်သည် လမ်းဖယ်ပေးလျက်၊ ဘေးတွင်ရပ်၏။ ထို့နောက် တည်တံ့ဖော်ရွေသော အပြုံးနှင့် သူဌေးသားမျိုးမင်းကို ကြည့်၏။

မျိုးမင်းသည် ဆွေဆက်ကို မျက်စောင်းဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက် မတူမတန် မသိဘူးသူကဲ့သို့ပြုလျက် လူကြီးဝိုင်းရှိရာသို့ သွား၏။ သူဌေးသားနှင့် အခြေအရံတို့ လွန်သွားကြမှ ဆွေဆက်သည် ရပ်နေရာမှ မဏ္ဍပ်တွင်းသို့ ဆင်းလာခဲ့သည်။



ငရုတ်သီးထောင်းနေကြသည့် အပျိုဝိုင်းထဲမှ မြရွက်က **မတ်တတ်ထ**လိုက်သည်။

"အစ်ကိုဆက် နက်ဖြန် ဘယ်အချိန်လာမှာလဲ…"

"ကျုပ်လာနိုင်ရင် ခပ်စောစောပဲ လာခဲ့မယ်လေ…"

"ဟုတ်တယ် မြရွက်ကလည်း အစ်ကိုဆက်ကို ခပ်စောစောလာစေချင်တယ် … ဟို … ဟို…"

မြရွက်သည် စကားကို ဆက်မပြောဘဲ အတန်ကြာအောင် ငေးနေ၏။ အနီးဝန်းကျင်၌ အလုပ်လုပ်နေကြသော အပျိုများ၊ ကာလသားများက မိမိတို့လုပ်နေကြသည့် အလုပ်ကိုရပ်လျက် မြရွက်ပြောမည့်စကားကို စောင့်ဆိုင်းနားထောင်နေကြ၏။ ဆွေဆက်ကလည်း နားစွင့်နေ၏။ မြရွက်သည် အနီးပတ်လည်သို့ မျက်လုံးတစ်ချက်ကစားလိုက်ပြီးနောက် ဆွေဆက်ရှိရာသို့ သွား၏။

"နက်ဖြန်ခါ ဘကြီးတို့လဲ မလာနိုင်ကြဘူး၊ မြရွက်ပဲ လူကြီးလုပ်ပြီး ရေစက်ချရမှာ၊ ဒါကကိစ္စမရှိဘူး မနက်စောစော ဘကြီးတို့ဆီကို သွားမယ့် လှေကြုံရှိတယ်၊ အဲဒါအကိုဆက်နဲ့ မြရွက်တို့ တစ်နေ့သွားရအောင် အခေါ်လွှတ်လိုက်ပါလို့ ဘကြီးဆီကို မှာလိုက်ချင်တယ် အဲဒါတိုင်ပင်ချင်လို့"

"ဘယ်သူလဲဘကြီးဆိုတာ၊ ခုနလူကြီး ဦးမြတ်ထွန်းဆိုတာလား ကျုပ်တို့ ဘာလုပ်ဖို့သွားကြရမှာလဲ၊ မြရွက်ကို လိုက်ပို့ပေးရမှာလား"

"ပို့ဖို့ချည်းမဟုတ်ပါဘူး၊ မြရွက်တစ်ယောက်ထဲလဲ သွားနိုင်ပါတယ်။ အစ်ကိုဆက်ကို ဘကြီးနဲ့ စကားပြောစေချင်လို့ပါ"

အနီးပတ်ဝန်းကျင်မှ အလုပ်လုပ်သည်ကို ရပ်၍နားထောင်နေကြသော သူတို့သည် ဘယ်လိုမှထူးခြားသည့်စကားများ မဟုတ်သောကြောင့် မိမိတို့ ပြုလက်စအလုပ်များကို ဆက်လက်လုပ်ကိုင်နေကြ၏။ ထိုအတွင်း သူတို့၏ မျက်စိသည် ဆွေဆက်နှင့် မြရွက်တို့ရှိရာမှ အခြားဘက်သို့ ရောက်သွား၏။ လှီးလက်စ ကြက်သွန်၊ ထောင်းလက်စ ငရုပ်သီး ထောင်းခြင်း အလုပ်များကို ရပ်ပစ်လိုက်ကြ၏။

ဆွေဆက်နှင့် မြရွက်ဘေးမှ သူဌေးသား မျိုးမင်းဝင်ရောက်ရပ်လာသည်။ ဆွေဆက်သည် တည်ငြိမ်သောအပြုံးနှင့် မျိုးမင်းကို လှည့်ကြည့်လိုက် ပြီးနောက် သုံးယောက်ဆိုင်ရပ်သာအောင် နေရာဖယ်ပေးလိုက်၏။

မျိုးမင်းက ဖယ်ပေးသည့်နေရာကို ဝင်ယူလိုက်ယင်း မြရွက်၏ မျက်နှာကို တခဲ တညား စိမ်းစိမ်းစားစားကြည့်၏။

"အဖေကြီးလဲ မတုပြိုင်သင့်တာကို တုပြိုင်တိုက်ခိုက်မိလို့ ဆုံးပါးသွားရရှာပါပြီ။ ဒါနဲ့တောင်မှ "မြ" လေးတစ်ယောက်ဟာ ဘယ်သူ့အားကိုးနဲ့ မာနမိုးကြီးကောင်းနေရတာပါလိမ့်"

မြရွက်က မလှုပ်မရှားလှည့်မကြည့်ဘဲ ငြိမ်သက်နေ၏။ ထို့နောက် ဆွေဆက်ဘက်သို့လှည့်လိုက်၏။



"နည်းနည်း စောစောလာစေချင်တာဘဲ အစ်ကိုဆက်၊ ကဲ အစ်ကိုဆက်လေဲ ပြန်ချင်နေပြီ၊ မြရွက်လဲအိမ်ပေါ်ပြန်တက်တော့မယ်"

မြရွက်လှည့်ထွက်သွားတော့မည်ပြုစဉ် အားတုံ့အားနာ ဖြစ်နေသော ဆွေဆက်ဘက်သို့ မျိုးမင်းကလှည့်လိုက်၏။

"ဘယ့်နဲ့...ကိုယ့်ရောင်းရင်း မျက်နှာလဲသူရဲကောင်းတံဆိပ်တွေအပြည့်နဲ့ လှလို့ပါလား။ ဒါကြောင့် "မြ" လေးတို့က ဒါလောက်အရေးပေးနေတာ မှတ်တယ်"

မြရွက်၏ခြေလှမ်းသည် တုံ့သွား၏။ ဆွေဆက်၏မျက်နှာသည် တင်းကနဲဖြစ်သွား၏။ သို့သော် မျိုးမင်း၏ မျက်နှာကို တစ်ချက်မျှ ကြည့်ပြီးနောက် မည်သို့မျှ မတုံ့ပြန်ဘဲလှည့်ထွက်လိုက်၏။

"နေပါအုံးကိုယ့်လူရ...ကျုပ် ကိုယ့်လူကို ဆရာတင်ချင်လို့ပါ၊ နိုင်ငံခြားသားတွေရှေ့မှာ ဆံပင်ကကိုင်ပီး ဝင်းပြင်အရောက် မြေကြီးပေါ်က ဓာရွတ်တိုက်ဆွဲအထုတ်ခံရလို့ မျက်နှာမှာ တံဆိပ်ရလာတဲ့ သူရဲကောင်း ယောကျ်ားမျိုးကို မိန်းမပျို့တွေက ကြိုက်တတ်သလားဟုတ်လား"

ဆွေဆက်သည် စော်ကားမော်ကားပြုလုသော မျိုးမင်းကို တစ်စုံတစ်ခု ပြုလုပ်တော့မည်ကဲ့သို့ လှုပ်ရှားလိုက်မိပြီးမှ ဝိုင်းကြည့်နေကြသော မိန်းမပျိုများနှင့် ဧည့်သည် ယောကျ်ားမိန်းမတို့ကို မျက်စိကစား

လိုက်၏။ ထို့နောက်ပါးစပ်မပွင့်သောအပြုံးနှင့် နှုတ်ခမ်းတစ်ခြမ်းတည်း ပြုံးလိုက်၏။

"အဲဒါတွေ ကျုပ်တို့ရွာပြင်ရောက်မှ ပြောကြစို့၊ လာဗျာ အိမ်ရှင်က ညှော်မခံတဲ့အတူတူကျုပ်နဲ့ပြန်လိုက်ခဲ့ပါလား"

ဆွေဆက်၏အသံသည် ခပ်အေးအေးခပ်တိုးတိုးပင်ဖြစ်၏။ မျိုးမင်းက အသံကျယ်လောင်စွာ ဟားတိုက်ရယ်လိုက်သည်။

"ကိုယ့်ရောင်းရင်းက နောက်ထပ်တံဆိပ်ကြီးကြီးတွေ ထပ်လိုချင်နေတယ် မှတ်တယ်..."

ထိုစဉ်မြရွက်၏လက်သည် မျိုးမင်း၏ခေါင်းမှ ပုသိမ်ပုဝါစကို ဖြုန်းကနဲဆွဲဖြုတ်ချလိုက်၏။

"ရှင့်တံဆိပ်မျိုးနဲ့ ဘယ်သင်းကသာသလဲ ရှင့်တံဆိပ်က ကုလားဖြူတွေကို မျောက်က ကပြလို့ ရတဲ့တံဆိပ်၊ ဟိုတံဆိပ်က ကုလားဖြူလည်မျိုကို ဓားနဲ့ထောက်ပြီး မြို့ဝန်ကြီးအိမ်ဝင်းထဲကစော်ကားမော်ကားလုပ်တဲ့ ကုလားဖြူတွေကို မောင်းထုတ်ခဲ့လို့.....

..... ကုလားဖြူတွေ ကြောက်နေရတဲ့ ဗမာတွေကကုလားဖြူတွေ ကျေနပ်အောင်ပေးလိုက်ရတဲ့တံဆိပ်.....

..... အဲဒီတံဆိပ်နှစ်ခု ဘယ်သင်းက တန်ဖိုးရှိတယ်ဆိုတာ ရှင့်လိုမျိုးဖျက်ကတော့ ဘယ်သိမလဲ....."



ဝိုင်းဝန်းကြည့်နေကြသူတို့သည် မြရွက်၏ စကားဆုံးသည်နှင့် မျိုးမင်း၏မျက်နှာကို လှည့်ကြည့်၏။ မျိုးမင်း၏နဖူး၌ "မျိုးဖျက်" ဟူသော စာလုံးနက်ကြီးသည် ရေးထွင်းထားဘိသို့ အထင်းသားပေါ်နေ၏။

မျိုးမင်းသည် ရုတ်တရက် ဘာလုပ်ရမည်မသိပဲ နေရာတွင် ရပ်ကာ ကြက်သေကြီး သေနေ၏။ ထို့နောက်သတိဝင်လာလျက် ပုဝါစကိုကိုင်ထားသော မြရွက်၏ လက်ကောက်ဝတ်ကို လှမ်းဆုတ်လိုက်၏။

"ရှင်.....လွှတ်စမ်း.....ကျုပ်လက်သနတယ်....."

မြရွက်ကပုဝါကိုဆုတ်ကိုင်ထားရင်း လက်ကိုရုန်း၏။ မျိုးမင်းက ဒေါသနှင့် မြရွက်လက်ကိုဆွဲမလိုက်ပြီး အခြားလက်တစ်ဘက်ဖြင့် မြရွက်၏ လက်ထဲရှိ ပုဝါစကိုဖြေယူ၏။ ဤတွင်မြရွက်၏လက်တွင် ဝတ်ထားသော ကျောက်ကျွတ်နေသည့်လက်စွပ်ကိုမြင်သည်။

မျိုးမင်းသည် ပုဝါကိုလက်မှ ဖြေမယူတော့ဘဲမြရွက်၏ လက်ကို မြှောက်ယူကြည့်ရင်း သူ့ရဲအခြောက်ခံရသူ၏ မျက်နှာကဲ့သို့ တဖြည်းဖြည်း အထိတ်တလန့်ဖြစ်လာ၏။

ထို့နောက် မြရွက်၏မျက်နှာကို ပြူးပြူးကြည့်လျက် နောက်ဆုတ်နောက်ဆုတ်ပြုရင်း လက်ညှိုးဖြင့်ထိုးထား၏။

"နင်.....နင်.....နင်"

မျိုးမင်းသည် စကားကိုမှ ဆက်မပြောနိုင်အောင် ဖြစ်လျက်၊ နောက်ဆုတ် နောက်ဆုတ်ပြု၍ အတော်ကလေးလှမ်းလှမ်းကွာမှရပ်၏။

ဘေး၌ရှိနေကြသော သူတို့လည်း မျိုးမင်းဤမျှအထိတ်တလန့်ဖြစ်နေသည်ကို ကြည့်၍၊ ဘုမသိဘမသိ ရောရောင်နောက်ဆုတ်ကြ၏။

မျိုးမင်းသည် မြရွက်၏မျက်နှာမှ လုံးဝမခွာပဲခါးထဲ၌ လိပ်ထားသည့် အထုတ်တစ်ခုကို နှိုက်ယူ၏။ ထို့နောက်ထိုအထုတ်ကိုမကြည့်ဘဲဖြေယူပြီး မြရွက်သို့ပြ၏။

"ကြည့်စမ်း...ဒီမှာကြည့်စမ်း...ဒါနင့်ဟာမှုတ်လား၊ နင် စားပြ .... သူခိုးစားပြ"

မျိုးမင်း၏လက်မနှင့်လက်ညှိုးကြားတွင် ဇီးကင်းခန့်ရှိသောကြောင်ကျောက် တစ်လုံးဖြစ်၏။

မြရွက်၏လက်သည် ကြက်ကလေးကိုသုတ်လိုက်သော သိန်းစွန်ကဲ့သို့ မျိုးမင်း၏လက်ထဲမှ ကျောက်ကို ဖျတ်ကနဲ လုယူလိုက်၏။

"ဟုတ်တာပေါ့...ဒါမြရွက်လက်စွပ်က ကျောက်ပေါ့၊ ဆေးအထိုးခံရမှာ ရှက်တယ်ဆိုလို့ ရှင့်ကိုပါးရိုက်တုန်းက ကျွတ်ကျကျန်ရစ်တာဖြစ်မှာဘဲ..... ဒါ.....ဘကြီးက ပေးထားတဲ့ ကျောက်....."

မြရွက်ကပြောပြောဆိုဆို မျိုးမင်း၏ ပုသိမ်ပုဝါကို မြေသို့ပစ်ချလိုက်၏။ ထို့နောက် လက်ထဲရှိကျောက်ကို ပါးစပ်တွင်ငုံလိုက်ပြီး မျိုးမင်း မျက်နှာဘက်သို့ တည့်တည့်ရင်ဆိုင်၏။



မျိုးမင်းသည် မိမိနောက်လိုက်များအကြားသို့ ပြေးဝင်ရင်း၊ မိမိနောက်လိုက်တစ်ယောက်၏ ဓားလွယ်မှ ငှက်ကြီးတောင်ဆောင်ဓားကို ဆွဲထုတ်ဆုပ်ကိုင်လိုက်၏။

"မိပြီ မိပြီ.....ကျုပ်လှည်းတွေကို တိုက်တဲ့ဒမြမ၊ သင်းခေါင်းဆောင်ဘဲ၊ သင်းကို ကျုပ်တို့အခုဖမ်းရမယ်၊ ဟော့ဒီ့လူတွေဘာလုပ်နေကြတာလဲ သင်းကို ဝိုင်းပါလား၊ သင်းကိုဖမ်းကြ၊ သည်ဒမြမကိုဖမ်းကြ....."

မျိုးမင်းသည် အရူးကဲ့သို့ မျက်လုံးပြူးပြူးပြဲပြဲဖြစ်နေလျက် တစ်မောတပန်း ဒေါသတကြီးအော်ဟစ်၏။ မဏ္ဍပ်အတွင်း၌ လူတွေတဖြည်းဖြည်း အုံလာလျက် မြရွက်တို့ကို ဝိုင်းပိတ်ထားသကဲ့သို့ဖြစ်နေ၏။ ကြက်သွန်လီးသူ၊ ငရုပ်သီးထောင်းသူတို့လည်း တဖြည်းဖြည်း နောက်ဆုတ်သွားကြကာ ဝိုင်းကြည့်နေကြသော လူတွေအကြား၌ ရောက်နေ၏။

မျိုးမင်း၏သွေးထိုးစေခိုင်းချက်အရ မျိုးမင်း၏ တပည့်တပန်းတို့ကလည်း ဓားတဖွေးဖွေးဖြင့် ဝိုင်းဝန်းခုတ်ထစ်ကြတော့မည်ကဲ့သို့ တစ်စတစ်စ မြရွက်အနီးသို့ လှည့်ပတ်ဝိုင်းရံလာကြ၏။

လူကြီးဝိုင်းရှိ လူအချို့တို့က မဆွဲဝံ့၊ မတားဆီးဝံ့နှင့် ဟုတ်သည်မဟုတ်သည်ကိုလည်း မယုံရဲယုံရဲဖြစ်နေကြ၏။ အချို့လူကြီးများကဤသို့ဖြစ်နေသည်ကို မကြည့်ရက်၊ ပွဲနှင်းကြီးသာရှိလျှင် သင်းတို့ဒါလောက်ရှိ ခေါင်းနဲ့ကိုယ်နဲ့တောင် အိုးစားကွဲကုန်ကြပြီဟု တွေး၏။

"မောင်ရင် ကိုငမျိုးမင်းတို့ရဲ့၊ ကြည့်ရှုလဲလုပ်ကြပါဟဲ့၊ ဟုတ်လဲ အေးအေးချမ်းချမ်း၊ မဟုတ်လဲအေးအေးချမ်းချမ်းလုပ်ကြမှပေါ့။ ဘာမှမရှိတဲ့ မိန်းမတစ်ယောက်ကို ဓားတွေနဲ့ ဝိုင်းနေကြတာတော့ အရုပ်ဆိုးလွန်း လှပါတယ်....."

လူကြီးတစ်ယောက်က တားဆီးလိုက်သော စကားသည် တစ်ချိန်လုံး ငြိမ်သက်အံ့အားသင့်နေသော ဆွေဆက်ကိုလှန့်နှိုးလိုက်ဘိသို့ရှိ၏။ ဆွေဆက် အံ့အားသင့်ရသောအကြောင်းရင်းသည် မျိုးမင်းနှင့် မျိုးမင်းလူများက ခုတ်မည်ထစ်မည်ဟု ဓားကိုယ်စီနှင့် ဝိုင်းနေကြသောကြောင့် မဟုတ်၊ ကုလားဖြူတို့နှင့်တကွ၊ ဟံသာဝတီရန်ကုန်မြို့သားတို့ **အံ့**အားတသင့် တုန်လှုပ် ကြောက်ရွံ့ခဲ့ကြရသည့် မျက်နှာဖုံးထားသော ဓားပြဗိုလ်ကြီးသည်...

တင့်လှပေဟန်၊ ဘက်မရန်သော၊ ခြောက်တန့်နှတ်ရှာ၊ ဘုံကလာသို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ်ထင်ထင်၊ ဖြူတ်ချည်းမြင်က၊ နတ်ပင်ရိုးမှား၊ ဝိုးဝါးတွေးချွတ်၊ စိတ်လုံးညွတ်သည့်၊ ဘုံထွက်ကျသက်၊ ရှင်မြရွက်မှ..... လာဖြစ်နေရသောကြောင့်ဖြစ်၏။

ဆွေဆက်သည် မိမိတိတ်တခိုးချစ်နေမိသော မြရွက်လိုမိန်းမမျိုးက ဓားပြဗိုလ်ကြီးဖြစ်နေသောကြောင့် အထင်မသေး၊ မုန်းတီးမသွား၊ ပို၍ဂုဏ်ယူ၏။ ပို၍သဘောကျ၏။ ဇမ္ဗူတွင် တလူမအဖြစ်နှင့် **ကြားဖူးရုံမျှ** ပင်ကြားဖူးရန် ခဲယဉ်းလှသောတကယ့်ချီးကျူးဖွယ်



မိန်းမပါပေတကားဟု တွေးတောဝမ်းမြောက်၏။ သို့သော် သတိရလာသည်နှင့် မြရွက်က ရှေ့ကဝင်ရပ်လိုက်၏။

"အကိုဆက် အသာနေ! အသာနေ၊ ဘေးဖယ်၊ တကယ့် သူရဲကောင်း ယောကျ်ားကြီးတွေက လက်နက်မဲ့မိန်းကလေး တစ်ယောက်ကို ဓားနဲ့ဝိုင်းခုတ်ဖို့ လုပ်နေကြတာ ဘယ်လောက်ကြည့် ကောင်းသလဲ၊ ဒီလို ယောကျ်ားမျိုးကြီးတွေ ရှိနေရက်နဲ့တောင် မြရွက်တို့တိုင်းပြည်ကို ကုလားဖြူတွေက အနိုင်ကျင့်ရဲကြတယ် ဆိုတာ....."

မြရွက်၏စကားမဆုံးမီပင် မျိုးမင်း၏တပည့်သုံးယောက်တို့ အမှတ်မဲ့ ဓားဖြင့် ခုန်ဝင်ခုတ်ထစ်ကြ၏။

မြရွက်သည် ကြောင်မကဲ့သို့ လျင်မြန်စွာ ညင်ညင်သာသာ တိမ်းရှောင်လျက်၊ အနီးရှိ မြေအင်တုံငယ်ထဲမှ ရေများဖြင့် သုံးယောက်သားတို့၏ မျက်နှာသို့ ပက်မိအောင်ပက်၏။ ထိုရေသည် မိန်းမပျိုတို့ ငရုတ်သီးကြက်သွန်များ ဂျင်းများထောင်းပြီး ငရုပ်ဆုံတို့ကို ဆေးသွန်ထည့် ထားသည့် လက်ဆေးရေဖြစ်၏။

မဏ္ဍပ်တိုင်ကို ခုတ်ထစ်နေမိလျက်သား ဖြစ်နေကြသော မျိုးမင်း၏တပည့်သုံးယောက်တို့သည်။ မျက်နှာကို လက်ဖြင့်ပိတ်လျက်၊ **ခေါင်းတယမ်းယမ်းဖြစ်နေကြ၏။** ထိုစဉ် မြရွက်က လူနှစ်ယောက်လက်မှ ဓားနှစ်လက်ကို အလွယ်လုယူ၏။ ဆွေဆက်ကလည်း ကျန်တစ်ယောက် လက်ထဲရှိ ဓားကိုအလွယ်ဆွဲယူလိုက်သည်။ ထို့နောက် မြရွက်၏ရှေ့မှ ဝင်ရပ်လျက် မျိုးမင်းကို ရင်ဆိုင်လိုက်သည်။

"အစ်ကိုတို့စဉ်းစားပါ၊ မြရွက်အစ်ကိုတို့ကို တမင်အရွဲ့တိုက်ပြီး ပြောချင်ရင်ပြောမည်။ ဟုတ်ချင်ရင်လည်းဟုတ်မည်။ သူခိုးဒမြဟူက ကြောက်ရွံ့သမှု စစ်မဆေးဘဲဟုတ်ပါသည်ဟု ပြောလေ့မရှိ၊ ဟုတ်သည် ထားဦး၊ အစ်ကိုတို့အခုလုပ်တာ အရုပ်ဆိုးလှသည်၊ မြရွက်အတွက် ကျွန်တော်တာဝန်ယူမည်။ ဘယ်မှမပြေးစေရ။ အစ်ကိုတို့မြရွက်ကို ကြိုက် သလိုစွပ်စွဲနိုင်သည်။ မသာမယာကိစ္စပြီးတဲ့အခါ မြို့ဝန်မင်းရုံးမှာ လျှောက်ထားပြီး စွပ်စွဲဖမ်းဆီးနိုင်သည်။ သည်လိုမဟုတ်ဘဲ အခု လုပ်နည်းမျိုးကိုလုပ်လျှင် အစ်ကို့ဂုဏ်လည်းထိခိုက်မည်၊ ကျွန်တော် တို့ကလည်း ကြည့်မနေသာ....."

ထိုအခါတွင် တရုန်းရုန်းတလှုပ်လှုပ်နှင့် ဝိုင်းကြည့်နေကြသူ အားလုံးတို့က တစ်ယောက်တစ်ပေါက်ဝိုင်းဝန်း ထောက်ခံကြ၏။ လူကြီးတွေကိုယ်တိုင် ဆွေဆက်တို့ရှိရာသို့ တိုးဝင်ရောက်လာကြ၏။ မိန်းမပျိုအချို့နှင့် ပုဇွန်ဘောင်ရှာငယ်မှ အပျိုခေါင်းတို့ကလည်း မြရွက်၏ဘေးသို့ဝိုင်းလာကြ၏။ အချို့ကလည်း မျိုးမင်းကို အတင်း ဆွဲခေါ်လျက် ပြန်ပါရန်ပြောကြ၏။

မျိုးမင်းသည်မငြင်းဆန်နိုင်ဘဲမိမိလူများကိုခေါ်၏။ ဆွေဆက်က မိမိလက်ထဲရှိဓားကို မြေပြင်သို့ထိုးစိုက်ပစ်ပေး၏။ မြရွက်ကလည်း ယင်းအတိုင်းပစ်စိုက်၏။ ဓားသုံးချောင်းတို့သည် တစ်တန်းတည်းမြေ၌ စိုက်လျက် ဓားရိုးသုံးခုပူးနေကြသည်။

မျိုးမင်းတို့လူစုသည် ဓားများကို နုတ်ယူထွက်သွားကြ၏။



မျိုးမင်းတို့ ထွက်သွားကြပြီးသည်အထိ မဏ္ဍပ်အတွင်း၌ လူတွေ စုရုံးစုရုံးပြောနေကြ၏။ အချို့က ခုချိန်မျိုးမှာ ခုလိုဖြစ်ရတဲ့အတွက် စိတ်မကောင်းဟု မျိုးမင်းတို့က ပြောသွားရမည့်အစား ယင်းတို့က ဝင်ပြောနေကြ၏။

အချို့မိန်းကလေးတို့က "သူဌေးသားမျိုးမင်းကို ပြောလိုက်တာ၊ တကယ်လား၊ သိပ်အားကျတာဘဲ၊ နောက်တစ်ခါ အဲဒါမျိုးဆိုရင် ကျွန်မပါခေါ်ပါ" ဟု အားတက်သရောပြောကြ မေးကြ၏။

မြရွက်ကမဟုတ်သလိုလို၊ ဟုတ်သလိုလို တိတိကျကျအဖြေမပေး ဘဲ"မကြာခင်အားလုံးသိလာကြမှာပေါ့....." ဟုပြော၏။

ဆွေဆက်ပြန်မည်ပြုသောအခါ မျိုးမင်းတို့လူစု စောင့်နေကြမည်စိုး သောကြောင့် ဝိုင်းတားထားကြ၏။ အခွင့်သာသည်နှင့် ဆွေဆက်က မြရွက်ကို "တကယ်လား....." ဟုမေးသည်။ မြရွက်ကခေါင်းညိတ် ဝန်ခံ၏။

"မိုက်လှချည်လား မြရွက်ရယ် ဟုတ်ရင်လဲဘာလို့ ပြောရတာ ဘုံး....."

"ဘကြီးပေးထားတဲ့ ကြောင်ကျောက်ကလေးကို နမြော်လို့၊ အဲဒါလေးထုတ်ပြအောင် ကမင်ပြောလိုက်တာ၊ ပြီးတော့ မြရွက်မှာ အဘလဲဆုံးခဲ့ပြီမဟုတ်လား...အဘကို သေအောင်တိုက်တဲ့ကုလားဖြူ

တွေကို ဘကြီးနဲ့အတူလိုက်သွားပြီး သင်းတို့ကို ပြန်တိုက်ရမယ်.....သည်မှာနေလို့ ဘာထူးအုံးမှာလဲ....."

"မြရွက်ရယ်.....နင့်နှယ်....."

ဆွေဆက်က ညည်းသာ ညည်းရသည်။ မြရွက်၏အစီအစဉ်ကို မဟုတ်ဖူးဟု မဆိုသာ....."

ဆွေဆက်ပြန်လာချိန်၌ အတော်ညဉ့်နက်ခဲ့လေပြီ။ မြရွက်သည် ဆွေဆက်ကို စိတ်မချသောကြောင့် ဘေးဆီးရန်ကာယူသွားရန် ဓားလွယ်တစ်ချောင်းပေးလိုက်၏။ "အဘသည်ဓားလွယ်ပါမသွားတာနဲ့..... ဓားတုံးလွယ်လို့ ကျရတာ....." ဟုလည်း နှုတ်မှ ပြောလိုက်သေး၏။

ဆွေဆက်က မြရွက်သည် တိုက်ပွဲအကြောင်း၊ ဓားခုတ်လုံ့ထိုးအကြောင်း အတော်ချည်း အရည်ဝနေပြီဟု မှတ်ချက်ချလိုက်၏။ ထို့နောက် မြရွက်ကို နှုတ်ဆက်လျက် ပုဇွန်တောင်ရွာငယ်ထဲမှ ထွက်လာခဲ့သတဲ့။

ကောင်းကင်၌ ကြယ်ရောင်မျှရှိသည်။ လဆန်းရက်ဖြစ်သောကြောင့် လ,ဝင်ပြီးနှင့်ပြီဖြစ်၏။ သစ်တောကြီးအတွင်းသို့ ဝင်သွားသော မြေဖြူလမ်းကြောင်းကလေးကို မြင်းပေါ်မှ ရေးရေးမြင်ရသည်။ တိမ်ပျံသည် ဤလမ်းကိုသိ၏။ ဘာမှပူပန်ရန်မလို.....,



အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော မြင့်မားလှသည့် သစ်ပင်အိုကြီးတို့၏ အောက်၌ အလင်းရောင်လုံးဝကင်းမဲ့နေ၏။

မြင့်မားသော သစ်တောကြီး၏ အပြင်ဘေးရှိ **ချုံပိတ်ပေါင်း** တန်းတစ်လျှောက်တွင် ပိုးစုန်းကြူးတို့သည် ဝင်းကနဲ ဝင်းကနဲ တစ်ချိန်တည်း၊ တစ်ညီတည်း မှန်မှန်လင်းလင်းနေ၏။ ထိုပိုးစုန်းကြူး အလင်းရောင်တို့ရှေ့မှ မဲမဲအရာဝတ္ထုများ ဖြတ်လာနေကြသည်။ မျိုးမင်းတို့တပည့်များ ဖြစ်ဟန်တူ၏။

ကြိုတင်ရှောင်ရှားလိုသည့်သဘောနှင့် ဆွေဆက်ကမြင်းကို ခပ်သုတ်သုတ်နှင်၏။ တစ်ဘက်မှ မဲမဲများက ဆွေဆက်ရှိရာသို့ ဒုန်းစိုင်းလာကြ၏။ ရန်သူတွေဖြစ်ကြောင်းသေချာသည်နှင့် ဆွေဆက်သည် မြင်းကိုဒုန်းစိုင်း၏။ သစ်တောအုပ်အပြင်သို့ထွက်သော အစပ်၌ မြင်းချင်း မနီးမဝေး လာဆုံကြ၏။

ရန်သူတို့၏မြင်းသည် ရှစ်ကောင်ရှိ၏။ ဆွေဆက်သည် မြင်းရှစ်ကောင်တို့ ဝိုင်းရံလိုက်သည်ကို ရှေ့မှကြို၍ ပြေးလိုက်၊ နောက်သို့ လှည့်၍ပြေးလိုက်၊ ယာသို့ပတ်၍ ပြေးလိုက်၊ ဝဲသို့ပတ်၍ပြေးလိုက်၊ ပူးချေခွာချေပြုလိုက်စသဖြင့် မြင်းရှစ်ကောင်တို့ဖမ်းမမိနိုင်အောင်ပြု၏။

ကြိုလိုက် ဖြတ်လိုက် ပန်းလိုက်ကြသော မြင်းတို့နှင့် မြင်းချင်းဆုံတိုင်း အသင့်ထုတ်ယူထားသော ဓားလွယ်မှ ဓားဖြင့် ဓားချင်းဆိုင်၍ ခုတ်၏။ ဓားဓားချင်းလည်းခုတ်ရ၏။ ဓားနှင့်လှံနှင့်လည်း ခုတ်ရ၏။ ဓားနှင့်ဆောက် ပုတ်နှင့်လည်း ခုတ်ရ၏။ တစ်ယောက်နှင့် တစ်ယောက်

ချင်းလည်း ခုတ်ရတိုက်ရ၏။ တစ်ယောက်နှင့်နှစ်ယောက်လည်း ခုတ်ရတိုက်ရ၏။ ဤသို့ခုတ်ကြတိုက်ကြရင်း ရန်ပြုသူတို့ ဒဏ်ရာရလျက် မြင်းထက်မှကျကြ၏။

နောက်ဆုံးရန်သူဘက်မှ သုံးယောက်သာကျန်တော့၏။ ရန်သူသုံးယောက်တို့သည် သုံးယောက်သားလုံးပူးလျက် ဆွေဆက်ကို လိုက်ကြ၏။ ဆွေဆက်က သုံးယောက်သားလုံးကို လွတ်အောင်ပြေးရ၏။ သို့သော်..... တိမ်ပျံသည် မောလှပြီဖြစ်ရကား ကောင်းစွာလွတ်အောင် မပြေးနိုင်တော့။ ရင်ဆိုင်မိလျှင် ဆွေဆက်က သုံးယောက်နှင့် တစ်ယောက်တို့ ခုခံတိုက်ခိုက်ရင်း နောက်သို့တုံ့ပြေးခြင်း၊ ဘေးသို့ဖြတ်ပြေးခြင်း စသည်တို့ကို ပြုလုပ်နေရ၏။

ရောင်နီလာခဲ့လေပြီ၊ လိုက်လံတိုက်ခိုက်နေသည့် မြင်းသုံးစီးကို ခုခံရင်း ရန်သူမြင်းတစ်စီးပေါ်မှ တိုက်ခိုက်သူ၊ မြင်းပေါ်မှလဲ**အကျ** ဆွေဆက်က မြင်းကိုနောက်သို့တုံ့ပြေး၏။ ထိုစဉ် ဆွေဆက်မျက်နှာမူရာအရပ်မှ မြင်းလေးကောင် ထွက်လာကြ၏။ ဆွေဆက်သည် မြင်းကို တန့်ရပ်လျက် ဘေးသို့လှည့်ဖြတ်ပြေးမည်ပြု၏။

ထိုစဉ်ဆွေဆက်နောက်မှလိုက်လာသည့် ရန်သူမြင်းနှစ်ကောင်တို့က ဆက်မလိုက်ကြတော့ဘဲ ရပ်ကြည့်၏။ ထို့နောက် နောက်သို့တုံ့ပြန်ပြေး၏။ ဤတွင်ဆွေဆက်ကပြေးမည်ပြုပြီးမှ မိမိမြင်းကို တုံ့ရပ်လိုက်ပြီး မိမိရှိရာသို့ လာနေကြသော မြင်းလေးကောင်ကို စောင့်ရပ်ကြည့်၏။



မြစွက်နှင့်ယောကျ်ားကြီးသုံးယောက်တို့ဖြစ်နေကြ၏။

“အကိုဆက်ကို ရန်သူတို့ ဝိုင်းဝန်းတိုက်ခိုက်နေကြသည်ဟု အိပ်မက်မြင်မက်နေဆဲ၊ ဘကြီးဆီမှ လူများရောက်လာကြသောကြောင့် ခေါ်ဆောင်လိုက်လာခဲ့သည်.....”ဟု မြစွက်ကပြော၏။ ဆွေဆက်သည် ရေးရေးမျှမြင်နေရသော မြစွက်၏မျက်နှာကို စိမ်းစိမ်းလှဲလှဲကြည့်၏။

“မြစွက်လိုက်လာတော့ မြန်မြန်သက်သာတာပေါ့လေ မြစွက်လိုက်မလာလဲသူတို့ကိုတော့ နိုင်အောင်တိုက်နိုင်မှာပါဘဲ၊ မြစွက်ပေးလိုက်တဲ့ ဓားပါပေလို့ပေါ့၊ ဓားကလည်း မြစွက်ပြောသလို တကယ်ကောင်းပါတယ်.....”

မြစွက်တို့ကဘာမှမပြောကြဘဲ ဆွေဆက်ကိုလိုက်ပို့ကြ၏။ ဟံသာဝတီ ရန်ကုန်သို့ ဝင်တော့မည်ပြုမှ မြစွက်တို့ရပ်နေခဲ့ကြသည်။ ဆွေဆက်သည် မြင်းကိုရပ်လျက် ဓားလွယ်ကိုချွတ်ပေး၏။ မြစွက်ကဆွေဆက်ကို ရွှန်းရွှန်းလဲ့လဲ့ကြည့်၏။

“သည်ဓား အကိုယူတော့”

ဆွေဆက်သည်ဓားကိုပွေ့ပိုက်လျက်မြစွက်ကိုတုံ့ပြန်ကြည့်သည်။ ထို့နောက် တရိုတသေလွယ်လိုက်၏။ အရှေ့ဘက်မှ နေလုံးကြီးထွက်လာလေပြီ.....။

"အကိုဆက် ကျွန်မတို့ပြန်မယ်၊ အကိုဆက် စောစောလာပါလော့....."

မြရွက်တို့သည် ဆွေဆက်ကြည့်နေစဉ်၌ပင် နောက်သို့လှည့်ပြန်သွားကြ၏။ နေလုံးကြီးကိုနောက်ခံပြုလျက် မြင်းနှင့်စိုင်းသွားကြသော မြရွက်တို့ကို မျက်စိတဆုံးကြည့်နေ၏။ မြရွက်တို့က အဝေးမှရပ်လျက် လက်မြှောက် ပြကြသေးသည်။ ဆွေဆက်ကလည်း မြင်းထက်မှခါးဆန့်၍ ဓားကိုချွတ်လျက် ဝမ်းပန်းတသာ ဓားကိုမြှောက်ပြ၏။

ရှေရည်လှူးသော တက်သစ်စနေရောင်ခြည်အောက်၌ ကြေးဖြင့်သွန်းလောင်းပြီးစ ရုပ်တုကဲ့သို့ မြှောက်ထားသော ဓားနှင့် လိုက်လျောလှသည့် ယောကျ်ားပီသလှသော ဆွေဆက်၏ ရုပ်တုကို မြင်တွေ့နေရသောအခါ၊ မြရွက်သည်နှလုံးသားထဲ၌ နွေးလာအောင် ကြည်နူးနှစ်သိမ့်နေ၏။ ထို့နောက် ကျေနပ်သောအပြုံးဖြင့် ပေါ့ပါးရွှင်မြူးစွာ မြင်းကိုဆက်လက်နှင်သည်။

ဆွေဆက်အိမ်သို့ရောက်သောအခါ ရန်ကုန်မြို့ဝန်ကြီးအိပ်ရာမှ ထနှင့်လေပြီ၊ မြို့ဝန်ကြီးသည် ဆွေဆက်ကိုလှမ်းခေါ်လိုက်၏။ ထို့နောက်.....

..... အိမ်အတွင်းသို့ ကုလားဖြူများမြင်းစီးဝင်လာကြစဉ်က၊ ဆွေဆက်က မောင်းထုတ်လိုက်သည်ကို ရန်ကုန်မြို့သားတို့အားလုံး သိနေကြသည်.....။



..... သည့်နောက် ကုလားဖြူတို့ ကျေနပ်အောင် ဆွေဆက်အား အိမ်မှတစ်ပါတည်း အပြစ်ပေးနှင်ထုတ်လိုက်သည့် အဟာန်ပြုလုပ်ရသည်ကိုလည်း ရန်ကုန်မြို့သားတို့အားလုံး သိနေကြသည်.....။

..... သို့ကြောင့်ဆွေဆက်သည်အိမ်၌ရှိနေမှန်း ရန်ကုန်မြို့သားတို့ သိကြလျှင် ကုလားဖြူတို့လူများလည်း ရန်ကုန်၌ရှိနေကြသောကြောင့် ကုလားဖြူတို့ပါသိကြမည်.....။

..... သည်သို့သိလျှင် ကုလားဖြူများက ဗမာတို့လိမ်လည်ကွေ့ကောက်၍ သင်းတို့ကိုဆက်ဆံသည်ဟု စွပ်စွဲမည်.....

..... သဟာ့ကြောင့် အမောင်သည်လက်ဖွေ့တော်ကြီးနှင့်အတူ၊ အမိန့်အညွှန်း ခန့်အပ်လွှာကိုပါယူလျက် အောက်ဘက်တစ်ခွင်တစ်ပြင်သို့ လူသူလက်နက်စုဆောင်းရန် သွားလေ..... အမောင် စုဆောင်းရသော လူသူလက်နက် အားလုံးတို့အပေါ်၌ ရသည့်လူသူလက်နက်အလိုက် အမောင်က အအုပ်အချုပ်ဗိုလ်ပြု၍ လက်ဖွေ့တော်ကြီးကို တပ်ရေးတပ်ထောက်ပြုလုပ်ရန် တစ်ပါတည်းခန့်အပ်လိုက်မည်။ အမောင် သွားလေလော့..... ဟုဆို၏။

ဆွေဆက်သည် လက်ဖွေ့တော်ကြီးနှင့်အတူထိုနေ့နံနက်၌ပင် ရန်ကုန်မြို့ဝန်မင်းကြီးအိမ်မှ ထွက်ခဲ့ရ၏။ ထို့နောက် မြရွက်တို့ ဆွမ်းသွတ်ကိစ္စပြီးသည်နှင့် မြရွက်နှင့်အတူ မြရွက်ဘကြီးရှိရာသို့ ရောက်ခဲ့ကြ၏။

မြရွက်၏ဘကြီးဦးမြတ်ထွန်းသည် ဒလမြို့တောင်ဘက်တွံတေးတောတန်းနှင့်ကွမ်းခြံကုန်းအစပ်တွင် လူ ၇၀၀၀ကို အုပ်ချုပ်၍ အသင့်ရှိနေသော အမှူးအအုပ်ဖြစ်သည်။ ဦးမြတ်ထွန်းကို ကနောင်မင်းသားကြီး၏ လူယုံတော်ဟု သာမန်မျှသိရသော်လည်း ဘာ့ကြောင့်ဤကဲ့သို့ လက်နက်လူသူနှင့် ဤနေရာတွင် တိတ်တဆိတ်လာရောက်နေထိုင်သည်ဟု ဦးမြတ်ထွန်းက ထုတ်မပြော...

ဦးမြတ်ထွန်းအပြင် ဦးမြတ်ထွန်း၏ ငယ်ပေါင်းရောင်းရင်း ဦးရွှေပန်းလည်းပါ၏။ ဦးရွှေပန်းသည် တွံတေးတောနက်စမ်းရေတွင်း၌ လူ၂၀၀၀ နှင့်အသင့်ရှိ၏။ မြရွက်ကိုအကြောင်းပြု၍ ဦးမြတ်ထွန်းနှင့် ဆွေဆက်တို့ တွေ့ကြသောအခါ ဦးမြတ်ထွန်းကဆို၏။

"မောင် အပင်ပန်းပြု၍ လက်နက်လူသူအသစ် စုဆောင်းမနေလေနှင့်၊ ကျုပ်ဆီက လူ၁၀၀၀ကိုခွဲယူ၊ မောင့်သဘောအတိုင်း သီးသန့်တပ်ဖွဲ့ပြီးတည်လေတော့၊ မောင့်၌မြို့ဝန်မင်းကြီးရဲ့ တရားဝင်အမိန့်ရှိသည်။ ကျုပ်တို့ကဲ့သို့ ပုန်းလျှိုးနေရန်မလို....."

ဦးမြတ်ထွန်းသည် ပြောသည့်အတိုင်း အားကောင်းမောင်းသန် လူငယ်လူသန့် လက်နက်ကိုင်လူ ၁၀၀၀ ကို ဆွေဆက်သို့ပေး၏။ ဆွေဆက်သည် ထိုလူ၁၀၀၀ နှင့် ကျောက်တန်း၌ တပ်ချရပ်တည်၏။

မြရွက်သည် မိမိဘကြီး ဦးမြတ်ထွန်းနှင့်အတူ ကျန်ရစ်၏။ ဆွေဆက် တပ်တည်ရာသို့ မြရွက်မပါလာတော့.....။

၄။

ဆွေဆက်တို့အဖို့ တပ်သစ်ထူထောင်ရသည်မှာ လွယ်သည် မဟုတ်၊ ပို၍ခက်ခဲသည်ကား.....မိမိသဘောအတိုင်းစည်းရုံး၍ရသော တပ်ဆိုလျှင် တော်သေး၏။ ယခုကား မိမိသခင်မိမိ ရှိပြီးသောတပ်ကို ခွဲယူလာသောကြောင့် ထိန်းသိမ်းစည်းကြပ်ရန် ခက်ခဲ၏။

တပ်တစ်ခုလုံး အမြဲရုတ်ရုတ်သဲသဲဆူညံ၏။ ထိန်း၍ သိမ်း၍ အော်ဟစ်၍မရ၊ ယခင် ဦးမြတ်ထွန်းလက်အောက်၌ ရှိစဉ်က ယင်းတို့ဆိုင်ရာဆိုင်ရာတို့ကို ကြောက်ရွံ့ရသောကြောင့် လေးခန့်၏။ ယခု ယင်းသို့ကြောက်ရွံ့ကြရသော သူတို့လည်းပါမလာ၊ ရွယ်တူ

တန်းတူမျှဖြစ်သော မိမိတို့ထက်ပင် ငယ်သေးသော ဆွေဆက်ကိုလည်း မကြောက်ရွံ့.....

ထို့ထက်ဆိုးသည်ကား တပ်သားတို့သည် မိမိတို့စခန်းချရာ၌ ငြိမ်ငြိမ်ဝပ်ဝပ်မနေ၊ အနီးအနားရွာငယ်ကလေးများကို သွားရောက်မွှေနှောက် ကြ၏။ တလိုင်းမကလေး၊ ကရင်မကလေးများနှင့်တကွ၊ ဗမာမကလေးတို့ကိုလည်း ချမ်းသာမပေးပဲ အတင်းသွားရောက်ဆွဲကြလွဲကြ၏။

တပ်သားတို့ဤသို့ရမ်းကားနေသည်ကို ရွာသားတို့ကလည်း ငြိမ်သက်ခံနေကြသည်မဟုတ်။ သင်းတို့တတွေကို ဓား၊ လှံ၊ တုတ်၊ လေး၊ ဝါးချွန် စသည်တို့ဖြင့် ခုခံရိုက်ပုတ် ထိုးခုတ်ပစ်ခတ်လွှတ်ကြ၏။ ထိုအခါ သင်းတို့က လူစုလူဝေးဖြင့်သွား၍ ရွာလုံးချေပစ်ကြ၏။ ကလေး မိန်းမ မကျန် တုပ် နှောင်သတ်ဖြတ်လျက် ရွာလုံးမီးတိုက်ပစ်ကြ၏။

မိမိတို့ပြောင်းလာကြ၍ တစ်ပတ်မှမပြည့်သေးမီ ရွာငယ်နှစ်ရွာ မီးတိုက်ပြီးနေ၏။ ထိုအပြုအမူကို ခေါင်းဆောင်ပြုလုပ်သူကား ..... မိမိကိုမိမိ ဗိုလ်ဖားဟုခေါ်သော ငဖားဖြစ်လေသည်။

ငဖားသည် သာယာဝတီ နတ်တလင်းမြို့ အနောက်တာပွန်ရွာသား ဖြစ်၏။ အရပ်ငါးတောင်နီးပါးရှိ၏။ အရပ်ရှည်သလောက် လူကောင်လည်းကြီး ထွား၏။ အရပ်ရှည် လူကောင်ကြီးရုံမျှမဟုတ်၊ တုတ်၊ ဓား၊ မီးပေါက်ပြီးသည် ဟုလည်း တစ်တပ်လုံး၌ကျော်ကြား၏။



ငဖားတို့စိတ်ထလာပြီဆိုလျှင် "မိုးပေါ်သကြား၊ လူ့ပြည်ငဖားဘဲ့ကွ၊ ငဖားတဲ့ကွ....."ဟု ကြိမ်းဝါးအော်ဟစ်လျက်၊ ဝါးပိုးလုံးကိုပင် ကွဲကြေကုန်အောင် လက်သီးဆုပ် ကြီးဖြင့် ထုချေပစ်တတ်သည် ဟုဆို၏။

ဆွေဆက်သည်ငဖားနှင့်တကွမိမိတပ်တစ်တပ်လုံးကို စုရုံးလျက်၊ မိမိတို့ ကျေးရွာဆင်းရဲသားများကို မိမိတို့က ပြန်၍မဖျက်ဆီးကြဖို့ နားဝင်အောင် တားမြစ်၏။ မိမိတို့ ကိုယ်တိုင်လည်း ဤကဲ့သို့သော ကျေးရွာများမှ ယခုကဲ့သို့ စုပေါင်းရောက်ရှိနေကြသူများဖြစ်ရာ၊ မိမိတို့က ယခုကဲ့သို့ မစုမိကြဘဲမိမိတို့ကျေးရွာတို့၌ နေထိုင်တုန်း အခြားသူတို့က ယခုမိမိတို့ကဲ့သို့ လာရောက်ဖျက်ဆီးကြမည်ဆိုလျှင် မိမိတို့စိတ်၌ မည်သို့နေကြမလဲ.....ဟု မေး၏။

ထို့ပြင်မည်သူ့ကိုမဆိုကြောက်ရွံ့နေကြသော ဆင်းရဲရိုးသား၍ သနားချစ်ခင်ဖွယ်ကောင်းသည့် မိမိတို့အမျိုးသားအချင်းချင်း မိမိတို့ကပြန်၍ စော်ကားပြကြဦးမည်ဆိုလျှင် အခြားသော တိုင်းတစ်ပါးသားတို့သည် မိမိတို့ထက်ပင် ပို၍စော်ကားကြပေလိမ့်မည်.....။

မိမိတို့ယခုကဲ့သို့ လက်နက်ကိုင် အဖွဲ့အစည်းဖြစ်လာအောင် ဖွဲ့စည်းထားကြသည့် မူလရည်ရွယ်ချက်သည် သနားခင်မင်ဖွယ်ကောင်းသော မိမိတို့ကျေးရွာသားများကို စော်ကားညှင်းဆဲရန်မဟုတ်၊ မိမိတို့ ကျေးရွာသားများကို စော်ကားညှဉ်းဆဲရန် ရောက်လာကြမည့်

တိုင်းတစ်ပါးသားတို့ကို တိုက်ခိုက်ထုတ်ပစ်ရန် စုစည်းထားကြသည့်အဖွဲ့ဖြစ်၏။ ယခု ကုလားဖြူတို့သည် ဗမာကျေးရွာသားများနှင့်တကွ ဗမာနိုင်ငံကိုပါ ကျူးကျော်ရန်စလာပြီဖြစ်ကြောင်း အားလုံးအသိဖြစ်၏။ သည်လို အချိန်မျိုးတွင် အနိုင်မခံအရှုံးမပေးဘဲ ကုလားဖြူတွေကို တိုက်ရန်ဖွဲ့စည်းထား သည့် ဗမာတပ်တွေက၊ ကုလားဖြူတွေကိုမတိုက်ဘဲ လုပ်တိုင်းခံကြရမည့် ဗမာတွေကို အချင်းချင်းအနိုင်ကျင့် နှိပ်စက်နေကြသည်ဆိုခြင်းမှာ . . . . . ရက်စရာကောင်းလှ၏။ ထို့ကြောင့် နောက်တစ်ကြိမ် ဤသို့ပြုလျှင်လုံးဝ သည်းမခံတော့ဟု ဆွေဆက်ကပြောထား၏။

ဤသို့ပြောထားပြီး၍မှုမကြာသေးမီ။ ငဖားတို့လူစုသည် ကုန်းရိုးတန်းပေါ်ရှိ ရွာတစ်ရွာကို မီးတိုက်နေကြပြီဟူသော သတင်းရောက်လာ၏။ ဆွေဆက်သည် စိတ်လည်းပျက်၏။ ဒေါသလည်းထွက်၏။ သည်လူတွေနှင့် ဖြစ်ပါတော့မလားဟုလည်း တွေး၏။

"ကဲ . . . . .အဘရေ . . . . .ဒီနေ့ကျနော်တို့တော့ ကိုယ့်အချင်းချင်း တစ်ပွဲတစ်လမ်း အကဲစမ်းကြရတော့မှာဘဲ"

လက်ဖွေ့တော်ကြီးက မထီတရီ ပြုံးယောင်ယောင်ဖြစ်လာရာမှ၊ ပါးစပ်ထဲရှိ ဆေးရွက်ဖတ်ကြီးကို တစ်ချက်နှစ်ချက်လိမ့်ဝါးရင်း ဆေးရည်ကို "ဗျစ်" ကနဲထွေးထုတ်လိုက်၏။

"အပျင်းပြေသပလူလေးရာ။ ဒါမှလဲ နောက်ကို ဒို့ပြောရင် အလွယ်ကူနဲ့ နားထောင်လာကြမပ"



လက်ဖွေ့တော်ကြီးနှင့်ဆွေဆက်တို့ အချိန်မီပင် အချင်းဖြစ်ပွားရာ ရွာထဲသို့ မြင်းကိုယ်စီဖြင့် ရောက်လာ၏။ ရွာထဲက ငဖားတို့ဖမ်းဆီးခေါ်ဆောင်ထားသူများမှတစ်ပါး အခြားရပ်သူရွာသားများမရှိကြတော့။

အိမ်တွေအတွင်းမှ ဆွဲယူမွှေနှောက်ယူထားသော ပစ္စည်းတို့သည် ရွာလမ်းမပေါ်၌ ဖရိုဖရဲပြန့်ကျဲနေ၏။

အချို့နေရာများ၌ ပြာပုံများ၊ မီးလောင်တိုင်ငုတ်များမှ မီးခိုးငွေ့ တလူလူ ထွက်နေ၏။ အချို့နေရာရှိ အိမ်ကြီးအိမ်ကောင်းတို့သည် မီးဟုန်းဟုန်းတောက်လျက် ဖြန်းဖြန်းဖြောင်းဖြောင်းမြည်နေ၏။ ရွာ၏အထက်၌ မီးခိုးလုံးကြီးများမှောင်လျက် ထိုမီးခိုးလုံးတွေအကြားတွင် ငှက်စွန်တို့ကလည်း ဝဲနေကြ၏။

လူသူကင်းသော အိမ်ပေါ်အိမ်အောက်တို့၌ ငဖား၏အပေါင်းအသင်းတို့သည် အထုပ် အပိုးကြီးများ လွယ်၍လည်းကောင်း၊ ကြက်များဘဲများကို ဆွဲ၍လည်းကောင်း၊ ကျွဲများ၊ နွားများကိုဆွဲ၍လည်းကောင်း၊ ဝက်များကိုတုပ် ၍ ထမ်း၍ ဆိတ်များကိုဆွဲ၍လည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့ကူးသန်းသွားလာ နေကြ၏၊

ကွမ်းစားလိုသောသူသည် ကွမ်းသီးတစ်လုံးလိုကာမျှဖြင့်လည်း ကွမ်းသီးပင်ကိုခုတ်လှဲချ၍ မိမိလိုသောကွမ်းသီးကိုဆွတ်၏။ အရက်နှင့်စားသောက်ရန် အမြည်းစားလိုသူကလည်း ချည်ထားသော နွား၏

ပေါင်သားကို အရှင်လတ်လတ်လှီးယူလျက် ထင်းမီးရစေရန် အတွက် အိမ်တစ်ဆောင်လုံးကို မီးတင်ရှို့၍ ထိုမီးဖြင့် အသားကိုဖုတ်၏။

ငဖားနှင့်အကျော်အမော် မိုက်ဘက်တို့သည် ရွာလယ်၌ ပျော်ပွဲကြီး ကျင်းပ နေကြ၏။ သူတို့သည် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော ကျယ်ဝန်းလှသည့် မြေကွက်လပ်ကြီးပေါ်၌ ဖြဲဖြဲကားကား ခြေဆင်းလဲလှူထိုင်နေကြ၏။

သူတို့လက်ထဲ၌ အရက်ခွက်များကိုယ်စီရှိ၏။ သူတို့၏ရှေ့၌ စမဲဟင်းလျာများကို ဗျပ် ကြီးဖြင့်ထည့်၍ သုံးချောင်းထောက်ပေါ်၌ တင်ထား၏။

ငယ်နုနုမိန်းမပျိုကလေးများသည် ငဖားတို့၏ ဖြကားထားသော ခြေထောက်ကြီးများကို တုံ့လှုပ်သော လက်ကလေးများဖြင့် ဆုပ်နယ်ပေးနေကြ၏။ မည်သူမျှ မျက်လွှာမပင့်ဝံ့၊ ထိတ်ယောရင် တုန်လှုပ်သော ကိုယ်လက်မျက်နှာတို့ဖြင့် အမြဲတမ်းမျက်လွှာချထားကြ၏။

ငဖားသည်ဗျတ်ထဲရှိ စမဲဟင်းလျာတုံးကို လှံဖြင့်ထိုးယူလိုက်၏။ ထို့နောက် အရက်တစ်ကျိုက်၊ အသားတစ်ကိုက် ကိုက်နေရာမှ မိမိခြေထောက်ကို နှိပ်ပေးနေသည့် မိန်းမပျိုငယ်၏ မျက်နှာကို ငုံ့ကြည့်၏။ လှံသွား၌ရှိသော အသားတုံးကို မိန်းကလေးပါးစပ်နား အနီးသို့ရောက်အောင် ဖြိုးကနဲထိုးပေး၏။ မိန်းကလေးက အထိတ်တလန့်မျက်နှာနောက်သို့ တွန့်၏။ ငဖားကဲသွားတစ်ပြုံလုံးပေါ်အောင် ပါးစပ်ကြီးဖြဲ၍ရယ်၏။



"ရှော့.....စား....."

မိန်းကလေးကခေါင်းရမ်းလျက် အလွန်ကြောက်ရွံ့စွာ နောက်သို့ တွန့်၏။ မှူးသောငဖား၏မျက်နှာသည် တင်းမာလာ၏။

"ဟဲ့.....စားစမ်း....."

မိန်းမပျိုက မိမိပါးစပ်အနီးသို့ ရောက်လာသည့်လှံဖျားကိုကြည့်လျက် လန့်အော်မိတော့မည်ကဲ့သို့ ပါးစပ်ကဟလိုက်၏။

"ကဲ.....ဟာ....."

အသားတုံးနှင့်တကွသော လှံသွားကို မိန်းမပျိုပါးစပ်ထဲသို့ ထိုးသွင်းလိုက်၏။ ထို့နောက်မျက်နှာကိုခြေထောက်ဖြင့်ကန်လျက် လှံသွားကိုနှုတ်၏။

"ဟေး.....ပြေးမယ့်အထဲကို ဒီကောင်မပါဆွဲထည့်လိုက်စမ်း"

ငဖား၏အဖော်တစ်ယောက်က ပါးစပ်မှ သွေးများစီးကျနေသည့် မိန်းမပျိုကို ရုပ်သေးရုပ်ကိုဆွဲယူသွားဘိသို့ လက်တစ်ဘက်ကိုကိုင်လျက် တရွတ်တိုက်ဆွဲသွား၏။

ငဖားကထိုင်နေရာမှထလျက်၊ ယစ်သောမျက်လုံးဖြင့် တစ်ဘက်သို့ လှမ်းကြည့်၏။

"ဘယ်သူ့အလှည့်လဲဟေ့....."

■

"ကျား....."

"အား.....ကျားလား ကျားဆိုရင် ဘယ်နှစ်ကောင်လဲဟေ့"

"မင်းဆီကကောင်မပါ ခြောက်ကောင်ကွာ....."

"ခြောက်ယောက် နည်းတယ်ဟေ့ ခုနှစ်ယောက်...

"ရရင် မင်းဘာပေးမလဲ....."

"ရသာ ရပါစေကွာ ငါကိုယ်တိုင်အရက်တစ်ခွက်ငှဲ့ပြီး မင်းဆီကို ရှိရှိသေသေလာပေးမယ်....."

"တကယ်နော် မင်းစကားမြဲမြဲမှတ်ထား....."

"မှတ်တယ်ကွာ စိမ်လိုက်....."

"အေးစိမ်တယ် မင်းသာရပါစေ....."

ငဖားနှင့်ကျားတို့ပြုလုပ်နေကြသည့် အလောင်းအစားကား ဆယ်လံ ပတ်လည်ခန့်ရှိသော ကွက်လပ်၏ အလယ်သို့ ဖမ်းဆီးထားသည့် ရွာထဲကလူတွေကိုခေါ်ထား၏။

ထို့နောက် "ပြေးကြ" ဟုအော်၍ အပြေးခိုင်း၏။ ထိုစဉ် အပြင်မှ မိမိအလှည့်ကျရောက်သူက ကွက်လပ်အတွင်းသို့ မြင်းကို ဒုန်းစိုင်းဝင်လာလျက် ကွက်လပ်အတွင်းရှိနေသေးသည့် ပြေးလွှား နေကြသူများကို တစ်ယောက်မှမလွတ်အောင် ထိုးခုတ်ရ၏။ ကွက်လပ်



အပြင်သို့ရောက်အောင် ပြေးနိုင်သူကို မထိုးရ မခုတ်ရ၊ လွတ်၏။

မခုတ်နိုင်မထိုးနိုင်၍ တစ်ယောက်နှစ်ယောက် လွတ်ထွက်သွားလျှင် ထိုးခုတ်သူအရှက်ရ၏။ တယောက်မကျန် ထိုးခုတ်သတ်ဖြတ်နိုင်လျှင် လူတော်ဖြစ်၏။ တစ်ကြိမ် တစ်ကြိမ်လျှင် လူဦးရေအများဆုံးသေကြေ ပျက်စီးအောင် ခုတ်နိုင် ထိုးနိုင်လေ..... ဂုဏ်ရှိလေ...

လောင်းကြေးကား လူတစ်ယောက်ပိုခုတ်နိုင်လျှင် ရှုံးသူကအရက် တစ်ခွက် ငှဲ့ပေးရခြင်းပင်ဖြစ်၏။

ယခုလည်းကျားသည် လူခုနစ်ယောက်ကိုမလွတ်အောင်ခုတ် မည်ဟုဆို၏။

အထိုးအခုတ်ခံကြရမည့် ရွာသားများကို ကွက်လပ်အလယ်သို့ ဆွဲယူသွား၏။ ကျားက ကွက်လပ်ဘေးတွင် မြင်းစီးလျက် လှံမ ကိုကိုင်လျက် အသင့်စောင့်၏။

"လွတ်ပဟေ့....."

ကြိုးဖြေထားသောသူများကို ကွက်လပ်အလယ်တွင် တစ်ပြိုင်နက် လွှတ်ပေးလိုက်ကြပြီး၊ လွတ်သူတို့က ဘေးသို့စုရပ်နေလိုက်ကြ၏။ ကျားက မြင်းကိုဒုန်းစိုင်းဝင်လာ၏။

အသက်လုပြေးနေကြရသည့် လက်နက်မဲ့လူများကို ကျားက အတင်း မြင်းနှင့်တိုက်၍ လိုက်လံထိုးခုတ်၏။ အချို့သောပြေးရသူ

တို့သည် ကွက်လပ်အပြင်သို့ရောက်အောင် တန်းတန်းမတ်မတ်မပြေးဘဲ တုံ့ကာ ပြန်ကာ ဝေ့ကာဝိုက်ကာဖြင့် ကွင်းကြီးထဲတွင်လှည့်ပတ်ပြေးကြ၏။

ကျားသည် လူငါးယောက်မျှသာလျှင် မလွတ်အောင် ထိုးခုတ်နိုင်သူဖြစ်၏။ ငါးယောက်ကပိုလျှင်အမြဲလွတ်၏။ ယခုမူမပြေးနိုင်သော ဒဏ်ရာနှင့် မိန်းကလေးပါသောကြောင့် ခြောက်ယောက်ပြေးစေ၏။ ဒါကိုသိသော ဖေားက ခုနစ်ယောက်ဟု အလောင်းအစားပြုလိုက်ခြင်းဖြစ်သည်။

ကျား မြင်းကိုဒုန်းစိုင်းဝင်ကတည်းက အဖော်အချို့က "ကျားကွ" ဟု အသံကုန်အော်ဟစ်အားပေး၏။

"ပြေးပါတော့လား.....လွတ်အောင်ပြေး၊ သေလိမ့်မယ်နော်၊ လာပြီ–လာပြီ၊ အနောက်ဘက်ကိုကွေ့ပြေး၊ ဟိုမသာဘာလုပ်နေတာလဲ၊ အခုနေဖြတ်ထွက်ပါလား၊ ဟုတ်ပြီ.....ဟုတ်ပြီ..... လွတ်တော့မယ် ကျားလိုက်လကွာ၊ ဟော လွတ်ပြီတစ်ယောက် ငနွားကွ၊ ငနွား၊ အလကား ငနွား....."

ကွက်လပ်ထဲ၌ လေးယောက်ခန့်မိလိုက်သည့် ကျားသည် မိမိညှဉ့်ဖျင်းသည်ကို လက်နက်မဲ့ ပြေးသူတို့အပေါ်၌ အငြိုးထားကာ မပြေးနိုင်မည့်သူကို ရက်ရက်စက်စက်ပြုကျင့်၏။ မျက်နှာတစ်ခုလုံး သွေးအလူးလူးနှင့် မပြေးနိုင်ရှာသော မိန်းကလေးသည် လဲပြိုလိုက်ထလိုက်ဖြစ်နေ၏။



ကျားသည် ထိုမိန်းမငယ်၏ရင်ညွန့်ဆီသို့ လှံမဖြင့်ချိန်လျက် မြင်းကို ဒုန်းစိုင်းဝင်လာ၏။

ထိုစဉ်မြင်းတစ်စီးသည် ကွက်လပ်ထဲသို့ ပြေးဝင်လာကာ ကျား၏ လှံရိုးကို ဓားဖြင့်ဖြတ်ချ၏။ ကျားလည်း အရှိန်လွန်လျက် ကျွမ်းပြန်ကျသွားရသည်။

အားလုံးရုတ်ရုတ်သဲသဲဖြစ်လျက် လက်နက်ကိုယ်စီအသင့်ဖြင့် နေရာမှထ,ရပ်ကြ၏။

"ကဲ...ကျွန်တော် ရှည်ရှည်ဝေးဝေးမမေးဘူး၊ အခု ခင်ဗျားတို့ လာကြတဲ့အထဲမှာ ဘယ်သူခေါင်းဆောင်လဲ....."

အားလုံးက ရုတ်ချည်းရောက်လာ မေးနေသော ဆွေဆက်ကိုကြည့်နေရာမှ ဖေား၏မျက်နှာဘက်သို့ လှည့်ကြည့်လိုက်၏။ ဖေားသည် မူးယစ်သော ရီဝေဝေမျက်လုံးဖြင့် ရန်လုပ်တော့မည့်ကဲ့သို့ ဆွေဆက်ကိုကြည့်၏။ ဆွေဆက်က မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ဖေားရှိရာသို့ ရှေးရှုသွား၏။

"ကြာတယ်ဗျာကိုဖေား၊ ခင်ဗျားခေါင်းဆောင်ဘဲမှတ်လား ခင်ဗျားတို့ကို ကျုပ်ဘာပြောထားသလဲ....."

ဖေားသည် ဆွေဆက်ကို မခိုးမခန့်ကြည့်လျက်ပြုံး၏။

"နေပါအုံး ဗိုလ်မှူး ဆေးရဲ့၊ နို့အပ်စော်မှမပျောက်သေးတဲ့ ဗိုလ်မှူး

ကလေး ပြောတာကို ကျုပ်တို့နားထောင်ပါ့မယ်လို့ ဘယ်တုန်းက ဝန်ခံထားလို့လဲ.....မှတ်ဘူးလားကွာ၊ သူငယ်ချင်းတို့ရာ....."

ငဖားသည် ခပ်သောသောကလေးပြောလျက် ဘေးပတ်လည်ရှိ မိမိအဖော်များဘက်သို့ ပြောင်ပျက်ပျက်လှည့်မေး၏။ ထို့နောက် တဟားဟားရယ်၏။ ငဖား၏အဖော်များကလည်း ဝိုင်းရယ်ကြ၏။ အဲဒါပဲ ဟူသော အမူအရာဖြင့် ဆွေဆက်ကိုမျက်လုံးပြူးပြ၏။

"ဒီမှာ.....ဗိုလ်မှူးလေးက ကလေးရှိပါသေးတယ်။ ကျုပ်က ကျုပ်ဆရာက လိုက်သွားဆိုလို့ လိုက်လာခဲ့ရတာ၊ ဗိုလ်မှူးကလေး သိကောင်းလောက်တယ်၊ ကျုပ်လိုတိုက်ပွဲပေါင်းစုံနဲ့တွေ့လာတဲ့ ဝါရင့် ယောကျ်ားကြီး တစ်ယောက်က ရှင်လူထွက်ကလေးတစ်ယောက်ကို ဆရာတင်နေရမယ်ဆိုတာ သူငယ်ချင်းတို့ရေ၊ ကြည့်လုပ်ကြပါအုံး ဟရို့ရဲ့....."

"ဟုတ်တယ်ဗိုလ်ဖား၊ ဟုတ်တာပဲ၊ အားလုံးကလည်း သည် အတိုင်း ဘဲပ....."

"အေးဟုတ်တယ်၊ သူငယ်ချင်းတို့တော်တယ်၊ ဒီမှာမိုးပေါ်သကြား၊ လူ့ပြည်ငဖားတဲ့ လောကမှာ ဗိုလ်ဖားကို ဩဇာပေးနိုင်တဲ့လူဟာ ဆရာ ဦးမြတ်ထွန်းတစ်ယောက်ထဲရှိတယ်။ အဲဒီတော့ နားမလည်ရင် အေးအေး ဘေးကထိုင်ကြည့်နေ၊ ဗိုလ်ဖားတို့ပေးတာအသာယူထား၊ ဟောဟိုမှာ အရက်သောက်ချင်သွားသောက် ရှော့ခွက်....."



"ဒီမှာကိုဖား ခင်ဗျားနဲ့ကျွန်တော်နဲ့ ဘယ်သူ့စကား ဘယ်သူ နားထောင်ရမယ်ဆိုတာ အခုသိအောင်လုပ်ရမှာဘဲ၊ ခင်ဗျားဟာ အသက်ကြီးနေပေမယ့် ခင်ဗျားလုပ်တဲ့အလုပ်တွေဟာ ဆင်ခြင်မှုမပါ ဘဲ စာနာမှုကင်းတယ်၊ ကိုယ်ကစောင့်ရှောက်ပေးရမယ့် ကိုယ့်တိုင်းပြည် သားတွေကို လက်နက်အားကိုး၊ ကိုယ်ကအယင်ဦးအောင် နှိပ်စက်ပြနေ တယ်.....။ ကဲလေ ဒါတွေဖယ်လိုက်ပါ။ ခင်ဗျားနဲ့ကျွန်တော် ဘယ်သူက ဆရာဆိုတာ ကျွန်တော်တို့ အခုရွေးကြတာပေါ့...။ ခင်ဗျားလည်း သဘောကျမှာပါဘဲ.....။

..... ဒီလိုလုပ် ဒီကွက်လပ်ကြီးအလယ်မှာ ကျွန်တော်က လက်နက်မပါဘဲ လူချည်းသွားရပ်နေမယ်.....။

.....အဲဒီတော့ စောစောကရွာသားတွေကို လုပ်ကြတဲ့အတိုင်း ခင်ဗျားကမြင်းစီးပြီး ကြိုက်ရာ ဓားတို့ လှံတို့နဲ့ ကျွန်တော့်ကိုတိုက် ပေါ့.....။

.....အဲဒီအခါကျွန်တော်က ကွက်လပ်အပြင်ရောက်အောင် လွတ် အောင် ပြေးနိုင်ရင် နောက်တစ်လှည့်ခင်ဗျားလွတ်အောင်ပြေးကြည့်ပေါ့၊ ခင်ဗျားလည်း ကျွန်တော့်လိုပဲ လွတ်အောင်ပြေးနိုင်မယ်ဆိုရင် ခင်ဗျား ဟာ ကျွန်တော့် ဆရာဘဲဟုတ်လား....."

ငဖားသည် ဆွေဆက်၏ မယုံကြည်စရာကောင်းသော ယှဉ်ပြိုင်မှု ကို ဝမ်းထဲ၌ တအံ့တဩဖြစ်နေ၏။ သည်ကောင်လေး သူပြောတာ သူမှသိရဲ့လားဟု မျက်မှောင်ကြုတ်ကြည့်၏။

"ဘယ်လို.....ဗိုလ်မင်းက ဟိုကွက်လပ်ကြီးထဲမှာရပ်မယ်..... ကျုပ်က မြင်းနဲ့လိုက်ရမယ်၊ ဗိုလ်မင်းက လွတ်အောင်ထွက်သွားနိုင်ရင် ကျုပ်ကလဲ ဗိုလ်မင်းလိုဘဲကွက်လပ်ကြီးထဲမှာ သွားရပ်ရမယ်၊ ဗိုလ်မင်း လွတ်အောင် ပြေးနိုင်သလို ကျုပ်ကလွတ်အောင်ပြေးနိုင်တယ်ဆိုရင်ဘဲ ကျုပ်ကို ဆရာတင်အုံးမယ်ဟုတ်လား....."

"ဟုတ်တယ် အဲဒီအတိုင်းဘဲ....."

ငဖားက အားရပါးရ ကျယ်ကျယ်လောင်လောင်ရယ်၏။ ထို့နောက် မိမိအဖော်များကို ရှင်းပြရင်းထပ်ရယ်၏။

"သည်မှာ စဉ်းစားပါအုံးလေ၊ ကျုပ်လိုတိုက်ရည်ဝနေတဲ့ လူကြီး တစ်ယောက်က နို့အပ်နံ့မပျောက်သေးတဲ့ ဗိုလ်မှူးကလေးကို မြင်းနဲ့ လိုက်တိုက်ပြီးတဲ့နောက် ကျုပ်ကတစ်လှည့်ကွင်းထဲမှာ ရပ်ပေးတော့ ဘယ်သူကကျုပ်ကို လာတိုက်မလဲ၊ ကျုပ်ရပ်ပေးဘို့အလှည့်ကို မရှိ နိုင်တော့ဘူး၊ ပြန်စဉ်းစားစမ်းပါအုံး"

ဆွေဆက်သည်ငဖား၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၏။

"ကိုဖား ခင်ဗျားစကားမပြောနဲ့ လက်တွေ့လုပ်ပြစမ်းပါ"

ဆွေဆက်က မိမိကိုယ်၌လွယ်ထားသည့် ဓားလွယ်ကိုဖြုတ်၍ လက်ဖော့တော်ကြီးဘက်သို့ပစ်ပေး၏။ ထို့နောက်ကွက်လပ်၏ အလယ် ဆီသို့ ဖြေဖြေးလျှောက်သွား၏။

"ခက်တာဘဲ တော်တော်ကြာ ငါ့ဆရာက အပြစ်တင်စရာ ဖြစ်



ကုန်တော့မှာဘဲ၊ ဒါပေမယ့် မတတ်နိုင်ပါဘူးလေ၊ ကဲဝါးရင်းတုတ် တစ်ချောင်းလောက် ပေးကြစမ်းပါကွာ၊ ဓားတွေလှံတွေနဲ့ဆိုရင် မတော်ပွဲချင်းပြီး သေသွားမှဖြင့်....."

ငဖားကညည်းညည်းညူညူ ပြောလိုက်ရာ ငဖား၏အဖော်များက ပွဲကျသွား၏။ ထို့နောက် ချက်ချင်းငဖားရှိရာသို့ ဝါးရင်းတုတ်တချောင်း ရောက်လာ၏။ ဝါးရင်းတုတ်သည် ခပ်တုတ်တုတ် ခပ်လေးလေး ဖြစ်၏။

ကွက်လပ်ကြီးဘေး၌ လူတွေတဖြည်းဖြည်းများလာ၏။ အချို့က ဤသို့ ပြိုင်ဆိုင်ကြမည်ကို မသိသောကြောင့် အမှတ်မထင် နေကြသူတို့အား အပြေးအလွှား သွားခေါ်လိုက်ကြသေး၏။

"ငါချည်းဘဲကြည့်ရပြီး မင်းတို့မမြင်လိုက်ရမှာစိုးလို့ဟ..... တကယ့်ပွဲကြီးပွဲကောင်းဟေ့" ဟု တမောတကောပြောကြ၏။

ငဖားသည် ဝါးရင်းတုတ်ကို လက်ထဲ၌ ဆဆကြည့်ပြီးနောက် မနီးမဝေးစားခွက်၌ချည်ထားသော နွားကြီးရှိရာသို့ ဟန်ပန်တကျ လျှောက်သွား၏။ ထို့နောက်နွား ကြီး၏ ထိပ်လယ်ကို တစ်ချက်တည်း ရိုက်ချလိုက်ရာ နွားကြီး "တုံး" ကနဲလဲ၏။

ငဖားကဆွေဆက်ရှိရာသို လှည့်ကြည့်ပြုံးပြ၏။ ငဖား၏လူများ ရယ်လိုက်သံ ပေါ်ထွက်လာ၏။ နွားကြီးသည် တစ်ချက်တည်းနှင့်ပင် ထ,မလာတော့ဘဲ ဆန့်ငင်ဆန့်ငင်ဖြစ်လျက်သေ၏။

"မတတ်နိုင်ဘူးလေ.....ဓားနဲ့လှံနဲ့ ခုတ်ရထိုးရမယ်ဆိုရင်..... မတော် သေသွားမှာစိုးတော့ တုတ်နဲ့ဘဲရိုက်ရတော့မှာပ"

ဖေား၏လူများက ဖေား၏ပျက်လုံးကို သဘောကျ ရယ်မောကြ၏။ ဖေားသည် မိမိစီးရန် ယူလာသောမြင်းပေါ်သို့ ဖြေးဖြေးဆေးဆေး တက်ရင်း ကြိတ်ကြိတ်တိုး ဝိုင်းအုံနေကြသည့် မိမိလူများဘက်သို့ လှည့်ပတ်လှမ်းမျှော် ကြည့်၏။

"ဟော့.....ဘယ်သူလောင်းကြအုံးမလဲ၊ ဒို့ရဲ့ ဗိုလ်ပေါက်စကလေးကို ဟောဒီမြင်းနဲ့ ငါလိုက်လို့မိမမိ လောင်းကြအုံးမလား....."

"လောင်းမယ်.....လောင်းမယ်.....လောင်းမယ်"

အသံတွေဆင့်ကာ ဆင့်ကာ ဟိန်းထွက်လာ၏။ မြင်းကြီးပေါ်သို့ ရောက်နေပြီးသော ဖေားက အလွန်ကျေနပ်နှစ်သိမ့်စွာ လက်ကာပြလိုက်မှ အသံတွေရပ်သွား၏။

"လောင်းကြမယ့် လူတွေက တယ်များတာကိုး.....ကွ၊ ဒီလိုဆိုရင် ကြေးသိပ်ရတော့မှာ မဟုတ်ပါဘူး၊ မင်းတို့လောင်းမှာ.....မိတဲ့ဘက်ကလား မမိတဲ့ဘက်ကလား"

"သေမယ့်ဘက်က.....သေမယ့်ဘက်က"

မိမိလူများနှင့်မိမိ အပေးအယူသိပ်ညီနေသောကြောင့် ဖေားက တဟားဟား ရယ်မောသဘောကျ၏။ ထို့နောက်..... "ဘယ်နဲ့လဲကွ" ဟူသည့် မျက်နှာမျိုးဖြင့် ဆွေဆက်ကိုလှမ်းကြည့်၏။ ဆွေဆက်၏ မျက်နှာသည် တည်တည်ငြိမ်ငြိမ်နှင့် ဖေားကိုစူးစိုက်ကြည့်နေ၏။ ဖေားကမိမိကိုယ်ကိုပြင် ထိုင်၏။ ဝါးရင်းတုတ်ကို ပြင်ကိုင်၏။



"ကဲ.....ပြေးတော့ဟေ့"

ဖေား၏လူများက "ဝေးဟေးဟေး"ဟု လက်ခုပ်လက်ဝါးတီးလျက်၊ ညာသံဝိုင်းပေး၏။ ဖေားရှေ့သို့ထွက်လာပြီးမှ ဖေား၏မြင်းသည် ခုန်ဆွ ခုန်ဆွနှင့် တန့်ရပ်သွား၏။ ဆွေဆက်ကမည်သို့မျှ မလှုပ်ရှားဘဲနေရာ၌ ငြိမ်နေသောကြောင့်ဖြစ်၏။ ဖေားသည်မိမိနေရာသို့ မိမိမြင်းကို နေရာပြန်ယူ၏။

"ဘယ့်နှယ် ကျုပ်တို့ဗိုလ်မှူးလေး.....ပြေးလေ..... မပြေးဝံ့ဘူးလား....."

"ခင်ဗျားမြင်းမစီးတတ်ဘူးလား.....ခင်ဗျားအလုပ်ကို ခင်ဗျားလုပ်ပါ..... ကျွန်တော့်အလုပ် ကျွန်တော်သိတယ်"

"အေး ဟုတ်တယ် အခုသိမှာဘဲ၊ ကဲပြေး"

ဖေားက အော်အော်ဟစ်ဟစ် ဆွေဆက်ရှိရာသို့ မြင်းကိုဒုန်းစိုင်း၏။ ဝိုင်းဝန်းညာသံပေးလိုက်ကြသော ဖေား၏ အပေါင်းအဖော်များအသံတို့သည် ဆူညံလာပြန်၏။ ဆွေဆက်ကနေရာမှမရွေ့။

ဖေားက ဝါးရင်းတုတ်ကို အားဖြင့်လွှဲလိုက်၏။ ဆွေဆက်သည်

ဘယ်ခြေတစ်ကွက်မျှ ဆုတ်လိုက်ပြီး ခါးနွဲ့လိုက်၏။ ဝိုင်းအော်နေကြသည့် ညာသံများ ရုတ်ချည်းရပ်လျက် "ဟယ်" ဟူသော အံ့အားသင့်သံတို့ ပေါ်လာ၏။ ဝါးရင်းတုတ်ကောမြင်းပါ ဆွေဆက်ကို မထိမတိုက်မိဘဲ အနီးသို့ကပ်၍ လွတ်သွား၏။ ဝါးရင်းတုတ်ကြီးလေထဲမှ ဖြတ်သွားသည့် အသံကို ဘေးမှဝိုင်းရံကြည့်နေသူတို့ပင်ကြားကြ၏။

ဆွေဆက်သည် ဣန္ဒြေမပျက်၊ လှုပ်ရှားမှုသိပ်မရှိ၊ ငဖားရှိရာသို့ မျက်နှာမူလျက် အသင့်ရပ်မြဲရပ်နေ၏။

ငဖား၏စိတ်၌ ဇဝေဇဝါဖြစ်သွား၏။ ငါသိပ်မူးနေလို့များလားဟု တွေး၏။ ယက်ကန်ယက်ကန်နှင့် ဇက်မငြိမ်သေးသည့်မြင်းကို အသေအချာ တာစူလိုက်၏။ ကြည့်နေသော ငဖား၏လူများသည် ညာသံမပေးနိုင်တော့ဘဲ တစ်ယောက်တစ်ပေါက် ဆူညံပြောဆို ထင်မြင်ချက်ပေးနေကြရာမှ တိတ်သွား၏။ ငဖားသည် ဝါးရင်းတုတ်ကို အသင့်ချိန်ရွယ် မြှောက်ကိုင်ထား၏။ မြင်းကိုဆွေဆက်ရှိရာသို့ တည့်တည့်ဦးတည်၏။ မြင်းကိုဖနောင့် ဖြင့်တို့လိုက်ပြီး အားသွန်ခွန်းစိုင်းပြေးစေ၏။

ဆွေဆက်ကနေရာမှမရွေ့၊ ရပ်မြဲရပ်နေ၏။ ကြည့်နေသည့် လက်ဖွေ့တော်ကြီးသည် ဆေးဖတ်ဝါးခြင်းကို ရပ်လိုက်၏။ ငဖား၏ အဖော်များလည်း အသက်ရှူရပ်သွားကြ၏။ ဝါးရင်းတုတ်သည် ဆွေဆက်ခေါင်းထက်မှ သီသီကလေးလွတ်လျက် မြင်းနှင့်ဆွေဆက်တို့ ထွေးကနဲဖြစ်သွား၏။ မြေကြီးပေါ်၌ ဆွေဆက်မရှိတော့။



မြင်းအပြေးမပျက်သေးမီ ချက်ခြင်း ဖုန်းကနဲ လူတစ်ယောက် လိမ့်ကျသွား၏။ ထိုသူမည်သူမှန်း မသိရသေးမီပင် မြင်းသည် ကွက်လပ်အပြင်သို့ ရောက်သွား၏။ မြင်းပေါ်ကအသံထွက်လာ၏။

"ကဲ.....ကိုဖား ဒီတစ်ခါ ခင်ဗျားပြေးဖို့ **အလှည့်** ...."

ဝိုင်းကြည့်နေကြသော ငဖား၏အဖော်များသည် အံ့ဩလွန်းသောကြောင့် ပွင့်သော ပါးစပ်၊ ပြူးသောမျက်လုံးဖြင့် မြင်းပေါ်ရှိ ဆွေဆက်ကို တိတ်တိတ်ဆိတ်ဆိတ် ငေးကြည့်နေကြ၏။ အားလုံး ထိတ်လန့်မျက်နှာပျက်နေ၏။ ထို့နောက် ကုန်းပြောင်ပြောင်တွင် ယခုအထိ ထ,မရနိုင်သေးသော ငဖားရှိရာသို့ မျက်စိရောက် သွားကြ၏။

လက်ဖွေ့တော်ကြီးသည် ထိတ်လန့် မျက်နှာပျက်နေကြသော ငဖား၏ အပေါင်းအဖော်များရှေ့မှ ဖြတ်လျက်၊ ဆွေဆက်ရှိရာသို့ တိမ်ပျံကိုဆွဲယူ သွား၏။ ဆွေဆက်သည် မိမိစီးထားသော မြင်းပေါ်၌ ထရပ်လျက် တိမ်ပျံပေါ်သို့လှမ်းကူးလိုက်၏။ ထို့နောက် လက်ဖွေ့တော်ကြီးပစ်ပေးသည့် ဓားလွယ်ကို မတ်ရပ်အတိုင်းပင်ဖမ်းယူလျက် ကိုယ်၌စလွယ်လွယ်လိုက်၏။

"ကဲ–ယောကျ်ားကြီးဘဲဗျာ၊ ဒါလောက်နဲ့ ဘာမှမဖြစ်နိုင်ပါဘူး။ ထလိုက်စမ်းပါ....."

ငဖားသည် ပုပ်ပုပ် ညိုညိုမျက်နှာဖြင့် တဖြည်းဖြည်းထရပ်နေရင်း တစ်ခုခု မရိုးမသားပြုတော့မည်ကဲ့သို့ မြင်နေရ၏။

ဆွေဆက်ကတိမ်ပျံကို ခြေဖျားဖြင့် တို့လိုက်ပြီး တိမ်ပျံထွက်သွားနေသည်ကိုပင် မသိသကဲ့သို့ ဓားလွယ်မှ ဓားကိုထုတ်လျက် ဂရုတစိုက်ကြည့်၏။ ထို့နောက်မှ ဓားကို ဓားအိမ်သို့ပြန်သွင်းပြီး တိမ်ပျံပေါ်၌ တိုင်ချယင်း မိမိရှိရာဘက်သို့ အမြဲမျက်နှာမူလျက် ရှိနေသည့် ငဖားဘက်သို့လှည့်လိုက်၏။ တိမ်ပျံသည် ငဖားကို ဆီဆုံလှည့်သကဲ့သို့ အလှမ်းခပ်ကွာကွာမှ ဖြည်းညှင်းစွာဝိုင်းပတ်သွားနေ၏။ ဆွေဆက်ကငဖားကိုကြည့်နေရင်း ပြုံးလာ၏။

"ကိုဖား ခင်ဗျားထားတဲ့ကတိမတည်ချင်ဘူး၊ ခင်ဗျားမျက်နှာမှာ ညစ်ချင် ကောက်ချင်တာတွေ ပေါ်နေတယ်။ ယောကျ်ားဆိုတာ ဒီလိုမလုပ်ရဘူး....."

ငဖားကမည်သို့မျှမပြောဘဲ ဝါးရင်းတုတ်ကို ကျစ်ကျစ်ဆုတ်ကိုင်ရင်း ဆွေဆက်ရှိနေရာသို့သာ လူတစ်ကိုယ်လုံးလှည့်ပတ်မျက်နှာမူထား၏။ ဆွေဆက်က မြင်းကို အနည်းငယ်အမြန်သွားစေ၏။

ငဖားသည်လူပါလှည့်၍ ဆွေဆက်ကို မျက်ခြည်မပြတ် ရင်ဆိုင်မကြည့်နိုင်တော့ဘဲ မျက်နှာနှင့် လည်ပင်းသာလျှင် လှည့်ပတ်လိုက်ကြည့်နိုင်၏။ ငဖား၏မျက်နှာ၌ ချွေးပေါက်ကြီးများ စို့လာ၏၊ ငဖား၏လှုပ်ရှားဟန်သည် ထိတ်လန့်ဟန်ပေါ်နေ၏။ ဆွေဆက်က ငဖား၏အဖြစ်ကိုကြည့်လျက်ပြုံး၏။

"အခု ခင်ဗျားလက်ထဲက တုတ်ကြီးကို လက်ကမချဝံ့တော့ဘူးမှတ်လား၊ ယောကျ်ားဆိုတာ သူများကို-လုပ်ရဲရုံနဲ့ ချည်း မပြည့်စုံသေးဘူး။ ကိုယ်ခံရမယ့် အလှည့်မှာလဲ တည်တည်ငြိမ်ငြိမ်သတ္တိရှိရှိခံရဲရတယ်။ အဲဒါအပြင် ကိုယ်က နိုင်ရရင်လဲ နိုင်တိုင်းမပြုဘဲ ခွင့်လွှတ်နိုင်ရဲရတယ်။ အခုခင်ဗျားလက်ထဲက တုတ်ကြီးဟာ ခင်ဗျားအတွက် ဘယ်လိုမှအသုံးမဝင်ဘူးဆိုတာ သိရဲ့လား.....၊အခုခင်ဗျားကျွန်တော် လုပ်တိုင်းခံရတော့မယ်၊ ခင်ဗျား ကျွန်တော့်ရှေ့က ငါးလှမ်းပြည့်အောင် မသွားနိုင်တော့ဘူး၊ ခင်ဗျားယုံရဲ့လား။

ထိုစဉ် တိမ်ပျံသည် သခင်လိုအပ်သလို အမှတ်မဲ့ ငဖားဘေးမှ ဖြတ်ပြေးရင်း ငဖားကိုယ်လုံးကြီးကို တင်ပါးနှင့်ရိုက်၏။ ငဖားသည် နှစ်လံခန့်မျှ လွင့်မြောက်ပြီး ဝါးရင်းတုတ်တခြား၊ လူတခြားလဲပြိုသွား၏။

ဆွေဆက်သည် မြင်းကိုရပ်လျက် လဲကျနေသောငဖားကို ငြိမ်သက်ကြည့်၏။ ငဖားထိုင်မိသည်နှင့် တစ်ပြိုင်နက်ကွင်း၏တစ်ဖက်သို့မြင်းကို အသွားကျပြေးစေလျက်၊ မြင်းပေါ်မှမဆင်းဘဲငဖားလွှတ်ကျထားသည့် ဝါးရင်းတုတ်ကို ခပ်ပေ့ါပေ့ါကောက်ယူသွား၏။ ထို့နောက်ငဖား၏ရှေ့ မနီးမဝေးတွင် မြင်းကိုရပ်မြဲပြန်ရပ်၏။

ငဖားသည် ဆွေဆက်မျက်နှာကို အထိတ်တလန့်မော့ကြည့်ရင်း အကူအညီရလိုရငြား မိမိအဖော်များရှိရာသို့ အားကိုးတကြီးကြည့်၏။ မိမိအဖော်များသည် မျက်လှည့်ဆရာကို ကြည့်နေရသည်သို့ ဆွေဆက်ကို ငေးစိုက်ကြည့်နေကြ၏။

ဆွေဆက်သည် ငဖားကိုမကြည့်ဘဲ မိမိ၏ ဒါးလွယ်မှဓားကို ထုတ်ယူပြန်၏။ ထို့နောက် မိမိလက်ထဲရှိ ဝါးရင်းတုတ်ကြီးကို သခွားသီး လှီးချ သလို အကွင်းလိုက် အကွင်းလိုက် လှီးချပစ်ရင်း တစ်စုံတစ်ခုစဉ်းစား နေသကဲ့သို့ ငေးစိုက်ငြိမ်သက်၏။ ခဏအတွင်း လက်ထဲရှိ ဝါးရင်းတုတ်အတိုကို အဝေးသို့ပစ်လိုက်၏။ ဓားကို ဓားအိမ်သို့ပြန်သွင်း၏။ မြင်းပေါ်၌ကျနေသည့် ဝါးချပ်ကလေးများကို စုကောက်လိုက်ပြီးနောက် လက်ခုပ်ထဲသို့ထည့်လျက် ငဖား၏မျက်နှာကို မစ်ပေါက်လိုက်၏။ အထိတ်တလန့်မော့ကြည့်လိုက်သော ငဖား၏မျက်နှာကို မျက်လုံးချင်းဆိုင်လျက် ဆွေဆက်က စူးစိုက်ကြည့်၏။

"ကဲ.....ကိုဖား ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘယ်သူဆရာလဲ....."

ငဖားသည် ဘာမှပြန်မပြောဖဲငြိမ်နေ၏။ ဆွေဆက်သည် တိမ်ပျံ၏ ဇက်ကြိုးကို တုံ့မြှောက်ဆွဲလိုက်၏။

တိမ်ပျံက မြည်ဟီးသံပြု၍ ပတာပ်ရပ်၏။ ထို့နောက် ရှေ့လက်နှစ်ဘက်တို့သည် ငဖားကိုပေါက်မည်နင်းမည်ကဲ့သို့ ငဖား၏ ဘယ်ဘက်ဘေးအနီး သို့လည်းကောင်း၊ ငဖား၏ ယာဘက်ဘေး အနီး သို့လည်းကောင်း မြေကြီးများ တဖွားဖွား လွင့်စင်ကုန်အောင်ပေါက်၏။ ထို့နောက် ရပ်သည်နှင့် ငဖား၏ ရင်ဘတ်ကို တိမ်ပျံက လက်တစ်ဘက်ဖြင့် တွန်းဖိလှဲ၏။ တိမ်ပျံ၏လက်အောက်၌ လဲကျနေသော ငဖား၏ နဖူး၌ချွေးပေါက်ကြီးများစို့ထွက်နေ၏။



"ကိုဖား.....ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘယ်သူဆရာလဲ....."

"ဆ, ဆ, ဆရာလေးက ဆရာပါ....."

ဆွေဆက်သည် တိမ်ပျံကိုနောက်ဆုတ်စေ၏။

"ထ.....ခင်ဗျားလူတွေအားလုံးစုလိုက်....."

ဆွေဆက်သည် ငဖားတို့လူစုကို ကွက်လပ်ကြီးထဲ၌ အားလုံးစုစေ၏။ လူတွေများသောကြောင့် မီးလောင်ပြီး ပြာကျစ အိမ်မြေနေရာအစပ်အထိ တိုးချဲ့နေရာယူကြရ၏။ ထို့နောက်ယူထားသမျှ ပစ္စည်းအားလုံးတို့ကို တစ်နေရာတည်း၌ စုပုံချထားစေပြီး ဆုံးမစကားပြော၏။ မိမိနှင့်အတူနေ ကြလျှင် မိမိပေးသော စည်းကမ်းကို တစ်သဝေမတိမ်း လိုက်နာရမည်ဟုပြော၏။

"ဓားကောင်းတစ်လက်ရပြီး မြင်းစီးကောင်းရုံနဲ့တော့ ဆရာမတင်နိုင်သေးဘူးကွ....."

တိတ်နေသော လူတွေကြားထဲမှ ပေါ်လာသည့်အသံဖြစ်၏။ အသံရှင်သည် မူးနေဟန်တူ၏။ ဆွေဆက်က အသံရှင်ကို လှမ်းမျှော်ကြည့်၏။

"ရှေ့ကိုကြွခဲ့ပါလား.....ခင်ဗျာ....."

တုတ်တုတ်ခိုင်ခိုင် ဂင်တိုတို ကိုယ်လုံးမြှက်ကျယ်ကျယ် လူတစ်ယောက် အင်္ကျီမပါ၊ ဘောင်းဘီအနက်နှင့်ဖြစ်၏။ ဘောင်းဘီကို

တစ်ဖက်က ပေါင်ရင်းအထိ လိပ်တင်ထားသောကြောင့် အသားဖြူဖြူတွင် စိမ်းနေသည့် ထိုးကွင်းများ အကွင်းလိုက်ပေါ်နေ၏။ နှုတ်ခမ်းတစ်စုံလုံး ပေရေနီကျဲ လျက် သွားများမည်း၏ နီကြောင်ကြောင်နှုတ်ခမ်းမွေးက ရှည်သော်လည်းပါး၏။ တကိုယ်လုံး ဆေးနီဆေးနက်အပြည့်နှင့် ရှမ်းစားလွယ်တစ်ခု လွယ်ထားသည့်အပြင် ဓားမြှောင်ကိုလည်း ခါး၌ထိုးထားသေး၏။ ထိုလူသည် ဆွေဆက်နှင့် မျက်နှာချင်းဆိုင်တွင် လက်ဝှေ့သတ်တော့မည့်အသွင်ဖြင့်လာရပ်၏။ မိုးနဲ သားရှမ်းကြီး ဦးနန္ဒဖြစ်၏။

ဦးနန္ဒသည် ဦးမြတ်ထွန်း၏ တပ်ဖွဲ့ကြီးတစ်ခုလုံး၌ နှုတ်အနည်းဆုံး အကျော်ကြားဆုံးလူတစ်ယောက်ဖြစ်၏။ ဦးနန္ဒနှင့်တွေ့လျှင် ဖောလိုလူမျိုးတွေက ရှောင်သွားရသည်ချည်းဖြစ်၏။

နှုတ်နည်းသလောက် စကားကလည်းတဲ့ထိုးကျလှ၏။ တစ်လုံးထွက်လျှင် တစ်လုံးနင့်ကနဲနေ၏။ ပေလည်းပေ၊ ရွတ်လည်းရွတ်၏။ အလွန်ပြီးစီးသည်။ ဓားဖြင့်ကြိတ်လှီး၍ပင်မရဟု ပြောကြ၏။ ဦးနန္ဒကိုယ်တိုင်ကလည်း အပြီးအစီး အဟန့်အဆောင်ဝါသနာပါ၏။ တစ်ခါမျှမတွေ့ဘူးသူဖြစ်စေ အပြီးအစီးအဟန့်အဆောင်ကောင်းလျှင် ဦးနန္ဒက ချက်ချင်းတပည့်ခံတတ်၏။ ဦးမြတ်ထွန်းကိုလည်း အဟန့်အတားကောင်းလှသည်ဟု ယုံသောကြောင့် ဆရာတင်ထားခြင်းဖြစ်၏။ သို့မဟုတ်ကမရလေ ဆွေဆက်သည် ဦးနန္ဒ၏သွင်ပြင်ကို စိမ်းစိမ်းကြည့်၏။



"ကျွန်တော် ဦးတို့ကို ဆရာမလုပ်ဖူး၊ ဒါပေမယ့် ကျွန်တော်နဲ့အတူနေရင် ကျွန်တော့်စကားနားထောင်ရမယ်"

"အေး မင်းလိုငယ်ငယ်ကောင်လေးကပြောလို့ ငါဘယ်နားထောင်မလဲကွ၊ ငါ့အဖေပြောတာမှ ငါနားမထောင်လို့ ဒီရောက်လာတာပေါ့"

"ဒါဖြင့်နားမထောင်ချင်ရင် ဒီမှာမနေနဲ့ပေါ့ဗျာ ပြန်သွားပေါ့"

"ဒီမှာမနေလို့လဲဘယ်ဖြစ်မလဲဟ... ဦးမြတ်ထွန်းက ဒီမှာသွားနေဖို့ ထည့်လိုက်တာဘဲ"

"ဒါဖြင့် ခင်ဗျားကျွန်တော်ပြောတဲ့စကားကို နားမထောင်လို ဘယ်ဖြစ်မလဲ"

"မင်းစကားဘယ်နဲ့နားထောင်မတုံး၊မင်းကငါ့ထက်လည်၊မပြီး မင်က ငါ့ထက်လဲမမိုက်၊ မင်းက လူလိမ္မာဘဲ.....ဒို့လိုလူမိုက်တွေထဲမှာ မင်းထွက်သွားဖို့ကောင်းတာ"

ဆွေဆက်သည် အကြံရကြပ်နေ၏။ သည်လူကြီး ဘယ်နဲ့လုပ်ရပါ့မလဲဟု တွေးတောရင်း အကြံအိုက်အိုက်ဖြင့် ဟိုဟိုသည်သည်ကြည့်၏။ မီးလောင်ပြင်ထဲ၌ ရဲနေသေးသည့် အလျားတစ်တောင်တစ်မိုက်ခန့်အလုံး သုံးမတ်လုံးခန့်ရှိသော သံတူရွင်းကြီးတစ်ချောင်းကိုတွေ့၏၊ ဆွေဆက်က ဦးနန္ဒ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ် ကျွန်တော့်အသားတွေက သမန်းရွက်ရှရင်တောင် သွေးထွက်တယ်"

"အေးပ.....ဟုတ်မှာပ"

ဦးနန္ဒသည် ပါးစပ်ထဲမှာ ကွမ်းသွေးများထွက်မည်စိုးသောကြောင့် အောက်နှုတ်ခမ်းကို အတွင်းသို့ ကုပ်လျက်ခပ်ပြုံးပြုံးရယ်၏။ ဆွေဆက်က ဦးနန္ဒရယ်ပြီးသည်အထိစောင့်နေ၏။

"ဒါပေမယ့် ခင်ဗျားကို ကျွန်တော်ပြမယ် လာလာ....."

ဦးနန္ဒသည် ဆွေဆက်ခေါ်ရာသို့ လိုက်သွားလျက် ဆွေဆက်အနီး၌ ရပ်၏။

"ဟော....ဟိုမှာမီးလောင်ထားတဲ့ မယ်နကြီးတွေ လား..... အဲဒီ မယ်နကြီးနဲ့ ကျွန်တော့်ခေါင်းကိုရိုက်ကြည့်စမ်း"

ဦးနန္ဒက ဆွေဆက်ပြရာသို့ လှမ်းကြည့်လိုက်ပြီး ရယ်ပြန်၏။

"အေး.....အဲဒီသံချောင်းကြီးနဲ့ ယူရိုက်ကြည့်လိုက်ယင် မင်းခေါင်းကြီး ကွဲသွားမှာပ၊ အခုတော့ ဘယ်ကိုင်လို့ရမလဲ၊ မီးတွေရဲနေတာဘဲ"

"ဒါဖြင့်ကျွန်တော် ဦးကြီးခေါင်းကို ရိုက်ကြည့်မယ်"

ဆွေဆက်သည် ပြောပြောဆိုဆို သံချောင်းကြီးကို ဘယ်လက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး ဦးနန္ဒ၏ခေါင်းကို ခပ်ပြင်းပြင်းရိုက်လိုက်၏။ ဦးနန္ဒလဲ သွားသည်ကို ကြည့်ပြီးမှ သံချောင်းကြီးကို မီးလောင်ပြင်ထဲသို့ ပြန်ပစ်ချလိုက်သည်။



ဆံပင်မီးလောင်နံ့များညှော်လျက် ဦးနန္ဒ၏ ဦးခေါင်းတစ်လက်မခန့် ကွဲပြီး သွေးများ ယိုစီးကျလာ၏။

ဦးနန္ဒသည်ခေါင်းကို လက်ဝါးဖြင့်အုပ်ရင်း မြေကြီးမှထရပ်၏။ ထို့နောက် မိမိလက်၌ စီးယိုပေကျံ လာသောသွေးများကိုကြည့်၏။

"သိပ်များမှာမဟုတ်ပါဘူး၊ ဦးကြီးပီးတယ်ဆိုလို့ ကျွန်တော် နည်းနည်းကလေး ပိုပြင်းအောင် ရိုက်လိုက်တာဘဲ"

ဆွေဆက်၏စကားသံကြောင့် ဆွေဆက်မျက်နှာကို လှမ်းကြည့်၏။

"မင်းလက် ပြစမ်း..."

ဆွေဆက်က ဘယ်ဘက်လက်ကို ဖြန့်ပြလိုက်၏။ ရှိုးရှိုးလောင်ရုံမျှမဟုတ်၊ အရေခွံများကျွမ်းလျက် အသားကျက်နေ၏။ ဦးနန္ဒက ဆွေဆက်၏ မျက်နှာကို ထူးထူးဆန်းဆန်းထပ်ကြည့်၏။

"မောင်က... ဘယ်သန်လား"

"မဟုတ်ပါဘူး... ညာသန်ပါ"

ဦးနန္ဒသည် ဆွေဆက်မျက်နှာကို ထူးထူးဆန်းဆန်း ထပ်ကြည့်ရင်း ငိုသလား၊ ရယ်သလားမသိရသော မျက်နှာမျိုးဖြင့်ရယ်၏။

"ဟုတ်တယ်.....ဟုတ်တယ်.....မောင်ရင် ကျုပ်ဆရာဖြစ်ပြီ"

ရှမ်းကြီးဦးနန္ဒသည် မိမိအဖော်များဘက်သို့ လှည့်လိုက်၏။

"သူငယ်ချင်းတို့ ဒို့ဆရာဦးမြတ်ထွန်းက ဒို့နဲ့တော်တဲ့ဆရာလေးကို ပေးလိုက်တာပ... ငါတို့ထက်ဉာဏ်ရှိပြီး ငါတို့ထက်မိုက်တာပလေ အို..... လီး"

ဤသည်မှစ၍ သင်းပင်းဗိုလ်ထု၊ ညီညာစု၊ ပြည်ကြီးအတွင်း လူခပင်းကို အတင်းပြု၊ ခိုးလုတိုက်ဖျက်နေကြသော လူ ၁၀၀၀ တို့ဆွေဆက်ကို ကြောက်ရွံ့လေးခန့်လာကုန်ကြ၏။

ဆွေဆက်သည် ထိုလူတို့လုယက်ထားကြသော ပစ္စည်းများကို ထိုလူတို့၏ အဖမ်းခံနေရသော ရွာသားတို့အား ပြန်အပ်ထားခဲ့၍ ထိုသူတို့အားလုံးတို့ကို စုရုံးခေါ်ငင်သွား၏။

မိမိစခန်းသို့ရောက်သည်နှင့် အထက်အောက် အမိန့်နာခံရသော ဗမာ့တပ်မတော် ဖွဲ့ရိုးဖွဲ့စဉ်အတိုင်း.....။

ငါးယောက်ကို တစ်အိုးစားဖွဲ့စေ၏။ တစ်အိုးစားလျှင်၊ တင်းတိမ် စောင်ကြီး ၁၊ သံစို့ ၄ ချောင်း၊ ကြေးအိုးကြီး ၁ လုံး၊ ဓားမ ၁၊ ပုဆိန် ၁၊ တူရွင်း စောက် ၁၊ ဆောက်ခုံး၊ ဆောက်ပြား၊ ရူး၊ လွန်၊ လက်ရိုက် ၁စီ ပါစေ ရှိစေ၏။

နှစ်အိုးစားတစ်စု၌ အကြပ်တစ်ယောက် ခန့်အပ်ထား၏။ အကြပ်ကို စစ်အဆောင်အယောင်အဖြစ် အောင်းလုံ့နှင့် မောင်းတစ်လုံး ကိုင်စွဲစေ၏။



ငါးကြပ်၏အထက်တွင် သွေးသောက်ကြီးတစ်ယောက်ကို အုပ်ချုပ် စေ၏။

သွေးသောက်နှစ်ယောက်အထက်က တပ်မှူးတစ်ယောက်အုပ်ချုပ် စေ၏။

တပ်မှူးငါးယောက်ကို ဗိုလ်တစ်ယောက်က အုပ်ချုပ်စေ၏။ ဗိုလ်နှစ်ယောက်အပေါ်ကမှ စစ်နာခံ၊ တပ်ရေး၊ တပ်ထောက် တို့နှင့်တွဲလျက် ဆွေဆက်က အုပ်ချုပ်၏။

တပ်သား၊ အကြပ်၊ သွေးသောက်၊ တပ်မှူး၊ တပ်ဗိုလ်တို့နှင့်တကွ ဆွေဆက်အပါအဝင် တပ်သားအားလုံး လူတစ်ကိုယ်လျှင် နှစ်ပြည်ဝင် ဆန်စလွယ်အိတ်ရှည် ၁၊ဆားကျည်တောင့်ငယ်ဝါးဘူးနှင့် ၁၊ ဆူးထွင်အပ်သုံးချောင်း၊ **သောက်ရေဘူးခါး** ၁၊ လွှာဖိနပ် ၁၊ ခါးချုပ်ဓားမြှောင် ၁ နှင့် သက်ဆိုင်ရာ **တပ်ဖွဲ့ကိုင်** လက်နက်တို့ ပါရှိစေရ၏။

သေနတ်ကိုင်ရဲမက်တစ်ယောက်လျှင် အရှည် ၇တောင်ရှိ ကျင်ပြန့်ဘွေး ကြိုးသုံးလွန်း၊ နားခွက်ဆေးချိန်တစ်ဆယ်သား၊ ယမ်းတစ်ပိဿာ၊ ခဲသီးကျည် လုံးရေတစ်ရာ၊ မီးကျောက်ပြား ၅၊ ဒုံးကုလားကျောက်ထပ်ပြား ၁ နှင့် အုန်းဆံခွံ ထုထောင်းသင်ပြီးများ ပါစေ၏။

ဆွေဆက်သည် မိမိတပ်အလုံး ဤသို့အုပ်စီး ကွပ်အုပ်ခန့်ထားပြီး . . . . .။

တပ်နှင့်သက်ဆိုင်သည့် ပစ္စည်းများကို စုဆောင်း၏။ တပ်ပါရဲမက်အားလုံးကို အခုန်အလွှား၊ ဓားရေး၊ လှံရေး၊ အဖမ်းအရုံး၊ အရှောင်အတိုက်၊ လက်ဝှေ့လက်ကျင်မျိုးတို့ကို ဆရာအဆင့်ဆင့်ခန့်အပ်လေ့ကျင့်စေ၏။

သို့သော် . . . . .ရဲမက်သားတို့ လုယက်တိုက်ခိုက်ခြင်းမပြုကြရသောကြောင့် အနေအစားဆင်းရဲပင်ပန်းကြ၏။ ထိုအထဲတပ်အပြည့်ဖြစ်စေလို သောကြောင့် တပ်စွဲရာအရပ်ရှိ၊ စိတ်ကြိုက်သသူ ကရင်ရဲမက်များ၊ တလိုင်းရဲမက်များကို ထပ်ဖြည့်ထားသဖြင့် ဗိုလ်အကြပ် ရဲမက်အားလုံး ၁၁၃၆ ယောက်ရှိနေ၏။

ဆွေဆက်သည် မိမိတို့တပ်သား ရဲမက်အားလုံးအတွက် အနေအစား ဆင်းရဲပင်ပန်းမှုမှ ကင်းလွတ်ရန် တပ်မှူးဆယ်ယောက်၊ ဘပ်ဗိုလ်နှစ်ယောက်၊ နာခံတပ်ရေး၊ တပ်ထောက်တို့နှင့် တိုင်ပင်ဆွေးနွေး ပြီးလျှင် လက်ဝှေ့တော်တပ်ထောက်ကြီးနှင့်တကွ တပ်မှူးသုံးယောက်တို့ကိုခေါ်၍ ဟံသာဝတီ ရန်ကုန်မြို့သို့ တက်ခဲ့၏။

ရန်ကုန်မြို့သူမြို့သားတို့သည် ကုလားဖြူတို့က အကောက်ဆိပ်တစ်ခုလုံးကို အမြှောက်ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည်မှာ ရက်အတော်အတန်ကြာသွားပြီဖြစ်သောကြောင့် အားလုံးမေ့မေ့ပျောက်ပျောက်



ဖြစ်ကုန်ကြလျက် ယခင်အတိုင်း ရောင်းရေးဝယ်တာ ကောင်းမွန်စည်ကား တပျော်တပါးဖြစ်နေကြပြန်၏။

၅။

ရန်ကုန်မြို့ဝန်မင်းကြီး သတိုးမင်းကြီးမဟာမင်းခေါင်ကျော်သ
ဆွေဆက်တို့ ရောက်လာသောကြောင့် သားငယ်ပြန်လာဘိ
ဝမ်းသာ၏။ ဆွေဆက်၌ လူထောင့်တစ်ရာကျော်ပါဝင်သော တပ်
ဖွဲ့စည်းပြီးနှင့်ပြီ ဆိုသောကြောင့် အားရဝမ်းမြောက်၏။

"အိမ်း.....မင်းဆီက သတင်းက ဝမ်းမြောက်အားရစရာပေ
ငါ့ဆီကသတင်းကတော့မလှပေဘူး....."

မြို့ဝန်မင်းကြီးပြောချက်အရ မိမိတို့သည် ရွှေနန်းတော်ကြ
အမိန့်အတိုင်း ကုလားဖြူတို့၏ တောင်းဆိုချက်မှန်သမျှကို အ
စုံကျေပွန်အောင် လိုက်လျောပေးပါလျက် ကုလားဖြူတို့က သင်း

ယူသွားကြသည့် ရေနန်းယဉ်သာသင်္ဘောကို ယခုအထိ ပြန်မပေးကြဟုသိရ၏။

ကုလားဖြူတို့သည် ဗမာတို့ကစစ်မဖြစ်ဝံ့၊ စစ်မဖြစ်လိုကြ၍ အစစ လိုက်လျောပေးနေသည်ဟု ယုံကြည်သိရှိလာသောအခါ နောက်တစ်ကြိမ် ကွေ့လည်ဆန်းပြားစကားပိုလာကြပြန်သည်ဆို၏။ ကုလားဖြူရေတပ်ဗိုလ် လင်းဘတ်က.....။

၁။ ယခုမိမိတို့ချီတက်လာခဲ့သဖြင့် ကုန်ကျရသည့် စရိတ်ငွေတစ်သန်းကို မိမိသင်္ဘောရှိရာသို့အရောက်၊ ရန်ကုန်မြို့ဝန်က လာပို့ရမည်။

၂။ မိမိဗိုလ်ငယ်များ ရန်ကုန်မြို့ဝန်အိမ်သို့သွားရာ၌ မြို့ဝန်က အတွေ့မခံလိုက်သောကြောင့် အရှက်ရခဲ့သည်မှာ မပြေလည်သေး၊ ထို့ကြောင့်ရန်ကုန်မြို့ဝန်ကိုယ်တိုင် အင်္ဂလိပ်စစ်သင်္ဘောရှိရာသို့ လာရောက်၍ အင်္ဂလိပ်စစ်ဗိုလ်လေးများ ကျေနပ်လေအောင် တောင်းပန်ဝန်ချရမည်။

ဤအချက်နှစ်ချက်ကို လိုက်လျောမှ မိမိတို့က ဗမာတို့၏ ရေနန်းယာဉ်သာသင်္ဘောကို ဗမာတို့အား ပြန်ပေး၍ မိမိတို့ရေတပ်ကိုသည်း ရုတ်သိမ်း၍ပြန်မည်ဟု တစ်ဆင့်တက်၍တောင်းလာသည်ဆို၏။

ကုလားဖြူတို့က ဤသို့ကျူးကျူးလွန်လွန် ထပ်ဆင့်တောင်းဆိုလာသောကြောင့် အမိန့်တော်မြတ်နာခံရန် ရွှေနန်းတော်ကြီးသို့



မြင်းစေခြေမြန်လွှတ်လိုက်သည်။ ဤအရေး ဤကိစ္စ၌ မိမိ ထင်မြင်ချက်ကို ပြောရသော်.....

.....ရွှေနန်းတော်ကြီး၌ မည်မျှနန်းတွင်းရေးရှုပ်ထွေးနေ ကြစေဦး.....

..... ဗမာတို့လက်နက်ရဲမက်မရှိသောကြောင့် ကုလားဖြူတို့နှင့် ဖက်ပြိုင်တိုက်ခိုက်ရန် မည်မျှမပြုလို မပြုဝံ့ဘဲဖြစ်နေကြစေဦး.....

.....ဗမာတို့၏မျိုးရိုးဇာတိဂုဏ်ကို ထိပါးအောင် ဤမျှကျူးကျူးလွန်လွန် စော်ကားလာလျှင် ရှုံးကာမှရှုံးကြစေ ဘဝရှင်မင်းတရားကြီးက တိုက်လိမ့်မည်ထင်သည်.....

ထို့ကြောင့်မိမိကဣန္ဒြေမပျက်စေပဲ၊ ရန်ကုန်မြစ်ဆိပ်ကို မသိမသာပိတ်ထားနှင့်ရသည်။ ဤအရေးအခင်းကို ဆိုင်ရာတာဝန်ရှိသူတို့မှတစ်ပါး အပြင်အရပ်သူအရပ်သားများကို အသိမပေးဝံ့သေးဟု ရန်ကုန်မြို့ဝန်မင်းကြီး ကပြော၏။

ကုလားဖြူတွေကလည်း မိမိတွေးထင်ထားသကဲ့သို့ ဗမာမင်းက သင်းတို့ကို တိုက်လိမ့်မည်ဟု ကြိုတင်တွက်ဆထားပုံရသည်။ သင်းတို့ဝယ်ထားသည့် ကုန်တွေကို သင်္ဘောပေါ်သို့မတင်ပဲကုလားဖြူရပ်ကွက်ရှိ ကုန်လှောင်ရုံ၌သာထားသည်။ သင်းတို့ ခဲယမ်းလက်နက်သင်္ဘောကို ယခင်ရန်ကုန်ဆိပ်ကမ်း၌ ထားပစ်ခဲ့ရာမှ ယခုသင်းတို့သင်္ဘော အုပ်စုရှိရာသို့ ပြန်ယူသွားသည်။

ထို့ပြင်နန်းတော်ကြီးမှ အမိန့်တော်ကို မသိရသေးမီ ကုလားဖြူတွေကို မထိပါးကြနှင့်ဦး၊ မိမိတွေးထင်ထားသလို မဟုတ်ပဲပြီးပြေအောင်ပြုရမည်ဟု အမိန့်တော်ရှိလာလျှင် ပြီးပြေအောင်ပြုရန် ခက်ခြိမ့်မည်ဟု ရန်ကုန်မြို့ဝန်မင်းကြီးက အမိန့်ရှိ၏။

ရန်ကုန်မြို့ဝန်မင်းကြီးက ဤသို့အမိန့်ရှိလိုက်သဖြင့် ဆွေဆက်တို့အဖို့ အခက်တွေ့ရသည်။ ဆွေဆက်တို့ ဟံသာဝတီ ရန်ကုန်မြို့ပေါ်သို့တက်လာကြသည့် အရေးကြီးဆုံးသော အကြောင်းရင်းကား မိမိတို့ရဲမက်တပ်ဖွဲ့အတွက် စားဝတ်ရိက္ခာ၊ လက်နက်ခဲယမ်း စုဆောင်းနိုင်ရန်ကုလားဖြူတို့၏ ကုန်လှောင်ရုံများနှင့် ကုလားဖြူတို့၏သင်္ဘောကိုစီးနင်းကြရန် အစီအစဉ်ပြုလုပ်ဖို့ရောက်လာကြခြင်းဖြစ်၏။

ယခုမူရွှေနန်းတော်ကြီးမှ သတင်းမရမီ၊ ဤအပြုအမူမျိုးကိုပြုလုပ်နှင့်၍ မဖြစ်ဟု သိထားရသဖြင့် မိမိတို့ကြံစည်လာခဲ့ကြသမျှအချည်းအနှီး ဖြစ်သွားကြရ၏။ ထို့ကြောင့်ဆွေဆက်တို့သည် ရွှေနန်းတော်ကြီးမှသတင်းကို ဦးစွာရရန်နှင့် ဦးမြတ်ထွန်းတို့ကိုတွေ့နိုင်ရန် မြင်းစေခြေမြန်များ ထပ်လွှတ်လိုက်ကြ၏။

အအားမနေလိုသည့်အတိုင်း ဆွေဆက်ခေါင်း၌ အသိတစ်ခုဝင်လာသည်။ မိမိတို့အချင်းချင်း အမြဲဆက်သွယ်နေနိုင်ဖို့လို၏။ လိုအပ်သည့်နေရာကို အရေးရှိသည်ဖြစ်စေ၊ အရေးမရှိသည်ဖြစ်စေ၊ အလွယ်ပေါက်ရောက်အောင်သွားနိုင်၊ သွားတတ်ကြဖို့ လိုအပ်သည် ဟုတွေး၏။



ဤသို့သွားတတ်လျှင် ဤသို့သွားလမ်းလာလမ်းသိလျှင် မြရွက်သည်မြင့်မိုရ်တောင်တစ်ဖက်သို့ ရောက်နေစေကာမူ မြရွက် ရှိရာသို့အားလပ်တိုင်း ဆွေဆက်ရောက်နေမည်ဖြစ်၏။ ထို့ပြင် "တွင်း" ၌ပုန်းအောင်းနေသော သတ္တဝါသည် မိမိ ပတ်ဝန်းကျင်နေရာ အရပ်ရပ်သို့ဝင်နိုင်ထွက်နိုင်သွားနိုင်လာနိုင်ရန် "မလွယ်ဂယ်ပေါက်" ထားသကဲ့သို့မိမိတို့လည်း "မလွယ်ဂယ်ပေါက်" နှင့်တူသော သွားရိုးသွားစဉ်မဟုတ်သည့်ဖြတ်လမ်းများကို သိထားဖောက်ထားရန်လို၏။

ဆွေဆက်သည် ဟံသာဝတီရန်ကုန်၌ လက်ဇော့တော်ကြီးကိုထားပစ်ခဲ့ပြီးနောက် ဤကိစ္စအရပ်ရပ်ကို မိမိကိုယ်တိုင်စီမံ၏။

ဒလသို့ကူးလျက်အနောက်ဘက်သို့ဖြတ်၊ တွံတေးဘက်ချိုးတောင်သို့ဖြတ် "ငှက်အော်စမ်း" ဦးရွှေပန်း၏တပ်သို့ရောက်၊ ဦးရွှေပန်းစခန်းမှအရှေ့တောင်ယွန်းယွန်းဖြတ်ဆင်း ကွမ်းခြံကုန်းအနီးတပ်စွဲထားသည့်ဦးမြတ်ထွန်းစခန်းရောက်၊ ထိုမှတစ်ဆင့် အရှေ့မြောက်သို့ အရှေ့ဘက်ယွန်းယွန်းပြန်တက်၊ သုံးခွဆိုင်ရန်ကုန်မြစ်တစ်ဖက်ကမ်းကူး၊ကျောက်တန်းမိမိတို့စခန်းသို့ရောက် ဤအတိုင်းလမ်းထွင်စေ၏။

ထို့ပြင် ကျောက်တန်းစခန်းမှ သုံးခွဆိုင်ရန်ကုန်မြစ်ကို တည့်တည့်ကူးလျက် အနောက်ရူးရူး ဖြတ်လျှင် ငှက်အော်စမ်း၊ အနောက်တောင်ကိုဖြတ်လျှင် ဦးမြတ်ထွန်းစခန်း၊ အနောက်ဘက်သို့ မြောက်ယွန်းယွန်းဖြတ်လျှင် ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့။ ဤသို့လည်း လမ်းထွင်

ထားစေ၏။ ထိုပြင်ကျောက်တန်းမှ သံလျင်ကိုကျော်၍ မြောက်စူးစူး သို့တက်၊ ပဲခူးချောင်းကူးပြီး အနောက်တောင်ဘက်ရှိ ရန်ကုန်မြို့ သို့ဖြတ်ဆင်း ဤအတိုင်းလည်း လမ်းရှာထား၏။

ဤသို့လမ်းအသီးသီးကို ရှာထားသိထားပြီးနောက် ကုလားဖြူ တို့အားကိုးတစ်ခုပြုလာသော ရေလမ်းခရီးတို့ကိုလည်း လှည့်ပတ် ကြည့်ရှု၏။ ကုလားဖြူသင်္ဘောများ ဝင်နိုင်သောချောင်း၊ မဝင်နိုင်သော ချောင်း၊ ရေတိမ်ရေနက် ရေတက်ရေကျ စသည်တို့ကိုလည်း စူးစမ်း၏။

ထိုသို့စူးစမ်းကြည့်ဆဲပင်လယ်ကမ်းခြေ တံငါရွာသူတို့ ပြောချက်အရ၊ အရှေ့ဘက်ကမ်း တစ်ခွင်တစ်ပြင်၌ ကုလားဖြူ သင်္ဘောတို့အမြောက်အများ ရှိနေသည်ဟု ကြားရသောကြောင့် မိမိတို့ မည်သည့်အရပ်သို့ ထွက်သွားကြကြောင်းကို လက်ဖွေ့တော် ကြီးတို့အား အကြောင်းကြားစေပြီးလျှင် အကြပ်ငါးဆယ်၊ သေနတ် ကြီးဆယ်ယောက်၊ တပ်မှူးငါးယောက်၊ တပ်ဗိုလ်တစ်ယောက်ပါသည့် ရဲမက်ငါးရာတို့နှင့် ရန်ကုန်မြို့ဝန်မင်းကြီး ခန့်အပ်သော အမိန့်စာချွန် ကိုပါယူ၍ ရွက်နှစ်လက်တပ် ငါးပန်းလိုက် တံငါလှေနှစ်ဆယ့်ရှစ်စင်း တို့ဖြင့် ရန်ကုန်မြစ်ဝမှ အရှေ့စူးစူးသို့ကူး၏။ မုတ္တမသို့ နေ့ချင်း ဆိုက်ကပ်၏။

မုတ္တမတွင် လက်ျာဝင်းမှူး သတိုးမင်းကြီး မဟာ မင်းလှရာဇာသူကို တွေ့၏။ လက်ျာဝင်းမှူးကြီးက မိမိသည် တပို့တွဲလဆန်း ၁၄ ရက်၊ ၁၈၅၂ခု ဖေဖော်ဝါရီလ ၄ ရက်နေ့ကမှ နေပြည်တော်ကထွက်လာ သည်။ တပို့တွဲလကွယ်နေ့ကမှ မုတ္တမသို့ဆိုက်ရောက်နိုင်သည် ဟု ဆို၏။

လက်ျာဝင်းမှူးကြီး မုတ္တမသို့ ဆိုက်ရောက်သောအခါ ကုလားဖြူ သင်္ဘောအမြောက်အများမြိတ်ကျွန်းစု၌ စခန်းချရပ်နေနှင့်ပြီးသည်ဟု သိရှိရသဖြင့်အဆိုင်းအရပ်ရှိ မုတ္တမမြို့ကို အခိုင်အခံ့ပြုလုပ်တည် ဆောက်ရသည်။ ဆန်စပါးရိက္ခာရေမိုးမြို့တွင်းသို့ထည့်သွင်း စုဆောင်းရသည်။ ဆင်ခလုပ် မြင်းခလုပ်၊ရဲမက်သစ်ငုတ်စိုက်ထူရသည်။ ဤသို့မနားမနေပြုခဲ့ရာ ယနေ့တပေါင်းလဆုတ် ၁၀–ရက်နေ့မှ လုံးဝပြီးစီးစိတ်ချရသည်။ ယင်းတို့ ကုလားဖြူသင်္ဘောတွေလည်း တက်လာကြပြီဟု ယနေ့နံနက်ပင် သတင်းရသောကြောင့် မြို့တွင်း မြို့ပြင် ဆိပ်ကမ်းတို့ကို အစောင့်အကြပ်အသင့်ထားနှင့်သည်။ မောင်တို့ကိုပင် အမြောက်နှင့်ပစ်မည်ပြုဆဲ ဒေါင်းလံတော်ကြီးကိုတွေ့ သောကြောင့် မပစ်ပဲဆိုင်းငံ့လိုက်သည်ဟု လက်ျာဝင်းမှူးကြီးက ပြော၏။

ဆွေဆက်သည် မိမိတို့တပ်ဆွဲသည့် နေရာကိုပြော၏။ ဟံသာဝတီ ရန်ကုန်မြို့ဝန်မင်းကြီးနှင့် ကုလားဖြူသင်္ဘော ရေတပ်ဗိုလ် လင်းဘတ်တို့ မပြေမလည်ရှိသောကြောင့် ရွှေနန်းတော်ကြီးသို့ အမိန့်တော် မြတ်နာခံရန် အကြောင်းကြားထားရကြောင်းတို့ကိုပြော၏။

လက်ျာဝင်းမှူးကြီး၏ မိန့်ကြားချက်အရ မိမိတို့မုတ္တမဘက်၌ ကုလားဖြူ တို့သည် ရေတပ်ချည်းသက်သက်မဟုတ်ပဲ ကုန်းတပ် တွေကိုပါ သယ်ယူချထားနှင့်ပြီးပြီဟုသိရကြောင်း၊ မဒရပ်မြင်းဆွဲ အမြောက်ကြီးများပါသော ကုန်းတပ်တို့ကို ကုလားဖြူဗိုလ် ဂျင်နရယ်ဂေါ်ဒွင်က အုပ်ချုပ်သည်ဟု သိရကြောင်း၊ ကုလားဖြူ တို့သည် **မည်သည့်နည်းနှင့်**မဆို ဗမာတို့ကို တိုက်ခိုက်ကြလိမ့် မည်ထင်ကြောင်း.....။

မိမိတို့ လူယုံအထောက်များထံမှ ကြားသိရသည်မှာ.... ကုလားဖြူတို့သည် ယနေ့ ၁၂၁၃ ခု တပေါင်းလဆုတ် ၉–ရက် ၁၈၅၂–ခု မတ်လ–၁၅ ရက်နေ့၌ပင် ဗမာဘုရင်မင်းတရားကြီး ထံမှောက်သို့ အင်္ဂလိပ်ဗမာတို့ မပြေမလည်ဖြစ်ကြသည့်အရေး၌ ဗမာတို့က ပြေလည်အောင်မပြုလျှင် သင်းတို့ကုလားဖြူ သက္ကရာဇ် ၁၈၅၂–ခု၊ ဧပြီလတစ်ရက်နေ့၊ ဗမာသက္ကရာဇ် ၁၂၁၄–ခုအဝင် နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့၌ စတင်တိုက်ခိုက် တော့ မည်ဖြစ်ကြောင်း စာအပို့လွှတ်သည်ဟု သတင်းကြားရကြောင်း မိန့်ကြား၏။

လက်ျာဝင်းမှူးကြီးနှင့်ဆွေဆက်တို့သည် ကုလားဖြူတို့က အတင်းတိုက်ခိုက်လာကြတော့မည်ဆိုသော်....မိမိတို့သည် ရှုံးမည်ကိုသိလျက် အရှင့်ကျွန်များပီပီ ဗမာတို့၏ မျိုးရိုးဂုဏ်ကို စောင့်သောအားဖြင့် အသေခံအရှုံးခံ၍ မဆုတ်မနစ် တိုက်ကြရ



တော့မည်ဟု ပြောကြ၏။ ထို့နောက်တိုက်ရေးခိုက်ရေး လုပ်ရည်ကိုင်မှု တို့ကို ဆွေးနွေးနေကြသောကြောင့် အတော်ညဉ့်နက်မှ လူချင်းခွဲကြ၏။

ဆွေဆက်သည် ဆိပ်ကမ်း၌ကပ်ထားသည့်မိမိတို့တံငါလှေ ကြီး များကို ရန်သူသင်္ဘောတို့ ရောက်လာ ပိတ်ညှပ်ခဲ့သော်...... သံလွင်မြစ်ဝ၌ အဆီးအဆို့ မခံရစေရန် ပင်လယ်ကွေ့သို့ ညတွင်း ချင်းပြန်ထွက်၏။ ထို့နောက် သံလွင်မြစ်ဝမြောက်ဘက် အထက် သုံးလေး တိုင်အကွာရှိ လှိုင်းလေအတိုက် အခိုက် လုံသောချောင်းကွေ့၌ ဖုံးကွယ်ဆိုက်ရပ်၏။ မိမိရဲမက်စစ်သည်တို့ကို နေသားတကျ စခန်းချ စွဲရပ်စေပြီး၊ ခြေလျင်လမ်းခရီးဖြင့် ချက်ခြင်းပြန်၏။ ဆွေဆက်မုတ္တမသို့ ပြန်ရောက်လာသောအခါ၊ နံနက်အာရုဏ်တက်နေလေပြီ။ လက်ျာဝင်း မှူးကြီးလည်း ယခုထက်တိုင်မအိပ်သေး။ ဆွေဆက်ကိုမြင်သော် မိမိကဲ့သို့ လုံ့လဝီရိယရှိသူဟု ထင်မြင်သောကြောင့် နှစ်သက်သဘော ကျ၏။ လက် ဖက်ရည်နှင့် ညှော်ခံစေ၏။ ဆွေဆက်တို့ ရဲမက်များ၊ ချရပ်တပ်စွဲနေသည့် နေရာကိုမေး၍ မုတ္တမမြို့သို့အကူးအသန်း အသုံးပြုရန်အတွက် မြင်းဆယ့်ငါးကောင်၊ အထိန်းအကြောင်းအစုံနှင့် ခေတ္တပေးထား၏။

"ကဲ....မောင်တို့လဲပင်ပန်းလှပြီ၊ ကျုပ်လဲတရေးတော့ မှေးဦးမယ်"

အဆောင်စောင့်တို့သည် ဆွေဆက်တို့ တည်းခိုအိပ်စက်မည့် အိမ်သို့လိုက်ပို့ကြ၏။ အသင့်ပြင်ထားသော အိပ် ရာထက်သို့ လှဲလိုက်

သည်နှင့်တပြိုင်နက် မြရွက်ကိုမှသတိမရနိုင်တော့ဘဲအိပ်ပျော်၍၏။ အမြောက် သံတွေ ဆူညံလာတော့မှနိုး၏။

နိုးသည်နှင့်စားအသင့်လွယ်လျက်မြင်းပေါ်သို့တက်ပြီး လက်ျာဝင်းမှူးကြီး အိမ်ဆီသို့ အပြင်းစိုင်း၏။ ဝင်းမှူးကြီး လေ့ကားထိပ်၌ ရပ်နေနှင့်သည်ကို တွေ့ရ၏။ ဝင်းမှူးကြီးက ဆီးကြို၍ရယ်မောအ၏။

"...ဘယ့်နဲ့လဲမောင်တို့ သည်ကုလားဖြူတွေက.....

..... သင်းတို့သဘောအတိုင်း မလိုက်လျောယင် လာမယ့် တန်ခူးလဆန်း ၁၁ ရက်နေ့မှာစတိုက်မယ်လို့.....။

..... တပေါင်းလဆုတ် ၉–ရက်နေ့ကမှ ရွှေဘဝါးတော်အောက်ကိုစာပို့တယ်.....။

..... သည်နေ့တပေါင်းလဆုတ် ၁၀–ရက်နေ့မှာ သင်းတို့က အခုစ,တိုက်ပြီ.....။

ဘယ်လိုလဲကွဲ့လက်နက်အင်အားကောင်းတဲ့ ကုလားဖြူ တွေက သင်းတို့ကဘဲနိုင်အောင် ဘာမှမရှိတဲ့ ငါတို့တတွေ ပြင်ဆင်ခွင့်မရအောင် ကောက်ကောက်ကျစ်ကျစ်ပြုသဟာ၊ ငါတို့စစ်ရှုံးရမှာက ကိစ္စမရှိ၊ သည်က လောက် သူ့ရဲ့ဘောကြောင်သူတွေနဲ့ ဖက်ပြိုင်တိုက်ရမှာ ငါတို့သိပ်ရှက်ဘို့ ကောင်းသဟ၊ မဟုတ်ဖူးလားမောင်တို့....."

ဆွေဆက်က ပြုံးရယ်နေ၏။ ထို့နောက်အတွေ့အကြုံရှိခဲ့ဘူးသူပီပီ



လက်ျာဝင်းမှူးကြီးနှင့်အတူလိုက်လျက် ကတုတ်သစ်တပ်တို့ကို ကျောက်များ မြေများ ဆင့်ဖို့စေ၏။

ဆွေဆက်က ကုလားဖြူတို့၏ အမြောက်များပြင်းထန်ပုံ၊ အမြန်ပစ်ခတ်နိုင်ပုံတို့ကိုပြောပြ၏။ မလွယ်တံခါးမှထွက်လျက် မိမိတို့ စခန်းချရပ်ရာသို့လည်း မကြာမကြာ သွား၏။ အပြင်၌ချရပ်နေကြသည့် ကုလားဖြူ ခြေလျင်တပ်သားတို့၏ အင်အား လက်နက် ကိုသိစေရန် မိမိ၏ရဲမက် အချို့အား ကြက်ရောင်း၊ ဘဲရောင်း၊ အသီးအရွက်ရောင်းသူကျေးလက် တောသား ကျွန်တော်မျိုးတို့အသွင် သွားရောက်စုံစမ်းခိုင်း၏။ ကုန်းပေါ်တွင်ချည်း ကုလားဖြူ ရဲမက်များ ၈၀၀၀,ကျော်ခန့်ရှိနေကြသည်ဟု သိရ၏။

ဆွေဆက်က လက်ျာ ဝင်းမှူးကြီးအား ကုလားဖြူတို့နှင့် ယှဉ်ပြိုင် တိုက်ခိုက်ရာ၌ အဝေးပစ်သေနတ် မီးပေါက်ချင်း ယှဉ်ပြိုင်မပစ်ပဲ၊ သင်းတို့ပစ်သည်ကို ရဲမက်တို့အထိအခိုက်မရှိစေလေအောင် အခိုင်အခန့် အကာအကွယ်ပြု၍ တိတ်တဆိတ်နေရန်သာသင့်ကြောင်း...

ထို့နောက် မိမိတို့ရဲမက်များအား အသက်အသံမပြုစေပဲ သင်းတို့အနီး ရောက်သည်အထိ ပုန်းလျှိုးချည်းကပ်ပြီးနောက်၊ ဖြတ်ခြည်းဝင်ရောက်လျှိုး ထိုးခုတ်ကြလျှင် သင်းတို့ကုလားဖြူတွေ လူကောင်ကြီးသော်လည်း မထိုး မခုတ် မတိုက်ရဲ၊ ပြေးကြသည် ချည်းဖြစ်ကြောင်းကိုလျှောက်ထား၏။

ထို့ပြင်မိမိတို့သည် ကုလားဖြူတို့၏တပ်အချို့ကိုရုတ်တရက် ဝင်ရောက် စီးနင်းပြီး ဟံသာဝတီရန်ကုန်မြို့သို့ ပြန်ကြတော့မည်ဖြစ်ကြောင်း ဟံသာဝတီ ရန်ကုန်မြို့ဝန်ကြီးကို အကြောင်းကြားရဦးမည်ဖြစ်ကြောင်းပြော၏။

လကျ်ာဝင်းမှူးကြီးက အတင်းတားဆီးထားသောကြောင့် ဝင်းမှူးကြီးနှင့် အတူကတုတ်မြို့စောင့်တို့ကို ကူညီကွပ်ညှပ် တိုက်ခိုက်ပေးနေရ၏။

နှစ်ရက်သုံးရက်တိုက်ခိုက်မိကြသည်နှင့် ကုလားဖြူတို့တိုက်ခိုက်ပုံ၊ တိုက်ခိုက်နည်းကို ကိုယ်တွေ့သိလာကြ၏။ မုတ္တမမြို့လုံးကို ဝိုင်းရံလျက် အားကောင်းသည့်အမြောက်စိန်ပြောင်းတို့ဖြင့် မိုးရွာဘိသို့ ဖြောဖြောသွန်သွန်ပစ်၍၊ တဘက်၌အိုးအိမ်လူသူ၊ ကတုတ်မြို့ရိုး၊ ထောင်းထောင်းကြေပျက် ပြီးမှ ခရာသံနှင့်အတူရဲရဲနီသော သေနတ်ကိုင်စစ်သားများ တလှမ်းချင်း တညီတည်း အတန်းလိုက်တက်၏တစ်ဘက်ရန်သူကို မျက်နှာမူလျက် တညီတည်းထိုင်၏။ ၁ညီတည်း သေနတ်မောင်းတင်၏။ တညီတည်းပစ်၏၊ ဤအတိုင်း ထိုင်လိုက်၊ ပစ်လိုက်၊ တက်လာလိုက်ပြုကြ၍၊ တဘက် ရန်သူ တို့နှင့်အလွန်နီးကပ်ကြမှ ကျယ်ကျယ်လောင် လောင် မှုတ်လိုက်သည့် ခရာသံအမြန်တီးလိုက်သည့် သင်တို့ကုလားဖြူ စည်သံနှင့် အတူအပြေးတက် ၍ ရင်ဆိုင်တိုက်ခိုက်ကြ၏။



သင်းတို့သည်လိုတညီတည်း တချိန်တည်း တိုက်ခိုက်ရန် အော်ဟစ်အမိန့်ပေးသူလည်း သင်းတို့နှင့်အတူပါ၏။ အမိန့်ပေးသူသည် သင်းတို့ဗိုလ်နှင့်အတူနောက်မှချီတက်လိုက်လာသော သင်းတို့စစ်စည်သံကို နားထောင်အမိန့်ပေးနေခြင်းဖြစ်၏။

သို့ကြောင့် တိတ်တိတ်ခိုးပုန်းနေကြသည့် ဗမာရဲမက်တို့က သင်းတို့ စစ်စည်တီးသူနှင့် ခရာတုတ်သူတို့ကို ဝင်ရောက်သတ်ဖြတ်တိုက်ခိုက်လျှင် လည်းကောင်း ၊...

သင်းတို့အတန်းလိုက်ချီတက်လာစဉ် ဗမာရဲမက်အနည်းငယ်စီ ဘေးနှစ်ဘက်နှင့် ရှေ့တို့မှ ဖြိုးကနဲအနီးကပ်၍ ပေါ်လာပြီး၊ အတင်းဝင်ရောက် ထိုးခုတ်ကြလျှင်၎င်း၊ သင်းတို့စစ်သည်များ အထွေးထွေးရှုပ်လျက် ဘာမှ မပြုလုပ်တတ်ကြတော့ပဲ၊ ဆုတ်ပြေးတတ်သည်ဟု သိလာကြ၏။ တစ်ဖက်နှင့် တစ်ဖက်မည်သို့တိုက်တတ်ခိုက်တတ်ကြသည်ဟု အခဲခတ်မိလာကြ၏။

“ကဲ.....သည်မှာလဲအသားကျပြီး ခုသင်းတို့ ကုလားဖြူတွေ လက်နက်ကောင်းတွေဖြင့် မုတ္တမကိုဝိုင်းရံတိုက်ခိုက်လာတာ သန်ဘက်ခါဆိုရင် သီတင်းတစ်ပတ်ရှိတော့မည်။မောင်တို့လဲပင်ပန်းကြ, ပြန်ချင်လှပြီ၊ ဟံသာဝတီ ရန်ကုန်မြို့၌လည်းမည်သို့အကြောင်းပေါ်နေသည်ဟု မကြားမသိရ၊ မောင်တို့ပြန်လိုကပြန်ကြလေ.....”

လကျ်ာဝင်းမှူးက အမိန့်ပေးသဖြင့်၊ ဆွေဆက်တို့ ပြန်ဖို့ အစီအစဉ်

ပြုလျက် ၁၂၁၃ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့ ၁၈၅၂ မတ်လ ၂၃ ရက်နေ့၌ ပြန်လာကြ၏။

ဆွေဆက်တို့ ရဲမက်တစ်စု ပြန်လာကြသည်ဆိုရာ၌ ရိုးရိုးအေးအေး ပြန်လာကြသည်မဟုတ်ကြ၊ မိမိတို့ မုတ္တမကို လာရကျိုးနပ်လေအောင် စခန်းချရပ်ထားသည့် ကုလားဖြူဖျင်တဲတို့ကို တိုက်ခိုက်စီးနင်း၍ ပြန်လာကြခြင်း ဖြစ်၏။

တိုက်ခိုက်စီးနင်းသည် ဆိုရာ၌လည်း ကြီးကြီးကျယ်ကျယ် ခဲခဲယဉ်းယဉ်းမဟုတ်။

ဆွေဆက်၏ တပည့်ရဲမက်တို့သည် ဆွေဆက်၏ ခိုင်းစေချက်အရ စခန်းချရပ်ထားသည့် ကုလားဖြူတို့အထံသို့ အနီးအပါး ကျေးရွာသားများ အသွင်ဖြင့် ဟင်းသီးဟင်းရွက်များ ကြက်ဥများ သွားရောက်ရောင်းချ တတ်၏။ မြေပေါက်ခြင်း၊ ထင်းများ ဖြတ်တောက်ရှာပေးခြင်း စသည်တို့ကို ပြုလျက်၊ အမြဲတစေလိုလို ကုလားဖြူစခန်း၌ နေပြီး မိုးချုပ်အချိန်ကုန်မှ ပြန်လာတတ်ကြ၏။

ဤနည်းဖြင့် ကုလားဖြူတို့၏ အနေအစားကုလားဖြူတို့၏ စရိုက် အားလုံးတို့ကို သိထားကြသည့် ဆွေဆက်၏ ရဲမက်တို့သည် ကုလားဖြူ စခန်းတစ်ခုတစ်ခု၌ တစ်နေ့တစ်နေ့လျှင် နှစ်ကျိပ်နီးပါးခန့် အလုပ်သွား လုပ်လေ့ရှိကြ၏။ ကုလားဖြူစခန်းတစ်ခုတစ်ခု၌ ဖျင်တဲပေါင်း အလုံး ရှစ်ဆယ်ခန့် ရှိ၏။ တဲတန်းတစ်တန်းလျှင် တဲအလုံး ၂၀ ရှိလျက် တဲ တန်းပေါင်း ၄ တန်း အညီအညွတ် စီလျက်ရှိ၏။ ထိုတဲတန်းကြီး လေးတန်း၏ ယာဘက်ထိပ်၌ ရဲမက်



တို့ကို အုပ်ချုပ်သည့် ကုလားဖြူဗိုလ်များ နေကြသော တဲကြီးတစ်လုံး ရှိ၍ ထိုတဲကြီးနှင့်တည့်တည့် တဲတန်းကြီးလေး တန်း၏ တစ်ဖက်၌ ကုလားဖြူရဲမက်များ အစာစားကြသည့် ကြီးမားသော ဖျင်ဖြူတဲရုံကြီး တစ်ခုရှိ၏။

ထိုတဲစုကြီး တစ်စုလုံးကို ဆွေဆက်၏ လူများက သစ်ဝါးတို့ဖြင့် ဝင်းခတ်ပေးထားရ၏။ ဝင်း၏အပြင် လေး မှက်တို့၌ ခေါက်တုံ့ခေါက်ပြန် ပြု၍ စောင့်နေရသော လက်နက်ကိုင် ကုလားဖြူရဲမက် ဆယ်ယောက် ရှိ၏။

ကုလားဖြူရဲမက်တို့သည် မိမိတို့ စခန်းအတွင်း ဝင်သည်နှင့် အေးအေးလူလူ နေလေ့ရှိကြ၏။ လက်နက်ကို ဖျင်တဲ၌ ထားခဲ့ကြလျက် မိမိတို့အချင်းချင်း သင့်ရာသင့်ရာ စုရုံးနေတတ်ကြ၏။ ခရာတွတ်သဖြင့် အစာစားရန် အချိန်ကျသောကြောင့် အစာစားသည့် ဖျင်ရုံကြီးသို့ သွားကြသော အခါ၌လည်း မိမိတို့ လက်နက်များကို မိမိတို့ဖျင်ရုံထဲ၌ ထားပစ်ခဲ့ကြကာ လူချည်းသက်သက် သွားတတ်ကြ၏။

စခန်းတစ်ခုတစ်ခု၌ ဤကဲ့သို့သော ဖျင်ရုံအစုမျိုး နှစ်စုသုံးစုအထိ ရှိ၏။ တစ်စုနှင့်တစ်စုသည် တစ်ပြသာသာလောက် ဝေးကွာ၏။

မုတ္တမမြို့၌ ဤသို့သော စခန်းမျိုး သုံးခုဝိုင်းရံ တပ်စွဲထား၏။ မြို့၏တောင်ဘက်မျက်နှာ၌တစ်ခု၊ မြို့၏အရှေ့ဘက်မျက်နှာ၌တစ်ခု၊ မြို့၏ အနောက်ဘက် မျက်နှာ၌မူ မြစ်ဆိပ်ဖြစ်သောကြောင့် ကုလားဖြူတို့ သင်္ဘောတပ်ရှိ၏။

ဆွေဆက်၏ လူများသည် မြို့၏ အရှေ့မြောက်ဘက် မျက်နှာ၌ ရှိသော စခန်းတွင် အလုပ်လုပ်ကြခြင်းဖြစ်၏။ ထိုစခန်း၌ တဲစုနှစ်စုရှိ၏။ တဲစုတစ်ခုနှင့်တစ်ခုကြား၌ ကိုင်းမြက်ရှည်ပင်ကြီးများ ပေါက်ရောက်နေ၏။

ဆွေဆက်တို့ စီးနင်းကြသည့်နေ့က ကုလားဖြူတို့၏ တဲစခန်း၌ အလုပ်,လုပ်နေကြသော ဆွေဆက်၏ တပည့် အချို့သည် ကုလားဖြူများ ညဘက် အစာစားချိန်၌ ထိုအစာ,စားသည့် ဖျင်ရုံကြီး ဖက်ရှိ လေအထက်မှ အစွန်ဆုံး ဖျင်တဲတစ်လုံးကို မီးတင်ရှို့ကြ၏။

ထို့နောက် မီးတင်ရှို့သူတို့ကပင် အော်ဟစ် ငြိမ်းသတ်ကြရင်း လေအောက်ရှိ ဖျင်တဲများကိုပါ မီးစွဲအောင် ပြုကြ၏။

ယင်းကဲ့သို့သောအချိန်၌ ညစာစားနေကြသည့် ကုလားဖြူတို့က အပြေးအလွှား လာရောက်ဝိုင်းဝန်းငြိမ်းသတ်ကြ၏။

ထိုစဉ် အသင့်စောင့်နေကြသော ဆွေဆက်နှင့် ရဲမက်တို့က လူအစု စုခွဲလျက် အချို့က အပြင်အစောင့် ဆယ်ယောက်ကို တစ်ပြိုင်နက် တိုက်ခိုက် သတ်ပုတ်၏။ အချို့က မီးငြိမ်းသတ်နေကြသည့် ကုလားဖြူများကို ထမင်းစားရုံကြီး၏ ဤမှာဘက်ရှိ ဖျင်တဲတန်းများဆီသို့ မလာမရောက် နိုင်ကြရန် ဆီးဆို့ပိတ်ခုတ်၏။ အချို့ကတဲစုကြီးနှစ်ခုကြားရှိ ကိုင်းမြက်ခြောက်တောကြီးကို လေအထက်မှနေ၍ ခြောက်နေရာခန့်ဖြန့်လျက် တစ်ပြိုင်နက်မီးရှို့၏။ အချို့ကလူမရှိသော ဖျင်တဲများအတွင်းမှ သေနတ် လက်နက်တို့ကို သိမ်းယူ၏။



"လက်နက်မဲ့ ငါတို့ကျေးရွာတွေကို တိုက်ခိုက်မဲ့အစား ဒီလိုတိုက်ပွဲမျိုးကို တိုက်ရဲမှ ယောကျ်ားကောင်းကွ ...ကိုယ့်လူတို့ မီးရှို့ဝါသနာပါလှတာ ...မင်းတို့လိုတာရရင် မီးတိုက်ပစ်ခဲ့"

ဆွေဆက်၏ အော်ဟစ်ပြောဆိုနေသံဖြစ်၏။ ထိုအချိန်၌ နေလုံးပျောက် ပြီးခဲ့လေပြီ...။

လမ်းပန်းရှာဖွေ ကျွမ်းကျင်ပြီးသည့်အလျောက် မိမိတို့လှေဆိပ်ရှိရာသို့ အေးအေးလူလူ ပြန်လာနိုင်ကြ၏။ လှေဆိပ်၌ မိမိမှာထားခဲ့သဖြင့် လိုက်ပါလာကြသော လကျ်ာဝင်းမှူးကြီး၏ ရဲမက်တို့အား မိမိတို့ တိုက်ခိုက်အောင်မြင်ခဲ့သည့် သတင်းစုံကို လျှောက်ထားရန် ပြောမှာလျက် မြင်း ဆယ့်ငါးကောင်ကို ပြန်ပေးခဲ့၏။

မိမိတို့ဘက်မှ ကျဆုံးသဖြင့် သယ်ယူလာသော ရဲမက်နှစ်ယောက်ကို ကမ်းထိပ်၌ပင် ထင်းမီးရှာဖွေ သင်္ဂြိုဟ်ကြ၏။ ထို့နောက် ပင်လယ်ဝ မှောင်မှောင်တွင် ရွက်စုံဖွင့်၍ ကမ်းမှခွာကြ၏။

လှေထက်ရှိ ရဲမက်တို့သည် ကမ်းထက်တွင် လောင်မြိုက်ရင်း ဘဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့သော မီးတောက်ကို ကြည့်ငေးကြ၏။

ပင်လယ်လေပြေသည် ထိုသူတို့ အဆီပြန်နေသော မျက်နှာကြီးကို ဖက်လဲတကင်း တိုက်ခိုက်တိုးဝှေ့သည်...

၆။

နံနက်လင်းသည်နှင့် ရန်ကုန်မြစ်ဝသို့ ပြန်ရောက်ကြ၏။ တံငါရွာငယ် သို့ ဆိုက်မိလျှင် လိုက်ပို့ပေးသည့် တံငါလှေရှင်တို့အား ကုလားဖြူတို့ထံမှ ရလာသည့် စားနပ်ရိက္ခာအချို့ကို ပေးပစ်ခဲ့ကြလျက် ဦးမြတ်ထွန်းစခန်းမှ တစ်ဆင့် မိမိ၏နောက်ပါ ရဲမက်အချို့ကို ကျောက်တန်းသို့ ပြန်စေ၏။ အချို့ကို ရန်ကုန်သို့မိမိနှင့် အတူခေါ်၏။

ဦးမြတ်ထွန်းစခန်း၌ ဦးမြတ်ထွန်း ပြန်ရောက်မလာသေး ...

ဆွေဆက်သည် မုတ္တမတွင် ကုလားဖြူတို့က ဗမာတို့ကို စ,တိုက် နေပြီဖြစ်ကြောင်း၊ ဦးမြတ်ထွန်း၏ ရဲမက် ဗိုလ်စုတို့ကို အကြောင်းကြား ၏။ ဦးရွှေပန်းတို့ စခန်းကိုလည်း တစ်ဆင့် အကြောင်းကြားပေးစေ၏။ ထို့နောက် ရန်ကုန်မြို့သို့ အနားမရှိ

သွား၏။ ညနေ နေမချိုမီ ရန်ကုန်သို့ ရောက်သည်။ ဟံသာဝတီ ရန်ကုန်သူရန်ကုန်သားတို့ကား သွားမြဲလာမြဲ အရောင်းအဝယ်မပျက် စည်ကားမြဲ...

"ကဲ...အရေးတော်တော့ ...စ,ပကော ...အဘကြီးရေ ...ကျွန်တော်တို့ စီမံခန့်ခွဲထားတဲ့ အလုပ်တွေကို...အခုညပဲစကြစို့ရဲ့ ကျွန်တော်တို့ ရဲမက်တွေ မိုးချုပ်တာနဲ့ တချို့ရောက်လာကြလိမ့်မယ် ...တချို့သံလျင်စွန်းကို သွား လိမ့်မယ်၊ ကျွန်တော်က ဒလကူးပြီး သံလျင်စွန်းကစောင့်ရမယ် ...အရေး ကိစ္စပြီးကြမှ ပြန်တွေ့ကြစို့ရဲ့ ...အရေးအကြောင်းရှိရင် ထူး စုင် ဒလဘက်ကို လွှတ် ဒလနဲ့ သံလျင် ကျွန်တော်တို့ ခြေမြန်တွေ ကူးချေသန်းချေ လူးလာတုံ့ခတ် ရှိလိမ့်မယ်"

လက်ဝှေ့တော်ကြီးသည် ဝမ်းမြောက်ဝမ်းသာ လက်ပန်းပေါင်းခတ်လိုက်၏။ ထို့နောက် သိလိုလွန်းသဖြင့် မည်သို့ အရေးတော် စ, ပြီလဲဟု မေး၏။ ဆွေဆက်က မုတ္တမတွင် ကုလားဖြူတို့က စ,လာတိုက်နေပြီ ဖြစ်ပုံ။မိမိတို့ကူညီတိုက်ခိုက်နေရပုံ၊ အပြန်၌ ကုလားဖြူတပ်ကို ဝင်စီး၍ ပြန်လာခဲ့ကြပုံ၊ ကုလားဖြူတို့ သေနတ် ၃၀၀ ကျော်နှင့် အခြားရိက္ခာ ရေဗူးစသည်တို့ရလာခဲ့ကြပုံတို့ကို အားပါးတရပြော၏။ ထို့နောက် ဤ အကြောင်းတို့ကို ဦးမြတ်ထွန်းနှင့် ဦးရွှေပန်းတို့ စခန်းများကို အကြောင်း ကြားခဲ့သော်လည်း ဦးမြတ်ထွန်းရော ဦးရွှေပန်းပါ ပြန်ရောက်မလာကြ သေးသောကြောင့် ဦးမြတ်ထွန်း ဦးရွှေပန်း၏ရဲမက်များက သင်းတို့သခင်များ အမိန့်မရသဖြင့် သည်အတိုင်း မလှုပ်မရှား နေကြလိမ့်မည်ဖြစ်ကြောင်း



...မိမိကမူ မိမိတို့စခန်းရှိ ရဲမက်အားလုံး သံလျင်စွန်းသို့ ယခု ညလာရောက်ကြ ရန် မှာထားခဲ့ပြီ ဖြစ်ကြောင်း နံနက်က အသုံးပြုခဲ့သော တံငါလှေများကိုပါ ပြန်ယူလာကြမည်ဖြစ်၍ ယခုည ရေအတက်၌ ကုန်းရေအားလုံးဆုံကာ သံ လျင်စွန်းမှ မိမိအား စောင့်နေကြလိမ့်မည် ဖြစ်ကြောင်းတို့ကို ပြော၏။

ဆွေဆက်သည် လက်ဝှေ့တော်ကြီးနားထောင်နေ၍ အားမရသေးမီ စကားအဆုံးသတ်လျက် ရန်ကုန်မြို့ဝန် မင်းကြီး သတိုးမဟာ မင်းလှမင်းခေါင် ကျော် ရှိရာသို့ သွား၏။ မုတ္တမ၌ တွေ့ကြုံခဲ့ရသည့် အခြေအနေအားလုံးတို့ကို လျှောက်ထားပြီးနောက် မိမိတို့ ပြုလုပ် ဆောင်ရွက်မည့် အကြောင်းရပ်တို့ကို မပြောမဆိုဘဲ တိတ်တိတ် ဆိတ်ဆိတ် ပြန်၏။

ထိုနေ့ည ကုလားစက် ၉ နာရီကျော်ကျော်တွင် ကုလားဖြူတို့ရပ်ကွက် ရှိ ကုန်လှောင်သော တိုက်တစ်ခုကို မီးလောင်သည်။

မီးကြီးလှသဖြင့် ရပ်ကွက်ရှိ ကုလားဖြူ တို့အားလုံး ဝိုင်းဝန်းငြိမ်းသတ်ကြရ၏။ ရဲဗိုလ်မောင်ပိုနှင့် အဖွဲ့တို့လည်း ရောက်လာကြ၏။ ကုလားဖြူတို့နှင့် ထွက်ဝင်ပေါင်းသင်း၊ ဖက်လဲတကင်း ရောင်းဝယ်နေကြသူ အားလုံးတို့လည်း လာရောက်ကူညီငြိမ်းသတ်ကြ၏။ ရန်ကုန်၌ မီးရောင် မြင်သောကြောင့် ကုလားဖြူ ရပ်ကွက်ဆီကဟု မှန်းထားရသည်နှင့် သံလျင်စွန်း ရေခုနစ်လံဝ၌ ကျောက်ချထားသည့် ကွန်မန်ဒိုလင်းဘတ်တို့ သင်္ဘော အများလည်း ဆန်တက်လာခဲ့၏။

ထိုစဉ် တပြိုင်နက်ဖြစ်လိုက်သည်ကား ကုလားဖြူရပ်ကွက်သို့ သွားရောက်ကူညီနေကြသည့် လူကြီးမိဘများ ယောကျ်ားသား များကို စောင့်မျှော်နေကြသော အိမ်အားလုံးတို့ ဝင်ရောက်အစီးနင်းခံရသည်။ ကုလားဖြူတို့၏အခြား ကုန်လှောင်ရုံ တစ်ခုကို လူတစ်စုတို့က ခပ်ပြောင် ပြောင်ဖွင့်လျက် ကုန်အားလုံးလိုလို လှေကြီးများပေါ်သို့ သယ်ချ ဆန်တက် သွားကြ၏။ နောက်ဆုံး လှေတစ်စင်းပေါ်သို့ ကုန်များသယ်ချနေစဉ်မှ ကုလားဖြူတို့ သိကြ၏။ ထိုစဉ် သယ်ယူနေသူတို့က သေနတ် လက်နက် ကောင်းတို့ဖြင့် ခုခံတိုက်ခိုက်ပြီး ဆိပ်ကမ်းမှထွက်ခွာလျက် တစ်ဖက်ကမ်းသို့ ကူး၍ဆန်တက်၏။ ကုလားဖြူတို့က လင်းဘတ်၏ သင်္ဘောနှင့် လိုက်လံပစ်ခတ်၏။ စီးနင်းတိုက်ခိုက်သွားကြသည့် လူဆိုးတို့သည် မပြေးသာသောကြောင့် လှေကို မြစ်ကမ်း၌ ထိုးဆိုက်၏။ အချို့က ခုခံ ပစ်ခတ်၏။ အချို့က ကောင်းနိုးရာရာ ကုန်ပစ္စည်းတို့ကို သယ်ချပြီး ကုန်းထက်သို့ တက်ပြေးကြ၏။ လင်းဘတ်တို့ သင်္ဘောသည် ထိုလှေကို ကုန်အချို့နှင့်ပြန်ရကြ၏။ ထို့နောက်အထက်သို့ ဆက်တက်၍ အခြား လှေများကို လိုက်ရှာကြ၏။ ကုန်ပစ္စည်းတစ်ခုတလေမျှ မပါတော့ပဲ လှေခွက်ချည်း မျောလာသည့် လှေကြီးများကို ဟိုနားတစ်စင်း သည်နား တစ်စင်း တွေ့ကြရ၏။

လင်းဘတ်တို့ သင်္ဘောက ဤသို့ လှေကြီးများကို လိုက်လံပစ်ခတ် နေစဉ် သံလျင်စွန်း၌ ကျန်ခဲ့သော သင်္ဘောငယ်တစ်စင်းကို ဗမာတို့က စီးနင်းတိုက်ခိုက်ကြသည်။



မည်သည့်အချိန် သင်္ဘောပေါ်သို့ တက်ရောက်လာကြမှန်း မသိသော ဗမာသုံးဆယ်ကျော်တို့က **ဖြုန်းခနဲ** ပြေးလွှား ခုတ်ထစ် ကြသည်။

ဗမာတို့သည် ရေထဲမှ ကူးလာကြလျက် သင်္ဘောပေါ်သို့ တိတ်တဆိတ် တက်ရောက်ကြခြင်း ဖြစ်၏။ ထိုသို့ တက်ရောက် ခုတ်ထစ်နေကြစဉ် ဗမာတံငါလှေ အစီးနှစ်ဆယ်ခန့်၊ ရုတ်တရက် သင်္ဘောကိုကပ်ခါ ကူညီတိုက်ခိုက်ကြ၏။ သင်္ဘောသား ကုလားဖြူ အများ သေကျေပျက်စီးကြသည်။ အချို့လူလွတ်ရေထဲသို့ ခုန်ဆင်း ပြေးကြရသည်။ အနည်းအကျဉ်းမျှသာ သေနတ်ဖြင့် ခုခံ တိုက်ခိုက်နိုင်ကြသည်။ ဗမာတို့သည်သင်္ဘောကို ကျောက်နှုတ်လျက် ကမ်းသို့ဆွဲယူသွားကြ၏။

သင်္ဘောပေါ်ရှိ ကုန်ပစ္စည်းအချို့ကို လှေကြီးများဖြင့် 'ကဲ့'၍ ကုန်းပေါ်သို့ သယ်ယူကြ၏။ အချို့ကို လှေပါအတိုင်း လှော်ခတ်သွားကြ၏။ ဗမာတို့သည် ကုလားဖြူတို့၏ သင်္ဘောကိုပါ လှေလွတ်များဖြင့် ဆွဲသွားကြသေးသည်၊ ရွက်ရောစက်ပါ အသုံးပြုသည့် သင်္ဘောဖြစ်သောကြောင့် ရွက်များကို ဖွင့်ကြ၏။ ထို့နောက် စက်တို့ကိုလည်း ဟိုလှည့်သည်လှည့် ပြုကြသည်။ မည်သို့မျှ ပြုလုပ်၍မရ ဘာမျှ မလုပ်တတ် မကိုင်တတ် ဖြစ်နေကြ၏။

ထိုစဉ် အဝေးမှ ကုလားဖြူသင်္ဘောများ လိုက်လာကြသည့် မီးရောင်ကို တွေ့ကြရ၏။ ဗမာတို့သည် သင်္ဘောကို ကမ်းသို့ အတင်းဆွဲယူလျက် သင်္ဘောပေါ်မှ အမြောက်များကို ကြိုးဆိုင်း၍ မြင်းဖြင့် ဆွဲတင်ကြသည်။

လူအချို့အမြောက်များကို ချက်ချင်း ကမ်းထိပ် နေရာကောင်းသို့ အရောက်ဆွဲယူသွားကြလျက် လိုက်လာသည့် ကုလားဖြူသင်္ဘောတို့ကို ချိန်ရွယ်ထားကြ၏။ ကျည်ထိုးအမြောက်များလည်းဖြစ် အရွယ်အစားချင်းလည်း မတူညီသောကြောင့် သူ့အမြောက်နှင့် သူ့ကျည်ဆံ မှန်ကန် အောင် စမ်းတဝါးဝါး ရွေးချယ်ကြရ၏။

ကုလားဖြူတို့ သင်္ဘော နီးလာသောအခါ မပစ်တတ်ဘဲ ဟိုလှည့် သည်လှည့်၊ ဟိုဟာဆွဲ သည်ဟာဆွဲ ဖြစ်နေ၏။ အမြောက်နောက်ပိတ်ကို မီးဖြင့်ပုံရှို့၏။ ရှေ့က ပြောင်းဘက်သို့ ငုံ့ကြည့်သူ က ကြည့်နေဆဲ နောက်မှ ကြိုးတန်းလန်းကို မျက်စေ့နောက်သည်ဟု ဆောင့်ဆွဲသူကဆွဲ၏။ ဤတွင် အမြောက်ကျည်ဆံထွက်သွားလျက် ရှေ့မှငုံ့ကြည့်နေသော မိမိတို့လူ ကို ထိမှန်ရ၏။

အမြောက်ပစ်သူတို့က မိမိတို့လူတစ်ယောက်လုံး ထိမှန် သေဆုံးရသည်ကို ကိစ္စမရှိ အမြောက်ပစ်၍ရခြင်းနှင့် ကျည်ခွံအလိုလို ပြန်ထွက်ကျလာ သည်ကိုပင် သဘောကျနေကြ၏။

ထို့နောက် ကျည်ဆံများ တစ်ဆံပြီးတစ်ဆံထည့်လျက် လိုက်လာသည့် ကုလားဖြူသင်္ဘောများကို ပစ်ခတ်ကြတော့၏။

ထိုသူတို့အထဲ၌ ခေါင်းဆောင်သည် ဆွေဆက်ဖြစ်၏။ သင်္ဘောပေါ်ရှိ အမြောက်များ၊ ကျည်ဆံခဲယမ်းများကို မြင်းများဖြင့် အတင်းဆွဲခိုင်း တင်ခိုင်းနေသူမှာလည်း ဆွေဆက်ပင်ဖြစ်၏။

အနီး၌ရပ်နေသော ရှမ်းတပ်မှူး ဦးနန္ဒက ကုလားဖြူသင်္ဘော နီးလာပြီ ဖြစ်ကြောင်းကို ဆွေဆက်အား သတိပေးသည်။



ဆွေဆက်သည် ကုန်းထက်သို့ ရောက်ပြီဖြစ်သော အမြောက်နှင့် ကျည်ဆံ ကုန်စည်များကို သယ်ယူသွားစေ၏။ ထို့နောက် သင်္ဘောကို မြစ်လယ်သို့ တွန်းထုတ်၍ ရေစုန်သို့ မျောစေလျက် လှေကြီးများ ဝိုင်းရံ လိုက်ပါစေ၏။ ထို့နောက် သင်္ဘောပေါ်၌ရှိသေးသော အမြောက်ကျည်ဆံ များကို လှေပေါ်သို့ သယ်ချစေပြီး လှေတစ်စင်းပြီးတစ်စင်း ခွာထွက်စေ၏။

အချို့ကုန်းထက်မှ ရဲမက်တို့ကို နောက်မှလိုက်လာသည့် ကုလားဖြူသင်္ဘောတို့အား "ဝါးဘလောက်သောက်"မှ ဆီးဆို့ပိတ်တိုက်ရန် အမိန့်ပေး၏။

ထိုအတွင်း မိမိတို့သင်္ဘောသည် ဝါးဘလောက်သောက်ကို ကျော်လွန်မျောပါလာလျက် ချောင်းကျဉ်း တစ်နေရာ၌ ဆက်မမျောဘဲ ကန့်လန့်ခံ၏။

ကုလားဖြူသင်္ဘောတို့သည် ဝါးဘလောက်သောက်မှ ဆီးဆို့ပစ်ခတ် သည်ကို တုံ့ပြန်ပစ်ခတ်ရင်း အတင်းကျော်လွန် လိုက်လာ၏။

မျောတင်နေသော ဆွေဆက်တို့ သင်္ဘောသည် ရေစီးကြောင်း၌ စောင်းတင်၏။ ဆွေဆက်သည် လှေများကို ဆုတ်ခွာစေ၏။ ထို့နောက် ကျန်သေးသည့် အမြောက်ကျည်ဆံများကို ပုံလျက် မိမိသေနတ်ကိုင် ရဲမက်အထံမှ ဗမာယမ်းမှုန့်များကို သွန်ချ၏။ ထို့နောက် ထိုသူ၏ "ပြန့်ဖွေ"ကြိုးကို ဆွဲဖြတ်ပြီးနောက် အစတစ်ဘက်ကို ယမ်းမှုန့်ထဲသို့ မြှုပ်လျက် အစတစ်ဘက်ကို မီးညှိခဲ့၏။ မိမိရဲမက်နှင့်အတူ နှစ်ယောက်သား သင်္ဘောပေါ်မှ ကုန်းထက်သို့ ခုန်ဆင်းကြ၏။ ထို့နောက်

ကမ်းပေါ်မှ အသင့်စောင့်၍ လိုက်ပါလာခဲ့ကြသော မိမိ ရဲမက်အချို့ ဆွဲယူလာသည့် မြင်းပေါ်သို့ တက်၏။

မြင်းပေါ်သို့ ရောက်သည်နှင့် သင်္ဘောကို လှမ်းကြည့်၏။ မည်သို့မျှ အကြောင်းမထူး၊ အရဏ်ဦး၌ သင်္ဘောကြီးသည် ခပ်မဲမဲကြီးငြိမ်မြဲငြိမ်လျက် ...

ထိုစဉ် ကုန်းထက်ရွာစပ်မှ သေနတ်သံများ တစ်ညီတည်း တညာတည်း, ဖြောင်းကနဲဖြောင်းကနဲ ထွက်လာ၏။ ခရာသံနှင့် ကုလားဖြူတို့ စစ်စည်တို (ဘင်) အသံကိုလည်း ကြားလာကြရ၏။ ဆွေဆက်သည် မိမိအား စောင့်ရင်း လိုက်လာခဲ့ကြသည့် မိမိရဲမက် မြင်းသည်တော်တို့ကို မြားဦး သဏ္ဍာန် ရပ်တည်စေပြီးနောက်၊ မိမိကိုယ်တိုင် ရှေ့ဆောင်လျက် တန်းစီ တက်လာကြသည့် ကုလားဖြူ တပ်သားများကို အပြင်း, နင်းဖောက် ထွက်၏။

ကုလားဖြူတို့က အပြုံလိုက်အစုလိုက် သေနတ် ၂-ချက်မျှသာ ပစ်ဖောက်နိုင်ကြပြီးနောက် ကျန်ရစ်ခဲ့ကြ၏။

ပြင်းထန်သည့် ပေါက်ကွဲသံကြီးကို ကြားရသောကြောင့် မြင်းတို့ကို ရပ်၍ နောက်သို့လှည့်ကြည့်သောအခါ ကြီးမားသော မီးတောက်ကြီးကို တွေ့ကြရ၏။ သင်္ဘောကြီးပေါက်ကွဲလောင်ကျွမ်းသွားခြင်း ဖြစ်သည်။

"သင်္ဘောကြီးကို ပြန်ဆွဲယူဖို့ အနားကပ်လာတဲ့ သင်္ဘောနဲ့ သင်္ဘောထဲက ကုလားဖြူတွေပါ ပါသွားကြရောဟ ...မှတ်ထား"

ဆွေဆက်၏ စကားသံမဆုံးမီပင် နောက်ထပ် ပေါက်ကွဲသံကို ဆင့်၍ ကြားကြရသည်။ ဆွေဆက်သည် ဝမ်းမြောက် ဝမ်းသာ



မိမိဘေးသို့ လှည့်ကြည့်၏။ မိမိတို့နှင့်အတူ ပါလာသည့် မြင်းနှစ်ကောင်ပေါ်၌ လူမရှိတော့ ...

ပြုံးနေသော ဆွေဆက်၏ မျက်နှာသည် တည်ငြိမ်သွား၏။ ထို့နောက် အခြား မြင်းတစ်ကောင်ပေါ်၌ ခေါင်းငိုက်စိုက်ဖြင့် ကုန်းနေသည့် မိမိနှင့်အတူ သင်္ဘောပေါ်မှ ဆင်းလာသော မိမိ၏ ရဲမက်ကို တွေ့ရ၏။ ဆွေဆက်က မြင်းချင်းကပ်လျက်ဖေးမ, လိုက်၏။ ထိုသူက ခေါင်းငိုက်စိုက်ရှိနေရင်း နှုတ်မှရေရွတ်လိုက်၏။ တိုးလွန်းသောကြောင့် နားမလည်။ ဆွေဆက်က ခေါင်းချင်းကပ်၍ နားထောင်၏။

"ကုလားဖြူတွေ သင်းတို့ သင်္ဘောပေါက် ပေါက်ကွဲ..."

ဆွေဆက်သည် ထိုလူကို ပွေ့၍ မျက်နှာကို မော့စေလျက် မီးလောင်နေရာသို့ ညွှန်ပြ၏။

"ကွဲတာပေါ့ ...ဟိုမှာကြည့်လေ၊ အဲဒါ မင်းရဲ့ ယမ်းမှုန့်တွေကြောင့် တောက်နေတဲ့မီး..."

ထိုသူ၏ မျက်နှာသည် ပြုံးနေ၏။ ထိုသူ၏ ခပ်မှေးမှေးပွင့်သော မျက်လုံးသည် ပိတ်၏။ ထိုသူ၏ လည်တိုင်သည် ခွေကျ၏။ သို့သော် ...ထိုသူ၏ နှုတ်ခမ်းကားပြုံးဆဲ...

* * *

ရန်ကုန်မြို့ဝန်မင်းကြီးသည် ဤကိစ္စများအတွက် ရှင်းမပြီးနိုင်အောင် ရှိနေ၏။ ကုလားဖြူတို့က ရန်ကုန်မြို့ဝန် သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင်ကျော် ဦးမှုံကို လူဆိုးသူခိုးတို့နှင့် ပေါင်းသင့်တိုက်ခိုက်သူဖြစ်သည်။ လူဆိုးသူခိုးများမွေးစားနေသည်။ ဤလူဆိုးတို့ကိုလည်း ဖမ်းဆီးပေးအပ် ရမည်။ ဤလူဆိုးတို့ တိုက်ခိုက်ယူငင်သွားသည့် ပစ္စည်းများကိုလည်း ပြန်ပေးရမည်။ ဤလူဆိုးတို့ မီးရှို့ ဖျက်ဆီးသွားသောကြောင့် လုံးဝ ကြေမွ ပျက်စီးသွားရသော သင်္ဘောတစ်စင်းနှင့်လုံးဝသုံးမရအောင် မီးလောင်ကျွမ်းခြင်းခံရသော သင်္ဘောတစ်စင်းပေါင်း သင်္ဘောနှစ်စင်းတို့၏ တန်ဖိုး ကိုလည်း ပေးလျော်ရမည်။

ရန်ကုန်မြို့ပေါ်တွင် မီးအလောင်ခံရသည့် အင်္ဂလိပ်တို့၏ ကုန်လှောင်တိုက်နှင့် တံခါးကို ဖျက်ဆီး လုယူသွားခြင်းခံရသည့် ကုန်တိုက်များ၏ တန်ဖိုးကိုလည်းကောင်း၊ ကုန်စည်တို့၏ တန်ဖိုးကိုလည်းကောင်း၊ ပေးလျော်ရမည်ဟု ကုလားဖြူရေတပ်ဗိုလ်မှူးလင်းဘတ်က စွပ်စွဲတောင်းဆို၏။

ရန်ကုန်မြို့ဝန်မင်းကြီးအဖို့ ဤဖြစ်ရပ်တို့ကို လုံးဝ ပြန်ကြားခြင်း၊ စိတ်ထိခိုက်ခြင်း ဖြစ်မနေအားဘဲ ရန်ကုန်မြစ်ကို ပိတ်ဆို့ထားရန်နှင့် ကုလားဖြူတို့ တက်လာလျှင် မည်သို့ ခုခံရမည်တို့ကိုသာ လျာထားစီစဉ်နေရ၏။

ရွှေနန်းတော်ကြီးဆီသို့ အမိန့်တော်နာခံရန် စေလွှတ်လိုက်သူတို့ ဘာ့ကြောင့် ယခုအခါက် ဤမျှကြာနေရသည်ကိုလည်း တွေးမရအောင် ရှိနေရ၏။ ဆီးဆို့တိုက်ခိုက်ရန် လူသူလက်နက်စုဆောင်းပြင်ဆင်နေသည့် ကြံခင်းသူကြီး ငမြတ်သာထွန်းလည်း ပေါ်မလာ။ ဒလမြို့ဝန် မဟာမင်းခေါင်ရာဇာလည်း နေ့မအား ညမအားပဲ ရန်ကုန်မြစ်ဝကို ဆီးဆို့နိုင်ရန် သင်းတစ်ယောက်တည်း တာဝန်ယူနေရ၏။



ယခုအရေးတကြီး လိုအပ်သည်ကား ဟံသာဝတီ ရန်ကုန်မြို့အနီးကျေးရွာတို့ကို ဖြန့်ချထားသော မိမိနှင့်အတူ ပါလာသည့် ...

နတ်စုလက်ဝဲဗိုလ် မင်းလှမင်းခေါင်၏ ထောင်တပ်...

နတ်စုလက်ျာဗိုလ် မင်းလှမင်းခေါင်၏ ငါးရာတပ်...

ရွှေးလကျ်ာဗိုလ် မဟာမင်းလှမင်းခေါင်ကျော်ရာဇာ၏ ထောင်တပ်...

ရွှေပြည်မှန်ကင်းဗိုလ် မဟာမင်းထင်ရာဇာ၏ ထောင်တပ်တို့ကို ပြန်ခေါ်စုစည်းထားမှ ဖြစ်မည်ဟု တွေး၏။

သို့သော် ဟံသာဝတီ ရန်ကုန်သို့ အတိအလင်း ခေါ်ယူထား၍ မဖြစ်သေး၊ ကုလားဖြူတို့ မြင်လျှင် သိချိမ့်မည်။ ထို့ကြောင့် ဟံသာဝတီ ရန်ကုန်နှင့် မနီးမဝေး တောတောင်အတွင်း၌ တိတ်တဆိတ် တပ်စွဲချထား စေလျှင် သင့်လျော်မည်ဟု ဤအတိုင်းစီရင်၏။

သို့စီရင်ချမှတ်ပြီးစေကာမှ ဟံသာဝတီ ရန်ကုန်မြို့ဝန်မင်းကြီးအဖို့ ပို၍ဆိုးရွားသော အကြောင်းသတင်းတစ်ခု ကြားလာရ၏။

မြို့ဝန်မင်းကြီးသည်လူဆိုး ဓားပြတို့ကို မွေးမြူ၍ အင်္ဂလိပ်ကုန်သည်များနှင့်တကွ ဗမာကုန်သည်တို့ကို လုယက်ဖျက်ဆီးစေသည်ဟု လင်းဘတ် ခေါင်းဆောင်သော ကုလားဖြူတို့က စွပ်စွဲရာ၌ ...

ဟံသာဝတီရန်ကုန်မြို့တော်ရှိ ကုလားဖြူတို့နှင့် ပေါင်းသင်းအရောင်းအဝယ်ပြုနေကြသည့် ဗမာကုန်သည်တို့က ဟုတ်ပေသည်မှန်ပေ သည်ဟု ကုလားဖြူတို့ စွပ်စွဲခြင်းကို ချီးကျူးထောက်ခံခဲ့ကြ၏။

ယင်းသို့ ဗမာကုန်သည်အချို့ ကုလားဖြူတို့ကို ထောက်ခံခြင်းကြောင့် ဘဝရှင်မင်းတရားကြီး၏ အမြောက်သေနတ်တပ်အမှုထမ်းတို့က မွေးဖွားသော ဗမာပြည်ပေါက်ဟာရင်၊ မာမက်ရှုသွတ်၊ မူးလာအီဖြန်ဟင်တို့ မခံမရပ်နိုင် ရှိကြသဖြင့် ဟံသာဝတီ ရန်ကုန် "ပွဲစားလှည်းတန်း" ရပ်၌ အချင်းများကြ၊ ရိုက်နှက်ကြ၏။ ခိုက်ရန်ဖြစ်ပွားလျက် လွှတ်ရုံးသို့ ရောက်ခဲ့ကြရ၏။

ယင်းသည့်ကိစ္စ၌လည်း ဗမာကုန်သည်တို့က မောက်မောက်မာမာ ရိုင်းပျစွာ ပြောဆိုအစစ်ခံ၏။ လွှတ်ရုံးကို မလေးမစားပြု၏။ ဗမာဖြစ်လျက် မိမိတစ်အိုးတစ်အိမ်ထောင် စီးပွားချမ်းသာ အကျိုးကိုရှေးရှု၍ ကုလားဖြူ တို့ကို အထင်ကြီးစွာ ကုလားဖြူတို့၏ ကျေးကျွန်လုပ်လိုသော အသုံးအနှုံးအပြုအမူတို့ကို တွေ့ရသောကြောင့် လွှတ်ရုံးက ယင်းတို့ကို ဒဏ်ထားတရား စီရင်ခဲ့၏။

ဤသည်တို့ကို မကျေနပ်ရှိနေကြသော ဗမာကုန်သည်ကြေးရေတာတ် တို့က ဟံသာဝတီ ရန်ကုန်မြို့ဝန်၏ ဗမာရဲမက်တို့သည်



ယခု ဟံသာဝတီ ရန်ကုန်ဝန်းကျင်၌ တိတ်တဆိတ် ချရပ်တပ်စွဲလာကြပြီဟု သိကြသောအခါ ထိုဗမာရဲမက်တို့သည် မိမိတို့အားလုယက်ဖျက်ဆီးရန် ရောက်လာကြခြင်း ဖြစ်ဟန်ရှိသည်ဟု ကုလားဖြူသင်္ဘောကုန်သည် "ရှက်ပတ်"နှင့် "လူးဝစ်" တို့ကို အားကိုးတစ်ခုပြုကြလျက် သွားရောက် အကြောင်းကြားကြ၏။ အရပ်ထဲသို့လည်းသတင်းများ ဖြန့်ချိပြောဆိုကြ၏။

"ဗမာမြို့ဝန်သည် ရန်ကုန်တစ်မြို့လုံးကို ပိတ်ဆို့လျှက် ကုလားဖြူတို့ကို တိုက်ခိုက် မောင်းထုတ်တော့မည်၊ ကုလားဖြူတို့၏ ကုန်စည်များနှင့်တကွ မိမိတို့ကုန်စည်များကိုလည်းအတင်း တိုက်ခိုက် သိမ်းယူတော့မည့် ကုလားဖြူတို့ကို အပြီးအပိုင် တစ်ခါတည်း မောင်းထုတ်တော့မည် ဖြစ် သောကြောင့် နောက်နောင်မိမိတို့သည် ကုလားဖြူတိုင်းဖြစ် ကုန်စည် ပစ္စည်းတို့ကို ရောင်းဝယ်ဖောက်ကားနိုင်ခြင်း၊ သုံးစွဲနိုင်ခြင်း ရှိလိမ့်မည် မဟုတ်တော့..."

ဤသတင်းမျိုး ဖြစ်လာသောကြောင့် ကုလားဖြူကုန်စည်များချက်ချင်း ဈေးတက်သွားကြရ၏။ ယခင်က ကုလားဖြူဖျင်ချောနှစ်တောင်ကို ပဲ တစ်တင်းဈေးရှိရာ၊ ယခုကုလားဖြူဖျင်ချောနှစ်တောင်ကို ပဲရှစ်တင်း နှင့်လဲမှရ၏။

ရန်ကုန်မြို့ဝန်အဖို့ ဤသို့ဘေး ကျပ်နံ ကျပ် ဖြစ်နေဆဲ ဆွေဆက်ရောက် လာပြန်သည်။

ဆွေဆက်သည် မိမိရလာသည့် သတင်းဆိုးကို လျှောက်၏။

ထိုသတင်းကား ...၁၂၁၄ ခု ကဆုန်လပြည့်ကျော် ၁ ရက်

ကုလားဖြူ သက္ကရာဇ် ၁၂၅၂ ခု မေလ ၅ ရက်နေ့က မုတ္တမကျဆုံး ရသည်ဟူသော သတင်းဖြစ်၏။ ထို့ကြောင့် ဂျင်နရယ်ဂေါ့ဒွင်၏ ခေါင်းဆောင်မှုဖြင့် မြင်းစီးတပ်များ နှင့်တကွ ပရိုစာပိုင်း Proserpine ,မိုဇူဖား Mozuffer,ဖရိုဇီ Feroze, ဆေးဆော့ထရစ် Sesostris, ဖလေဂယုံ Phlegethon, မဟာနဒီ Maha nuddy,အမည်ရှိသော အမြောက်တင်တိုက်သင်္ဘောကြီးများနှင့်တကွ သင်္ဘော အများ အပြားတို့ချီတက်လာကြပြီ ဖြစ်ကြောင်း လျှောက်ထား၏။

"မောင်...ငါဒို့ တာဝန်ထမ်းဆောင်နေသူတို့အဖို့ ရွှေနန်းတော်ကြီး က ကျလာမည့်အမိန့်ကို မစောင့်ဘဲ ယခုကဲ့သို့ တိုင်းပြည်တစ်ခု နှင့်တစ်ခု ဆက်ဆံကြရသည့် အရေးတွင် ကိုယ့်သဘောအလျောက် ပြုလုပ် ဆောင်ရွက်၍ မဖြစ်၊ သင်းတို့က စ, မတိုက်ဘဲ ငါတို့က ဘာမျှ မပြင်မဆင်သာလေ..."

ဆွေဆက်သည် စိတ်မချမ်းမြေ့စွာနှင့် မြို့ဝန်မင်းအပါးမှ ခွာခဲ့၏။ ဆွေဆက်အဖို့ ခက်နေသည်ကား ...ဦးမြတ်ထွန်းနှင့် ဦးရွှေပန်းတို့၏ ဘပ်ဖွဲ့များကို တိုက်တွန်းစေခိုင်း၍ မရခြင်းဖြစ်၏။

ဦးမြတ်ထွန်းနှင့် ဦးရွှေပန်းတို့၏ အမိန့်မရဘဲ မိမိတို့သည် ဤနေရာမှ ဘယ်မှမရွေ့နိုင်။ ဘယ်သူ့ကိုမျှလည်း မတိုက်ဟု ဘွင်တွင်သာ ငြင်းဆန်နေကြ၏။ ထိုသူတို့သည် ယင်းတို့ ခေါင်းဆောင်များ အမိန့်မရလျှင် သည်နေရာမှ ကုတ်ဖြင့်ကော်ထုတ်၍ ရမည်မထင် ...



ဦးမြတ်ထွန်း ဦးရွှေပန်းနှင့်တကွ မြရွက်တို့သည် နေပြည်တော်သို့ တက်သွားကြဖ၏။ ရန်ကုန်မြို့ဝန်မင်းကြီး၏ မြင်းစေကျော်တို့လည်း နေပြည်တော်သို့ အမိန့်တော်မြတ်ခံရန် တက်သွားကြ၏။ ဆွေဆက် တို့၏ ခြေမြန်ရဲမက်အချို့လည်း ရွှေနန်းတော်ကြီးမှ ချမှတ်သည့် အမိန့်တော်မြတ် ကို သိရှိနိုင်ရန် နေပြည်တော်ဖက်သို့ လိုက်သွားကြ၏။ ဤသို့ ထွက်သွားလေသမျှသော သူတို့သည် ရှူငှလိပ်ကို ရေထဲ လွှတ်လိုက်ဘိသို့ တစ်ယောက်တလေမျှ ပေါ်မလာ။ သတင်းအစ အနမကြားရ...

ဤသို့ဆိုသော် ယခုအရေးတော် နီးလာချိန်၌ နေပြည်တော်မှ ပြန်လာကြမည့်သူများကို စောင့်နေ၍ မဖြစ်။ အနေအရပ်စခန်းသာသော မြင်းစာ, မြက်, ရေတို့ ကောင်းမွန်သည့်နေရာကို ရွေးချယ်လျက် တပ်စခန်းချရပ်မှ သင့်မည်ဟု ဟံသာဝတီရန်ကုန်မြို့တော်မြောက် အနောက်ဖက်သို့ အနည်းငယ်ယွန်းသည့် ထန်းတပင်အရပ်ကို သစ်တပ် အခိုင်အခံ့ ဆောက်လုပ်တပ်စွဲ၏။

တပ်ပတ်ဝန်းကျင်၌ မြင်းခလုတ်၊ ဆင်ခလုတ်၊ ရဲမက်သစ်ငုတ် အထူအပျစ်စိုက်၏။ မိမိတို့ ဝင်လမ်း ထွက်လမ်းကို အဖုံးအကွယ်ဖြင့် သီးသန့်ထား၏။ အနီးပတ်ဝန်းကျင်သို့ ဆက်သွယ်သွားလာနိုင်သည့် ဆုတ်လမ်းတက်လမ်းကို ရှာဖွေခုတ်ထွင်ထား၏။ ဟံသာဝတီ ရန်ကုန်မြို့သို့လည်းကောင်း၊ လှည်းကူးမှတစ်ဆင့် ပဲခူးသို့ လည်း ကောင်း၊ ခရီးလမ်း အမြွှာမြွှာ ရှာဖွေခုတ်ထွင်၏။

ထိုစဉ် ဟံသာဝတီရန်ကုန်မြို့ကို ကုလားဖြူတို့ စ,တိုက်ကြပြီ ဟူသည့် သတင်းကိုကြားရ၏။ ၁၂၁၄ ခု နှောင်းတန်ခူးလပြည့်ကျော် ၇–ရက် သင်္ကြန်အကြိုနေ့ ကုလားဖြူ သက္ကရာဇ် ၁၈၅၂ ခု ဧပြီလ ၁၂ ရက်နေ့ဖြစ်၏။

ကုလားဖြူအမြောက်တင်...စစ်မီးသင်္ဘောကြီးများ ဖြစ်ကြသော ဆဆော့ထရစ်၊ မိုဇူဖား၊ ဖရိုဇီတို့ ရှေ့ဆောင်၍ နောက်ပါတိုက်သင်္ဘော အများအပြားနှင့် ကုလားဖြူရေတပ်ဗိုလ် ကွန်မန်ဒို လင်းဘတ်ကိုယ်တိုင် ကွပ်ကဲလျက် မီးပြ သီလဝါဆိပ်နှင့် ကင်းတပ်များကို ပစ်ခတ်တိုက်ခိုက်၏။

ဤတွင် ရန်ကုန်မြို့ဝန်ကြီးသည် အနီးအပါး၌ အသင့်စောင့်ရံထားခဲ့သော တပ်များကို ချက်ချင်း မြို့တွင်းသို့ ခေါ်သွင်း၏။ အရေးပေါ်လာပြီဖြစ်သောကြောင့် ဆွေဆက်လည်း ရောက်သွား၏။

မြို့ဝန်မင်းကြီးက အလွန်တည်ငြိမ်စွာနှင့် အဆုံးအဖြတ်ပေးလိုက်သည်။

"ငါတို့မနိုင်၊ ရှုံးကြမည်သာ ဖြစ်၏။ သို့သော် ဗမာတိုင်းရင်းသားတို့သည် သူတစ်ပါးက အနိုင့်အထက် လာရောက်နှိပ်စက်သော် နှလုံးခိုင်စွာ အသေခံကြ၏။ ကွဲသောဦးထိပ်သည် ညွတ်မကျ။ ပြတ်သောဦး်ခေါင်း၌ မျက်လုံးသည် နှိပ်စက်သူတို့ကို စူးစူးကြည့်၏။ မည်သူမျှ မမိတ်ဟု သင်းတို့ ကုလားဖြူများသိရန် ငါတို့အစွမ်းကုန် တိုက်ခိုက်ရင်း အသေခံပြ ကြရမည်။ ငါတို့ရန်ကုန်က အစွမ်းကုန် ခံမည်။ ငါတို့ကို အသေသတ်၍ သင်းတို့အထက်ကို



လွန်လာခဲ့သော် မောင့်တာဝန်ရှိပစေ၊ မောင်ကုန်းဘက်က တာဝန်ယူတော့၊ ရေလမ်းက ကြံခင်းမြို့သူကြီးကို ဆီးကြိုတိုက်ခိုက်ရန် စောင့်စေမည်၊ မောင် ပဲခူးအနီးတစ်ဝိုက်က စောင့်လျှင် တန်သင့်ပြီ..."

ရန်ကုန်မြို့ဝန်ကြီးအမိန့်အတိုင်း ဆွေဆက်သည် အခိုင်အမာ ဆောက် ထားသည့် တပ်ကို စွန့်ပစ်ခဲ့လျက် ပဲခူးအနီးတစ်ဝိုက်၌ တပ်စွဲသည်။ ပဲခူးချောင်းမှ တက်လာမည့် သင်္ဘောတို့ကို ဆီးကြိုတိုက်ခိုက်နိုင်ရန် နေရာယူ၍ သစ်တပ်ဆောက်၏။ ချောင်းအတွင်း၌လည်း ငရဲသစ်ငုတ်များ အပြည့်စိုက်ထောင်၏။ တက်လမ်းမှန်သမျှကိုလည်း ညှောင့်, ကျင်းများ၊ ကျားလန်၊ သုတ်ကိုင်းများ၊ ဂျမ်းများ နေရာအကွက်ချ၍ ထောင်၏။

ထိုအတွင်း ရန်ကုန်သတင်းကို ကြားရသည်။ ဗမာရဲမက်တို့သည် ရှေ့ဆောင်တက်လာသည့် ကုလားဖြူ သင်္ဘောသုံးစင်းကို ဗမာအမြောက် ကြီး သုံးလက်တို့ဖြင့် ဆီးကြိုပစ်ခတ် တိုက်ခိုက်ကြ၏။ ဗမာအမြောက် တစ်ချက်ပစ်လျှင် ကုလားဖြူတို့က အချက်ငါးဆယ်ခန့် စက်အမြောက် တို့ဖြင့် သင်္ဘောသုံးစင်းဆိုင်၍ ပစ်ကြ၏။ ဗမာတို့ အပြုံလိုက်အပြုံလိုက် သေသော်လည်း မမှုကြပဲ၊ မဆုတ်မရွေ့တိုက်၏။ ဗမာအမြောက်ကြီး သုံးလုံး ကွဲကုန်မှ အပစ်ရပ်၏။

၁၂၁၄ ခု တန်ခူးလပြည့်ကျော် ၈–ရက် တနင်္ဂနွေနေ့ သင်္ကြန်အကျနေ့ ကုလားဖြူ သက္ကရာဇ် ၁၈၅၂ ခု ဧပြီလ၁၃ရက်နေ့ ရန်ကုန်ဆိပ်ကမ်းသို့ တက်၏။ ၁၂၁၄ ခု နှောင်းတန်ခူးလပြည့်ကျော်

၉ ရက် သင်္ကြန်အကြတ်နေ့ ...ကုလားသက္ကရာဇ် ၁၈၅၂ ခု ဧပြီလ ၁၄ ရက်နေ့ ရန်ကုန်မြို့ဝန် မင်းကြီးအိမ်တော်နှင့်တကွ ရန်ကုန်တစ်မြို့လုံးကို ကုလားဖြူတို့ သိမ်း၏။ ၁၂၁၄ ခု တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ကုလားဖြူသက္ကရာဇ် ၁၈၅၂ ခု၊ ဧပြီလ ၁၇ ရက်နေ့၌ ရန်ကုန်မြို့ဝန်မင်းကြီးကိုယ်တိုင် ပြန့်ကြဲနေသော လူသူလက်နက်တို့ကိုစုစည်း၍ ရွှေတိဂုံတောရကျောင်းမှ ရပ်တန့်ခံသည် ဟူသော သတင်းတို့ကို ကြားလာရ၏၊

ထို့နောက် တပ်အခိုင်အမာရှိသည့် နေရာတို့၌ တိုက်ပွဲမဖြစ်ပွား၊ ပတ်ဝန်းကျင် အနီးအနားသို့ ကုလားဖြူတို့ ထွက်ကြသည်နှင့် ဗမာတိုင်းတို့က လစ်လျှင်လစ်သလို ထိုးခုတ်တိုက်ခိုက်၏။ ကုလားဖြူတို့နှင့် ကူးလူးဆက်ဆံနေကြသော မြို့တော်သားကုန်သည် ကြေးရေတတ်တို့မှအပ ဗမာ တိုင်းရင်းသားအားလုံးက ကုလားဖြူတို့သည် ငါတို့၏ ဗမာတိုင်းပြည်ကို လာရောက်စော်ကားကြသည်ဟု မည်သူမျှ မသွန်သင် မညွှန်ကြားဘဲ အလိုလိုသိကြ၏။

ထို့နောက် ကုလားဖြူတို့ လေးယောက် ငါးယောက် အစုငယ်မျိုး ထွက်လာသည်နှင့် ဗမာကျေးတောရွာသားတို့က ရရာလက်နက်များဖြင့် ထိုးခုတ်ရိုက်ပုတ် သတ်ဖြတ်ပစ်လိုက်သောကြောင့် ကုလားဖြူတို့သည် ဗမာတို့၏ တပ်များကို ထောင်းထောင်းကျေအောင် အမြောက်၊ စိန်ပြောင်းတို့ဖြင့် တိုက်ဖျက်နိုင်သော်လည်း တပ်၏ ဝန်းကျင်အပြင်ပသို့ မထွက်နိုင် မထွက်ရဲကြ...။

ယင်းသို့ စစ်နိုင်သည့် ကုလားဖြူ တို့ နှောင့်နှေးလျက်ရှိစဉ်



ဟံသာဝတီ ရန်ကုန်မြို့ကိုဆုတ်ပေးပြီး ရွှေတိဂုံတောရကျောင်း၌ တပ်စွဲနေရကြောင်း၊ ၁၂၁၄ ခု ကဆုန်လပြည့်ကျော် ၁-ရက်၊ ၁၈၅၂ ခု၊ မေလ ၅ ရက်နေ့၌ နေပြည်တော်သို့ သတင်းပို့၏။

ထို့ကြောင့် နေပြည်တော်မှ တပယင်းမြို့ဝန်၊ သတိုးမင်းကြီး မဟာ မင်းခေါင်သီဟသူ တစ်တပ်...

အဝမြို့ဝန် မဟာမင်းခေါင်ရာဇာ တစ်တပ်...

စစ်ကိုင်းမြို့ဝန် မဟာမင်းခေါင်မင်းထင်တစ်တပ် ...

ရဲဘက်မြင်းတပ်ဗိုလ် တုရင်မင်းလှမင်းခေါင်ကျော် တစ်တပ်-

ကသည်းမြင်းတပ်ဗိုလ် မဟာသီဟမဇ္ဈရတ်အုပ်စုနှင့် မြင်းတစ်တပ်...

ရွှေလှံအစုနှင့် ရွှေလှံဗိုလ်တစ်တပ် ...

ဆင်ဝန်ထောက် မင်းလှဉဒိန်ရာဇာတစ်တပ်...

မြင်းစုကြီး အမှုထမ်းတို့နှင့် မြင်းစာရေးကြီး မဟာမင်းလှ မင်းထင်ကျော် တစ်တပ် ...

ဒိုင်းစာရေး နေမျိုးသီဟ ရန်နိုင်နှင့် စိုလေးဆယ်ဒိုင်းအမှုထမ်းတို့က တစ်တပ်...

ယွန်းစုစာရေး နေမျိုးစည်သူရာဇာ တစ်တပ် ...

ကောင်ဟန်စာရေး နေမျိုးသီဟရန်အောင် တစ်တပ်...

အလုံဝန်ကြီး အမှုထမ်းဟောင်း အဆောင်မြဲနှင့် သူရဲလူ တစ်ရာကျော် စုစုပေါင်း ၁၁ တပ်၊ တပ်ပါ အမှုထမ်း ၄၈၀၀ ကျော်၊ တိုက်ဆင် ၅၀၊ မြင်း ၁၀၀၀၊ အမြောက် ၁၀၀၊ စိန် ၅၀၀၊ ဆေး၊ ခဲယမ်းမီးကျောက်တပ် ကိရိယာအစုံ ...

ထိုသည်တို့ကိုသုံးဆယ်မြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာကို ဗိုလ်မှူးအဖြစ် ခန့်အပ်လျက် ချီတက်စေ၏။

အထက်ဟံသာဝတီကြောင်းချီ လက်ရှိ ရန်ကုန်မြို့ဝန်မင်းကြီး သတိုး မင်းကြီးမဟာမင်းလှမင်းခေါင်ကျော်နှင့် ရွေးလက်ျာဗိုလ် မဟာမင်းလှ ကျော်ရာဇာတို့ စစ်ကဲခန့်၊ မဟာမင်းခေါင်ကျော်ထင် မဟာမင်းကျော်တို့ကို နာခံခန့် စာရေးကြီး မဟာမင်းလှမင်းထင်ကျော် မဟာမင်းလှကျော်ထင်တို့ကို တပ်ရေးခန့်ဟု အမိန့်စာချွန်နှင့်စာကွ စေလွှတ်၏။

ထိုတပ်သည် ၁၂၁၄ ခု၊ နယုန်လဆန်း ၆ ရက်၊ ကုလားဖြူ သက္ကရာဇ် ၁၈၅၂ ခု မေလ ၂၅ ရက်နေ့မှစ၍ နေပြည်တော်က ထွက်ခွာလာခဲ့ကြသော်လည်း ဟံသာဝတီ ရန်ကုန်မြို့နယ်သို့ ချဉ်းနင်း ဝင်ရောက်မိသောအခါ ကုလားဖြူတို့ကပဲခူးအနီးသို့ အလုံးအရင်းဖြင့် ရောက်နှင့်နေကြလေပြီ...

ထိုတပ်မတော်ကြီးနှင့်အတူ ဦးမြတ်ထွန်း၊ ဦးရွှေဟန်း ဆွေဆက်တို့ လွှတ်လိုက်ကြသောမြင်းစေကျော်များ ပါလာကြ၏။ မြွက်ကိုမူမတွေ့ ရတော့ ...



ဦးမြတ်ထွန်း ပြောကြားချက်အရ နေပြည်တော်၌လည်း နန်းတွင်းအရေး ရှုပ်ထွေးလှသည်။ ရွှေနန်းရှင် ညီတော် နောင်တော်တို့ ၏ အကြား၌ တစ်ယောက်ချမ်းသာ ကိုယ်ကျိုးရှာနေကြသည့် မင်းမြှောင် ကပ်ပါးများ ဖြစ်ကြသော တောင်ဝဲဝယ်ဗိုလ် ငတုတ်နှင့် ပုဏ္ဏားဝန် ငကုလားတို့ အသိုက်အဝန်းကြောင့် ရွှေနန်းတော်ကြီးအတွင်း အစိတ်စိတ်ကွဲရန် မြင်သည်။ နောက်ထပ် တပ်တော်စေလွှတ်နိုင်ရန် မမြင်။

.ထို့ကြောင့် ကုလားဖြူတို့တက်လာမည့် လမ်းကို ဆီးဆို့ တိုက်ခိုက်ရန် မိမိတို့ နေရာရွေးရချေမည်။ ကစုတ်ခံတပ် အခိုင်အဖြိုး ပြုရမည်ဟု ဆို၏။

ဆွေဆက်သည် ဦးမြတ်ထွန်းနှင့် လိုက်ပါသွားလိုသော်လည်း မုတ္တမမှ ဆုတ်ခွာလာရသည့် လက်ျာဝင်းမှူးကြီးနှင့် ပဲခူး၌ တွေ့နေ သောကြောင့် လက်ျာဝင်းမှူးကြီးက မိမိတို့အား ကူညီပါရန် အတင်းဆွဲထား၏။ ရွှေဖဝါးတော်အောက်မှ မုတ္တမသို့ ချီရန် ပါလာသည့် တောင်တွင်းကြီးမြို့စား ဗိုလ်မှူး မင်းရဲမင်းခေါင်ကျော်တို့ ကလည်း လက်ျာဝင်းမှူးကြီး ပြောပြချက်အရ ဆွေဆက်ကို ဝိုင်းတား၏။ ထို့ကြောင့် ကုလားဖြူတို့စက်အမြောက် ရှစ်လက်၊ ကုလားဖြူတို့ ကျည်ထိုးသေနတ် ၅၀၀ ကျော်မျှ ပိုင်ဆိုင်ထားသော ဆွေဆက်သည် ဦးမြတ်ထွန်းတို့နှင့်အတူ မလိုက်ပါနိုင်ခဲ့...

ဦးမြတ်ထွန်းနှင့် ဆွေဆက်တို့ လူချင်းခွဲလိုက်ကြရသော်လည်း ဆွေဆက်သည် ဘဝင်မကျနိုင် ဖြစ်နေရ၏။ မြွက် ဘယ်မှာ

ကျန်ရစ်ခဲ့သည်ကို မေးလို၏။ သို့သော် မြရွက်၏ ဘကြီးတော် တစ်ယောက်လုံးဖြစ်နေသောကြောင့် မလေးခန့်ရာ ရောက်မည် စိုးသဖြင့် မေးလိုပါလျက် အောင့်နေရ၏။ ဤသို့ဖြင့် ဘာမျှမမေးလိုက် မသိလိုက်ရဘဲ တအုံ့နွေးနွေး မျိုသိပ်နေရ၏။ ပို၍ မကျေနပ်ဖွယ် ကောင်းသည်ကား မိမိအထံမှ လိုက်ပါသွားသူတို့ကိုပါ မေးမရ ခြင်းဖြစ်၏။

"အကျွန်တို့မေးလည်းမေးမကြည့်မိပါ၊ နေပြည်တော်သို့ ရောက်မှ တစ်ခါမျှလည်း မတွေ့ရပါ" ဟူသည့်အဖြေတစ်မျိုးတည်းကိုသာ ဖြေဆို နေကြ၏။

"အေးကွယ်…မောင်တို့နှယ်နေစိမ့်ကြရန်ကော၊ ဘကြီး ဦးမြတ်ထွန်း တို့ နှင့်တွေ့ကာမှ တစ်နည်းနည်း သိရန်လုပ်ရမည်ပ…"

ဆွေဆက်က ဝမ်းထဲမှ ကြိမ်းဝါးရင်း မိမိတို့မြန်မြန် တိုက်ပွဲပြီးလျှင် မြန်မြန် ဦးမြတ်ထွန်းရှိရာသို့ကူးနိုင်ရန်သာ စိတ်စောနေ၏။ ဦးမြတ်ထွန်းတို့ တပ်စခန်းချမည့်နေရာကို သိရန်လည်း ရဲမက် ခြေမြန် ၂၀ကျော် ထည့်လိုက်သေး၏။

ထိုနောက် စစ်ကဲလကျာ်ဝင်းမှူးနှင့် ဗိုလ်မှူးမင်းရဲမင်းခေါင်ကျော်ကို တိုင်ပင်လျက် ပဲခူးပတ်ပတ်လည်၌ရှိသော ကျေးရွာသား တလိုင်းများကို ကြိုတင်စည်းကြပ်ထား၏။ ရိက္ခာ၊ ရေ သွားလမ်း လာလမ်းတို့ကို မပြဘဲ ကုလားဖြူတို့တက်လာလျှင် အတွေ့မခံ တိမ်းရှောင်နေကြရန် ပြောကြား၏။



ကျေးရွာသားတို့က ဆွေဆက်တို့နှင့် သဘောကြိုက်ညီကြ၏။ တစ်မြေတည်း တစ်ရေတည်းသားချင်း၊ တစ်လှေတည်းစီး၍ ခရီးသွားကြ ရသကဲ့သို့ ငါတို့လှေ ငါတို့ဖာမည်။ မည်သူ့နေရာ ကပေါက်ပေါက် ငါတို့ ဝိုင်း 'ထေး'ရမည်။ တလိုင်းနေရာကပေါက်၍ ကြည့်နေလျှင်လည်း သည်လှေ စုံးစုံးနစ်မည်။ ဗမာနေရာက ပေါက်၍ ကြည့်နေလျှင်လည်း သည်လှေစုံး စုံးနစ်မည်ဟု အားပါးတရ ပြောကြ၏။ သို့သော် …ပဲခူးမြို့နေ တလိုင်းတို့ကမူ ထိုသို့ အားပါးတရမရှိ။

ယင်းသို့ လူသူရုံးစု သွေးညှိဆဲ ၁၂၁၄ ခု၊နယုန်လပြည့်နေ့၊ ကုလား ဖြူသက္ကရာဇ် ၁၈၅၂ ခု၊ ဇွန်လ ၃ ရက်နေ့၌ ပဲခူးကို ကုလားဖြူတို့ လာတိုက်သည်။

ကုလားဖြူတို့ အမြောက်ဆွဲမြင်းကြီးများ ညှောင့်ကျင်းထဲသို့ ကျ၏။ သုတ်ကိုင်းများ ဂျမ်းများ ထိသောကြောင့် ကုလားဖြူ အများသေ၏။ ရှေ့သို့မတိုးဝံ့ မတက်ဝံ့အောင် ကြောက်ရွံ့ကုန်ကြ၏။ အတန်းလိုက် အတန်းလိုက်စီ၍ တက်လာသော ကုလားဖြူတို့အတွက် အဆင့်ဆင့်ပြုလုပ်ထားသော ထောင်ချောက်များ၊ ဂျမ်းများ ညှောင့် ကျင်းများသည် အလွန်ခရီးရောက်၏။ စစ်ကို အဆုံးအဖြတ်ပေး တော့မည် ကဲ့သို့ပင် ဖြစ်လာ၏။ ကျားများ ဆင်များကိုပင် လဲနိုင်စွမ်း၊ ဖမ်းနိုင်စွမ်းရှိသော၊ ဤဂျမ်းများ ထောင်ခြောက်များသည် ကုလားဖြူတို့ကိုလည်း ဒုက္ခပေး နိုင်စွမ်း၏။ ထိုမျှမကသေး ပဲခူးချောင်းအတွင်းသို့ ဝင်လာသည့် ကုလားဖြူ သင်္ဘော ဖရိဇီကို

ဆွေဆက်၏ရဲမက်များနှင့် ဗိုလ်မှူး မင်းရဲမင်းခေါင်ကျော်၏ သွေးသောက်ကြီး မင်းထင်ရဲခေါင်တို့ အစုက လက်ရ ဖမ်းမိလိုက်ကြ၏။ ထို့ကြောင့်ထိုနေ့ကုလားဖြူတို့ ဆုတ်ခွာသွားကြသည့် သင်္ဘောပါ အမြောက်တို့ကို သွေးသောက်ကြီး မင်းထင်ရဲခေါင်တို့ကယူကြ၏။ သေနတ်လက်နက် အနည်းငယ်ကိုသာ ဆွေဆက်တို့က ရလိုက်ကြသည်။

ဆွေဆက်အနေနှင့် မိမိဦးစီးတိုက်ခိုက်သည်ကို မိမိ၏အစီအမံအောက် မှ လာရောက်ကူညီပြီး ယခုကဲ့သို့ ယူဆောင်သွားခြင်းကို မကျေနပ်၊ မိမိ ၏ သဘောအတိုင်းသာ ဗိုလ်မှူး မင်းရဲမင်းခေါင်ကျော်အထံသို့ ပေးဆက်လို၏။ သို့သော် ...သွေးသောက်ကြီးနှင့် မိမိမတူ ...

သွေးသောက်ကြီးကား ဘဝရှင်မင်းတရားကြီး၏ အမိန့်တော်မြတ်အတိုင်းဖွဲ့စည်းအပ်သော တပ်မတော်မှ သွေးသောက်ကြီး ဖြစ်၏၊ မိမိ ကား ကုလားဖြူတို့ရှေ့၌ အပြစ်ပေးခံရပြီးနောက် မိမိကို ရန်ကုန်မြို့ဝန် မင်းကြီးအိမ်၌ နောက်တစ်ကြိမ် ကုလားဖြူတို့က မမြင်မတွေ့စေရန် လူသူလှည့်လည် စည်းရုံးစေခဲ့ရာ ထိုလူသူတို့ကို မြို့ဝန်မင်းကြီးက တပ်ဖွဲ့ရန်အတွက် အခြား တပ်ဗိုလ်တပ်မှူးတို လက်သို့လည်း အပ်နှံပေးရန် အချိန်မရ လိုက်သောကြောင့် မိမိက အုပ်ချုပ်နေရသည့် ဗိုလ်ဖြစ်၏။

ထို့ကြောင့်လည်း သွေးသောက်ကြီးက မိမိအား အနိုင်ကျင့်ရဲခြင်းဖြစ်၏။ ဆွေဆက်သည် မပြောသာပဲ မကျေမချမ်း ငြိမ်သက်နေရ၏၊



ထိုမျှမကသေး သွေးသောက်ကြီးသည် ဤပဲခူးချောင်းဖက်မှ မိမိတို့ သည်သာ ဦးဆောင်တိုက်ခိုက်မည်ဟု နေရာယူလာ၏။ ထို့ပြင် ဗိုလ်မှူး မင်းရဲမင်းခေါင်ကျော်၏ သဘောတူညီချက်ကို တောင်းယူလျက် မိမိတို့ ကုလားဖြူသင်္ဘောကိုပင် ဖမ်းစီးရယူနိုင်ကြောင်း ဘဝရှင်မင်းတရားကြီး ရှိရာသို့ပင် သွားရောက်လျှောက်ထားလိုက်သေး၏။ ဘဝရှင်မင်းတရားကြီး က ပေးသနားလိုက်သည့် ဆုလာဘ်တွေ ယူလာလိုက်သေး၏။

ဆွေဆက်သည် ရန်သူကို အတူတွန်းလှန်နေကြရာ၌ စိတ်ဝမ်းမကွဲလိုသောကြောင့် မိမိတပ်အားလုံးကို ရွှေ့လျက် ရွှေမော်ဓော ဘုရားရင်ပြင်၏ ဝန်းကျင်၌ တပ်စွဲချရပ်၏။ ကတုတ်၊ ရင်တား၊ ဆင်ခလုတ်၊ မြင်းခလုတ် အထူအပြော စိုက်၏။

ထိုအချိန် သွေးသောက်ကြီးတို့ အောင်ပွဲရ တပ်များသည် ပဲခူးချောင်း အနီးအပါးသို့ တလွှားလွှား သွားကြ၏။ အနည်းအပါး ကျေးရွာလူသူတို့ကိုလည်း မောက်မာရိုင်းပျစွာ ဆက်ဆံ၏။ ရန်သူ့အတွက် ဆွေဆက်တို့ ထောင်ထားခဲ့သည့် ညှောင့်ကျင်း၊ ဂျမ်းစသည်တို့၌လည်း မကြာမကြာ ထိပါးမိကြ၏။ ထိုအခါ အနီးအပါး ကျေးရွာတို့မှ တလိုင်း မုဆိုးတို့ကို ဆင့်ခေါ်၍ မိမိရဲမက်များအား မကြာခဏ ထိပါးသေကျေသည့် ညှောင့်ကျင်းများ ထောင်ချောက်များ ဂျမ်း စသည်တို့ကို တစ်ခုမကျန် ဖြုတ်ခိုင်း၏။

ယင်းသည့်နောက် ကုလားဖြူဗိုလ် ဂျင်နရယ်ဂေါ်ဒွင်၏ ၈၁၀၀ ပါသော မြင်းစီး ခြေလျင်တပ်များ၊ ရေတပ်ဗိုလ် ကွန်မင်ဒိုလင်းဘတ်၏

၂၅၀၀ ပါသော ကမ်းတက်ရေတပ်သားများသည် အားလုံးလိုလို စုပေါင်း လျက် စစ်သုံးကြောင်းဖြန့်၍ ပဲခူးကို ချီတက်တိုက်ခိုက်၏။

မြန်မာများဘက်မှ ရှေးဦးစွာ ပဲခူးချောင်းနှင့် အနီးကပ်ဆုံးသော သွေးသောက်ကြီးတို့တပ်များ ပြိုလျက် နောက်သို့ဆုတ်လာရ၏။ နောက်ဆုံး ဆွေဆက်တို့ရှိသော ရွှေမော်ဓော၌ အားလုံးပေါင်းလျက် ခံတပ်အကြီး အကျယ်ဆောက်လုပ်၍ ခုခံတိုက်ခိုက်ကြရ၏။ ဗမာတို့က အားလုံးစုစည်း မိကြလျက် အပြိုင်အဆိုင်ထွက်၍ ထွက်၍ တိုက်ကြသောကြောင့်ကုလားဖြူတို့ အနီးမကပ်နိုင်ပဲရှိကြ၏။ ချရပ်ထားသည့် တပ်တို့ကို ဗမာရဲမက်များ အတင်းဝင်ရောက် ခုတ်ထစ်သောကြောင့် ကုလားဖြူတို့ အထွေးအထွေးကျ၏။ ထိုအတွင်း ကျေးရွာသား ပဲခူးတလိုင်းတို့ကလည်း ကုလားဖြူတပ်တို့ကို လစ်လျှင်လစ်သလို ဓားစာကျွေးကြ၏။

ကုလားဖြူတို့ ဤသို့အကျပ်အတည်းတွေ့ဆဲ၊ ကုလားဖြူကုန်းတပ် ဗိုလ်ချုပ် ဂျင်နရယ်ဂေါ်ဒွင်က ဗမာတွေကိုတိုက်၍နိုင်လျှင် ပဲခူးအား တလိုင်းတို့လက်ထဲအပ်မည် ဟုပြော၏။

ထိုအခါ မှူးမတ်မျိုးရိုး တလိုင်းတို့နှင့် ကြေး ရတတ် ကုန်သည် တလိုင်းတို့က ဗမာတွေသည် ယခင်ကလည်း အချင်းချင်း၊ ငါတို့ကို အနိုင်ကျင့်ကြ တိုက်ခိုက်ကြသည်။ ယခုလည်း သင်းတို့နိုင်လျှင် ဘာမျှအကြောင်း ထူးမည် မဟုတ်၊ ငါတို့ကို တိုက်ခိုက်ကြ၊ အနိုင်ကျင့်ကြမည်သာ ဖြစ်လိမ့် မည်ဟုဆိုလျှက် ကုလားဖြူတို့နှင့် ပူးတွဲတိုက်ခိုက်ကြ၏။ ကုလားဖြူတို့ အနီးမကပ်နိုင်အောင်



စိုက်ထူထားသည့် ဆင်ခလုတ်၊ မြင်းခလုတ်၊ ငရဲသစ်ငုတ်၊ **ရင်တား**စသည်တို့ကို နုတ်ပယ်ပေးကြ၏။ ထို့ကြောင့် အမြောက်**များကို** အနီးသို့ဆွဲယူလာပြီး ပစ်နိုင်သောကြောင့် ရွှေမော်ဓောခံတပ် ကျခဲ့ရ၏။ ကုလားဖြူတို့က ပြောသည့်အတိုင်း ပဲခူးကို တလိုင်းတို့လက်သို့အပ်၍ တလိုင်းတို့ကို အုပ်ချုပ်ခိုင်း၏။

ဆွေဆက်သည် ရွှေဖဝါးတော်အောက်ရှိ တပ်များနှင့် တွဲဖက်တိုက်ခိုက် ရန်စိတ်မပါသောကြောင့် ဦးမြတ်ထွန်းတို့ရှိရာသို့ ထွက်ခွာသွားသည်။

ထိုစဉ်မိုးနဲလွယ်လင်ဘက်မှလည်း ရှမ်းစော်ဘွားများ လှုပ်ရှားလာကြသောကြောင့် ရွှေဖဝါးတော်အောက်မှ တပ်တော်များကို ပို့ပေးနေရ၏။

ပုသိမ်ဖက်၌လည်း ဗမာတို့က စီးစီးနင်းနင်း တိုက်ခိုက်ခုခံနိုင်ပါလျက် ကုလားဖြူတို့က မြို့ဝန်ခန့်အပ်ပေးမည်ဆိုသောကြောင့် စပယ်ရုံပဲ့နင်း ဦးရွှေပို၊ လူသုံးရာကျော်နှင့် ထွက်သွား၍ ကုလားဖြူဖက်သို့ ဝင်၏။

ကုလားဖြူတို့ကမြို့ဝန်ခန့်လိုက်ပြီးနောက် ကုလားဖြူ ခန့်ထားသော မြို့ဝန်အဖြစ်ဖြင့် ဗမာပြည်သို့ ကုလားဖြူတို့ ပိုင်လေအောင် ကုလားဖြူဖက်မှ ဝင်ရောက်တိုက်ခိုက်ပေးရန် ကုလားဖြူတပ်နှင့် အတူ၊ ရဲမက်လူသူ လှည့်လည်စုရုံးပေး၏။

ဗမာနှင့် ကရင်ကျေးရွာသားတို့က ကုလားဖြူခန့်မြို့ဝန် ဦးရွှေပိုနှင့် တကွ ကုလားဖြူတပ်ကိုပါ ဝိုင်းဝန်း တိုက်ခိုက် ခုတ်ထစ်ပစ်လိုက်

ကြသောကြောင့် ဦးရွှေပိုနှင့်တကွ ကုလားဖြူဗိုလ်တစ်ယောက်၊ ရဲမက် အမှုထမ်း သုံးရာခန့် ကျဆုံးကုန်ကြ၏။ သို့သော် ...နောက်ဆုံး၌ ပုသိမ် ကုလားဖြူ လက်သို့ ကျ၏။

ဤသည့်နောက်ပိုင်း၌ ဗမာတို့ ဖြစ်ဖြစ်မြောက်မြောက် ခုခံတိုက်ခိုက် နိုင်ခြင်းမရှိ၊ အပစ်အခတ် မရှိဘဲ ကုလားဖြူတပ်များ ပြည်အထိ အလွယ်တကူ တက်လာနိုင်ခဲ့၏။

ကုလားဖြူတို့သည် ပြည်ကို အခိုင်အမာတပ်စွဲထားနိုင်ကြ ပြီးနောက် ၁၂၁၄ ခု၊ နတ်တော်လဆန်း ၉ ရက်၊ ကုလားဖြူ သက္ကရာဇ် ၁၈၅၂ ခု နိုဝင်ဘာလ ၂၁ ရက်နေ့၌ တလိုင်းတွေလက်ထဲ၌ အုပ်ချုပ်ရန် အပ်ထားသည့် ပဲခူးမြို့ကို ကုလားဖြူတို့က အလွယ်တကူ ပြန်သိမ်းယူလိုက်၏။

ဤတွင် ပဲခူးရှိ တလိုင်းများ စိတ်ဂမ်းကွဲကြရသည်။ ငါတို့ ကုလားဖြူ ကျွန်ဖြစ်ရန် ကုလားဖြူတို့ဘက်က ဝိုင်းဝန်းတိုက်ခိုက် ပေးကြရသည်ဟု အချို့ ရှိုက်ကြီးတငင် ငိုယိုကြ၏။ အချို့က မိမိတို့အား လာရောက် သွေးဆောင်သည့် တလိုင်း အကြီးအကဲတို့ကို ရန်မူကြ၏။ ထိုအခါ ကုလားဖြူတို့က တလိုင်းအကြီးအကဲတို့ကို ရာထူးအာဏာပေးလျက် တလိုင်းကျေးရွာသားတို့ကို အနိုမ်ခိုင်း၏။ ကုလားဖြူကျွန်အဖြစ် တည်တံ့ခိုင်မာလာအောင် တလိုင်းမှူးမတ်တို့ ကိုပင် ပြန်၍ စေခိုင်းလိုက်ကြ၏။

ဤသို့ တိုင်းတစ်ပါးသားများ လာရောက် ကျူးကျော် စော်ကားနေသည့် စစ်မီးတောက်ကြီးအထဲ၌ပင် ၁၂၁၄ခု ပြာသိုလဆန်း



၈ ရက် သောကြာနေ့၊ ကုလားဖြူ သက္ကရာဇ် ၁၈၅၂ ခု ဒီဇင်ဘာလ ၁၉ ရက်နေ့၌ ညီတော် မင်းတုန်းမင်းနှင့် ကနောင်မင်းတို့ ကုန်းဘောင်မင်းကို ခံထောင်ထားထကြွရန် နန်းတွင်းမှ ထွက်သွားသည်။

တောင်ဓဝယ်ဗိုလ် တေတိနှင့် ပုဏ္ဏားဝန် ငကုလားတို့က လက်နက် လူသူ စည်းရုံး၍ ထပ်ချပ်လိုက်တိုက်ရသည်။ ဤအတိုင်း ကုလားဖြူတို့၏ ရန်မီးကို ပစ်ထားခဲ့ကာ ညီတော် နောင်တော် အချင်းချင်းတိုက်ကြပြီးနောက် ညီတော်မင်းတုန်းက နန်းရပြီးလျှင် ကျူးကျော် လာသည့် တစ်ပြည်သား ကုလားဖြူတို့ကို ဆက်မတိုက်နိုင်တော့ဘဲ ကုလားဖြူတို့ တောင်းဆိုလာသည့် အတိုင်း ...

ရခိုင်ဘိုးခေါင်တောင်ဦး အရှေ့မှ တည့်တည့် မျဉ်းကြောင်းပြု၍ မေဂျာအာလံ **Major Allan** တပ်စိုက်ရာ ဌာနဖြစ်သော မြေထဲမြို့ရှိ အာလံ၏တပ် အလံတိုင်မြောက်ဖက်၊ ကုလားမိုင် ၆ မိုင်ကွာ နေရာအထိ ဗမာပြည်၏ တောင်ဖက် အပိုင်းကြီး တစ်ခွင်တစ်ပြင်လုံးကို ကုလားဖြူတို့ အား ပေးအပ်လိုက်ရသည်။ ဗမာပြည်၏ သုံးပုံနှစ်ပုံကို ကုလားဖြူတို့က တိုက်ခိုက် ယူငင်လိုက်ကြခြင်း ဖြစ်သတည်း...။

ဗမာဘုရင်က လွယ်လွယ်ပေးလိုက်သော်လည်း ဗမာတိုင်းရင်းသား တို့က ဤမျှ လွယ်လွယ် မပေးလိုကြ...။

"တောက် ဒီကုလားတွေကွာ" ဟု ငိုသံပါကြီးနှင့် မကျေမချမ်း "တောက်" ခေါက်ကြ၏။ ယောကျ်ားကြီးတန်မဲ့ မျက်ရည်ဝိုင်းလာ ကြ၏။

"သင်းတို့ကုလားဖြူတွေ ဘယ်သည်လိုနဲ့ ပြီးကြရမတုံး" ဟု လက်သီးကိုကျစ်ကျစ်ဆုပ်လိုက်ကြ၏။

စိမ်းစိုထူထဲသော ဗမာ့သစ်တော ဗမာ့ရေမြေတို့သည် ထိုယောကျ်ား ကြီးတို့၏ မျက်ရည်ဝဲသော မျက်လုံးရှေ့၌ လေဝေ့တိုင်းယိမ်းယိုင် မြူးကြွလျက်။

(၇)

လူတွေကိုကြည့်ရသည်မှာ အမုန်ထသော ဆင်ကဲ့သို့မြင်မြင်သမျှ ချေဖျက်ပစ်ကြမည့် အသွင်ကိုဆောင်နေ၏။ မြင်းကိုယ်စီစီးထားသော သင်းတို့၏မျက်နှာသည် ယင်းတို့၏ မြင်းကဲ့သို့ "ဟူးဟူး ရှူးရှူး" အသံမြည် နေဘိသို့ရှိ၏။ မြက်ခင်းရောင်နှင့်တူသော တဆင်တည်း တသွေးတည်း ဝတ်စုံအစိမ်းကို ဝတ်ထား၏။ ကုလားဖြူတို့၌သာရှိသည့် ကျည်ထိုးသေနတ် ကိုယ်စီလွယ်ထား၏။ လူမျိုးအလိုက်ကိုင်သော ဓားကိုယ်စီနှင့်ဖြစ်၏။ လူမျိုးကလည်းစုံလှ၏။

ယင်းသည်သူတို့ကား ယခင်ရောက်နှင့်နေကြသော ဦးမြတ်ထွန်း၏ လူများနှင့်မတူကြ။

ပို၍လက်နက်ကောင်း၏။ ပို၍အဝတ်အဆင်တောက်ပြောင်၏။ ပို၍ ငယ်ရွယ်သူများ၏။ ပို၍ဒေါသတကြီးရှိ၏။

သူတို့သည် လေပြင်းကျသလို ရွာထဲသို့မြင်းတွေနှင့် ဒုန်းစိုင်းဝင်လာ ကြပြီးနောက် ရွာသားအားလုံးကို ဘုန်းတော်ကြီးကျောင်းသို့ ဆင့်ခေါ်၏။ ထို့နောက် ဗမာပြည်၏တစ်ဝက်ကျော်ကျော်ကို



ဘဝရှင်မင်းတရားကြီးက ကုလားဖြူတို့လက်သို့ ပေးအပ်လိုက်ရပြီ ဖြစ်ကြောင်း ငိုသံပါကြီးနှင့်ပြော၏။

သို့ပြောလိုက်ပြီးနောက် ပါးစပ်အဟောင်းသားနှင့် ငေးငိုင်နေကြသည့် ရွာသားများကို အားမလိုအားမရပြန်ကြည့်၏။ မိမိတို့စကားကို ကြားကြရ ပါလျက် ဤရွာသားတို့သည် မလှုပ်မရှားနေနိုင်ကြရန်ကောဟု မကျေမနပ် ဖြစ်၏။ ခေါင်းဆောင်နှင့်တူသူသည် မြင်းကိုရှေ့သို့အနည်းငယ်တိုးလိုက်၏။

"ဒီမှာ...နားထောင်ကြစမ်း...ကျုပ်တို့ရဲ့မွေးဖွားရာ၊ ကျုပ်တို့ရဲ့ ထွန်ယက်လုပ်စားရာ၊ ကျုပ်ရဲ့နားနေရာ၊ ကျုပ်တို့ရဲ့အိပ်စက်ရာဖြစ်တဲ့ ဟောဒီမြေနဲ့ ဟောဒီရေကို ကျုပ်တို့ဘုရင်က စစ်ရှုံးလို့ ကုလားဖြူတွေ လက်ထဲကို ပေးပစ်လိုက်ပြီ၊ အဲဒီပေးပစ်လိုက်တဲ့ မြေကြီးတွေထဲမှာ ကျုပ်တို့ရဲသွေးကြောကြီးနဲ့တူတဲ့ ဟောဒီမြစ်ကြီးနှင့် ဟောဒီကမ်း တစ်လျှောက်က ရွာတွေအကုန်လုံးပါတယ်ဆိုတာသိကြရဲ့လား"

ရွာသားတို့ကမည်သို့မျှမလှုပ်၊ ငြိမ်မြဲငြိမ်နေကြ၏။ စကားပြောသူက ရွာသားတွေကိုကျော်၍ အဝေးသို့မျှော်ကြည့်လိုက်၏။ သူ၏ငေးငြိမ်သော မျက်နှာ၌ နားထင်ကြော မေးကြောကြီးများ တင်းကနဲတင်းကနဲလှုပ်ရှား ထောင်ကြွ၏။ သူသည်ရွာသားများကို မေ့သွားသလိုငြိမ်သက်နေရာမှ ရွှေရောင်ဝင်းသော လယ်ကွင်းပြင်၊ သွင်သွင်စီးနေသော ဧရာဝတီမြစ်ရေ ရှိရာသို့ နှမြောစုံမက်သည့်မျက်လုံးကြီးနှင့်ကြည့်၏။ သူ၏မျက်နှာ၌ ဒေါသဖြစ်ခြင်း

ဝမ်းနည်းခြင်းတို့လွှမ်းမိုးနေ၏။ သူသည်အိပ်ရာမှနိုးလာဘိသို့ ဆတ်ကနဲ ကျေးရွာသားများဘက်သို့ လှည့်ကြည့်၏။

သင်းတို့ကုလားဖြူတွေ ကျုပ်တို့မြေကြီးကိုမရပါဘူး၊ ကျုပ်တို့ဘုရင်က ဘယ်လိုပဲပေးပေးမယ့် ကျုပ်တို့တတွေက အပေးခံမှ သင်းတို့ရကြမှာ အဲဒီတော့ ကျုပ်တို့အပေးခံကြမလား မျိုးမတူတိုင်းခြားတဲ့ ကုလားဖြူတွေရဲ့ ကျွန်အဖြစ်ခံကြမလား...

...ယောကျ်ားကြီးတွေဖြစ်ပြီး အရှက်ကင်းမဲ့တဲ့ မျက်နှာနဲ့ သင်းတို့ လက်အောက်မှာ ကျွန်အဖြစ်ခံနေကြရခြင်းထက် ကျုပ်တို့သင်းတို့ ကုလားဖြူ တွေကို တိုက်ရင်းသေမယ်...

...အဲဒီလိုတိုက်တဲ့အခါမှာ ဟောဒီမြစ်ကမ်းဘေးက ကျုပ်တို့ ရွာတွေဟာ ကျုပ်တို့ကိုစော်ကား မော်ကားလာလုပ်ကြတဲ့ ကုလားဖြူ တွေရဲ့ နားနေရာ၊ အကာအကွယ်ပြုရာ လမ်းပြမယ့်လူတွေရှိရာစခန်းမျိုး အဖြစ် မခံနိုင်ဘူး။

...ဒီမြစ်ကမ်းကကျေးရွာတွေ ကုလားဖြူစခန်းဖြစ်တာနဲ့ ကုလား ဖြူကို တိုက်နေတဲ့ ကျုပ်တို့တတွေဟာ အတိုက်ရခက်ခဲသွားနိုင်တယ်။

...အဲဒီတော့ ကျုပ်တို့ကို ညှာတာတဲ့အနေနဲ့ ကျုပ်တို့ကို ကူညီတဲ့အနေ နဲ့ ကျုပ်တို့ရွာသားတွေက ဟောဒီအိမ်တွေနဲ့တကွ ရွာကိုပါဖျက်ပြီး ဒီမြစ်ကမ်းဘေးက အခုချက်ချင်းပြောင်းရွှေ့ပေးကြပါ။ ပြောင်းရွှေ့နေဖို့ အချိန်ငါးရက်အထိပေးမယ်...

...အဲဒီလိုမှမဟုတ်ဘဲ၊ ကျုပ်တို့ကိုမညှာဘူး။ တိုင်းပြည်ကို



လဲမကြည့်၊ ကိုယ့်လူမျိုးတွေလည်းမကြည့် ကိုယ့်အိုးကိုယ့်အိမ်ကို သာကြည့်ပြီး ရန်သူအားပေးအဖြစ်နဲ့ ဖွတ်ပေနေကြမယ်ဆိုရင် ကျုပ်တို့ကလဲမညှာဘူး ဒါဘဲ"

သူတို့သည် ကျေးရွာသားများ အံ့အားသင့်နေချိန်၌ပင် လေတိုက် သကဲ့သို့ရွာမှထွက်သွားကြ၏။ ဤအတိုင်းရောဝတီမြစ်ကမ်း တစ်ဘက် တစ်ချက်ရှိ ကျေးရွာဟူသမျှကို မအူပင်မှ အထက်ဇလွန်အထိ တစ်ရွာ ဝင်တစ်ရွာထွက်ဖြင့် လှည့်လည်ပြော၏။

ရွာသိမ်ရွာငယ်အများစုတို့က မိမိတို့အိုးအိမ်ကိုအလွယ်တကူ ဖျက်ယူ ပြောင်းရွှေ့ကြသော်လည်း အချို့ရွာကြီးများ၌ မဖျက် မပြောင်းသူများရှိကြ၏။

မပြောင်းမရွှေ့ရုံမျှသာမဟုတ် လယ်ကြီးချောင်းကြီးနှင့် အိမ်ကြီးရ နိုင်နှင့် အစေအပါးအခြွေအရံနှင့် ရှိနေကြသူတို့က တိုင်း တစ်ပါးသားကုလားဖြူ တို့ရှိရာသို့ ထွက်ပြေးတိုင်တန်းကြသေး၏။

ဤသတင်းကိုကြားသိရသောကြောင့် ပြောင်းရွှေ့ရန် အချိန်ပေးထား သည့် ငါးရက်စေသောနေ့၌ပင် ယခင်လာခဲ့ဘူးသော မြင်းတပ်ကြီးသည် မပြောင်းမရွှေ့နေမြဲနေကြသည့် ကျေးရွာဟူသမျှနှင့် နေဖြူ တစ်မြို့လုံးကိုပါ မီးတိုက်ဖျက်ဆီးပစ်လိုက်၏။

ရောဝတီမြစ်ကမ်းတစ်လျှောက် မီးဟုန်းဟုန်း တောက်နေသည့် ကျေးရွာများကို ငေးစိုက်ကြည့်နေရင်း ဆွေဆက်သည် နှုတ်ခမ်းကို တင်း တင်းကိုက်၏။

နေရီရီတွင် ပုဇွန်ဆီသွေးရောင်ဖျန်းပက်ထားသည့် ကောင်းကင်
ပြင်၌ ဧရာဝတီမြစ်ကမ်းတစ်လျှောက်မှ တက်လာသည်
မီးခိုးလုံးကြီးများက မြေပြင်နှင့်တသားတည်းဖြစ်အောင်မှုန်းခြယ်
ရောစပ်ပေး၏။

မြင်းသည်တော်တို့သည် လယ်ကွင်းပြန့်ကြီးအလယ်မှ ရပ်လျက်
မှုန်ရီဆိုင်းဆို့သည့် ဧရာဝတီမြစ်ကမ်းမှ လွမ်းစချင့်ဖွယ် ရှုခင်းကိုငေးမော
ကြည့်ကြ၏။ ဆွေဆက်သည် ရှိက်ငင်မိသော ပင့်သက်ကိုပါးစပ်မှ
"ဟူး" ကနဲမှုတ်ထုတ်လိုက်၏။ ငါတို့အမျိုးသားအချင်းချင်းတော့
နှိပ်စက် ပြီးကြပြီ။ နှိပ်စက်ရကျိုးနပ်အောင် ကုလားဖြူတွေလာရင်
ဝ့်ဝ့်စားစား တိုက်နိုင်ကြမှပေါ့ ကဲ...သွားစို့"

မီးခိုးငွေ့များဖြင့် မှုန်ရီသောမြစ်ကမ်းကို ကျောခိုင်းလျက်ဆွေဆက်
က မြင်းကိုဒုန်းစိုင်းထွက်လိုက်သည်။ ကျန်မြင်းသည်တော်တို့သည်
ပတ္တူအံ့မှထွက် လိုက်သောပဒ္မကောင်ကဲ့သို့ ဆွေဆက်၏နောက်သို့စုပြ
ဝိုင်းဝန်းပါသွားကြ၏။

ဆွေဆက်သည် မြစ်ကမ်းဘေးရှိရွာများကို ပြောင်းရွှေ့စေပြီး
မီးတိုက်ပြီးနောက် ကုန်းပိုင်း၌ရှိသော ရွာများကိုလည်း အပြောင်းအရွှေ့
ခိုင်း၏။ ထိုနေရာတစ်ခွင်တစ်ပြင်လုံးကို ကုန်းပြင်ဟင်းလင်းဖြစ်စေ၏။

"သင်းတို့လက်အောက်မှာ မနေလေနှင့် ငါတို့ဗမာဘုရင်ပိုင်ရာ
ကို သွားကြ" ဟု မြန်မာတိုင်းရင်းသားအားလုံးတို့ကို နှင်လွှတ်၏။

ထို့နောက် ဓနဖြူမြို့နေရာ၏ အနောက်ဘက် ခပ်လှမ်းလှမ်း



ကျိုက္ကစင်းရွာ ပတ်ပတ်လည်ကိုလည်း သိသိကျေအောင်မွှေနှောက်၏။ သည်နေရာကား တောင်ကုန်း၊ သည်နေရာကား ချောင်းရိုး၊ သည်မနေရာကား ကျွဲစားကျက်၊ သည်နေရာကား အင်း၊ သည်နေရာကား လယ်၊ သည်နေရာ၌ ရွှံ့ညွန်ထူသည်၊ သည်နေရာ၌ မြေမာသည်၊ အရှေ့ အနောက် တောင်မြောက် အရပ်တို့၌ မည်သည့်မြို့ရွာနယ်ပယ်ရှိသည်၊ မည်မျှဝေးသည်၊ လမ်းပန်း အဆက်အသွယ် မည်သို့ရှိသည်၊ စသည်တို့ကို မိမိကိုယ်တိုင်လည်း သိအောင်ပြု၏။ တပ်ဗိုလ်တပ်သားရဲမက်တို့ကိုလည်း သိစေ၏။

ကျိုက္ကစင်းရွာသစ်တပ်ကိုလည်း ပေါက်လွယ် ကြီးလွယ်သောသစ်ပင်၊ ပြန့်ပွားလွယ် ဖုံးအုပ်လွယ်သည့် နွယ်ပင်တို့ကို စိုက်လျက် သစ်တပ်ဟု မသိအောင်ပြု၏။

ထို့နောက် ကျိုက္ကစင်းရွာအနီးသို့ ပေါက်ရောက်လာနိုင်သော ပန်းတနော်ချောင်း၊ ကွင်းကစင်းချောင်းတို့ကိုလည်း လိုသလိုသင်္ဘော မဝင်လာနိုင်စေရန် ပိတ်ဆို့၏။ လှေအိုကြီးများကို ကျောက်သဲအပြည့်ထည့်၍မြှုပ်၏။ စို့များ ငြောင့်များစိုက်၏။ ကမ်းတစ်လျှောက်ရှိ ကျဉ်းမြောင်းရာအရပ်တို့၌ ကိုင်းပင်ချုံပုတ်တို့အကြားတွင် ခံကတုတ်ငယ်များ ဆောက်လုပ်၏။

သင်္ဘောဆိုက်ကပ်ရန် ကောင်းသောနေရာတို့၌ ကျောက်ဆောင်ချ၏။ သင်္ဘောမှအတက် သွားလမ်း၊ လာလမ်း ကောင်းသည့် ကုန်းပြောင်မြေမာ တို့တွင်လည်း ဂျမ်းများ၊ ထောင်ချောက်များ၊ ညှောင့်ကျင်းများပြုလုပ်၏။

လူကြီးများဖြစ်ကြသည့် ဦးမြတ်ထွန်းနှင့် ဦးရွှေပန်းတို့ကမူ ဆွေဆက်လုပ်သမျှကို ဘာမျှမပြောကြ၊ မိမိတို့ရဲမက်များကိုပင် ဆွေဆက် အလိုရှိက ကူညီကြရမည်ဟု အမိန့်ပေးထား၏။ ထိုမျှမက ဦးမြတ်ထွန်းသည် မိမိ၏သားနှစ်ယောက်ကိုပါ ဆွေဆက်၏တပ်ထဲသို့ ပို့ထား၏။ ထို့ပြင်အခြားသော မိမိတို့တပ်သားများကိုလည်း အအား မထားကြပဲ အုန်း၊ ဖရုံ၊ ဟင်းသီးဟင်းရွက်၊ ခရမ်း၊ ငရုတ် ချဉ်ပေါင်၊ ရုံးပတီ၊ ကြက်သွန်၊ ပြောင်း၊ ပဲ၊ ကန်စွန်း၊ ပိန်းဥ၊ မြောက်ဥ၊ စပါးစသည်တို့ကို သင့်ရာသင့်ရာ မြေတို့၌ စရုံးစိုက်ပျိုးစေ၏။

အောက်သားတို့အများအပြားပါဝင်သည့် ဦးရွှေပန်းကမူမိမိ၏ ရဲမက်အားလုံးတို့အား ချောင်းကြီး၊ ချောင်းကလေး၊ ရိုးကလေးရှိသမျှ တစ်ခုမကျန် အင်းများ ဖောင်များဖြင့် ငါးပုစွန်ဖမ်းသည့်လုပ်ငန်းတို့ကို လုပ်စေ၏။ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များကို ရသလောက် ပြုလုပ်စေ၏။

ထို့ပြင် သုံးပွင့်ဆိုင်တည်ဆောက်ထားကြသော သစ်တပ်သုံးခုလုံး သို့ လည်း ရေ၊ ထင်း၊ ရိက္ခာ၊ အလုံအလောက်သိုလှောင်သိမ်းဆည်း ပေး၏။

ဤသို့ အသီးသီးမိမိတို့ရဲမက်များနှင့် နေ့မအား ညမအား ကြိုးစားတည်ဆောက်နေကြဆဲ

ရောင်နီလာစ တစ်ခုသော အရုဏ်ဦး၏နံနက်၌ အနောက်တောင် အရပ်ရှိ အမှောင်လုသော တောခြေမှ မြင်းစီးယောကျ်ား တစ်ယောက် သည် ငှက်ပျံသကဲ့သို့ တောချုံပုတ်တို့ကို လွှားကနဲလွှားကနဲ ဖြတ် ကျော်လာ၏။



ကုလားဖြူသဘော်အချို့ချီတက်လာနေပြီဖြစ်ကြောင်း သတင်းလာပို့ခြင်း ဖြစ်၏။ ထိုနေ့သည် ၁၂၁၄ခု တပေါင်းလဆန်း ၉ ရက်၊ ကုလားဖြူ သက္ကရာဇ် ၁၈၅၃ ခုဖေဖော်ဝါရီလ ၁၇ ရက်နေ့ဖြစ်၏။ ချောင်းဘက်မှ အယောင်ပြ၍ ကုန်းဘက်မှ ချီတက်လာကြမည်စိုးသောကြောင့် ခနဖြူ နေရာဘက်သို့လည်း တပ်ပုန်းများ ဟိုတစ်စု ဒီတစ်စုချ၏။ အထောက် ခြေလျှင် မြင်းသည်တို့ကိုလည်း ရောဝတီမြစ်ကမ်းတစ်လျှောက်သို့ လွှတ် ထား၏၊ ပန်းတနော်ချောင်း၊ ကွင်းကစင်းချောင်းတို့ကိုလည်း တပ်ပုန်းများ ခွဲပို့၏။

ချက်ချင်း ဦးမြတ်ထွန်း၊ ဦးရွှေပန်း၊ ဆွေဆက်တို့ ခေါင်းချင်း ရိုက်ကြ၏။ ဗမာပြည်၏ သုံးပုံနှစ်ပုံကို ဗမာဘုရင်က အင်္ဂလိပ်လက်ထဲ သို့ ထိုးပေးလိုက်ပြီးသည့်နောက် တိုးအပေးခံရသည့် အင်္ဂလိပ်ပိုင်ဗမာ နယ်မြေ အထဲမှ ပထမဆုံး ဗမာ့သွေးကို အင်္ဂလိပ်တို့ နမ်းရှူးတွေ့၊ ရှူးတော့မြည်းစမ်းကြည့် ရန် အကြောင်းပြရမည့်ပွဲဖြစ်သောကြောင့် ခေါင်းဆောင်သုံးဦးလုံး စိတ်တက်ကြွနေကြ၏။ စစ်ဦးဖြစ်သော ကြောင့်လည်း အနိုင်ရနိုင်ရန် ကြိုးစားလိုကြ၏။ မည်သို့တိုက်ကြရ မည်ကို သုံးယောက်သား ခေါင်းချင်းဆိုင် ဆုံးဖြတ်၏။

ရေကြောင်းအားကိုးသော အင်္ဂလိပ်တို့လာလမ်း၌ တပ်ပုန်းတို့ သည် တိုက်သာသည့်နေရာမှစ၍ ဝင်လာကြသည့်သဘော်တို့ကို ဆီးကြို တိုက်ခိုက်ကြရမည်ဖြစ်၏။

ထိုနေရာမှ သဘော်တို့က ကျော်လွန်တက်သွားသည်နှင့်

ယင်းတပ်ပုန်း သည့်နောက်တစ်နေရာ၌ အသင့်စောင့်နေကြသော မိမိတို့၏ အခြားတပ်ပုန်း တစ်ခုရှိရာသို့ သဘော်တွေထက်ဦးစွာ ရောက်အောင် ကုန်းလမ်းမှ ဖြတ်သွား ကြရမည်ဖြစ်၏။ ထို့နောက် မိမိတို့သိခဲ့ရသော တိုက်ပွဲအတွေ့ အကြုံတို့ကို ပြောပြပြင်ဆင်၍ ပူးပေါင်းတိုက်ခိုက်ကြရမည်ဖြစ်၏။

ဤအတိုင်းဝင်လာသည့် ကုလားဖြူ သင်္ဘောတို့ကို တိုက်ခိုက် အနှောင့် အယှက်ပေးရင်း တစ်ဆင့်စီတစ်ဆင့်စီဆုတ်လာခဲ့ကြလေ မိမိတို့ ဘက်မှ အင်အားလည်း တစ်စထက်တစ်စ အချင်းချင်းပူးပေါင်း မိလျက် များများလာလေဖြစ်အောင်အစီအမံပြု၏။

ဤသို့တဖြည်းဖြည်း ကုလားဖြူတို့၏ တိုက်အားကို လျော့နည်း ပင်ပန်းလာအောင်ပြုရင်း သင်္ဘောမလှည့်သာလောက်သည့် ချောင်းကျဉ်းတွင် ကျောက်သဲအပြည့်တင်၍ နစ်မြှုပ်ထားသော လှေကြီးများနှင့် ပိတ်ဆို့တားဆီးထားသည့်နေရာသို့ ရန်သူများရောက်ရှိလာရမည်ဖြစ်၏။ ထိုနေရာ၌ မိမိတို့ကလည်း အမြောက်၊ သေနတ်၊ လက်နက်မျိုးစုံတို့ဖြင့် စောင့်နေကြမည်ဖြစ်ရာယင်းသို့ စောင့်နေသော မိမိတို့တပ်မရှိရာသို့ နောက်ဆုံး အချိန်၌တိုက်ရင်း တမင်ဆုတ်ဆုတ် လာသည့် မိမိတို့တပ်စုကလေးများ အားလုံးစုပြုံရောက်လာကြရမည်ဖြစ်၏။

ရောက်သည်နှင့်တိုက်ပွဲအခြေအနေ ကုလားဖြူတို့၏ တိုက်ပုံ တိုက်နည်း၊ လူအင်အား လက်နက်အင်အားတို့ကို တပ်မသို့အစီရင်ခံပြီး နောက် တပ်မကအမိန့်ပေးသည့်အတိုင်း ဆက်လက်တိုက်ပွဲဝင်ကြရမည်ဖြစ်၏။



ထိုအချိန်နှင့်မရှေးမနှောင်းနောက်မှလိုက်လာသည့် ကုလားဖြူ သင်္ဘောတို့သည် ချောင်းကျဉ်း၌ တင်နေကြတော့မည်ဖြစ်ရာ ချက်ချင်း လိုပင် အသင့်ပြုလုပ်ထားသော မီးဖောင်ကြီးတို့က ပြင်းစွာလောင်မြိုက် သည့် မီးတောက်မီးလျှံကြီးများနှင့် ချောင်းလုံးပိတ်၍ မျောလာကြတော့ မည်ဖြစ်၏။

မီးဖောင်တို့မှမီးသည် တင်နေသည့် ကုလားဖြူ သင်္ဘောတို့အား ဝိုင်းပတ်စွဲလောင်သည်နှင့် သင်္ဘောမှထွက်လာသည့် ကုလားဖြူ တို့ကို ဗမာရဲမက်တို့က တိုက်ကြရမည်။ ကွင်းမီးလောင်ရာ၌ ထွက်ပြေးလာကြသော ကြွက်ငယ်၊ ဖားငယ်တို့ကို သိမ်းစွန်ရဲသည် ကောင်းကင်မှစောင့်၍ သုတ်ယူဘိသို့...

ကုန်းပြန့်၌ဖြစ်စေ၊ ချောင်းဘေး၌ဖြစ်စေ၊ ဤနည်းနှင်နှင်တိုက် ကြရ မည်ဖြစ်ရာ သစ်တပ်နှင့်ကုန်းဘက် တစ်ခွင်တစ်ပြင်၌ ဦးမြတ်ထွန်း၏ ရဲမက်များက နေရာအသေထား၍ အင်အားကြီးစွာဖြင့် တာဝန်ယူ...

ချောင်းအကျဉ်းဆုံး၊ ရေအတိမ်ဆုံး၊ မီးရှို့ရန်အသင့်ပြုလုပ်ထား သော မီးစာဖောင်များနှင့် နစ်မြှုပ်ထားသည့် လှေကြီးများရှိရာ၌ ဦးရွှေပန်း၏ ရဲမက်များက နေရာအသေရပ်၍ တာဝန်ယူ...

ကုန်းတစ်ခွင်တစ်ပြင်၌ လည်းကောင်း၊ ချောင်းရိုးတစ်လျှောက်၌ လည်းကောင်း၊ တစ်နေရာမှတနေရာသို့ ရွှေ့လျားတိုက်ခိုက်ရမည့် တာဝန် မှန်သမျှကို ဆွေဆက်၏ မြင်းစီးရဲမက်များက တာဝန်ယူ...

ခေါင်းဆောင်သုံးယောက်တို့သည် ဤအတိုင်းအစီအစဉ်ပြု၍ တာဝန် ခွဲယူကြ၏။ အစီအမံနှင့်လက်တွေ့ဆောင်ရွက်ရချက်တို့သည် ဆွေဆက် ၏ရဲမက်များအဖို့ နာရီအခြားမရှိ၊ ယင်းသည် ၁နေ့ကုလားစက်၊ ကိုးနာရီ ခန့်ကပင် စတင်တိုက်ခိုက်ကြရ၏။

ကုလားဖြူ သင်္ဘောရှစ်စင်းတို့သည် ပန်းတနော်ချောင်းအတွင်းမှ တက်လာခဲ့ကြသည်။ ချောင်းကျယ်ရာ၌ သင်္ဘောတစ်စင်းနှင့်တစ်စင်း ၁၆တာခန့်ကွာ၍ ခုတ်မောင်းလာကြသော်လည်း တဖြည်းဖြည်း ချောင်း ကျဉ်းသို့ရောက်သည့်အခါ သင်္ဘောတစ်စင်းနှင့်တစ်စင်း ရှစ်တာခန့်သာ ကွာ၏။ သို့ပါလျက် ရှေ့ဆုံးမှသင်္ဘောနှင့် နောက်ဆုံးမှ သင်္ဘော၏ အကွာအဝေးသည် သုံးဥသဘ ကျော်ကျော် အကွာအဝေး ရှိနေရာ၊ ကုလားဖြူ တို့၏ စစ်မျက်နှာနှင့်စစ်ထုထည်သည်အတော်ကြီး ထွားထဲသည်ဟုဆိုနိုင်၏။

သို့သော် ကုလားဖြူတို့သည် မိမိတို့မျှော်လင့်မထားသည့် တိုက်ပွဲနှင့် ရင်ဆိုင်တိုးနေရ၏။

ချောင်းကမ်းဘေးတစ်လျှောက်လုံး၌ သစ်ပင်ချုံပုတ်များ ထူထပ် လျက် ချောင်းကလည်း တဖြည်းဖြည်း ကျဉ်း၍ကျဉ်း၍လာ၏။

ကုလားဖြူစစ်ဗိုလ် ကပ္ပိတန်လောက်ဒ် အုပ်ချုပ်လာသော စစ်သင်္ဘောတပ်၌ ဆွေဆက်တို့၏ မီးရှို့ဖျက်ဆီးခြင်းကို ခံလိုက်ကြရ သည့် ရွာတို့မှ မြန်မာတွေအများအပြားပါလာကြ၏။

ထိုမြန်မာတို့သည် ကုလားဖြူများကို မျက်နှာချိုသွေးနိုင်ကြ သောကြောင့် ထိုအရပ်ရှိ၊ လူမနေတော့သည့် အဖျက်အဆီးခံ



ကျေးရွာတို့အတွက် ပူပူနွေးနွေးသူကြီးအဖြစ် ခန့်အပ်ထားခြင်းကိုလည်း ခံကြရ၏။ ထို့ပြင် ယင်းဖြစ်သစ်စ သူကြီးတို့ဆန္ဒရှိနေကြသည့်အတိုင်း ရောဝတီမြစ်ရိုး တစ်လျှောက်ကို မီးတိုက်သွားကြသည့် ဆွေဆက် တို့အား ကိုယ်တိုင်ကိုယ်ကျ လက်စားချေရန်အတွက်လည်း ကုလားဖြူ စစ်တပ်နှင့်အတူ လိုက်ပါခွင့်ရလာကြ၏။

သင်းတို့သည် ဦးမြတ်ထွန်း၏ သစ်တပ်စခန်းရှိရာ၊ ကျိုက္ကစင်း ရွာနှင့် ထိုအရပ်ထိုနယ်မြေ ရေလမ်းကုန်းလမ်းတို့ကို ကျွမ်းကျင်စွာ သိကြ၏။ ထို့ကြောင့်လည်း ခနေဖြူဆိပ်ကမ်းဘက်သို့ အာရုံပြုနေ ဟန်ရှိသော ဦးမြတ်ထွန်းတို့အား ခနေဖြူဆိပ်ကမ်းဘက်မှ တက်မလိုက် စေဘဲအမှတ်တမဲ့ခပ်ပေါ့ပေါ့ ထားလိမ့်မည်ဖြစ်သော ပန်းတနော်ချောင်း ရိုးထဲမှ အနီးကပ်တက် ရောက်တိုက်ခိုက်နိုင်ရန် ကုလားဖြူတို့ကို လမ်းပြခေါ်ဆောင်လာနိုင်ကြခြင်းဖြစ်၏။

ကုလားဖြူတို့အဖို့ သူတို့အားပြုလာသော ဤသင်္ဘောတွေဖြင့် ဦးမြတ်ထွန်းတို့ကို တိုက်ခိုက်ရန်အတွက် ယခုထက်ကောင်းသော လမ်းသည် မည်သည့်ဘက်ကမျှ မရှိလေတော့...။

သို့ပါလျက် ကပ္ပိတန်လောက်ဒ်သည် ပန်းတနော်ချောင်းတွင်းသို့ သင်္ဘောများ အတော်ကလေးဝင်လာမိသည်နှင့် မိမိခန့်အပ်ခေါ် ဆောင်လာခဲ့သော မြန်မာသူကြီး လတ်လတ်ဆတ်ဆတ်တွေကို မယုံသင်္ကာဖြစ်လာ၏။ ဒီမြန်မာတွေ သူပုန်မြတ်ထွန်း၏ လူတွေဖြစ်နေ လေရော့လားဟုတွေး၏။ မိမိတို့ကို ချောင်ပိတ်တိုက်ရန် တမင်လှည့် ပတ်ခေါ်ဆောင်လာကြခြင်း ဖြစ်ဟန်တူသည်ဟု ထင်မှတ်လာ၏။

ဤသူတို့သည် ခွေဆက်နှင့် ဦးမြတ်ထွန်းတို့ကို အစိမ်းစားချင်ကြ
သည်။ မိမိတို့ရွာများအိမ်များကို သင်းတို့ကမီးတိုက်ကြသလို သင်းတို့ကို
လည်း အရှင်လတ်လတ် စုပြုံမီးတိုက်ပြချင်ပါလှသည်။ သင်းဘို့ကိုသာ
အရှင်လတ်လတ် ဖမ်းမိစမ်းပါစေဟု ပြောကြ၏။ ကပ္ပီတန်လောက်ဒ်က
သည်သူပုန်တွေရှိရာနေရာသို့ အလွယ်ရောက်နိုင်အောင် လမ်းသာပြ
ပေးပါတော့၊ တောဝက်တစ်ကောင်ကို အရှင်မိအောင် ပစ်မဖမ်းနိုင်
သော်လဲ သူပုန်တွေကို အရှင်မိအောင်ဖမ်းပြမည်”ဟုဆို၏။
သို့ဖြင့်အရှင်လတ်လတ် သူပုန်တွေကို မီးတိုက်သတ်ပြမည့် ကုလားဖြူ
နှင့် မြန်မာသူကြီးများနှင့် သူပုန်တွေကိုအရှင်လတ်လတ် လက်ရဖမ်းပြ
မည့် ကပ္ပီတန်လောက်ဒ်တို့ အတူလာခဲ့ကြခြင်းဖြစ်၏။

မိမိကိုယ်တိုင် တိုက်သင်္ဘောရှစ်စင်းနှင့် လိုက်လာခဲ့သောအခါ
ချောင်း၏တစ်ဖက်တစ်ချက်၌ ထူထပ်သည့်သစ်ပင် ချုံပုတ်တွေကိုသာ
တွေ့ရ၏။

ချောင်းကလည်းကျဉ်းလှသည်။ လူနေအိမ်ခြေကိုလည်း မတွေ့ရ၊
လူသံသူသံကိုလည်းမကြားရ၊ တောအလုံးတိတ်ဆိတ်နေ၏။ တစ်ခါ
တစ်ရံ အဝေးမှအော်မြည်ကြသော ချေကြက်ကတော်သံ တောကြက်
တွန်သံနှင့် ဘုတ်အိုသံတို့ကို ခပ်သဲ့သဲ့ကြားရ၏။

ချောင်းကမ်းပါးတစ်လျှောက်လုံး စိမ်းစိုထူပိတ်သော ချုံပုတ်များ
သစ်ပင်ကြီးများက ဆီးကြို၏။ ဆင်းမိလျှင် လူတစ်ကိုယ်လုံးမြုပ်အောင်
နစ်ကျွံ မည့်လတာပြင်ကြီးများကပြက် ရယ်ပြု၏။ လတာစပ်၌ မိုးမို
မတ်မတ်ပေါက်နေကြသော ‘ငဒန်ပြိန်း’ပင်တို့က အံတုဟန်ရပ်နေ
ကြ၏။



ကပ္ပီတန်လောက်ဒ်သည် သက်ရှိသတ္တဝါကင်းမဲ့နေဟန်ရှိသော
ကမ်း စ်ဖက်တစ်ချက်ကိုကြည့်လျက်၊ အလွန်ငြီးငွေ့စွာ လိုက်ပါလာစဉ်၊
ချောင်း ကျဉ်း၏ ကွေ့တစ်နေရာသို့ရောက်သည်နှင့် ကမ်းနှစ်ဖက်ရှိ
ထူထဲသော သစ်ချုံပုတ်တို့အထဲမှ၊ သေနတ်သံတွေတစ်ပြိုင်နက်တည်း
ထွက်လာ၏။ သေနတ်သံတွေကြားလိုက်ရသည်နှင့် ရှေ့ဆုံးက
ခုတ်မောင်းသွားကြသည့် သင်္ဘောသုံးစင်းမှ စစ်ဗိုလ်စစ်သား အများ
အပြားကျကုန်ကြရသည်။ မမျှော်လင့်ဘဲ အတိုက်ခံလိုက်ကြရခြင်း
ဖြစ်၏။

ခပ်နာနာကလေး တုံ့ပြန်လိုက်မှဖြစ်မည်ဟု ကပ္ပီတန်လောက်ဒ်
က၊ ထိုနေရာတဝိုက်ကို အစုံအဆန်ပြုလျက် ကမ်းနှစ်ဖက်လုံး
ကြွေမွှအောင်အမြောက်ဖြင့်ပစ်၏။ ကမ်းပေါ်ရှိသစ်ပင်အားလုံး အရိုး
ပြိုင်းပြိုင်းကျစေပြီးမှ–

“သည်နေရာဝဲ လား မောင်မင်းတို့ဘာကြောင့်သည်မှာ
ရန်သူရှိနေသည်ကို မပြောသလဲ”ဟု မိမိသင်္ဘော၌ပါလာသည့်
မိမိခန့်ထားသော မြန်မာသူကြီးတို့ကို ကြိမ်း၏။

သူကြီးတို့က “သည်နေရာမဟုတ်ပါ၊ မြတ်ထွန်းတို့နေရာသည်
အဝေးကြီးလိုပါသေးသည်။ ညနေလောက်မှ ရောက်နိုင်ပါလိမ့်မည်”ဟု
ပြောကြ၏။

သို့သော်. . .ကပ္ပီတန်လောက်ဒ်ကမယုံ၊ မိမိ၏ကမ်းတက်
တပ်သား များကို ကမ်းပေါ်သို့တက်၍ ကြည့်စေ၏။

ကုလားဖြူကမ်းတက် တပ်သားတို့သည် လှေထက်မှ၊ လတာပေါ် သို့တက်လိုက်ကြသည်နှင့် လတာပြင်ထဲသို့ ပေါင်လယ်ပေါင်ရင်း နစ်မြုပ်ကုန်ကြ၏။ နွံညွှဲအလူးလူးနှင့် လတာမှလွတ်၍၊ ကမ်းထက်ချုံ ခပ်သို့ ဝင်လိုက်မိသည်နှင့်၊ အရှိန်ပြင်းစွာ . . .စုပြုံပစ်ထိုးလိုက်ကြသော လှံများ၏ စူးဝင်ခြင်းကိုခံကြရ၏။

ရန်သူသည် မည်သည့်နေရာမှစောင့်၍ ပစ်ခတ်လိုက်သည်ဟု မသိမမြင် လိုက်ကြ၊ မိမိအဖော်များ၏ အဖြစ်ဆိုးကို မြင်လိုက်ကြရသော ကုလားဖြူ စစ်သားတို့သည် မိမိတို့၏ ရှေ့နောက်ဝဲယာ သစ်ချုံပုတ်များ အတွင်းသို့ မိုးသီးမိုးပေါက်ရွာသလို သေနတ်များဖြင့် ပစ်ခတ်ကြ၏။ ထို့နောက် အစုလိုက်အစုလိုက် လူချင်းမခွဲဘဲ၊ တောတွင်းသို့ ပြေးဝင်စီးနင်း၏။

အချို့သော ကုလားဖြူအုပ်စုရှိရာသို့ ရန်သူကိုမမြင်လိုက်ရပါဘဲ ပစ်ခတ်လိုက်သော ဆိပ်လူးမြားတို့သည် သဲဖြင့်ဆုပ်ပက်ခြင်း ခံရဘိသကဲ့သို့ အပြုံလိုက်လာရောက်ထိမှန်ကုန်ကြ၏။

ကုလားဖြူစစ်သားတို့အဖို့၊ သရဲခြောက်လှန့်ခြင်း ခံရသကဲ့သို့ ထိတ်လန့်ရှုံ့ကြောက်၏။ သစ်ပင်ချုံပုတ်တို့ကလည်း တကယ်ထူထဲ လှသည်မဟုတ်၊ ချောင်းကမ်းပါး၌သာ ပိတ်ဆို့ပေါက်နေကြ ခြင်းဖြစ်၏။ ကုန်းဘက်သို့ တက်လိုက်လျှင် ပြန့်ပြန့်ကျယ်သော လယ်ကွင်းပြင်ကိုသာ တွေ့ရ၏။ လူသူဟူ၍ အရိပ်အယောင်မျှမမြင်ရ၊ အားလုံးတိတ်ဆိတ်နေ၏။ လေတိုက်သဖြင့် လှုပ်ရှားသော သစ်ရွက် ခတ်သံ၊ တောချုံပုတ်တို့အတွင်း၌သာ နေလေ့ရှိသည့် အဝေးမှအော် မြည်လိုက်သော ငှက်ငယ်တို့၏အသံကိုသာ ခပ်သဲ့သဲ့ကြားရ၏။



ကုလားဖြူစစ်သားတို့သည် နေရာမှမရွေ့ဝံ့၊ မလှုပ်ရှားဝံ့ကြ၊ ရန်သူဟု မမြင်ရသည့်နေရာမှန်သမျှ၊ ရန်သူ၏လှုပ်ရှားသံမျိုး မကြားရသည့်နေရာမှန်သမျှ၊ ရန်သူပေါ်လာနိုင်သည့် နေရာတွေ ချည်းဖြစ်၏။ မမြင်ရလေ ကြောက်ဖွယ်ကောင်းလေ၊ တိတ်ဆိတ်လေ ကြောက်ဖွယ်ကောင်းလေ ဖြစ်နေ၏။ အရှေ့အနောက် တောင်မြောက် ဝဲယာတို့ရှိ၊ သက်ရှိသတ္တဝါ ဟူ၍ ဘာမျှမမြင်ရသည့် နေရာဟူသမျှကို မျက်လုံးဝိုင်းအောင် ကြည့်နေကြရ၏။ သက်ရှိအကောင် တစ်ကောင် တစ်လေကိုမျှ မမြင်မကြားရသည့်နေရာတိုင်း ရန်သူရှိနေသော နေရာတွေချည်းဖြစ်နေ၏။ လေနှင့် ဖက်ပြိုင် စစ်တိုက်နေရသလို ဖြစ်နေ၏။ ထို့ကြောင့် ချက်ချင်းအထက်လူကြီးရှိရာ သင်္ဘောသို့ သတင်းပို့၏။ ကပ္ပိတန်လောက်ဒ်၏အမိန့်အရ မိမိတို့နှင့်အတူ ပါလာသည့် မြန်မာသူကြီးများ ချက်ချင်းကုန်းပေါ်သို့ ရောက်လာ ကြ၏။

ဘာအကြောင်းဟူ၍မသိဘဲ ၊ ကုလားဖြူတို့လမ်းညွှန်ရာကို ကုလားဖြူခန့် မြန်မာသူကြီးတို့က ရှေ့ကသွားကြ၏။ ကုလားဖြူ စစ်သားတို့သည် မြန်မာ သူကြီးတို့၏နောက်မှ ကိုက် ၂၀ခန့်ခွာလျက် မျက်လုံးအဝိုင်းသားနှင့် မျက်ခြည်မပြတ် တထိတ်ထိတ်လိုက်ကြ၏ စူးဝါးနက်ကျယ်သော အော်သံနှင့်အတူ၊ မြောက်ကနဲလွင့်တက် သွားသောမြန်မာသူကြီးတစ်ယောက်သည် သစ်ပင်တို့ထိပ်ဖျား၊ လေထဲ၌ ဇောက်ထိုးရမ်းခါနေ၏။

တစ်ပြိုင်နက်တည်းပင် မြေပြင်မှ၊ လှံပျံအချို့လည်း တပ်ကြ

မကြာ ထွက်လာကြလျက်၊ ထို...ဓောက်ထိုးလှုပ်ရမ်းနေသည့် လူကောင်ကြီးကို အရှိန်ပြင်းစွာ အစုအပြုံလိုက် ရူးဝင်ကုန်ကြ၏။

အလုံးစုံမြင်တွေကြရသော ကုလားဖြူစစ်သားတို့သည် နောက်သို့ ငှင်း၊ ဘေးသို့ငှင်း ထိတ်လန့်တကြား အော်ဟစ်ပြေးဆုတ်ကြ၏။ ထိုစဉ်ကုလားဖြူ ငါးယောက်လွင့်မြောက်သွားကြပြန်လျက် မြန်မာ သူကြီး၏လမ်းစဉ်အတိုင်း သစ်ပင်ထိပ်ဖျား၌ ဓောက်ထိုးလှုပ်ရမ်းနေ၏ အစုအပြုံလိုက် ရူးဝင်နေသောလှံတို့မှ သွေးပေါက်တို့စက်စက် ယိုကျ၏။

ယင်းသည်တို့ကိုကြည့်လျက် မျက်စိမျက်နှာပျက်ပျက်နှင့် နောက်သို့ ဆုတ်မှန်းမသိ ဆုတ်နေကြဆဲ...

မြေပြိုသလို ဝေါကနဲမြည်လျက် ရတ်ချည်းကျင်းကြီးတစ်ခု ပေါ်လာကာ ကုလားဖြူရှစ်ယောက် ကျင်းကြီးထဲသို့ကျ၏။ တစ်ပြိုင် နက်တည်းသစ်သီးများကြွေကျသကဲ့သို့ လှံတွေတပြုံချည်း ကောင်းကင် မှ အရှိန်နှင့် ရူးစိုက်ကျ၏။ နက်ကျောကျောအော်သံကြီးများ ချက်ချင်းတိတ်လျက် ကျင်းဝ၌ ဖုံမှုန့်များ၊ မီးခိုးငွေ့သလို ငွေ့နေ၏။

များရှင်းသွားသည်နှင့် အထက်အောက်တံစိုးဖြင့် ထိုးထား ဘိသို့ မရှုမလှ ကျဆုံးနေကြပြီဖြစ်သော ကုလားဖြူရှစ်ယောက်တို့ကို တွေ့ရ၏။ ကုလားဖြူတို့သည် သွေးပျက်မတတ် ထိတ်လန့်ကြောက်ရွံ့ ကုန်ကြ၏။ မိမိရပ်နေရာမှ၊ မရွေ့ဝံ့မလှုပ်ဝံ့ဖြစ်ကုန်ကြ၏။

"သခင် ကျွန်တော်မျိုးကြီးများ ခြေရာကို တည့်တည့်ထပ်နင်းပြီး



လိုက်ခဲ့ပါ။ သည်မှာသုတ်ကိုင်းတွေ၊ ဂျမ်းတွေ၊ ကျင်းတွေအများကြီး ထောင်ထားတယ်"

ကုလားဖြူခန့်သောသူကြီးသည်၊ ကုလားဖြူတို့ကို မျက်နှာချိုသွေး လျက်၊ သင်္ဘောပေါ်သို့ ပြန်တက်ရန် လမ်းပြခေါ်ဆောင်၏။ ကုလားဖြူ စစ်သားတို့ကား ထိုသူကြီးကိုပင် ဆဲရေးကြိမ်မောင်းလျက် နောက်မှ လိုက်ပါလာကြ၏။

ကပ္ပိတန်လောက်ဒ်သည်၊ ရန်သူတို့၏ အင်အားအခြေအနေကို မသိဘဲ၊ ဤနေရာမှ တစ်လက်မမျှမရွေ့လို၊ ထို့ကြောင့် ဗမာ သူကြီးတို့ကိုကြိမ်း၏။ ဘာ့ကြောင့် ဤနေရာ၌ ရန်သူရှိသည်ကို မပြောသတုံး၊ ဘယ်လောက်ရှိသတုံးဟု...မေး၏။

သူကြီးများက မသိပါဟုပြော၍လည်း ခွင့်မလွှတ်၊ ယခုရန်သူတွေ ဘယ်သို့သွားသည်၊ ဘယ်လောက်ရှိသည်ကို သူကြီးတွေကိုယ်တိုင် ဆင်းပြီး ရှာရမည်။ စုံစမ်းရမည်။မသိလျှင် မရလျှင်၊ ထွက်ပြေးလျှင် အားလုံး ပစ်သတ်မည်။ သေကုန်ပြီးသော မိမိစစ်သား အလောင်းကောင်တွေကိုလည်း အားလုံးယူပေးရမည်ဟု ပြော၏။ ထို့နောက် ဤကိစ္စတို့ကို ဆောင်ရွက် ရန်အတွက် လက်ရွေးစဉ် စစ်သားသုံးဆယ်စီ ထည့်ပေး၏။ မဆောင်ရွက် လျှင်ပစ်သတ်ကြဟု အမိန့်ပေးလိုက်သေး၏။

ကပ္ပိတန်လောက်ဒ်နှင့် လိုက်ပါလာကြသော ကုလားဖြူခန့် သူကြီး ခြောက်ဆယ်ကျော်တို့သည် ကမ်းတစ်ဖက်တစ်ချက်သို့ နှစ်စုခွဲ၍ ရှေ့မှ တက်ရ၏။ ရှေ့မှသွားရ၏။ မြန်မာစစ်သားများ

ထောင်ထားသော ကျင်းများ၊ ဂျမ်းများ သုတ်ကိုင်းများကို ဖြေးဖြေး သက်သာရှာခွင့်မရ။

ကုလားဖြူစစ်သားတို့က နောက်မှသေနတ်များဖြင့်ချိန်လျက် အတင်းတွန်းတွန်းထိုးထိုးပြု၏။ အမြန်သွားခိုင်း၏။ အကျိုးသင့် အကြောင်းသင့် ပြောပြ၍မရ။ ရှင်းပြခြင်းကိုလက်မခံ ပြန်ပြောသည်နှင့် ပါးနားရိုက်၏။ လက်သီးဖြင့်ထိုး၏။

လူမျိုးခြားကို သခင်လုပ်လိုသောကြောင့်၊ ငဒို့အခုလို ခံရသည်ဟု ကုလားဖြူခန့် သူကြီးအချို့က နောင်တရလာကြသည်။ သို့သော် နောက်ကျခဲ့လေပြီ...

ကုလားဖြူတို့ နှိပ်စက်မှုကိုခံလျက် မထူးပြီ၊ငါတို့ကုလားဖြူ ကျွန်အဖြစ်ခံနေရခြင်းထက် သေသည်မှကောင်းသေး၏ဟု ကုလားဖြူ တို့ခိုင်းသည့်အတိုင်း သေမင်းစောင့်နေရာသို့ ဇွတ်တိုးဝင်ကြ၏။ ကုလားဖြူတို့ကလည်း နောက်မှထပ်ကြပ်မကွာလိုက်ကြ၏။ အတူတကွ ညှောင့်၊ ကျင်းသို့ကျရောက်သေကုန်ကြမှ ကုလားဖြူတို့ ထိတ်လန့်ကုန်ကြသည်။ ဂရုတစိုက် သတိနှင့်ရှာဖွေ သွားလာခွင့်ပြုကြ သည်။

အချိန်အတော်ကြီး ဖင့်ပြီးမှ ဘေးရန်မရှိဘဲသွားလာနိုင်သော မြန်မာစစ်သားတို့အသုံးပြုသည့် အမှတ်အသားပြထားသော လမ်းကြောင်းကိုတွေ့ရ၏။

သစ်မြေခံကတုတ်ငယ်များ ပြုလုပ်လျက်၊ ကုလားဖြူသဘော် များကို ပစ်ခတ်ကြခြင်းဖြစ်ကြောင်းတွေ့ရ၏။ မြင်းချေးများ



ထမင်းထုပ်အစအန များကိုတွေ့ကြရသောကြောင့် မြစ်ကမ်းတစ်ဖက် လျှင် အကြပ် (၂)ယောက် ခန့်အုပ်ချုပ်သည့် မြန်မာရဲမက် (၂၀)ခန့်မျှလောက်က ပစ်ခတ်တိုက်ခိုက် သွားကြခြင်းဖြစ်ကြောင်း သိရ၏။

ကပ္ပိတန်လောက်ဒ်သည် အချိန်အဖင့်ခံပြီးနောက် ကျဆုံးကုန် သော မိမိစစ်သားများကို မြှုပ်နှံပြီးမှ သင်္ဘောတပ်ကို ရှေ့သို့ဆက်လက် ချီတက် စေ၏။

နောက်တစ်နာရီခန့်အကြာ၌ ထပ်၍အတိုက်ခံရပြန်၏။ နောက်ဆုံး သင်္ဘောကို စ,တင်ပစ်ခတ်ခြင်းခံရ၏။ ထို့နောက်ချက်ချင်း လိုပင်သင်္ဘောရှစ်စင်းလုံးကို ကမ်းနှစ် ဖက်မှညှပ်၍ပစ်၏။ သင်္ဘော တိုင်း၌လိုလို အကျအဆုံးအထိအခိုက်ရှိ၏။

ကပ္ပိတန်လောက်ဒ်က ကမ်းနှစ် ဖက်လုံးကို အမြောက်ဖြင့်ထု၏။ သစ်ပင်ချုံပုတ်တို့ လုံးလုံးကျိုးပြတ်ကျကုန်မှ အပစ်ရပ်၏။ မိမိသင်္ဘော ၌ပါသည့် မြန်မာတို့ကို ရှေ့မှသွားစေလျက် ကမ်းထက်သို့ တက်ကြည့် ခိုင်း၏။ မြန်မာသုံးလေးယောက်ခန့် ထောင်ချောက် သုတ်ကိုင်းမိ၍ သေ၏။

ယခင်ထက် ရန်သူဦးရေများသော်လည်း ကမ်းတစ်ဖက် တစ် ချက်၌ မြန်မာရဲမက် ၄၀ ခန့်မျှသာရှိသည်။ အားလုံးခေတ်မီကျည်ထိုး သေနတ်များကိုင်ကြသည်။ မြင်းကိုယ်စီနှင့်ဖြစ်သည်။ လူကိုသာမက မြင်းတွေထားရန် အတွက်ပါ အမြောက်ကျည်ဆံများ မထိမမှန်နိုင် အောင် မြေကတုတ်ကြီးများ ပြုလုပ်ထားကြသည်ဟုသိရ၏။

မြင်းစိုင်းထွက်သွားကြဟန်ရှိသော လမ်းကြောင်းကြီးကို တွေ့ရသော်လည်း တပ်ကိုမခွဲဝေနိုင်သောကြောင့် မလိုက်ဘဲ လွှတ်ထားရ၏။ မြန်မာသူကြီးများ ပြောပြချက်အရ ထိုလမ်းသည် ပန်းတနော်ချောင်းများဘက်သို့ တက်သွားဟန်ရှိသော လမ်းဖြစ်သည်ဟုသိရ၏။

ကပ္ပီတန်လောက်ဒ်သည် သင်္ဘောများကို ရှေ့သို့ခုတ်မောင်းစေ၏။ အချို့နေရာတို့၌ မြန်မာတို့က နေရာခပ်စိပ်စိပ်မှ ပစ်ခတ်တိုက်ခိုက်ကြ၏။ အချို့နေရာတွင် နေရာခပ်ကျဲကျဲဖြစ်လာပြန်သည်။

သို့သော် သင်္ဘောပါကုလားဖြူ စစ်သားအားလုံး အမြဲသတိနှင့်နေရ၏။ ချောင်း ကမ်းနှစ်ဖက် ဘေးရှိ စိမ်းစိမ်းစိုစို မြင်နေရသော သစ်ပင် ချုံပုတ်တွေ မှန်သမျှကို မျက်လုံးဝိုင်းအောင် မျက်ခြေမပြတ်ကြည့်နေရ၏။ ဤမလှုပ်မရှား ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော စိမ်းမြမြသစ်ပင်ချုံပုတ်တွေ အကြားမှ နေရာမရွေး သေနတ်ကျည်ဆန်တွေ ထွက်လာတတ်ကြ၏။ ထိုကျည်ဆံတို့သည် တစ်နေရာထက်တစ်နေရာ ပို၍အင်အားများများလာ၏။

သင်္ဘောကအမြောက်နှင့် ပြန်မပစ်သမျှ ရပ်သည်မရှိ သင်္ဘောမှ ကုန်းထက်သို့ တက်လိုက်လျှင်လည်း တစ်ခါတစ်လေမျှ အရိပ်အရောင်ကို မမြင်ကြရ။ ကုန်းထက်သို့ တက်သူ များသာ ထောင်ချောက်များ၊ ဂျမ်းများ၊ သုတ်ကိုင်းများ၊ ညှောင့်ကျင်းများ၌ မိကြ၍ ခြောက်ယောက်မှ ဆယ်ယောက်ခန့်အထိ ကျဆုံးကျန်ရစ်ခဲ့သည်ချည်းဖြစ်၏။

ကုန်းထက်သို့မတက်ဘဲအမြောက်များဖြင့် ကမ်းပါးတစ်လျှောက် ထုချေမပစ်လိုက်လျှင်လည်း မြန်မာတို့၏သေနတ်ကျည်ဆံတွေက



သင်္ဘော သွားရာနောက်သို့ တဖြောက်ဖြောက် လိုက်လာတတ်ကြ၏။ ကပ္ပီတန် လောက်ဒ်သည် သင်္ဘော၌ပါလာသော မြန်မာသူကြီးများကို ရန်သူတို့နေရာ ရောက်ဖို့ မည်မျှဝေးသေးသလဲဟု အမြဲတစေ မေးမြန်း၏။ ထို့နောက် မိမိ၏သင်္ဘောကို ရှေ့ဆုံးမှတက်၍သွားစေ၏။ အကာအကွယ်အတွင်းမှနေ၍ ဘေးပတ်ပတ်လည်သို့ ကိုယ်တိုင်မှန်ပြောင်းဖြင့်အမြဲကြည့်၏။

တစ်ခုခက်နေသည်ကား ကမ္ဘာတွင်စည်းကမ်းအသေဝပ်ဆုံးဖြစ်သော မိမိတို့စစ်သားများသည် အမြဲဂရုတစိုက် အကာအကွယ်ယူနေရမည်ဟု အမိန့်ပေးထားသော်လည်း မလှုပ်မရှား တိတ်ဆိတ်အေးချမ်းနေသော စိမ်းမြမြသစ်ရိပ်ကို အချိန်အတော်ကြာ တွေ့မြင်နေရသည်နှင့် အမှတ်မထင်အလေးမမူဖြစ်လာ၏။ ထိုစဉ်....သစ်ပင်ချုံပုတ်တွေအထဲမှ သေနတ်ကျည်ဆံတွေ ထွက်လာကြကာ သုံးလေးယောက်ဆိုသလို ....အမြဲကျဆုံးကုန်ကြရခြင်းဖြစ်၏။ သို့နှင့် ပြန်လှန်တိုက်ခိုက်ရင်း မသင်္ကာဖွယ်သော နေရာတို့၌ ကမ်းပေါ်သို့တက်၍ ရှာဖွေခြင်းများကို ပြုလုပ်ကြသောကြောင့် ခရီးမတွင်ပဲ မိုးချုပ်ခဲ့ရ၏။

ဝီရိယရှိသော ကပ္ပီတန်လောက်ဒ်သည် မိမိ၏သင်္ဘောအုပ်စုကို ရပ်နားခြင်းမပြု၊ သတိရှိသော ကုလားဖြူစစ်အရာရှိတစ်ဦးပီပီ၊ အစာစားရာ၌ ပင်လျှင် အစောင့်ချလျက် အလှည့်ကျစားစေ၏ ညဘက်တွင် ကိုယ်နှင့်လက်နက်မကွာစေဘဲသင်္ဘောအားလုံး အစောင့်ချ၍ အလှည့်နှင့်အိပ်စေ၏။ ဤသို့ဖြင့် တစ်ညဥ့်လုံးဆက်လက်ခုတ်မောင်း၏။ ကမ်းထက်မှ အပစ်အခတ် အတိုက်အခိုက်များသည်

နေရာတို့၌ သင်္ဘောရှစ်စင်းလုံး နေရာယူစေလျက် ကမ်းနှစ် ဖက်လုံး ညက်ညက်ကျေအောင် အမြောက်ဖြင့် ထုချေပြီးမှ ရှေ့သို့ဆက်လက် ခုတ်မောင်းစေ၏။ ကုန်းပေါ်သို့တက်ရောက် တိုက်ခိုက် စေခြင်းကို လုံးဝမပြုတော့။

၁၂၁၄–ခုနှစ် တပေါင်းလဆန်း ၁၀ရက်နေ့၊ နံနက်(၄)နာရီခန့်၌၊ ကပ္ပိတန်လောက်ဒ် အိပ်ရာမှနိုးလာသောအခါ ပန်းတနော်ချောင်း ရေပြင်သည် မှန်သားကဲ့သို့ ငြိမ်သက်ကြည်လင်၏။ ရေပြည့်နေဟန်ရှိ သောကြောင့် တစ်နေ့လုံး မြင်လာခဲ့ရသည့် လတာပြင်တို့ကို မတွေ့ရတော့....

တစ်ညဉ့်လုံး လတာပြင်ပေါ်၌ ကျရောက်သော ကြယ်ရောင် လဲ့လဲ့ကို မှတ်မိလာခဲ့ရာ ယခုမတွေ့ရသောအခါ ရှုခင်းသည်တစ်မျိုး ပြောင်းသွားသည်ဟုထင်ရ၏။ ချောင်းကျဉ်းလာသော်လည်း ငြိမ်သက် တိတ်ဆိတ်လျက် ကမ်းပါးတစ်လျှောက်တွင် ပေါက်လေ့ရှိသော လမုပင်၊ လဖော့ပင်၊ သံသတ်ပင်၊ စစ်ပင်၊ ကျူပင်၊ ကိုင်းပင်စသည်များ ပိုမို၍ထူထပ်လျက် အဆင့်ဆင့်ရှိနေသည်ဟုထင်ရ၏။

ကပ္ပိတန်လောက်ဒ်၏ စိတ်ထဲ၌ရွာကြီးတွေ များလားဟု တွေးထင်လျက် သင်္ဘောကိုကမ်းသို့ကပ်မောင်းစေ၍ မီးဖြင့်ထိုး ကြည့်၏။ မြန်မာသူကြီးတို့ကိုခေါ်မေး၏။ မည်သည့်ရွာမျှမရှိ၊ ကုန်းထက်၌လည်း လယ်ကွင်း မရှိ ဖြိုက်တောကြီးသာ ဖြစ်သည်။ မိမိတို့သည် ရန်သူရှိရာနှင့်နီးလာကြပြီ၊ ဤနှုန်းအတိုင်း အနှောက် အယှက်မရှိ ခုတ်မောင်းသွားကြရလျှင် နောက်ကုလားနာရီ



စက်လေးနာရီခန့် ခုတ်မောင်းက ရန်သူရှိရာသို့ ရောက်မည်ဟု ပြော၏။

ကပ္ပိတန်လောက်ဒ်သည် မိမိသိလိုသမျှကို ခေါ်မေးပြီးနောက် သူကြီး တို့ကို မောင်းထုတ်၏။ ထို့နောက် သင်္ဘောရှစ်စင်းလုံး၌ ရှိသည့်စစ်သား အားလုံးကို အိပ်ရာမှထ၍ လက်နက်အသင့်ကိုင်စွဲနေ ကြရန် ဆော်ဩစေ၏။ မိမိကိုယ်တိုင် စစ်ဝတ်စုံအသင့် လက်နက် အသင့်ဖြစ်စေပြီးနောက် အ ရုဏ်စာကိုစား၏။ ပြီးလျှင် မှန်ပြောင်း တစ်လက်ဖြင့် သင်္ဘောဦးမှနေ၍ ပတ်ဝန်းကျင်ကိုကြည့်၏။

ကောင်းကင်မှယိုကျသော ပုဇွန်ဆီရောင် နီစွေးစွေးသည် ပန်းတနော် ချောင်းရိုး ရေပြင်တစ်ခုလုံးကို လှပစွာ ပေလူးနေ၏။ ကမ်းတစ်ဖက် တစ်ချက် ရှိ မှောင်ညို့ညို့ သစ်အုပ်များကို မိုးကြိုးရောင် ကွပ်ပေးထားဘိသို့ မြင်ရ ၏။ ပုဇွန်ဆီရောင်ဆိုး၍ ယ်ထားသော ရှုကွင်းထဲမှ အေးမြမြလေသည် ကပ္ပိတန်လောက်ဒ်၏ မျက်နှာကို တိတ်ဆိတ်စွာ ပွတ်တီးပွတ်သပ် တိုးဝှေ့၏။

ညဉ့်နှစ်နာရီကျော်မှ အိပ်လျက်၊ ၄နာရီ၌ အိပ်ရာမှနိုးခဲ့ရသော ကပ္ပိတန်လောက်ဒ်သည် ထိုရှုခင်းသာ၏ ဆီးကြိုမှုကြောင့်/ လတ်ဆတ် ရွှင်လန်းရ၏။ အားသစ်သောကိုယ်စိတ်နှင့် ပတ်ဝန်းကျင်အတွင်းသို့ အနိုက်အတန့် နစ်မြောရ၏။ သို့သော် အရည်အချင်းပြည့်ဝသော တပ်မှူး တစ်ယောက်ပီသစွာ ချက် ချင်းသတိဝင်လာ၏။

မိမိတို့သင်္ဘောသည် ချောင်းဖျားချောင်းကျဉ်းသို့တက်လာသည် ဖြစ်လျက်၊ ရေစုန်၌ခုတ်မောင်းနေ၏။ စင်စစ်ရေသည်ချောင်းဝသို့

စီးရမည်ဖြစ်လျက် ဘာ့ကြောင့်ချောင်းဝသို့ မစီးပဲအတက်သို့ပြန်စီးနေရသနည်း။ ထို့ပြင် ထသောလှိုင်းကိုကြည့်လျက် ချောင်းကျဉ်းရုံမျှမဟုတ် ရေလည်းတိမ်လာသည်ဟုသိ၏။ ကမ်းထက်လည်း ချောင်းဖျားဖြစ်လျက် ကုန်းမြင့်သက်သက်မဟုတ်၊ အင်းအိုင်များ၌၊ နွံများ၊ ဗြိုက်တောကြီးများရှိကြောင်းသိ၏။

ကပ္ပိတန်လောက်ဒ် ထိုသို့စုံစမ်းလေ့လာဆဲ စည်းကမ်းရှိသော စစ်တပ် ပီပီ၊ မိမိတို့၌ လက်ကျန်ရှိသော ခဲယမ်းကျည်တောင့်စာရင်း၊ ကျဆုံးသောစစ်သား၊ စစ်ဗိုလ်၊ လက်ကျန်စစ်သား၊ စစ်ဗိုလ်တို့စာရင်းများရောက်လာ၏။ အိပ်ရာထစကတည်းက ကြည်နူးရွှင်လန်းလာသည့် ကပ္ပိတန်လောက်ဒ်သည် စိတ်မချမ်းမမြေ့ဖြစ်သွား၏။ နောက်ထပ်မိမိအမိန့်မရဘဲ မည်သည့်သင်္ဘောကမျှ အမြောက်မပစ်ရဟု အမိန့်ပေးလိုက်၏။

မိမိ၏တပ်ချုပ်တပ်ထောက်များ ထွက်သွားကြပြီးနောက် မြန်မာသူကြီး များကိုခေါ်၏။ 'ဘာ့ကြောင့် သင်္ဘောရေစုန်သွားသလဲ....။ ရန်သူ့နေရာ ဘယ်လောက်ဝေးသေးသလဲဟု မေး၏။

ဤချောင်းသည် နေဖြူမြစ်သို့ပေါက်သောကြောင့် ချောင်းဖျားသို့ရောက်လာသဖြင့် ပို၍ကျယ်သော နေဖြူမြို့မှ ချောင်းရေဆွဲ၍ သင်္ဘောများ ရေစုန်နေပါသည်။ ယခုရန်သူနှင့် အတော်နီးနေပါပြီ။ နောက်မကြာမီ ရန်သူစခန်းသို့ တက်ရမည့်နေရာကို ရောက်ပါမည်ဟု ပြောကြ၏။



"မောင်မင်းတို့ပြောတယ်၊ ရန်သူနဲ့နီးပြီ၊ အခုရန်သူအတိုက်မခံရသေးဘူး၊ ရန်သူနဲ့ဝေးတုန်းက အတိုက်ခံရတယ်။ မောင်မင်းတို့ရန်သူဘယ်သွားလဲ...."ဟု ပြောလျက် ကပ္ပိတန်လောက်ဒ်က မြန်မာသူကြီးတို့ကို ကြိမ်းမောင်းလွှတ်၏။

ကပ္ပိတန်လောက်ဒ်ပြောသည့်အတိုင်း အတော်ခပ်စောစောကတည်းက အတိုက်အခိုက်မခံရပဲ၊ အတော်ကြာကြာ အေးဆေးငြိမ်သက်လာ၏။ ကုလားဖြူရဲမက် အားလုံးလုံလိုတို့သည် သာယာသောနံနက်၊ သာယာသော ရှုခင်းကိုကြည့်လျက် အေးမြသောလေကို ရှူရှိုက်ခါ ဤသို့လွမ်းအွှယ့် နံနက်တွင်အင်္ဂလန်ကျွန်း၌ ကျန်ရစ်သည့် မိမိတို့အိမ်သူ အိမ်သားများကို သတိရနေကြ၏။

ထိုစဉ်....ရှေ့ဆုံးမှခုတ်မောင်းနေသော ကပ္ပိတန်လောက်ဒ်၏ သင်္ဘော သည် သိမ့်ကနဲ့လှုပ်ရှားသွားကာ တစ်စုံတစ်ခုပေါ်သို့ ထိုးတင်ပြီးသား ဖြစ်လာ၏။ မြောက်ကနဲကြွလာပြီး၊ သင်္ဘောတခုလုံး စောင်းသွား၏။ တချိန်ထဲလိုလိုပင်၊ ကမ်းနှစ်ဘက်တို့မှ ဝိုင်းညှပ်ပစ်ခတ်ခြင်းကို ခံရ၏။

ကပ္ပိတန်လောက်ဒ်သည် နောက်ဘက်ရှိ သင်္ဘောများကို မိမိဘက်သို့ လွန်မလာစေရန် အမိန့်ပေး၏။ ဤနေရာသည် ရန်သူများက မိမိတို့ကို တိုက်ရန်ပြုလုပ်ထားသော ထောင်ချောက်ဟု ချက်ခြင်းရိပ်မိလာ၏။

ကမ်းနှစ်ဘက်သို့အမြောက်များဖြင့် ထုချေပြီးနောက်၊ ကမ်းပေါ်သို့ တက်၍နေရာယူ ကြရန် အမိန့်ပေး၏။ ကပ္ပိတန်၏ သင်္ဘောတို့သည်

ကမ်း ဖက်သို့ကပ်၍မရ၊ အချို့သောသင်္ဘောများသည် စိုက်ထောင်ထားသည့် ငုတ်များ၊စို့များစူးလျက်၊ သင်္ဘောထဲသို့ ရေဝင်ကုန်ကြ၏။ ကမ်းတက်ခတ်ဘောက်တူများပင် ကပ်၍မရပဲ၊ ကမ်းဘေးတလျှောက်၌ စိုက်ထောင်ထားသည့် ငရဲသစ်ငုတ်ကြီးများပေါ်သို့တင်လျက် ရှေ့တိုးမရ၊ နောက်ဆုတ်မရဖြစ်နေကြ၏။

ထိုစဉ် ကမ်းထက်ရှိမြန်မာတို့က ထို ခတ်ဘောက်တူပေါ်ရှိ ကုလားဖြူတို့ကို သစ်တောအတွင်းမှနေ၍ ပစ်ခတ်တိုက်ခိုက်၏။ ကုလားဖြူတို့အတွက် တအက်သတ်ဆုံးရှုံးနေကြရသည့် အချက်ကား၊ မိမိတို့အဖို့ အကာအကွယ်လုံးဝမရှိပဲ၊ ထင်းထင်းကြီးမြင်နေကြရ၍ မိမိတို့က တ ဖက်ရန်သူကို လုံးဝမမြင်ကြရခြင်းပင်ဖြစ်၏။

ကပ္ပိတန်လောက်ဒ်က 'ကမ်းပေါ်သို့ရအောင်တက်၍ နေရာယူ'ဟု အမိန့်ထပ်ပေး၏။ သင်္ဘောအသီးသီးမှ စည်းကမ်းသေဝပ်လှသော ကုလားဖြူစစ်သားတို့သည် ကမ်းတက်ခတ်ဘောက်တူတို့ဖြင့် ကမ်းရှိရာသို့ တဟုန်ထိုးချဉ်းကပ်ကြ၏။ ဘောက်တူအားလုံး မြန်မာတို့ စိုက်ထောင်ထားသည့် သစ်ချွန်သစ်ငုတ်များအကြား၌ တင်ညပ်၏။

ကုလားဖြူအချို့က ရေထဲသို့ဆင်းလျက် မိမိတို့ဘောက်တူများကို ကမ်းသို့ဆွဲယူရန် ကြိုးစား၏။ သို့သော်မရ၊ ရေကလည်းနက်လှ၏။ သစ်ငုတ်တို့ကလည်း ခြံစည်းရိုးကာဘိသို့ ကမ်းရိုးအပြည့်ရှိ၏။

ထို့ကြောင့်အစီအစဉ်တမျိုးပြောင်းလျက် ခတ်ဘောက်တူပေါ်ရှိ ကုလားဖြူစစ်သားတို့က ကမ်းထက်သို့ပစ်ပေး၏။ ရေထဲရှိ ကုလားဖြူစစ်သားတို့က ကမ်းရှိရာသို့ ကူးခတ်၏။



သို့သော်တစ်ယောက်တလေမျှ ကမ်းပေါ်သို့မရောက်၊ ကမ်းတလျှောက်လုံး စူးညှောင့်ထောင်ချောက်အပြည့်ချထား၏။ ကမ်းခြေရွှံ့ညွံများအတွင်း၌ အသွားထက်သော မီးသင်းဝါးချွန်များ၊ ရှားသစ်ငုတ်ကြီးများရှိ၏။ ထိုသစ်ငုတ်၊ ဝါးချွန်တို့သည် ကုလားဖြူတို့၏ သားရေ ဖိနပ်များကို ထိုး ဖေါက်စူးရှကြ၏။ ထို့ပြင်တစ်စုံတစ်ယောက်သည် ရွံ့ညွံအတွင်းသို့ လဲကျ သည်နှင့် နံကြား၌သပ်လျှိုပြီးသားဖြစ်၏။

ရန်သူကိုမမြင်ရသော ကမ်းပါးသစ်ပင်အုပ်တို့ အကြားမှ အပစ်အခတ်ကလည်းထူပြောလှ၏။ သင်္ဘောပေါ်မှ ပစ်သောအမြောက်ကျည်ဝန်သည် မြန်မာတို့အကာအကွယ်ပြုလုပ်ထားသည့် ခံကတုတ်ကို တိုက်ရိုက်မထိမမှန်လေသမျှ မြန်မာတို့က မည်သို့မျှမဖြုံ သစ်ပင်ချုံပုတ်တို့နှင့် ဖုံးလွှမ်းနေသော မြန်မာတို့ခံကတုတ်ကိုလည်း သင်္ဘောပေါ်မှ မည်သို့မျှ မမြင်ကြရ၊ ရေအောက်၌ရှိသော ငါးကိုရေပေါ်မှမှိန်းဖြင့် ထိုးသကဲ့သို့ ထိလိုထိငြား အရမ်းပစ်နေကြရ၏။

ထိုအထဲ၌ပင် ကုလားဖြူစစ်သားတို့သည် ဝါးငုတ်ရှားငုတ်များ၌ မသေမရှင် စူးဝင်ရန်းကန်နေကြသော မိမိအပေါင်းအဖေါ်တို့အကြားမှ ကမ်းပေါ်သို့ အရောက်တက်ကြသေး၏။ သို့သော် ထိုသို့အရောက်တက်နိုင်ကြသူတိုင်း တစ်ယောက်တလေမျှမလွတ်ဘဲသုတ်ကိုင်းတွင်မိကြလျက် တန်းလန်းစူးဝင်သောလှံများဖြင့် သွေးအလူးလူး တန်ဆာဆင်ကြ၍ ကလေးငယ်၏ လက်ဝယ်ရှိသော ရုပ်သေးရုပ်ကဲ့သို့ လေထဲ၌လှုပ်ရမ်း ယိမ်းထိုးနေကြ၏။

ထိုမြင်ကွင်းသည် နောက်မှတက်လာကြမည့် ကုလားဖြူစစ်သား

တို့အား ခြောက်လှန့်ပြဘိသို့ရှိ၏။ ထိုစဉ် ချောင်းလုံးပြည့်မျှ လောင်မြိုက်လျက် မျောလာနေသော မီးဖေါင်ကြီးကိုတွေ့ကြရ၏။ တဟီးဟီးမြည်လျက် အဝေးကပင်မီးရှိန်ကြောင့် ပူနွေးလာကြ၏။ ဒုဒယ်ကြီးမားသော မီးတောက်မီးလျှံတို့သည် ကမ်းဘေးရှိ အချို့သောသစ်ပင်တို့ကို လောင်မြိုက်၏။ ချောင်းရိုးတခုလုံးကို အဆင့်ဆင့်ပိတ်လျက်၊ သင်္ဘောတွေ့ရှိရာသို့ ရေစီးအတိုင်းမျောလာနေခြင်းဖြစ်၏။

ကပ္ပိတန်လောက်ဒ်၏သင်္ဘောသည် ရှေ့ဆုံးမှချောင်းကိုပိတ်လျက်၊ တစင်းလုံးပေါ်အောင်တင်နေ၏။ နောက်မှမီးဖေါင်ကြီးကပိတ်မျောလာ၏။ သင်္ဘောအားလုံးရှေ့တိုးမရ နောက်ဆုတ်မရ၊ ကမ်းထက်သို့လည်း မတက်နိုင်ဘဲငုတ်တုတ်မီးလောင်တိုက် အသွင်းခံကြရမည်ကဲ့သို့ဖြစ်၏။

ကပ္ပိတန်လောက်ဒ်သည် မိမိသင်္ဘော၌ပါသော မြန်မာသူကြီးများကို အားလုံးကြိုးဖြင့်တုတ်နှောင်စေ၏။

"မောင်မင်းတို့ကျုပ်တို့ကိုခေါ်လာပြီး မောင်မင်းတို့ ထောင်ချောက်ထဲမှာချတယ်။ ကျုပ်တို့က မောင်မင်းတို့ကိုသတ်ပြီး တိုက်ရင်းသေမယ်"

ကပ္ပိတန်သည် မိမိစစ်သားတချို့ကိုခေါ်လျက် သင်္ဘော၌ပါလာသည့် မြန်မာအားလုံးတို့ကိုသတ်စေ၏။ မြန်မာတို့က အတန်တန်တောင်းပန်သော်လည်းမရ။ သို့သော် တပြည်သားကုလားဖြူတို့ကို သခင်ခေါ်လိုသောကြောင့် မိမိတို့ ဤသို့အသတ်ခံကြရသည်ဟု နောင်တမရဘဲမြန်မာသူ ပုန်တွေ ယခုကဲ့သို့တိုက်ခိုက်သောကြောင့်သာ



မိမိတို့အား ကုလားဖြူတွေသတ်သည်ဟု မြန်မာအချင်းချင်း ရေရွတ်ကြိမ်ဆဲရင်း ကုလားတို့၏အသတ်ကိုခံသွားကြ၏။

ကပ္ပိတန်လောက်သည် စစ်သားအားလုံး မိမိတို့သက်ဆိုင်ရာသင်္ဘောသို့ ပြန်တက်ကြဟု အမိန့်ပေး၏။ ထို့နောက် မျောလာနေသည့် မီးဖေါင်ကြီးကို သင်္ဘောအားလုံး၌ရှိသည့် အမြောက်များဖြင့် တစ်ပြိုင်နက်တည်းပစ်ခတ်ကြဟုအမိန့်ပေး၏။

အမြောက်တို့၏ဒဏ်ကြောင့် မီးဖေါင်ကြီးပျက်စီးသွား၏။ အစိတ်စိတ်ပြိုကွဲလျက် မီးတောက်မီးလျှံအစိတ်အပိုင်းငယ်များအဖြစ်နှင့်သာ သင်္ဘောတွေရှိရာသို့မျောလာကြတော့၏။ ချောင်းရေပြင်တခုလုံး မီးကျီးများ မီးတောက်ငယ်များ မီးသွေးများဖြင့် ဖုံးလွှမ်းသွား၏။ ကပ္ပိတန်လောက်ဒ်က "ထိုမီးတောက်များအကြားမှ သင်္ဘောအားလုံး ခုတ်မောင်းသွားကြ" ဟု အမိန့်ပေးလိုက်၏။

ကုလားဖြူသင်္ဘောတို့သည် မီးလျှံချောင်းကြီးကဲ့သို့ ရဲရဲတောက်လောင်နေသော မီးပြင်ကြီးအကြားမှ စွန့်စားခုတ်ထွက်ကြ၏။ သင်္ဘောသို့ ကူးစက်ကျွမ်းလောင်သည့် မီးတောက်များကိုလည်း အင်နှင့်အားနှင့် ဝိုင်းဝန်းငြိမ်းသတ်ကြ၏။ ပေါက်ကွဲစေတတ်သည့် အမြောက်ကျည်ဆံများ၊ ယမ်းများစသည်တို့ကိုလည်း ချောင်းထဲသို့ ပစ်ချကြ၏။ ဤအတိုင်းတစ်စင်းပြီးတစ်စင်း ဒုဒယ်ထူထပ်သော မီးတောက်မီးကျီးတို့အကြားမှ သင်္ဘောခုနစ်စင်းလုံး ခဲယဉ်းစွာ လွတ်မြောက်ကြရ၏။

ထိုအချိန်၌ ရေလယ်တွင် တစ်စင်းလုံး တင်နေသောကြောင့်

လုံးဝလှုပ်ရှား ခုတ်မောင်းမရသော မိမိတို့၏ တပ်မှူးကပ္ပိတန်လောက်ဒ်၏ သင်္ဘောမှ အမြောက်သံလည်းတိတ်သွားလေပြီ။ သင်္ဘောကိုလည်း မီးစွဲလောင်နေလေပြီ။

ပစ်ခတ်တိုက်ခိုက်သံများကို ကြားနေကြရသောကြောင့် မြန်မာသူပုန်တို့ တက်ရောက်တိုက်ခိုက်နေကြလေပြီဟုလည်း မှန်းဆယူ ရ၏။ မကြာမီသင်္ဘောဝန်းကျင်မှ မြန်မာလှေကြီးလှေငယ်တို့ ခွာထွက်သွားကြသည်ကိုတွေ့လိုက်ကြရ၏။ မရှေးမနှောင်းပင် ကပ္ပိတန်လောက်ဒ်၏ **သင်္ဘောတစစင်းလုံး** ပေါက်ကွဲ လျက်ကြီးစွာသော မီးတောက်ကြီးဖြစ်လာ၏။

ကုလားဖြူသင်္ဘော**နေစ်စင်း** သည် မိမိတို့သင်္ဘော၌ လွှင့်ထူထားသည့် အလံတို့ကို ထက်ဝက်ချလျက် လာလမ်းအတိုင်း အမြန်ဆုတ်ခွာခဲ့ကြ၏။

ဤတိုက်ပွဲ၌ ကုလားဖြူတပ်မှူး ကပ္ပိတန်လောက်ဒ်နှင့်အတူ ကုလားဖြူစစ်သား (၃၀၀)ခန့်ကျဆုံး၏။ သင်္ဘောတစင်းမီးလောင်ပျက်**စီး**၏။ အမြောက်ရှစ်လက်ဆုံးပါး၏။ သင်္ဘောမီးလောင်နေဆဲ၌ပင် မြန်မာတို့က ကုလားဖြူအမြောက်အကြီးဆုံးနှစ်လက်ကို သင်္ဘောပေါ်မှ ရအောင် သယ်ယူသွားနိုင်ကြ၏။

အင်္ဂလိပ်ဗမာ ဒုတိယစစ်ပွဲအပြီး မြန်မာနိုင်ငံ၏ သုံးပုံနှစ်ပုံခန့်ကို ကုလားဖြူလက်သို့ မြန်မာဘုရင်မင်းတုန်းမင်းက ပေးလိုက်ပြီးသည့်နောက် ကုလားဖြူများအုပ်ချုပ်၍ သုံးလမျှမပြည့်မီးအတွင်းမှာပင် ပထမဆုံးအကြိမ် ကုလားဖြူတပ်ကို ခုခံတိုက်ခိုက်လိုက်သော



ကျွန်မလုပ်လိုကြသည့် မြန်မာ တိုင်းရင်းသားတို့၏ ဆန္ဒပြတိုက်ပွဲဖြစ်၏။

ထိုတိုက်ပွဲကိုမြန်မာတို့က အနိုင်ချည်းနိုင်လိုက်ကြ၏။ ရှမ်း၊ကရင်၊ ကချင်၊ မြန်မာ၊ တလိုင်း၊ လူမျိုးစုံပါဝင်သော တပ်မှူးကြီးဆွေဆက်၏ မြင်းစီးရဲမက် တို့ကား ပျော်လိုက်ကြသည့်ဖြစ်ခြင်း....

(ဂ)

ဤတိုက်ပွဲသည် ဆွေဆက်တို့၏ မြင်းတပ်သားများ တိုက်ပွဲတို့ကို ချည်းဖြစ်၏။ သို့သော်…ဦးရွှေပန်းတို့၏ ရဲမက်တို့ပြုလုပ်ပေးကြသော၊ ဂျမ်းများ၊ ထောင်ချောက်များ၊ သုတ်ကိုင်းများ၊ ညှောင့်ကျင်းများကြောင့် နိုင်သည်ဟု ဆိုလျှင်လည်းမမှား….။

ဦးမြတ်ထွန်းကမူ "အမောင်တို့ သိပ်ပျော်မနေကြနှင့်ဦး၊ ကုလားဖြူ တို့သည် ပရွက်တို့ကဲ့သို့ နောက်တကြိမ် လာကြလိမ့်ဦးမည် မနိုင်မချင်း ကြိုးပမ်းကြလိမ့်ဦးမည်။ စစ်တို့မည်သည် အမြဲနိုင်လိမ့်မည်မဟုတ်။ ရှုံးရသည့်အကြိမ်နှင့်လဲ ကြုံကြရတတ်၏။ စစ်သားဟူသည် အနိုင်ရသည့်အခါ ရှုံးသူကိုဖိ၍လိုက်ရဲ တိုက်ရဲသည်ထက် အရှုံးနှင့်ကြုံ

သောအခါ အစုအအုပ်မပျက် တည်ငြိမ်သောစစ်သားစိတ်ဖြင့် ဣန္ဒြေရရ ဆုတ်သွားနိုင်ဖို့ ပို၍လိုအပ်၏ ....”ဟု သွန်သင်၏။

ထို့နောက်လိုအပ်လျှင်အသုံးပြုရန်ဟု ဝိုင်းထားသည့် ရန်သူတို့အကြားမှ ရန်သူကိုအရှုံးလုပ်လျက် ဆုတ်သွားကြရမည့် လမ်းကြောင်းတို့ကိုလည်း အသင့်ရှာထားစေ၏။ ထိုလမ်းကြောင်းတလျှောက် တစ်ရက်စခန်းချရာ ညဥ့်အိပ်ရာအရပ်တိုင်းတို့၌ စားရိက္ခာတို့ကိုလည်း အသင့်စုဆောင်းထားစေ၏။ ဖြတ်လတ်သည့်လူငယ်တွေချည်းလိုလိုဖြစ်သော ဆွေဆက်၏မြင်းတပ်သည် ဤလုပ်ငန်းဟူသမျှကို တာဝန်ယူရ၏။ သို့သော်.... ချက်ချင်းလိုလိုပင် ဆွေဆက်တို့ပြန်လာကြရသည်။

ကုလားဖြူတို့၏ စစ်ဌာနချုပ်ဖြစ်သောပြည်မြို့မှ ဆာဂျွန်ချိပ်အမည်ရှိသော ကုလားဖြူဗိုလ်မှူးတစ်ယောက်အုပ်ချုပ်သည့် စစ်တပ်တစ်တပ် ဆင်းလာကြသည်ဟု ကြားရသောကြောင့်ဖြစ်၏။

ဆွေဆက်သည် မော်လမြိုင်သားနှင့် ရန်ကုန်သားများ ဖြစ်ကြသော မိမိ၏ရဲမက်ငါးယောက်ကို ‘ပန်းတောင်း’အထိ ကြိုတင်စေလွှတ်လိုက်၏။ ထိုရဲမက်တို့ကားမုတ္တမ၌ ကုလားဖြူတပ်တွင်းသို့ ဝင်ထွက်လာကြဖူး ပြီးဖြစ်သော ကုလားဖြူစကားတတ်သည့် ရဲမက်များဖြစ်ကြ၏။

ကျိုက္ကစင်းသစ်တပ်သို့ ဆွေဆက်တို့ရောက်ကြပြီး နှစ်ရက်အတွင်း စေလွှတ်ထားသော ရဲမက်ငါးယောက်အနက် နှစ်ယောက်ပြန်လာ၏။



မိမိတို့သည်ပန်းတောင်း၌ ကုလားတပ်ကိုမမှီလိုက်ကြ၊ အောက်သို့ပြန်လှည့်လာ၍ မြန်အောင်ကနေစောင့်ကြရသည်။ မြန်အောင်၌ ကုလားဖြူ တပ်နှင့်တွေ့၏။ ကုလားဖြူတပ်၌ နှစ်ယောက်သာလျှင် ကူလီအဖြစ် အလုပ်လုပ်ကြရ၏။ မဒရပ်မြင်းဆွဲ အမြောက်တပ်သားတို့နှင့်အတူပါသွား၏။ ကျန်တစ်ယောက်က မြင်းသုံးကောင်နှင့် အဝေးမှလိုက်သွားပြီး အလုပ်ရသူနှစ်ယောက်နှင့် နေ့စဉ်သွားတွေ့၏။ ကုလားဖြူတို့သည် ကုန်းတပ်ရောရေတပ်ပါ ချီတက်လာကြခြင်းဖြစ်၏။ ကုလားဖြူတပ်၌ အမှတ်(၁၈)အဲရစ်တပ်မှ ကုလားဖြူ ၂၀၀၊ အမှတ် ၅၁–တပ်မှ ဂေါရာ ၂၀၀၊ အမှတ် ၆၇–တပ်မှ ကုလားနက် ၂၀၀၊ ဆပ္ပါးမိုင်းနားတပ်မှ ကုလားဖြူအုပ်ချုပ်သည့် ကုလားနက် ၇၀၊ မော်ဝိဇ္ဇာခေါ်သည့် မြင်းဆွဲအမြောက်အကြီးစား တစ်လက် အမြောက်အလတ်တစ်လက် အမြောက်ငယ် ရှစ်လက်၊ အမြောက်ဆွဲ မဒရပ်မြင်းကြီး ကောင်ရေလေးဆယ်ကျော်၊ ကုလားဖြူ ကုလားနက် အမြောက်တပ်သား ခြောက်ဆယ်၊ အားလုံးပေါင်း လက်နက်ကိုင်စစ်သားချည်း ၇၃၀–ကျော်ပါသည်ဟုဆို၏။

၁၂၁၄–ခု တပေါင်းလဆန်း (၁၃)ရက်နေ့၌ ကျန်သောဆွေဆက်၏ မြင်းသည်ကျော်သုံးယောက်တို့ပြန်လာကြ၏။

ကုလားဖြူဗိုလ်မှူးကြီး ဆာဂျွန်ချိပ်သည် ဟသ်ာတ၌ တပ်စွဲလျက်၊ မြန်မာသူပုန်တို့ရှိသည့်နေရာကိုစုံစမ်း၏။ မည်သူ့ကိုမျှ မေး၍မရသောအခါ မိမိတပ်သားအချို့ကို စေလွှတ်၍စုံစမ်းစေ၏။

ဂေါ်ရာစစ်ဗိုလ်နှစ်ယောက် အုပ်ချုပ်သော ကုလားနက်စစ်သား

၃၀ခန့်တို့သည် ကရင်ရွာငယ်တစ်ရွာကို မြန်မာသူပုန်များ မည်သည့်နေရာ၌ရှိသလဲဟုမေး၏။ ကရင်ရွာငယ်က မပြောသောအခါ သူပုန်နှင့်အတူတူဖြစ်သည်ဟု တရွာလုံးမီးတိုက်၏။ ရွာသားများကို ပစ်သတ်လျက် ကရင်အမျိုးသမီးများကို မုဒိမ်းကျင့်၏။ ပြေးနိုင်သူများသာ လွတ်ကြ၏။

ထိုအဖွဲ့သည် နောက်မြန်မာရွာငယ် တစ်ရွာကိုလည်း ဤအတိုင်း ပြုကျင့်၏။ နောက်ဆုံး မြန်မာရွာကြီးတစ်ရွာသို့ ရောက်လာ၏။ ထိုရွာကြီးက ရွာငယ်ကလေးများ ဤသို့မီးအတိုက်ခံရသောသတင်းကို ကြားပြီးဖြစ်၏။ သို့ကြောင့်ထိုရွာကြီးရှိ အိမ်ကြီးရင့်ခိုင်ဖြစ်နေကြသော မြန်မာတို့က ကျုံ့က္ကစင်းတပ်တည်ရှိသည့်နေရာကိုညွှန်ပြကြ၏။ သုံးရက်ခန့်သွားလျှင် ရောက်နိုင်သည်ဟု ပြောလိုက်ကြ၏။

ထို့ကြောင့် သတင်းအစုံရပြီးသော ကုလားဖြူဗိုလ်မှူးကြီး ဆာဂျွန်ချိပ်သည် သုံးရက်ခရီးအတွက် စားနပ်ရိက္ခာ ရှစ်ရက်စာကို နွားလှည်းများဖြင့် တင်ဆောင်လျက် နက်ဖြန်မှစ၍ ထွက်ကြလိမ့်မည်ဟု ဆွေဆက်ကိုပြောပြ၏။

ဆွေဆက်သည် ဦးမြတ်ထွန်း ဦးရွှေပန်းတို့နှင့် တိုင်ပင်၏။ ထို့နောက်ပခေါင်းအတိုင်း မြစ်ချောင်းတို့၌ အစောင့်အနည်းအကျဉ်း ချထား၊ ရန်သူချီတက်လာရာသို့ စုပေါင်းခုခံ၊ ကျုံ့က္ကစင်းခံတပ်ကို အခိုင်အမာအလုံအရင်းနှင့်ရှိစေ....

မိမိတို့ကမူ ချီတက်လာသော ကုလားဖြူတို့ကို နှောင့်နှေးအောင် တိုက်ခိုက်မည်။ လမ်း၌ရွာဟူ၍မရှိသောကြောင့် ရိက္ခာမနိုင်



ရိက္ခာမရှိလျှင် သင်းတို့ပြန်ကြရမည်။ ဤအတိုင်းသုံးယောက်သားတို့ သဘောတူကြ၏။ ထိုသို့သဘောတူပြီးသည်နှင့် ထိုညနေ၌ပင် ဆွေဆက်တို့ခရီးထွက်ကြ၏။ ယခုတကြိမ်ခရီး၌ ဆွေဆက်သည် လက်ဖွေ့တော်အဘကိုတပ်၌ထားခဲ့၏။ ရှမ်းကြီးဦးနန္ဒနှင့် ငဖါးတို့ အပါအဝင် မြင်းစီးရဲမက် ၁၀၀ကိုငင်း၊ ဦးရွှေပန်းတပ်မှ ဂျန်းကပ်တတ်သူ ညှောင်ကျင်းထောင်ချောက်ပြုလုပ်တတ်သူ၊ မုဆိုးငါးဆယ်ကိုငင်း၊ မြင်းကိုယ်စီပေး၍ လိုအပ်သောပစ္စည်းတို့ဖြင့်ခေါ်ဆောင်သွား၏။

ထို့နောက် ရှောင်ကွင်း၊ ကွေ့ပတ်သွားရန် ခက်ခဲသည့်နေရာတိုင်းတို့၌ညှောင်ကျင်းများ၊ လှည်း၊ နွား၊ ဆင်၊ မြင်း၊ ခလုတ်များပြုလုပ်စေ၏။ ဘေးမှကွေ့ပတ်လမ်းရှာသူတို့အတွက် ကပ်ဂျမ်းများထောင်ချောက်များ ပြုလုပ်ထားစေ၏။

ဤသို့ပြုလုပ်ထားပြီးနောက် မိမိတို့မြင်းများသွားရန်၊ ဆုတ်ရန်၊ တက်ရန်အတွက် လမ်းကြောင်းအမှတ်အသားကိုလည်း ပြုလုပ်စေ၏။ ဆွေဆက်သည် မိမိ၏ရဲမက်များကို သုံးစုခွဲလျက် မိမိကတစု၊ ရှမ်းကြီးဦးနန္ဒကတစု၊ ငဖါးကတစု၊ ခေါင်းဆောင်ကြ၍ တစုချင်းသော်ငင်း၊ သုံးစုဆိုင်၍သော်ငင်း၊ ကြက်ကောင်းကိုတည်င်ခွပ်ဘိသို့ မကြာမကြာဝင်ရောက်တိုက်ခိုက်လိုက် ရှောင်ထွက်ပြေးလိုက် ပြုလုပ်ရမည်ဟု အစီအမံပြု၏။

ဤအစီအမံ အတိုင်းအနားအအိပ်မရှိ ပြေးလွှားပြုလုပ်နေကြဆဲ၊ ၁၂၁၄ခု တပေါင်းလဆန်း ၁၄ရက်၊ ကုလားဖြူ သက္ကရာဇ် ၁၈၅၃ခု

ဖေဖော်ဝါရီလ (၂၂)ရက်နေ့ညနေ (၅)နာရီခန့်တွင် ကုလားဖြူဗိုလ်မှူး ဆာဂျွန်ချိပ်အုပ်ချုပ်လာသော ကုလားဖြူတပ်ဖွဲ့နှင့် ဆွေဆက်တို့လူစု စတင်တွေ့ကြ၏။ ဟသ်ာတအနောက်တောင်ဘက်ကွင်း ချောင်းရွာနေရာ ကုန်းတန်းကလေး **တစ်လျှောက်၌ဖြစ်၏**။

ထိုနေရာသည် မြန်မာတို့ ဖျက်သွားကြသော ကွင်းချောင်းရွာနေရာ ဖြစ်သောကြောင့် ကုန်းတန်းကလေး မောက်မောက်မို့မို့ရှိလျက် သွားလမ်းလာလမ်းကောင်း၏။ သစ်ပင်အုပ်စုကလေးများ ဟိုနား သည်နား တစ်အပ်စီ စိမ်းစိမ်းညို့ညို့ရှိ၏။ မြင့်မားစွာဖို့ထားသော တာလမ်းကြီးရှိ၏။

ညနေနေကလေးရီရီ၌ သာယာသော **ကုန်းချော** ကလေးပေါ်သို့ ကုလားဖြူစစ်တပ်များ အေးအေးလူလူတက်လာနေကြ၏။ ထိုစဉ် ကုလားဖြူ တို့၏ ရှေ့ပြေးတပ်ဦးကို ဆွေဆက်တို့က တောစပ်အကွယ်မှ အနီးကပ်၍ ပစ်ခတ်တိုက်ခိုက်၏။

အမှတ်မဲ့အတိုက်ခံလိုက်ကြရသောကုလားဖြူတို့သည် **ကုန်းချော** ကလေးမှ ဘေးဖက် သို့ ပြေးဆင်းအကာအကွယ်ယူကြ၏။ ဤတွင် **ကုန်းချော** ကလေး ဘေးနှစ်ဘက်၌ရှိနေကြသောညောင်ကျင်းထဲသို့ ကုလားဖြူစစ်သားတွေ အပြုံလိုက်အစုလိုက်ကျကုန်ကြ၏။

ကုလားဖြူတို့သည် ဖွဲ့မလျော့၊ ကုလားဖြူတပ်ဗိုလ်တဦးသည် ကစဉ့်ကရဲဖြစ်နေသည့် မိမိစစ်သားများကို စုစည်းလျက်၊ တာရိုးအတိုင်း ဘင်ခရာသံစုံတီး၍ ရှေ့သို့အတင်းတက်လာ၏။



သစ်တောစပ်အတွင်းမှ သေနတ်ကျည်ဆံတို့သည် သဲဖြင့်ဆုပ်ပက်ဘိသို့ အပြုံလိုက်အပြုံလိုက်ထွက်လာ၏။ အကာအကွယ်ကင်းသော တာရိုးပေါ်၌ လူချင်းအထွေးထွေးလဲပြိုကျဆုံး၏။

ကုလားဖြူဗိုလ်သည် နောက်ဆုံး၌ပါသော အမြောက်တပ်ရှိရာသို့ မိမိတို့တပ်ဦးရှိ သစ်အုပ်ညို့ညို့ကို၊ အမြောက်ဖြင့်ပစ်ပေးပါရန် သတင်းပို့၏။

သို့သော်....ထိုအချိန်၌ပင်လျှင် ကုလားဖြူတပ်၏ နောက်ဆုံးအပိုင်းရှိ အမြောက်တပ်ကိုင်၊ အမြောက်တပ်၏ ရှေ့ရှိ ရိက္ခာလှည်းတပ်ကြီးကိုင်၊ မိမိတို့အမှတ်မဲ့ကျော်လွန်လာခဲ့ကြသည့် အနီးဆုံးတောပြတ်ကလေးတွင်းမှ မြန်မာတို့ကအပြင်းအထန် ပစ်ခတ်လာကြပြန်၏။

ရှေ့ပိုင်းတပ်ဦး ပြိုပျက်ရသကဲ့သို့ပင် ကုလားဖြူတပ်နောက်ပိုင်းလည်း ရုတ်တရက်ပြိုပျက်ရ၏။ တာရိုးကြီးပေါ်မှ ဆင်းမိကြသောလူများ၊ လှည်းများ၊ မြင်း၊ နွားများအားလုံး မြန်မာတို့ထောင်ထားသည့်ညောင်ကျင်းများ ထူးကျင်းများ၌ ကျရောက်သေကျေပျက်စီးကြ၏။

ကုလားဖြူဗိုလ်မှူးကြီးချိပ်သည် မိမိတပ်သားအားလုံးတို့ကို လမ်းပေါ်၌ ကြဲကြဲခံစေ၏။ ရန်သူတို့သေနတ်ကျည်ဆံလာရာအရပ်သို့ ပြန်လှန်ပစ်ခတ် စေ၏။ ထို့နောက်မိမိတို့၏ အမြောက်များကို လာလမ်းအတိုင်း ရှေ့သို့ငင်၊ နောက်သို့ငင်း ဆွဲယူနေရာချစေလျက် မြန်မာတို့ခိုအောင်းနေသည့် တောတန်းများကို ပစ်ခတ်စေ၏။

သို့သော် ထိုသို့မပစ်ခတ်မီ အမြောက်တွေကို နေရာချထားရွှေ့ပြောင်းနေကတည်းက တောတန်းနှစ်ခုအတွင်းမှ မြန်မာအချို့ မြင်းကိုယ်စီဖြင့် ဒုန်းစိုင်းထွက်ခွာသွားကြ၏။ တစုလျှင်မြန်မာသုံးဆယ်ကျော်ခန့် နှစ်စုဖြစ်နေ၏။

ကုလားဖြူဗိုလ်မှူးကြီးချိပ်က တောတန်းများအတွင်း၌ မြန်မာတို့ကျန်ရှိသေးအံ့ဟုထင်၏။ ထို့ကြောင့်ရှိလိုရှိငြား အဆိုပါတောတန်းနှစ်ခုနှင့်တကွ၊ အနီးအပါးရှိ တောတန်းတွေကိုပါ အမြောက်ဖြင့် အတော်အတန် ပစ်ချေပေးလိုက်၏။ ရိက္ခာတင်သည့်လှည်းမှ နွားအများထိတ်လန့်ရုန်းကန်လျက် အချို့တာဘောင်းသို့ ဆင်းပြေးသဖြင့် ညှောင်ကျင်းတွင်ကျကုန်သောကြောင့် အမြောက်ပစ်ခြင်းကို ရပ်လိုက်ရ၏။

တုံ့ပြန်သည့်သေနတ်သံကို လုံးဝမကြားရသောကြောင့် မိမိ၏အစုမှူးများ အကြပ်များကို သွားရောက်ကြည့်စေ၏။ တောတန်းရှိရာသို့ သွားရောက်ကြည့်ကြသော ကုလားဖြူတို့သည်သစ်တုံးများ၊ မြေများဖြင့် ပြုလုပ်ထားသည် ခံကတုတ်ငယ်များကိုလည်း တွေ့ကြရ၏။ မြန်မာတို့ထောင်ထားသည့် သုတ်ကိုင်းထောင်ချောက်တို့၌ မိလျက်လည်း အချို့သစ်ပင်များပေါ်တွင် စောက်ထိုးကျန်ရစ်ခဲ့ကြ၏။

မှောင်စပျိုးသော ဤအချိန်၌ ဤသို့မရှုမလှအသေခံလိုက်ကြရသည့် ဤအဖြစ်ဆိုးများသည် ကုလားဖြူ စစ်သားတို့အတွက် ကြောက်ရွံ့မှု၊ နှလုံးမသာယာမှုတို့ လွှမ်းမိုးလာစေသောဖြစ်ရပ်ဖြစ်၏၊ သို့သော်တိုက်ရည်ဝသော ဗိုလ်မှူးကြီးချိပ်သည်မိမိတပ်ကို ဤတာရိုးပေါ်၌ပင် စခန်းချ ရပ်နားလိုက်၏။ တပ်စုအချို့ကို လာလမ်းအတိုင်း



အမြောက်တပ်ဖွဲ့၏ နောက်သို့ရွှေ့စေ၏။ ထို့နောက်တာရိုးကြီးပေါ်မှ တစ်ပါး ရှေ့နောက်ဝဲယာကို မဆင်းရ၊ မသွားရဟုအမိန့်ထုတ်၏။

ညဘက်တွင်ကုလားဖြူ ဗိုလ်မှူးကြီးချိပ် မျှော်လင့်ထားသည့်အတိုင်း တညဥ့်လုံးမြန်မာတို့က တဖြောက်ဖြောက်ပစ်ခတ်နေကြ၏။ ကုလားတပ်သားများ မည်သူမျှမအိပ်ရ၊ မည်သည့်အချိန်၌ အလုံးအရင်းနှင့် လာစီးကြမလဲဟု တထိတ်ထိတ်စောင့်နေရ၏။ နှစ်ကြိမ်တိုင်တိုင်လည်း အတင်းဝင်ရောက်စီးနင်းခြင်းကိုခံကြရ၏။

အ ရုဏ်ဦးမတိုင်မီ အမှောင်လုနေသည့်အချိန်၌ မြန်မာတို့လာရောက်စီးစဉ်က ကုလားဖြူဗိုလ်မှူးကြီးချိပ်ကိုယ်တိုင် စိုးရိမ်လှုပ်ရှားသွား၏။ ကုလားဖြူတပ်အားလုံး သိမ့်သိမ့်လှုပ်ရ၏။ အမြောက်တစ်လက် မြန်မာတို့လက်ပါသွားရ၏။ လွတ်အောင်မ, သယ်ယူမသွားနိုင်သောကြောင့် ကျဆုံးနေသည့်မြန်မာတစ်ဦးနှင့်အတူ ထိုအမြောက်ကျန်ရစ်ခဲ့ရသည်။ အမြောက်ဆွဲသည့် မဒရပ်မြင်းကြီးများ တဝက်ကျော်ကျော် မြန်မာတို့လက်သို့ပါသွား၏။

ဗိုလ်မှူးကြီးချိပ်သည် နေအတော်မြင့်ပြီးမှ ဤ:ခန်းကထွက်၏။ ချိပ်တွေးထားသည့်အတိုင်း တာရိုးပေါ်မှ တည့်တည့်ဆက်သွား၍မရ။

မြန်မာတို့သည် အတော်ခပ်လှမ်းလှမ်းနေရာမှခွာ၍ တာရိုးပေါ်၌ ထူးကျင်းများ ထောင်ချောက်များပြုလုပ်ထား၏။ထို့ကြောင့် ဗိုလ်မှူးကြီးချိပ်သည် ညက,ခရီးမဆက်ခြင်းဖြစ်၏။ယခုပင်လျှင် အလွန်သတိကြီးစွာထားလျက် ခရီးဆက်လာရ၏။

ခဏအကြာ၌ပင် မြန်မာမြင်းတပ်သည်မမျှော်လင့်သောနေရာက

ရုတ်တရက်ပေါ်လာပြီး ဝင်ရောက်တိုက်ခိုက်သွားပြန်၏။ အမြောက်ဆွဲသော မြင်းများ၊ ရိက္ခာသယ်ဆောင်လာသည့် လှည်းမှနွားများကို ဒုက္ခပေးလျက် လျှပ်တပြက် ထွက်ခွာသွားကြခြင်းဖြစ်၏။ နေ့ဝက်မျှ မကျိုးမီ....ခုနစ်ကြိမ်ခန့် ဝင်ရောက်အတိုက်ခံရ၏။

ခံကတုတ်များပြုလုပ်ထားသည့် တောတန်းအကွယ်ကလေးများမှ စောင့်ကြိုပစ်ခတ်ခြင်း၊ အကာအကွယ်ရှိသည့်နေရာအချို့မှ ရုတ်တရက်ပေါ်ထွက်လာပြီး တပ်တစ်ခုလုံးအကိုက်တလန့်ဖြစ်ရုံမျှ အတင်းဝင်ရောက်တိုက်ခိုက်၍....ထိထိရောက်ရောက် မတုံ့ပြန်လိုက်နိုင်မီ....မြင်းဒုန်းစိုင်းလျက် တောစပ်၌ပျောက်ကွယ်သွားခြင်း၊ သွားကြပြီဟု ခပ်ပေါ့ပေါ့စိတ်အေးလက်အေးဖြစ်လာဆဲ ချက်ချင်း နောက်တစ်ကြိမ်အမှတ်မဲ့ရောက်လာ တိုက်ခိုက်ခြင်းစသော အမှုများကိုပြုကြ၏။

ကုလားဖြူစစ်သားတို့သည် မြန်မာများကဲ့သို့ အတင့်ရဲစွာ မသွားနိုင်မရောက်နိုင်၊ မပြေးနိုင်ကြ။ သွားမိလိုက်မိသည်နှင့် ကျင်းများ ထောင်ချောက်များ၌ အကျခံကြရသည်ချည်းဖြစ်၏။

ဤအတိုင်းလူသူလုံးမရှိဘဲ၊ ရန်သူနှင့် ထောင်ချောက်ကြီးများ၊ ထူးကျင်းကြီးများတို့က အသက်အောက်မှအချိန်ပြည့် စောင့်နေကြသည့် ငရဲသွားရာ လမ်းကြောင်းကြီးနှင့်တူသော ဤခရီးရှည်ကြီးကို ကုလားဖြူဗိုလ်မှူးကြီး ချီပ်သည် သုံးရက်လုံးလုံးကိုယ်စိတ်ပင်ပန်းစွာ ဖြတ်သန်းလာခဲ့၏။ သို့သော် မြန်မာသူပုန်တို့နေထိုင်သည်ဆိုသော နေရာကိုမူ အရိပ်အရောင်မျှမတွေ့ရသေး။

ပတ်ဝန်းကျင်ရခင်းသည် ကုလားဖြူဗိုလ်မှူးကြီးကို လှောင်ပြောင်



သရော်နေ၏။ မိမိ၏စစ်သားတို့သည်လည်း ပင်ပန်းနွမ်းနယ်လျက် အလွန် စိတ်ဓာတ်ပျက်ပြားနေကြ၏။ သူတို့သည် လွန်ခဲ့သည့် နှစ်ညမှ ယခုအချိန်ထိ လုံးဝမအိပ်ကြရသေးချေ....။

သုံးရက်ခရီးသာ ရှိသည်ဆိုသဖြင့် ရှစ်ရက်စာယူလာခဲ့သော ရိက္ခာလှည်းတို့လည်း ထားပစ်ခဲ့ရမှု ပျက်စီးယိုယွင်းမှုတို့ကြောင့် နှစ်ရက်စာမျှသာကျန်ရှိတော့၏။

ထို့ကြောင့်ကုလားဖြူ ဗိုလ်မှူးကြီးသည် မိမိတို့ချီတက်လာခဲ့ကြသည့် လမ်းကြောင်းအတိုင်း ခရီးပြင်းပြန်ဆုတ်၏။ သို့သော်ဟသ်ာတကို ယခုအတိုင်းပြန်ရမည့်အတွက် ကြီးစွာအရှက်ရနေ၏။ ထို့ကြောင့် ဟသ်ာတရှိသင်္ဘောများကို ဇလွန်သို့လိုက်ခဲ့ကြရန် စေလွှတ်ပြောကြားစေ၍ ဧရာဝတီမြစ်ကမ်းကိုမြင်ကြရသည်နှင့် ဇလွန်ဘက်သို့ တပ်တစ်ခုလုံး ဖြတ်ဆင်းလာကြ၏။

၁၈၅၃–ခု ဖေဖော်ဝါရီလကုန်သောနေ့၌ ကုလားဖြူဗိုလ်မှူးကြီးသည် ဇလွန်သို့ရောက်လာ၏။ ဟသ်ာတမှစုန်လာသောမိမိ၏ သင်္ဘောများ ရောက်နှင့်နေသည်ကိုတွေ့ရ၏။ ပြည်မှအကူစစ်သင်္ဘောများ ထပ်လိုက်လာကြလိမ့်မည်ဟု ကြားသိရသဖြင့် နောက်တစ်နေ့ဆက်၍ စောင့်၏။

ကုလားဖြူဗိုလ်မှူးကြီးသည် မိမိဆုတ်ခဲ့ရသည့်အတွေ့အကြုံကို ပြန်လည်စစ်ဆေး၏။ မိမိတို့အမြောက်ကို ဝင်ရောက်တိုက်ခိုက်ယူသွားရင်း ကျဆုံးကျန်ရစ်ခဲ့သည့် မြန်မာသူပုန်၏လက်ထဲမှ ရရှိထားသောသေနတ်ကို တောင်းယူကြည့်၏။

ထိုသေနတ်သည် မြန်မာတို့ကိုင်သော ယမ်းမှုန့်ထိုးသေနတ် မဟုတ်၊ ဝိတိုရိယဘုရင်မကြီး၏ ရေတပ်မတော်မှ အကောင်းဆုံး တပ်မတော်သားများသာ ကိုင်ဆောင်ကြရသည့်အမျိုးကောင်းသော ကျည်ထိုးသေနတ်ဖြစ်၏။ ထူးဆန်းသည်ကား မိမိတို့ယခု ရင်ဆိုင် နေကြရသည့် သူပုန်အားလုံး ဤသေနတ်မျိုးတွေချည်း ကိုင်နေကြခြင်း ဖြစ်၏။

ကုလားဖြူ ဗိုလ်မှူးသည်တနေ့လုံးစကားမပြောနိုင် အနားမယူနိုင် ဘဲသင်္ဘောပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ကုလားဖြူ တိုင်းရင်းဖြစ် အရက်ကိုချည်းသောက်နေ၏။

ပြည်မှစစ်ကူသင်္ဘောများရောက်လာကြသည်နှင့် ရန်ကုန်မှ စစ်ကူသင်္ဘောများရောက်လာကြလိမ့်မည်ဟု သတင်းကြားသိရပြန်၏။ ဗိုလ်မှူးကြီးသည် အမြောက်များ၊ အမြောက်ဆွဲမြင်းများ လှည်းလွတ်များ အားလုံးတို့ကို ကုလားနက်တပ်သား ၂၀၀၊ အုပ်ချုပ်သူ ဂေါ်ရာစစ်ဗိုလ် ၁၁ ယောက်တို့နှင့်အတူကုန်းလမ်းအတိုင်းမနုဖြူသို့ သယ်ယူလာကြရန် စေခိုင်း၏။ ထို့အပြင်တွေ့သမျှမြင်သမျှ သန်သန်မာမာ မြန်မာ ယောကျ်ား မိန်းမတို့ကိုလည်း မိမိတို့စစ်ချီတက်ရာ၌ အသုံးချစေနိုင်ရန် ရသမျှအားလုံးခေါ်သွားရမည်ဟု အမိန့်ပေးလိုက်၏။ ကျန်သော ကုလားဖြူတပ်ကူ၊ တပ်ထောက်၊ တပ်သားအားလုံးတို့ကို သင်္ဘောတွင် တင်၍ မနုဖြူသို့စုန်ဆင်း၏။

ထိုအချိန်ကမနုဖြူမြို့သည် မီးလောင်ကွက်မျှသာဖြစ်၏။ လူသူ အရိပ်အယောင်ဟူ၍ တယောက်တလေမျှ မမြင်ကြရ၊ ကမ်းထက်၌ သီတင်းသုံးသည့် ပုဂ္ဂိုလ်မရှိသော ဘုန်းတော်ကြီးကျောင်းအချို့သာလျှင်



ထည်းထည်းကျန်ရစ်၏။

ကုလားဖြူဗိုလ်မှူးကြီးသည် ရန်ကုန်မှတက်လာကြမည့် စစ်ကူများ ကိုစောင့်ရင်း ကုလားဖြူ တပ်သား တပ်ဗိုလ်အားလုံးတို့ကို ရေလယ်ရှိ သင်္ဘောများပေါ်၌နေစေ၏။ အိန္ဒိယတိုင်းသားကုလားနက်စစ်သားများ ကိုမူ ယင်းတို့အတင်းအကြပ်ခေါ်ဆောင်လာကြသည့် မြန်မာများနှင့် အတူ ကုန်းပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ နေရာချထား၏။

နေ့လယ်နေ့ခင်းအချိန်တို့၌ ဗိုလ်မှူးကြီးကိုယ်တိုင် ကုန်းပေါ်သို့ တက်လာလျက် ကုလားနက်တို့ကိုအုပ်ချုပ်သည့် ဂေါ်ရာအကြပ် တပ်ဗိုလ်တို့နှင့် တိုင်ပင်ဆွေးနွေး၍သင်္ဘောသို့ပြန်သွားလေ့ရှိ၏။

ကုလားနက်များက အတင်းအဓမ္မခြိမ်းခြောက်ခေါ်ဆောင် လာသဖြင့် တွေ့ရာနေရာမှ လိုက်ပါလာခဲ့ကြရရှာသော မြန်မာတို့သည် မကြာမီအတွင်း မိမိတို့သည် ကုလားတပ်ချီတက်ရာသို့ လိုက်ပါသွားရ မည်ဖြစ်ကြောင်းသိလာကြရ၏။

ထပ်၍သိရသည်ကား မြန်မာတို့သည်ကုလားတို့တက်လာရာ လမ်းတလျှောက်လုံး၌ ထောင်ချောက်များထူးကျင်းများ ထောင်ထား လေ့ရှိ၏။ ထို့ကြောင့်ယခုဖမ်းဆီးခေါ်ဆောင်လာသည့် မြန်မာယောကျ်ား မိန်းမအားလုံးတို့ကို ကုလားတို့၏ ရှေ့မှသွားစေမည်။ မြန်မာတို့ထောင် ထားသည့် ထောင်ချောက်များအတွင်းသို့ မြန်မာများကိုပင် ကျစေမိစေရမည်ဟု စီစဉ်ကြခြင်းဖြစ်၏။ ထိုသတင်းကိုကြားသိ လာကြသောအခါ ကုလားဖြူတို့လက်ထဲ၌နေကြသည့် မြန်မာ အားလုံးတို့ ထိတ်လန့်တုန်လှုပ်နေကြ၏။

သို့သော်ထိုသတင်းရရှိပြီး ၂–ရက်အကြာ၌ အဖမ်းအဆီးခံနေကြရသော မြန်မာအုပ်စုထဲမှ မြန်မာယောကျ်ားကြီးများက အချို့ကုလားတို့၏ မဒရပ်မြင်းကြီးများကိုယူလျက် ထွက်ပြေးလွတ်မြောက်သွားကြ၏။ နောက်တစ်နေ့တွင် ကုလားလက်နက်ကိုင်တပ်ကို လာရောက်စီးနင်းကြ၏။ မြန်မာတို့သည် ရေလယ်သင်္ဘောမှ ကုလားဖြူများကမ်းပေါ်သို့ မတက်ရောက်နိုင်ရန် ကမ်းခြေ၌အစောင့်ချ တိုက်ခိုက်၏။ ထို့နောက် ကုလားနက်တို့ အဖမ်းအဆီးခံထားရသည့် မြန်မာတို့ကို ခွဲခြားတိုက်ယူ၏။ ကုလားနက် တို့ကား အမြောက်များနှင့် အမြောက်ဆွဲမြင်းတို့ကို ကာကွယ်စောင့်ကြပ်နေသောကြောင့် ဖမ်းဆီးခေါ်ဆောင်လာသည့် မြန်မာတို့ကိုလက်လွှတ်လိုက်ကြရ၏။

သို့သော်....လာရောက်တိုက်ခိုက်သည့်မြန်မာတို့အဖို့ အောင်မြင်သင့်သလောက် မအောင်မြင်ကြ၊ ကုလားဖြူတို့ဖမ်းဆီးခေါ်ဆောင်လာကြ သည့်မြန်မာများအနက် အများစုဖြစ်သော မြန်မာမိန်းမနှင့် ယောကျ်ားအချို့သည် မြန်မာအချင်းချင်းခေါ်ဆောင်ရာသို့ မလိုက်ဝံ့အောင်ဖြစ်နေကြ၏။ လာရောက်စီးနင်းကြသည့် မြန်မာသူပုန်တို့သည် အလွန်စိတ်မချမ်းမြေ့စွာဖြင့်ဆုတ်ခွာပြန်ခဲ့ကြရသည်။

ကုလားဖြူ ဗိုလ်မှူးကြီးချိပ်သည် ကုလားဖြူလက်ရွေးစင် တပ်သား ၅၀၀၊ ကုလားမဲတပ်သား ၅၀၀၊ စစ်မြေပြင်ဝန်ပေါ့အမြောက် ၂–လက်၊ ဒုန်းပျံအမြောက် ၃–လက်၊ စိန်ပြောင်း ၂–လက်၊ တံတား ..ပမ်းဆောက်လုပ် ဖောက်လုပ်ရေးဆပ္ပါးမိုင်းနားတပ်သား ၇၀၊ တပ်ဦးမှ ရှေ့ဆောင်လမ်းပြ ချီတက်ရန်ဖမ်းလာသော မြန်မာယောကျ်ားမိန်းမ



သုံးရာ၊ လှည်းအစီးငါးရာနှင့် လှည်းမောင်းသူငါးရာ ထိုသူအားလုံးတို့အတွက် ရိက္ခာ ၇–ရက်စာတို့ကို သယ်ဆောင်လျက် ၁၈၅၃–ခု၊ မတ်လ ၇–ရက်၊ မြန်မာသက္ကရာဇ် ၁၂၁၄–ခု၊ တပေါင်းလပြည့်ကျော် ၁၂ရက်နေ့များ၌ မနုဖြူမြို့နေရာ ဆိပ်ကမ်းမှ မြန်မာသူပုန်တို့ရှိရာသို့ချီတက်၏။

တပ်ချီရာ၌ မြန်မာအမျိုးသမီးများ၊ မြန်မာယောကျ်ားများက ကုလားဖြူတို့၏ အထုပ်အပိုး၊ အလေးအပင်တို့ကိုထမ်းကြ ရွက်ကြလျက်၊ ရှေ့ဆုံးမှသွားကြရ၏။ ထိုသူတို့၏နောက်မှ ကုလားမဲတပ်သားများ ကုလားမဲတပ်သားများ၏နောက်မှ ကုလားဖြူတပ်နှင့် အမြောက်တပ်၊ ထို့နောက်မှရိက္ခာလှည်း၊ ထို့နောက်မှ ဂေါ်ရာအစောင့်တပ်ဤအစီအစဉ်အတိုင်းတက်ကြရ၏။

မြန်မာတို့သည် ထူးကျင်းများ ထောင်ချောက်များကို လုံးဝမပြုလုပ်ကြတော့ပဲအကာအကွယ်ကောင်းရာအရပ်၊ဆီးဆို့တိုက်ရန်သင့်ရာအရပ်တို့မှ စောင့်ကြိုတိုက်ကြ၏။ ထို့နောက်ကျုံတနော်မှ ဆွေဆက်ကိုယ်တိုင် ဦးစီးလျက် သစ်တပ်ထူထောင်ကာ အလုံးအရင်းဖြင့်ခုခံ၏။

ကျုံတနော်မှဆုတ်ရလျှင် ကျိုက္ကစင်းရွာမ,ရှိ၊ ဦးရွှေပန်းရှိရာသို့ အတူရောနှော ပူးပေါင်း၍ခုခံမည်ထိုကမှဆုတ်ရလျှင် ဦးမြတ်ထွန်းရှိရာ ကျိုက္ကစင်းဥယျာဉ်သစ်တပ်မှ အားလုံးစုပေါင်းခုခံမည်ဟု အစီအစဉ်ပြုထားကြ၏။

ဆွေဆက်တို့သည် ထိုအစီအစဉ်ပြုထားသည့်အတိုင်း တဆင့်စီ တဆင့်စီ ခုခံလာကြရ၏။ ကုလားဖြူဗိုလ်မှူးကြီး ဆာဂျွန်ချိပ်သည်

ရေရှည်ဝိုင်းရံ တိုက်ခတ်သည့်စနစ်ကိုသုံး၏။ ပထမဆုံး မြန်မာတို့ဆီမှ ရရှိလိုက်သည့် ဝိတိုရိယဘုရင်မကြီး၏ ရေတပ်မတော်သားတို့ ကိုင်သောသေနတ်ကိုမြှောက်ပြလျက် "ဒီမှာကြည့်စမ်း.... ဟောဒီ သေနတ်တွေဟာ မြန်မာသူပုန်တွေ လက်ထဲကိုရောက်နေကြတယ်၊ ဘယ်လောက်အမျိုးကောင်းတဲ့ သေနတ်တွေလဲ၊ ဒါပေမဲ့ မင်းတို့ [illegible] က ဒီသေနတ်တွေဟာ ကျည်ဆံမရှိရင် အားလုံးဒုတ်ဖြစ်သွားမှာဘဲ...." ဟုပြော၏။

ကုလားဖြူဗိုလ်မှူးကြီးပြောသည်မှာ ဟုတ်လေသည်။ ဆွေဆက်မြင်းတပ်ကြီးတစ်ခုလုံးသည် မကြာမီအဆိုပါသေနတ်များကို ကျောက်၌ အပိုလေးပင်အောင် လွယ်ထားရသည့် အဆောင်အယောင်တစ်ခုကဲ့သို့ ဖြစ်လာ၏။

ဦးရွှေပန်းတို့ကို ဆက်လက်တိုက်ခိုက်နေသည့် ကုလားဖြူဗိုလ်မှူးကြီးသည် ခန့်မှန်းထားသည့်ရက်နှင့် အပြီးအပိုင်မတိုက်ခိုက် နိုင်သောအခါ ကုလားဖြူတပ်သားသုံးရာကို ကျုံတနော်သို့စေလွှတ်လျက် ရသမျှရိက္ခာတို့ကို ဆက်လက်စုဆောင်းယူလာစေ၏။

နောက်ဆုံး ၁၂၁၅–ခု နှောင်းတန်ခူးလဆန်း ၉ ရက်၊ ၁၈၅၃–ခုမတ်လ ၁၉ရက်နေ့၌ ဦးမြတ်ထွန်းရှိရာ မြန်မာပုန်ကန်သူတို့၏ နောက်ဆုံးသစ်တပ်သို့ ရောက်လာနိုင်ခဲ့၏။

ထိုအချိန်၌မြန်မာတို့ကလည်း မီးကုန်ယမ်းကုန် အားကုန်သွန်လျက် ပစ်ခတ်တိုက်ခိုက်ကြ၏။ သစ်တပ်ထိပ်၌ အကျအနတင်ထားသော သင်္ဘောပေါ်မှရရှိထားသည့် အမြောက်ကြီးနှစ်လက်ဖြင့်



ဗိုလ်မှူးကြီးချုပ်တို့ကို အသက်ရှူမှားအောင်ထု၏။ သို့သော်ကြာရှည်မတိုက်ခိုက်နိုင်ကြ။ မကြာမီမြန်မာတို့ဘက်မှ ခဲယမ်းကျည်ဆံကုန်ကြရတော့၏။

ဤတွင်ကုလားဖြူဗိုလ်မှူးကြီးချုပ်သည် ယမ်းမှုန့် ၂၄ ပေါင်ထည့်သောကျည်ဆံဖြင့်ပစ်ရသည့် ဟောဝစ္ဆာအမည်ရှိသော အမြောက်ကြီးကို မြန်မာတို့ သစ်တပ်နှင့်အတောင်ငါးဆယ်ကွာအတွင်းအထိ ဆွဲယူလာစေ၏။ ပြီးလျှင်.... သစ်တပ်ကြီး ကျိုးပေါက်သည်အထိ ဆက်ကာဆက်ကာပစ်ခတ်စေ၏။ မြန်မာတို့ကားတုပ်တုပ်မျှမလှုပ်၊ ငြိမ်သက်နေကြ၏။ သစ်တပ်ကြီး ကြေမွကျိုးပေါက်သွားသည်အထိ တုတ်တုတ်မျှမလှုပ်ကြ။

ဂေါ်ယာစစ်ဗိုလ်နှစ်ယောက်အုပ်ချုပ်သည့် ကုလားမဲတပ် တစ်တပ်သည် သစ်တပ်အတွင်းသို့တိုးဝင်သွား၏။ စီ ခ နဲ့အသံကြားလိုက်ရပြီးနောက် ချက်ချင်းလိုလိုပင် ဒုဒယ်အကာအကွယ်ရှိနေသေးသော သစ်တပ်၏တဘက်ဘေးသို့ ကုလားမဲစစ်သားများခေါင်းပြတ် ခြေပြတ်ဖြင့် အသက်ကင်းလျက်ကျလာ၏။ တစ်ဆက်တည်းလိုလိုပင် အမြောက်ပစ်ခတ်နေ ကြသော ကုလားဖြူများကို သေနတ်များက ထိမှန်ကုန်ကြ၏။

အမြောက်တပ်သားကုလားဖြူတို့ အခြေပျက်နေကြစဉ် သစ်တပ်အတွင်းမှ ရုတ်တရက်မြင်းတပ်တစ်ခု စိုင်းထွက်လာကာ ထိုအမြောက်ကြီးကို အတင်းဆွဲယူကြ၏။ ကုလားဖြူ တို့ကလဲအသေအလဲ ခုခံတိုက်ခိုက်၏။ သို့သော်အမြောက်ကြီးများ မြန်မာတို့လက်ထဲသို

ပါသွားလျက် သစ်တပ်အတွင်းသို့ ဆွဲသွင်းသည့်နေရာရောက်မှ အပေါက်ဝ၌ထစ်ခံနေ၏။ ဤတွင်မှ ကုလားဖြူတို့ကအလုံးအရင်းဖြင့် ပစ်ခတ်တိုက်ခိုက်လျက်အမြောက်ကြီးကို ပြန်ဆွဲယူရသည် အမြောက်ကြီးကို ပြန်ရသော်လည်း မြန်မာတို့က ဓားဖြင့်ထွက်ခုတ်လိုက်ကြသောကြောင့် ကုလားဖြူ ကုလားမဲအတော်များများ ကျဆုံးကုန်ကြရသေး၏။ ညဥ့်အတော်နက်လာပြီဖြစ်ရာ ကုလားဖြူဗိုလ်မှူး၊ ကြီးချုပ်သည် အမြောက်ကြီးကို နောက်သို့ပြန်ဆုတ်စေလျက် မြန်မာတို့ သစ်တပ်သို့ တညဥ့်လုံးပစ်ခတ်ထုချေ၏။

နံနက်လင်းသောအခါသစ်တပ်ကြီးတစ်ခုလုံး တိတ်ဆိတ်နေပြန်သည်။ ကုလားဖြူ ဗိုလ်မှူးကြီးသည် မြန်မာမိန်းမငယ် သုံးဆယ်ခန့်ကို ကျိုးပေါက်နေသည့် သစ်တပ်အတွင်းသို့ ဝင်ရောက်ကြည့်စေ၏။

မကြာမီ ရှုးရှုးဝါးဝါးအော်လိုက်သံနှင့်အတူ ထောင်ထားသည့် ဝါးသုတ်ကိုင်းတို့၌ မိန်းမငယ်ခြောက်ယောက် လွင့်ပျံပါသွားကြ၏။ ကျန်အဖော်တို့က အထိတ်တလန့်မော်ကြည့်မိသည်နှင့် ဝါးနက်ကိုင်းကြီးများ၏ ထိပ်ဖျား၌ လုံ့တွေအပြွတ်လိုက် ရှုးဝင်ခြင်းခံနေရသည့် ဦးစောက်လှူပ်ရမ်းနေကြသော အဖော်တို့ကိုတွေ့ရ၏။

မိန်းမငယ်တို့သည် လိပ်ပြာစင်မတတ် အော်ဟစ်ထွက်ပြေးလာကြ၏။ သို့သော်သူတို့သည် သစ်တပ်တို့တွင်း၌ မည်သူတစ်စုံတစ်ယောက်မျှ မရှိတော့ပြီဖြစ်သည်ကိုလည်းသိလာခဲ့ကြသည်။

၉။

ကုလားဖြူတို့သည် မြန်မာသူပုန်တို့၏ အစအနကိုမျှ မမြင်လိုက်ကြရ၊ ရေအောက်၌ရှိသောငါးကို ရေပေါ်မှကြည့်ရသကဲ့သို့ မမှန်းဆနိုင်လောက်အောင်ဖြစ်နေကြ၏။

သို့သော်....အပိုင်းအပိုင်းကန့်လျက်၊ တသန့်စီ၊ တသန့်စီ ဝိုက်စိတ်တိုက်၍ တောချောက်သလိုချောက်ထုတ်၏။ အိန္ဒိယမှ လက်နက်ကိုင် စစ်ဗာယီတပ် အမြောက်များကိုမှာယူဖွဲ့စည်းလျက် မိမိတို့ပိုင်သော မြန်မာမြေကြီးအနှံ့ ပြန့်ချစောင့်ခိုင်း၏။ ထိုသို့စောင့်ခိုင်းရသည့် စစ်အင်အားသည် မြန်မာပြည်၏ သုံးပုံနှစ်ပုံကို တိုက်သိမ်းယူလိုက်ရသည့် စစ်အင်အားထက်အရေအတွက်အားဖြင့်

လည်း နှစ်ဆကျော်မျှများပြား၏။ ကုန်ကျစရိတ်လည်းနှစ်ဆကျော်မျှများပြား၏။

ထိုသို့လူအား ငွေအားဖြင့် ဖိနှိပ်တိုက်ခိုက်နေပါလျက် ဟိုနေရာသည်နေ့တို့၌ ကုလားဖြူအစိုးရတပ်များကို ဝင်ရောက်တိုက်ခိုက်စီးနင်းရဲ သူတို့ ပေါ်မြဲပေါ်နေ၏။ စီးနင်းတိုက်ခိုက်မှုများကလည်း လျော့သည်ဟူ၍မရှိ။

ကုလားဖြူတို့သည် ကုလားကြီးလာပြီဆိုရုံမျှဖြင့် မြန်မာကလေးငယ်များကို အငိုတိတ်စေသည်အထိ ထိတ်လန့်ကြောက်ရွံ့အောင်ပြု၏။ လက်နက်မဲ့သော အရပ်သူအရပ်သားတို့အား ကုလားမဲတပ်ကြီးများဖြင့် စေလွှတ်နှိပ်စက်ခိုင်း၏။ မြန်မာမိန်းမတို့ကို သား,လင်,မောင်,အဖဖြစ်သည့် မြန်မာယောကျ်ားတို့၏ရှေ့၌ပင် မုဒိန်းကျင့်စေ၏။ လှုပ်ရှား မျက်နှာညိုသူ ရှိလျှင်သတ်၏။ မြန်မာယောကျ်ားတို့ကိုပင်လျှင် ယောကျ်ားအချင်းချင်း အနိုင်အထက် ဆွဲကိုင်မုဒိန်းကျင့်ပြီးမှသတ်၏။ နောက်ဆုံး၌ မလိုလားဟန်၊ မကြည်သက်ဟန်မျက်နှာရှိသူတစ်ယောက်တစ်လေကိုမျှတွေ့ရရုံဖြင့် ကလေးငယ်များအပါအဝင်ဖြစ်သည့် ယောကျ်ားမိန်းမ အားလုံးကိုစိတ်ရှိတိုင်း ပြုကျင့်ညှင်းပန်းပြီးမှ သတ်ဖြတ်ပစ်၏။ ရွာကိုပါမီးတိုက်ဖျက်ဆီး၏။ သင်းတို့လက်အောက်သို့ရောက်နေကြသည့် မြန်မာမှန်သမျှကို မြန်မာတို့၏ မျိုးရိုး၊ မြန်မာတို့၏ သတ္တိ၊ မြန်မာတို့၏ ဇာတိမာန်ကိုပျောက်သုဉ်းစေ၏။ ဘယ်သောအခါမျှ မလူးဝံ့၊ မထူမထဝံ့အောင် ရိုင်းစိုင်းသော ကုလားမဲတပ်ကြီးများဖြင့် ချိုးနှိမ်ချေဖျက်စေ၏။



သို့သော်........လက်နက်ကင်းမဲ့သော ကျေးရွာသူကျေးရွာသားတို့ကို ထိုမျှဝံ့ဝံ့စားစားနှိပ်စက်ရဲကြသည့် ကုလားမဲတပ်ဖွဲ့ကြီးတို့သည် "ရာမ" ဟု အသံကြားရုံမျှ နားကြောကစိမ့်လာအောင် ကြောက်ရွံ့နေရသော "ဒသဂီရိ"ကဲ့သို့....

အသံကြားရုံမျှဖြင့် အသက်ဘယ်ကထွက်ရမှန်းမသိအောင် သင်းတို့ကြောက်ကြရသော မြန်မာများလည်း ရှိသေး၏။ ထိုသူတို့ကား သင်းတို့ကဲ့သို့ပင် လက်နက်ကိုင်လျက် သင်းတို့ရှိသည့်နေရာသို့ လှည့်မတ်တိုက်ခိုက်နေကြသော မြန်မာမျိုးချစ်သူပုန်တို့၏ တပ်ဖွဲ့များဖြစ်ကြ၏။ ထိုအထဲ၌ ကုလားတို့အကြောက်ရဆုံးသော တပ်ဖွဲ့နှစ်ခုကား ဦးမြတ်ထွန်းတို့၏တပ်ဖွဲ့နှင့် ဂေါင်းကြီး၊ ဂေါင်းကလေးတို့၏ တပ်ဖွဲ့နှစ်ခုဖြစ်သည်။

ထိုတပ်ဖွဲ့နှစ်ခုသည် မြန်မာကျေးရွာသူကျေးရွာသားတို့အား ရက်ရက်စက်စက်လှည့်လည်နှိပ်စက်နေကြသည့် ကုလားဖြူတပ်တို့ကို ရင်း စားကျေအောင် တုံ့ပြန်လက်စားချေလေ့ရှိကြ၏။

မြန်မာကလေးငယ်တို့သည် ကုလားကြီးလာပြီဟု ပြောသံကြားရုံမျှ အငိုတိတ်ကြဘိသို့၊ ထိုကုလားကြီးတို့သည်လည်း ဦးမြတ်ထွန်းတပ်လာနေပြီ ဂေါင်းကြီးဂေါင်းကလေးတို့တပ်လာနေပြီဟု ကြားရရုံမျှဖြင့် ကြားရသည့်စကားမျှမဆုံးမီ၊ သေးဖျန်းဖျန်းပါကြသည်၊ ဆောက်တည်မရအောင် လက်တုန်တုန်ခြေတုန်တုန်ဖြစ်ကုန်ကြသည်ဟု အဆိုရှိ၏။ ထိုတပ်နှစ်တပ် တို့သည် ကုလားဖြူ ကုလားမဲတို့ကို အသက်ရှူချိန်မရအောင် အပြင်းအထန် ဝိုင်းဝန်းတိုက်ခိုက်ကြပြီး

နောက်ရုတ်တရက်ခြေရာခြေကြောင်းရှာမရအောင် ပျောက်သွားလေ့ရှိ၏။

ထို့နောက် မိုးပေါ်မှကျလာသလို ရုတ်တရက်ပေါ်ပေါက်လာကာ တိုက်ခိုက်ကြပြန်၏။ ဤသို့ပေါ်လိုက်၊ ပျောက်လိုက် တိုက်လိုက်ရှိနေရာမှ ယခုတစ်ကြိမ်ပျောက်ကွယ်သွားသည့်အခါ၌ ကုလားဖြူဘုရင်ခံနှင့်တကွသော အထက်ပိုင်းအရာရှိကြီးများသည် ဤကိစ္စအတွက် အပူတပြင်းခေါင်းချင်းရိုက်ဆွေးနွေးကြ၏။ ကြိုတင်စီမံကိန်းတွေ ပြုလုပ်ကြ၏။ ထို့နောက် ဘယ်အချိန်ဘယ်နေရာက ဤမြန်မာသူပုန်တွေပေါ်လာပါမလဲဟု တထိတ်ထိတ်စောင့်မျှော်ကြ၏။ သို့သော် မြန်မာမျိုးချစ်တို့ကား တော်တော်နှင့်ပေါ်မလာကြ....

* * *

နေဝင်လုလုအချိန်ဖြစ်၏။

အမရပူရ နေပြည်တော်၏ တောင်ဘက်မျက်နှာ မင်းလမ်းမကြီးမှ မြင်းတပ်ကြီးအပါအဝင်ဖြစ်သော များပြားလှသည့် လူစုလူဝေးတန်းကြီး တစ်ခုဝင်လာနေ၏။

သူတို့၏ အရောင်အဆင်းသည် သူတို့လျှောက်လာသဖြင့် ထ,သောဖုံနှင့် တသားတည်းရှိ၏။ သို့သော် သူတို့၏ စုတ်ပြတ်သော ပုဆိုးအင်္ကျီတို့သည် သူတို့၏သန်မာသော ကိုယ်လုံးကိုယ်ထည်အရိုးအဆစ်တို့ကိုလည်း ဖုံးလွှမ်းပေးခြင်းငှာမတတ်နိုင်၊ သူတို့ကို မြင်သူတို့က အထင်သေးလေအောင်လည်း ပြုလုပ်ပေးခြင်းငှာမတတ်နိုင်၊သူတို့၏ ကျားလျားသောအသွင်ကို ဂုဏ်တင်ပေးရန် စုတ်ပြဲနေရဘိသို့ရှိ၏။

သူတို့သည် မြန်လည်းမမြန် နှေးလည်းမနှေး၊ စွန်ညိုကြီးများကဲ့သို့ တည်ငြိမ်သောသိက္ခာဖြင့် ဝင်ရောက်လာကသည်။ ထို့ပြင် သူတို့သည် မည်သူ့ကိုမျှလည်း ရန်ပြုလိုပုံမရ ....

သို့သော် ....သူတို့အားလုံး လက်နက်မျိုးစုံ ကိုယ်စီဆွဲကိုင်ထားကြ၏။ သူတို့မျက်နှာသည်တည်တံ့ ၏။ သူတို့၏ မျက်လုံးသည် ရဲရင့်၏။ သူတို့၏ နှုတ်ခမ်းသည်တင်းတင်းစေ့၏။ သူတို့၏ သွင်ပြင်ဟန်ပန်သည် ပင်ပန်းခြင်း ဆာလောင်ခြင်း ဥတုရာသီတို့၏ အပူအအေးဖြင့်ရက်စက်ခြင်းတို့ကို ထိ,မထင်ဘဲ အန်တုအနိုင်ယူလာကြသော သံမဏိနှလုံးသားပိုင်ရှင် ယောကျ်ားကောင်းတို့၏ သွင်ပြင်ဟန်ပန်မျိုးရှိ၏။

သို့ပါလျက် သူတို့၏မျက်နှာ၌ တွေးငေးထိခိုက်သည့် အသွင်အပြင်တို့ပေါ်လွင်နေ၏။ သူတို့သည် ရှေ့တူရူသို့ ငေးမော့လာကြသည်။

အမရပူရရွှေမြို့တော်၏ ကောင်းကင်ပြင်တစ်ခုလုံး မြူဆိုင်းနေ၏။ ဝင်သောနေသည် ကြည်လင်မှုကင်းလျက် မဖြူ မနီ မှုန်ရီသောအရောင်တို့ဖြင့် ခြယ်မှုန် ၏။ မှိုင်းအုံ့ပျပျ မြင်ကြရသော အမရပူရရွှေမြို့တော်၏ မြေနန်းပြသဒ်အထွတ် သည် ကောင်းကင်စွန်းသို့ ထွန်းထွက်နေ၏။

မင်းလမ်းမကြီးအတိုင်း တိတ်တိတ်ဆိတ်ဆိတ် ဝင်လာကြကုန်သော လူစုလူဝေးကြီး တစ်ခုလုံးမှ မျက်နှာတို့သည် ထိုမြေနန်းပြသဒ်၏အထွတ်ကို ငေးကြည့်လာကြ၏။ မြင်နေကျ၍ ရိုးလှပြီဖြစ်သော ရွှေရောင်ကျိုးကျဲခြယ်လှူးသည့်.... ထိုမှုန်မှုန်ပျပျ မြင်ရသော



မြေနန်းပြာသာဒ်အထွတ်သည် အမရပူရရွှေမြို့တော်သူ ရွှေမြို့တော်သားများ၏ ကိုယ်စိတ်ကို မည်သို့မျှ မထူးခြား မထိခိုက်စေနိုင်သော်လည်း....

....ထိုမြေနန်းပြာသာဒ်အထက်မှ မြန်မာပြည်ကြီး၏တစ်ဝက်ကျော်ကျော်ကို စော်ကားမင်းမူလာသည့် ကုလားဖြူတို့အား ရက်ရက်ရောရော ကြီးစွန့်ပစ်ပေးလိုက်သောကြောင့်....

....အနိုင်ကျင့် မင်းမူလာကြသည့် ယင်းကုလားဖြူတို့ကို ပူပူနွေးနွေး အသက်နှင့်လဲ၍ တိုက်ခိုက်လာခဲ့ကြရသည့် လူစုလူအုပ်ကြီးအဖို့ ထိခိုက်၏။

သူတို့သည် မှိုင်းမှိုင်းပျပျ မြင်နေရသော မြေနန်းပြာသာဒ်၏ အထွတ်ကိုကြည့်လျက် မျက်ရည်ဝိုင်းကြ၏။ မေးကြောကြီးများ တင်းခန့် တင်းကန်နေအောင် အံကြိတ်မိကြ၏။

ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်မင်းကိုယ့်ချင်းနေနေကြရသော လွတ်လပ်သည့်မြန်မာတို့၏ဘဝသည် ဤမြေနန်းပြာသာဒ်၏ အထွတ် ကဲ့သို့ပင်လျှင်မှုန်ရီပျပျသာ ကျန်ရှိနေရပါပြီကော....

ဤလူတို့သည် အလွန်ထိခိုက်သော နှလုံးဖြင့်ယူကျုံးမရဖြစ်လျက် နန်းမြို့ရှိရာသို့ ဦးတည်သွားနေကြ၏။ သို့သော် လွတ်လပ်ပျော်ရွှင်နေကြသော အဝရွှေမြို့တော်သူ ရွှေမြို့တော်သားတို့ကား ထိုသူတို့ကို လန့်ကြောက်စိုးရိမ်နေကြ၏။

ဤအဆင်အပြင် ပုံသွင်မကျသော မတူတရူ ကြောက်ဖွယ်လူများသည် ငါတို့နန်းကို ထိပါးနှောင့်ယှက်ရန် ဝင်ရောက်လာကြသူများ လေလားဟု ပြူးပြူးပြဲပြဲ ကြည့်ကြ၏။ အိမ်ဝင်းတံခါး စသည်တို့ကို ပိတ်လျက် ရုတ်ရုတ်ရက်ရက်ပြေးကြ၏။

မြို့ရေးရွာရေး လုံခြုံရေးတို့ကို ကိုယ်တိုင်ဖိဖိစီးစီး အုပ်ချုပ်စီမံဆောင်ရွက်နေသော ကနောင်အိမ်ရှေ့ကိုယ်တော်ကြီးဆီသို့ လျှောက်တင်ရန် သူ့ထက်ငါ အရေးတကြီးသွားကြ၏။

အမျိုးအမည်မသိ ကြောက်ဖွယ်ကြီး၊ လန့်ဖွယ်ကြီး၊ ကြိုးကြမ်းရက်စက်ဟန်ရှိသော လူတွေချည်းပါသည့်သူပုန်တပ်ကြီးတစ်ခု ဝင်ရောက်လာသောကြောင့် မိမိတို့သည် တာဝန်သိသိ သစ္စာရှိရှိဖြင့် လာရောက်လျှောက်ကြားပါကြောင်း မိမိတို့ကိုယ်တိုင်ကိုယ်တော်ကြီးနောက်ပါးမှ တစ်ဖဝါးမျှမခွာဘဲအသက်စွန့်တိုက်ခိုက်ရန် အသင့်ရှိနေပြီဖြစ်ပါကြောင်းဖြင့်.... ထဲဝင်ပြင်ထွက်ရှိသသူ အမရပူရ ရွှေမြို့တော်သား မင်းပါးစိုးမြှောင်တို့က သူ့ထက်ငါ အလုအယက်လျှောက်ကြ၏။

ထိုသတင်းကိုကြားလိုက်ရသော ကနောင်ကိုယ်တော်ကြီး၏ မျက်နှာသည် ဝင်း၍ နဲလင်းလာ၏။ ထို့နောက် ကျောက်မော်မြို့ဝန်နှင့် စာရေးတော်ကြီးငရေးတို့ကိုခေါ်စေလျက် ....

“ငါ့လူတွေ လာကြပြီ ....စာရေးတော်ကြီးတို့ အထောက်အဖေးညွှဲလှပါဘိ ....ငါ့လူတွေကို ကြိုယူပြီး မြို့ဝန်ကြီးအဘနဲ့ စာရေးတော်ကြီးတို့က သီးသန့်နေရာချပေးကြပါ ချိမ့်၊...”



ကျောက်မော်မြို့ဝန်မင်းကြီးသည် ဦးမြတ်ထွန်းနှင့် ပတ်သက်၍ ဆွေဆက်ကိုလည်း မျက်မှန်းတန်းမိသူဖြစ်၏။

ထို့ကြောင့် အလွန်ဝမ်းမြောက်စွာ ကြိုယူလာလျက် အိမ်ရှေ့ကိုယ်တော်ကြီး၏ အတွင်းလူယုံချည်းရှိကြသော မြင်းခံဘုတ်ရွာသို့ စောင်သွား၏။ ချက်ချင်းတစ်ရွာလုံး ပွဲလမ်းအလှူ ပြုလုပ်နေကြသည်ကဲ့သို့ ဖြစ်စေလျက်၊ ထမင်းဟင်းလျာ အဖျော်အရည်တို့ဖြင့် လိုလေသေးမရှိ ညှိခံကျွေးမွေး၊ နားနေလျောင်းစက်ရန်ပေးပြီး အတော်ချည်းညဥ့်နက်မှပြန်၏။

ရွာသူရွာသားတို့သည် ကျောက်မော်မြို့ဝန်ကြီးနှင့် စာရေးတော်ကြီးတို့ စီမံခဲ့သည့်အတိုင်း၊ နံနက်စောစော၌ အသားပြွန်းရာဂုကို ညှိသည်တို့အားတိုက်ကျွေး၏။ ထို့နောက်ရွှေဖီဖူး လက်ဖက်ရည်ကြမ်း၊ မုန့်ချို၊ ထန်းလျက်ဖြူဆုပ်၊ လက်ဖက်အကြော်စုံ၊ ကွမ်း၊ ဆေးလိပ်တို့ဖြင့်တည်ခင်းတိုက်ကျွေး၏။ ထိုစဉ် ကျောက်မော်မြို့ဝန်ကြီးနှင့် အိမ်ရှေ့ကိုယ်တော်ကြီး၏ စာရေးတော်ခေါင်းကြီးတို့ အကြိုအထောက်ရောက်လာကြ၏။ ခြွေရံသင်းပင်းအများလည်း တောက်ပြောင်သော အဝတ်အဆင်တို့ဖြင့်ပါလာကြ၏။

ကျောက်မော်မြို့ဝန်ကြီးက “အိမ်ရှေ့ကိုယ်တော်ကြီးကို ဖူးတွေ့ရန်လိုက်ကြပါလှည့်”ဟုဆို၏။ မိမိတို့ကိုင်ဆောင်သည့် လက်နက်စုံတို့ဖြင့်တွေ့လိုသည်ဟု ကိုယ်တော်ကြီး အမိန့်ရှိလိုက်သည် ဆိုသောကြောင့် ပါးရင်းဓားလုံ၊သေနတ် ကိုယ်စီကိုင်စွဲကြလျက်သွားကြရ၏။ စုတ်ပြဲသော အင်္ကျီပုဆိုးတို့မှာလည်း လာရင်းအတိုင်း ရှိနေကြသောကြောင့်

ထိုအကျီ ပုဆိုးတို့၏ အစုတ်အပြဲကြားမှ အသားဆိုင် အသားခဲကြီးများ ပြူ ထွက်နေကြ၏။ ပြာသိုလ၏ နံနက်ခင်းနှင်းမှုန်မှုန်ထုနှင့် အအေးဓာတ်သည် ထိုအသားဆိုင်အသားခဲကြီးများကို ရက်ရက်စက်စက် ခရီးဦးကြိုပြုနှင့်၏။ သို့သော် …ဦးမြတ်ထွန်းတို့၏ ရဲမက်တော်သားတို့ကား ဘာမျှမသိကြလေ…။

ဇောင်းကလော ကုသိုလ်တော်ရှေ့ မြေကွက်လပ်ကြီး၌ အလျား အလံ ရှစ်ရာ့ရှစ်ဆယ်၊ အနံ အလံ နှစ်ရာ့နှစ်ဆယ် အကျယ်အဝန်းရှိသော မြေကွက်လပ်ကြီးပြုလုပ်ထား၏။ ထိုမြေကွက်လပ်ကြီး၏ တစ်ဖက်တစ်ချက်၌ အလှအပပြုပြင်ဆောက်လုပ်ထားကြသော မဏ္ဍပ်များရှိကြ၏။ မဏ္ဍပ်တို့နှင့်တကွ ကွင်းကြီးပတ်ပတ်လည်နှင့်ကွင်းကြီး၏ တစ်ဖက်ထိပ်၌ …

အဝါအောက်ခံပြုသော လေးထောင့်ပိုးသား ဒေါင်းအလံကြီး၊ အနီအောက်ခံပြုသော ပိုးသားဒေါင်းအလံကြီး အဝါအောက်ခံပြုသော ကြက်လျှာစွန်းတစ်ခုပါသည့် ပိုးသားဒေါင်းလံကြီး၊ အနီအောက်ခံပြုသော ကြက်လျှာစွန်း သုံးခုပါသည့် ပိုးသားဒေါင်းအလံကြီး၊စသည်တို့၊ ကြက်တောင်ပျံကြွသလို အစီအရီစိုက်ထူထားကြ၏။ သို့သော် ပြာသိုလနှင်းမှုန်ထုသည် ထိုဒေါင်းလံတို့ကို ခေတ္တကျီစယ် ဖုံးဝှက် ထားနေသောကြောင့် တိုင်ခြေကိုသာမြင်ကြရ၏။

နေရောင်ခြည် ထွက်ပြူလာပြီဖြစ်သော်လည်း နှင်းလွှာရုံကို ခွဲထား သေး၏။ ပို၍ သိပ်သည်းစွာ ကျလာသည့် နှင်းထုတို့အောက်၌ ဒတာသား ညှော်သည်တစ်စု ကွင်းကြီးထဲသို့ရောက်လာကြ၏။ ကွင်းကြီးထဲ၌ အမရပူရရွှေမြို့တော်သူ ရွှေမြို့တော်သားတို့ မဏ္ဍပ်ကြီးများ၏အပြင်၌လည်းကောင်း၊ မဏ္ဍပ်ကြီးများ၏ အတွင်း၌လည်းကောင်း၊ လူးလာတုံ့ခတ်နေကြရာမှ မဏ္ဍပ်ရှေ့သို့ စုရုံးထွက်လာကြလျက်၊ စုတ်ချာသောအဝတ်အဆင်တို့ဖြင့် ဝင်လာကြသည့် တောသားလူတန်းကြီးကို အထူးအဆန်းကြည့်ကြ၏။



"ခါးပတ်တော်မှာ၊ ရွှေချည်စုံ
မှိုင်းလုံး၊ ရွှေဝတ်လုံ
မလုံသာ၊ ချမ်းအေးမြ
မိုးသောက်ထ၊ ရောင်နီလာကို
ထိပ်ပန်ငယ်၊ မြင်းခင်းကြွပါလို့…လေး…"

စောင်းဖြင့်လည်းကောင်း၊ ညှင်းဖြင့်လည်းကောင်း၊ ပြွေဖြင့်လည်းကောင်း၊ စည်းဆုပ်ဖြင့်လည်းကောင်း ဝါးဖြင့်လည်းကောင်း၊ ခပ်မှိန်မှိန် တငြိမ့်ငြိမ့် အခင်းအခံပြုလျက် ထိုအပေါ်မှ သာယာနွဲ့နှောင်းချိုအေးသည့်အသံကို ဘယ်ညာပြောင်း၍ ငြိမ့်ညောင်းစွာ သီဆိုလိုက်သည့် မြင်းခင်းဘွဲ့ကြိုးသည် ကွင်းကြီးတစ်ခုလုံးကို စိုးမိုးတော့မယောင် ပျံ့လွင့်လာ၏။

ညှော်သည်တောသား အများစုတို့၏ စိတ်၌ "ငဒို့ကို အိမ်ရှေ့ကိုယ်တော်ကြီး ပြုလုပ်သော ဘုရားပွဲတော်ရှိရာသို့ ခေါ်လာကြဟန်တူ ရဲ့…" ဟု တွေးထင်ကြ၏။ ထိုစဉ် ကွင်းထိပ်အနီး မဏ္ဍပ်ကြီးရှိရာမှ ရွှေထီးများ ဖြန့်ကြက်လျက် ထွက်ကြွတော်မူလာသော အိမ်ရှေ့ကိုယ်တော်ကြီးကိုတွေ့ကြရ၏။

ကျောက်မော် မြို့ဝန်ကြီးနှင့် စာရေးတော်ကြီးတို့သည် တောသားညေ့်သည်များကို အိမ်ရှေ့ကိုယ်တော်ကြီးရှေ့၌တန့်ရပ်စေ၏။ တစ်ဦး၏ အရိပ်အခြေကိုတစ်ဦးက ကြည့်လျက် အချင်းချင်းသွန်သင်လိုက်ကြသောကြောင့် မြင်းတပ်၌ရှိသူတို့ အပါအဝင် တောသားညေ့်သည်တစ်စုလုံး မြေပြင်၌ဒူးထောက်၍ အိမ်ရှေ့ကိုယ်တော်ကြီးကို ဦးညွတ်အရိုအသေပြုပြီးဖြစ်နေကြ၏။

"အိမ်း ...ငါ့လူတွေ ကြည့်ရသဟာ တယ်လဲအားရစရာကောင်းပေသကိုး...၊ ကျောက်မော်ဝန် အဘကြီး သင်းတို့ကို သည်အဝတ်အဆင်အတိုင်းထား၊ ပွဲထဲမှာ အစွမ်းပြပြီး နေပြည်တော်က ချိပ်ပုဆိုးကြီးတလွှားလွှားနဲ့ ဘာမှအသုံးမကျဘဲ ဟန်ရေးပြနေကြတဲ့ သွေးသောက်အကြပ်၊ တပ်ဗိုလ်၊ တပ်မှူး ဆိုတာတွေကို အရှက်ရစေပြီးမှ ပေးသည် ကျုပ်လူတွေကို ကျုပ်ချီးမြှင့်ထားသည့် အဝတ်များလဲပစေ ...အခုမဏ္ဍပ် ထဲရောက်ရောက်ချင်းမလဲစေနဲ့ အုံး ..ဘယ်မလဲ ကျုပ်လူကိုမြတ်ထွန်းကော..."

ကနောင်ကိုယ်တော်ကြီးသည် ဦးမြတ်ထွန်းကို အဆောင်အယောင် သိက္ခာတွေပြုလုပ်မနေဘဲ ရင်းရင်းနှီးနှီးမေး၏။ ပြော၏။

"သည်လိုအချိန်မျိုးမှာ ကျုပ်ရဲ့ သုံးခွပွဲနင်းကြီးနဲ့ အကောက်တော်ဆိပ်မှာ ကုလားဖြူတွေနဲ့တိုက်ရင်းကျသွားတဲ့ ပျံချီကို သတိရရန်ကော..."ဟုပြော၏။

"ဒါထက် ကျုပ်တို့ပွဲနင်းကြီးသမီးက ကျုပ်သမီးအဖြစ် အဆောင်အယောင်နဲ့ မြို့စားရွာစားခန့်ပေးထားပေမယ့် မပျော်ဘူးတဲ့။ အဲလေ



နောက်မှ ကိုမြတ်ထွန်းနဲ့ တိုင်ပင်ရဦးမယ်။ ဒါ့ထက် ကိုမြတ်ထွန်းတို့လူတွေထဲမှာ တကယ်အစွမ်းပြနိုင်မယ့် လူတွေလဲပါကောင်းပါရဲ့..."

ကနောင်ကိုယ်တော်ကြီးသည် အားပါးတရ မေးလည်းမေး၏။ ပြောလည်းပြော၏။ ထို့နောက် ဗိုလ်မှူးများဖြစ်ကြသေးသည့် ဦးရွှေပန်းနှင့်ဆွေဆက်တို့ကိုလည်း ခေါ်တွေ့နှုတ်ဆက်၏။ အရေးကယူစကားပြော၏။ ပြီးလျှင် ..."ငါ့လူတွေကို အောင်သပြေ ပန်းကလေးများကမ်းလိုက်ကြပါဦးကွဲ့" ဟုအမိန့်မေးပြီးနောက်ထွက်လာသည့် မဏ္ဍပ်သို့ ပြန်ဝင်သွား၏။

ဤတွင်အိမ်ရှေ့ကိုယ်တော်ကြီးနှင့် မလှမ်းမကမ်း၌ လူတန်းကြီးပြု၍ စောင့်နေကြသော နန်းတွင်းအပျိုကြော် နှစ်ရာကျော်တို့က တစ်ဦးနှင့်တစ်ဦး လက်ဆင့်ကမ်းကြလျက် ဦးမြတ်ထွန်းတို့ လူစုကို အမွှေးနံ့သာရေများ ပက်ဖျန်း၍ သပြေညွန့်တခက်စီ ကမ်းလိုက်ကြ၏။

မဏ္ဍပ်အတွင်းသို့ ဦးမြတ်ထွန်းတို့ ရောက်လာကြသောအခါ တဘက်တွင်ကပ်လျက်ရှိသော မဏ္ဍပ်၌ ဦးဂေါင်းကြီး ဦးဂေါင်းလေးတို့လူစုများဖြစ်ကြသည်ဟုသိရ၏။

ကျိုက်ကာစင်းတိုက်ပွဲ ပြီးသည့်နောက် ဦးဂေါင်းကြီး ဦးဂေါင်းလေးတို့အဖွဲ့နှင့်တွေ့ဆုံ အကျွမ်းဝင်ကြရ၍ ကုလားဖြူတပ်တွေကို နှစ်ကြိမ်သုံးကြိမ်ပူးတွဲ တိုက်ခိုက်ဘူးခဲ့ကြသဖြင့် ရဲမက်အချင်းချင်း တစ်ဖက်နှင့်တဖက် အားလုံးသိကျွမ်းခင်မင်နေကြ၏။ ထို့ကြောင့်လည်း အလွန်ဝမ်းမြောက်လှစွာ မဏ္ဍပ်တခုမှတခုသို့ ကူးပြောင်း ပျော်ရွှင်နေကြ၏။ ဦးဂေါင်းကြီး ဦးဂေါင်းလေးတို့၏ ရဲမက်များအားအဝတ်သစ် ပုဆိုးသစ်

တွေနှင့် ပျော်၍ ...ကြွား၍ အသံကျယ်လောင်ကျယ်လောင် စကားပြော
ကြ၍...

"သဟာ ဘုရားပွဲတော်မဟုတ်ဘူး ...ငါ့လူရ၊ မြင်းခင်းစက်သွင်း
သဘင်ဆိုလား အဲသလိုခေါ်မယ် ..."

ရှေ့က ရောက်နှင့်ကြသည့် တောသားတို့က ...နောက်ကျရောက်
လာကြသည့် တောသားတို့ကို တောသားအချင်းချင်း မြင်းခင်းသဘင်
အကြောင်း မင်းတရားကြီးမဏ္ဍပ်၌မိန်းမတွေချည်း ရှိသည့်အကြောင်း၊
မင်းတြားကြီး ဥပုသ်ဆောင်ဝင်နေသဖြင့် မလာသောကြောင့် ကနောင်
အိမ်ရှေ့ကိုယ်တော်ကြီးက ဤပွဲကို ကြီးမှူးကျင်းပရသည့်အကြောင်း၊
ဤပွဲကို နှစ်စဉ်လုပ်မြဲဖြစ်သော်လည်း နှစ်အတော်ကြာကြာပြတ်နေ
ခဲ့ရာမှ ယခု ၁၂၁၅ ခု၊ ကနောင်အိမ်ရှေ့ကိုယ်တော်ကြီး လက်ထက်သို့
ရောက်မှ ကြီးကျယ်ခမ်းနားစွာကျင်းပပြုလုပ်နိုင်ကြောင်း၊ ရွှေမြို့တော်သူ
တွေ ဟန်အလွန်များကြောင်း၊ နန်းတွင်းသူတွေ စိတ်ပျက်ဖို့ကောင်း
အောင် ပျံလွန်းလှကြောင်း တစ်ယောက်တစ်ပေါက်ပြောကြ၏။

ပြောသူကအားပါးတရ ပြောသလောက် နားထောင်သူများက
လည်း အငေးသားနားထောင်ကြ၏။ နှင့်အတော်ကွဲသွားပြီ ဖြစ်သော
ကြောင့် မမြင်ဘူးမတွေ့ဘူးကြသော အဆင်အပြင် ထီးမှူနန်းဟန်
မင်းသားစိုးသား တွေအကြားသို့ ရောက်နေရကြောင်း သိလာကြ၏။
ထို့ကြောင့် အားလုံးလိုလိုပျော်နေကြ၏။

ထိုအထဲ၌ မပျော်သူတဦးသားရှိသည်။ ဆွေဆက်သည် ကနောင်



ကိုယ်တော်ကြီး၏ စကားတစ်ခွန်းကို ထပ်တလဲလဲ နားထဲ၌ ပဲ့တင်ထပ်
သကဲ့သို့ ကြားနေ၏။

"ကျုပ်တို့ရဲ့ ပွဲ့နင်းကြီးသမီးက ကျုပ်သမီးအဖြစ် အဆောင်
အယောင်နဲ့ မြို့စားရွာစားခန့်ထားပေမင့် မပျော်ဘူးတဲ့..."

ကနောင်ကိုယ်တော်ကြီး၏ ဤအမိန့်သံကြောင့် ဆွေဆက်၏
နှလုံးသား၌ ထူပိန်းစွာဖုံးနေခဲ့ရသောပြာသည်တစ်မှုန့်မကျန်လွင့်စင်
သွား၏။

ဆွေဆက်၏ နှလုံးသားသည် ခြစ်ခြစ်တောက် ပူလောင်လာ၏။
ဆွေဆက်၏ မျက်လုံးသည် ဤခမ်းနားသော ဆန်းကြယ်သော
လှပသစ်လွင်သောလူတွေ၊ မဏ္ဍပ်တွေ အဆင်အပြင်တွေကို တခုမှ
သတိမထားမိ။

ဆွေဆက်သတိပြုနေသည်ကား၊ လှူပ်ကနဲမြင်လိုက်ရသော သမီး
ကညာမှန်သမျှ မြရွက်များဖြစ်လေမလား... မြရွက်ဘယ်မှာပါလိမ့်၊
ယခုအချိန်၌...မြရွက်သည်မည်သို့များ ပြောင်းလဲနေလေပါလိမ့်...

မင်းသမီးကြီး ဖြစ်နေရသောကြောင့် မိမိကိုအသိမှုလုပ်ပါ့မလား၊
မိမိကို မြရွက်ကမှတ်မှမှတ်မိပါ့မလား၊

မိမိကကော မင်းသမီးကြီးဖြစ်နေရသည့် မြရွက်ကိုမြင်လျှင်
မှတ်မိပါဦးမလား၊ ဘာဘဲဖြစ်ဖြစ် မိမိကတော့နှလုံးထဲ အသဲထဲမှာ
စွဲလာခဲ့ရတဲ့ မြရွက်ကိုမှတ်မိမှာပါပါဘဲဟူသော အတွေးတွေပေါ်နေ၏။

ထို့ကြောင့် စည်တိုနက်သံ အခမ်းအနားဖွင့်သံ မြင်းခင်းတီးသံတို့ကိုပင် မကြားလိုက်မိ ...

လက်ဖွဲ့တော်အဘကြီးက "ထလေ..."ဟုပြောပြောဆိုဆို ဆွဲခေါ်မှ အိပ်မက်နေစဉ် လန့်နိုးလာသူကဲ့သို့ ယောင်တိယောင်ကန်း ထလိုက်၏။

ဦးမြတ်ထွန်းကိုယ်တိုင် မြင်းပေါ်သို့ရောက်နေနှင့်ပြီ၊ ဆွေဆက်သည် လက်ဖွဲ့တော်အဘကြီးအသင့်ဆွဲယူလာသော မိမိမြင်းနက်ကြီး ပေါ်သို့တက်၏။ ထို့နောက် အများနှင့်အတူပါသွား၏။

ကွင်းပြင်ကြီး၏ ပတ်ပတ်လည်ရှိ မဏ္ဍပ်တိုင်း၏ ရှေ့၌ အမရပူရ မြို့တော်သူ မြို့တော်သားတို့ တပြိုင်တည်း မတ်မတ်ရပ်လိုက်ကြ၏။ အုတ်အုတ်ကျက်ကျက်ဖြစ်လာကြ။ လှပစွာဖြန့်ကြက်ထားသော အရောင်ရှိသည့် ပိတ်အမိုးတို့မှ ဖောက်ထွင်းဝင်ရောက်လာသည့် နေခြည်သည် ကြည်သောအရောင်ဖြင့် အောက်၌ရှိသူတို့အပေါ်သို့ စီးယိုကျ၏။ ရွှေမြို့တော်သူ ရွှေမြို့တော်သားတို့သည် အကန့်အကန့် ရောင်စုံဟပ်နေသည့် အမိုးရိပ်အောက်မှ တစ်ယောက်နှင့်တယောက် အလှချင်းပြိုင်နေကြသလို အစွမ်းကုန် ဝတ်စားဆင်ယင် ရှင်ပျံနေကြ၏။

မြင်းစီးသူရဲကောင်းတို့သည် တက်လင့်သော နေရောင်ခြည်ကို မျက်နှာမူလျက် တောက်ပြောင်သည့် ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ စက်ကွင်းအနီး၌ ဆောက်လုပ်ထားသော မင်းစင်ရှိရာသို့ကန့်လန့်ဖြတ် အတန်းလိုက် အတန်းလိုက်ချီတက်လာကြ၏။



မင်းစင်ပေါ်၌မင်းတြားကြီး၏ နန်းမတော်ဆင်ဖြူမရှင် မိဖုရားကြီး၊ ကနောင်အိမ်ရှေ့ကိုယ်တော်ကြီး၊ အိမ်ရှေ့မိဖုရားအိမ်ရှေ့ ကိုယ်တော်ကြီး၏ ညီတော်နှမတော်နှင့် မွေးစားသမီးတော်တို့ ရှိကြ၏။

မြင်းစီးသူရဲကောင်းတို့သည် ပင်လယ်သောင်ပြင်၌ ရိုက်ခတ်တက်ရောက်လာသည့် လှိုင်းလုံးကလေးများကဲ့သို့ မင်းစင်ရှိရာသို့ အတန်းလိုက်အတန်းလိုက်ရောက်လာဦးညွှတ်ပြီး အတန်းမပျက် မိမိမူလနေရာသို့ ပြန်ကြ၏။

မင်းစင်ရှိရာသို့ လာရောက်ဦးညွှတ်ကြပုံခြင်း တစ်စုနှင့်တစ်စု မတူ၊ အချို့အစုက ဒုန်းစိုင်းလာလျက် မင်းစင်ရှိရာကို တညီတည်း ဦးညွှတ်ပြီး၊ မိမိနေရာသို့ တစ်ညီတည်း မြင်းကိုအလှစီး၍ပြန်၏။

အချို့ကအလှစီး၍လာပြီး ဒုန်းစိုင်း၍ပြန်၏။ အချို့က ဒုန်းစိုင်းစီးလာလျက်ဒုန်းစိုင်းပြန်၏။ အချို့က အလှစီးလာ၍ အလှစီးလျက် ပြန်၏။ အချို့က ဒုန်းစိုင်းလာ၍အလှစီးပြန်၏။

ဝိုင်းရံကြည့်နေကြသော မဏ္ဍပ်တို့အထဲမှ မင်းသားစိုးသား မှူးသား မတ်သားနှင့် အလှပြနေကြကုန်သော နန်းတော်သူ သမီးကညာ ရတနာများ အမရပူရရွှေမြို့တော်သူစသည်တို့သည် မိမိတို့နှစ်လိုသည့် အဖွဲ့ ချီတက်လာသည်နှင့် ပိုမိုတက်ကြွစွာ လက်ခုပ်ဩဘာပေးကြ၏။ တပ်ဖွဲ့အမည်ကိုလည်းကောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်း၏ နာမည်ကိုလည်းကောင်း၊ ခေါ်အော်ဟစ်ကြွေးလျက် ကောင်းချီးပေးကြ၏။

တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာနေကြသည့် အဖွဲ့များအနက် မင်းသားမတ်သား၊ မှူးသားများ ခေါင်းဆောင်ကြသည့် တောက်ပြောင်လှပကြွကြွ ချီလျက်ရှိသော နေပြည်တော် သူရဲကောင်းတပ်ဖွဲ့အားလုံးတို့၏နောက်မှ ဦးဂေါင်းကြီးတို့တပ်ကလိုက်ရ၏။

ဦးဂေါင်းကြီးတို့တပ်ဖွဲ့သည်လည်း ရောက်လာသည့်နေ့က စုတ်ပြတ်သည့်အဝတ်အဆင်တို့နှင့်ပင်ဖြစ်၏။ သို့သော် ...အထူးအထွေ ဓားရေးလှံစ အပြကောင်းသောကြောင့် အိမ်ရှေ့ကိုယ်တော်ကြီးက ဝတ်စုံများကို လဲလှယ် ဝတ်ဆင်ရန် ပေးသနားလိုက်သဖြင့် ယခုအခါ တောက်တောက်ပပ သစ်လွင်လာ၏။

ထို့ကြောင့် ကန့်လန့်ပြတ် အတန်းကြီး ခြောက်တန်း ပြုလျက် မင်းစင်ရှိရာသို့ မြင်းကို ဒုန်းစိုင်းဝင်လာကြသော ဦးဂေါင်းကြီးတို့တပ်ကို မြင်သည်နှင့် "မသိုးဝတ်လဲနှင့် တောကရဲမက်တွေ" ဟု ရွှေမြို့တော်သူတို့က ပြက်ရယ်ပြုကြ၏။ သို့သော်ဦးဂေါင်းကြီးတို့ မဏ္ဍပ်နှင့် ဦးမြတ်ထွန်းတို့ မဏ္ဍပ်ကမူ မိမိတို့အချင်းချင်းတစ်ကွင်းလုံးဟိန်းသွားအောင် ဝိုင်းဝန်းအားပေးကြ၏။

မင်းစင်ကို ဦးညွှတ်ပြီးသည်နှင့် မြင်းတန်းကြီး ခြောက်တန်းလုံး ကြိုးလိမ်သကဲ့သို့ နှစ်ကောင်တစ်တွဲဘယ်ညာပြောင်းလျက်၊ ဒုန်းစိုင်းပြန်လာကြသောအခါ သိက္ခာလုပ်နေကြသော ရွှေမြို့တော်သူ ရွှေမြို့တော်သားတို့ လက်ခုပ်သြဘာမပေးဘဲ မနေနိုင်ကြတော့ ...

နောက်ဆုံးပိတ်တပ်ဖွဲ့ဖြစ်သော ဦးမြတ်ထွန်းတို့ တပ်ဖွဲ့ဝင်လာကြ၏။ အရည်အတွက်လည်းများလှ၏။ မြင်းတွေကလည်း ချောလှ၏။ လူတွေ ကလည်း တောင့်လှ၏။ သို့သော် အဝတ်အဆင်က ဟောင်းရုံမက အမြှင်းအမြှးစုတ်လွန်း၏။ ဦးမြတ်ထွန်း၏ အစီအမံ အတိုင်း မြင်းတွေကို တစ်ညီတည်း အလှအကစီး၍ ဝင်လာကြ၏။



ရုပ်သေးမြင်းက, သကဲ့သို့ လက်တွေခြေတွေကို ကြွကြွရွရွ မြှောက် လျက်၊ မြင်းတွေအားလုံး တစ်ညီတည်း ဝင်လာကြခြင်းဖြစ်၏။ မြင်းပေါ်ရှိ လူတွေက မြင်းလှုပ်လေတိုင်း တစ်ညီတည်း ကိုယ်ကို ဘယ်ညာယိမ်းလျက်ပါလာကြ၏။ ရွှေမြို့တော်သူ ရွှေမြို့တော်သားတို့အဖို့ ရှေးဦးစွာငေး၏။ ထို့နောက်အံ့သြ၏။ ထို့နောက်တခဲနက် လက်ခုပ်သြဘာ ပေးကြ၏။ လူပုံတွေအမြင်ကြမ်းသလောက် ပြုလာပုံ အသွင်ဆန်းလှသဖြင့် လက်ခုပ်သံသည် တော်တော်နှင့်မစဲ......

အနအယဉ်ကြိုက်သော ရွှေမြို့တော်သူတို့က ပို၍သဘောကျ၏။ မင်းစင်၏ဝဲယာ၌ စိန်ဆိုင်းနှင့် မြဆိုင်းတို့ကတီးမှုတ်နေကြ၏၊

"...မြတ်ဆင်ရာ အောင်ချာရွှေနန်း မြန်းပျော်မြန်းပျော်...ရှင်ဧကြည်၊ ရာသီခါမည်သာသည်တည့် မြင်းခင်းပွဲ ...ဖြိုးဖြိုးကဲ...ဗိုလ်ပါသူရဲခါဘဏီအောင်၊ ချွေရွှေရံဆောင်..."

အဆိုနှင့်နဲတို့သည် ပတ်လုံးသံ ကြေးလုံးသံတို့ဖြင့် တွဲလျက် တလှည့်ဆီ ကျော့ခါ ကျော့ခါ တစ်ကွင်းလုံးကိုပျံ့လွင့်လာ၏။ ဤသန့်မာတောင့်ခိုင်သော လူကြမ်းကြီးတို့၏ မြင်းများသည် လူလိုပင် စည်းဝါးကိုနားလည်နေကြလေသလားဟု ထင်မှားရ၏။ ဤတောသားလူကြမ်းကြီးတို့ကလည်း သင်းတို့၏ ပုံပန်းရုပ်ရည်မျိုးနှင့် သင်းတို့၏

ကိုယ်ကြီးများကို နွဲ့ကာနွဲ့ကာပြုမူလာကြသည်မှာ မချင့်မရဲ အသဲယားစရာ ...

ရွှေမြို့တော်သူတို့၏ လက်ခုပ်သံမိုးပေါက်သည် အဆုံးမရှိဘဲ ကျော့ကာကျော့ကာထွက်ပေါ်ရှာစွ၏။ ထို့ကြောင့် အမရပူရ ရွှေမြို့တော်သားတို့ကကြာသော် ...မနာလိုဖြစ်ကြ၏။

"တော...ရှင်လောင်းထိန်းတွေက အကတော့တတ်ကြပါဘိ..."

ရွှေမြို့တော်သားတို့က ရွှေမြို့တော်သူများ ကြားလောက်အောင် တမင်ပြောလိုက်ကြခြင်းဖြစ်၏။ ထိုစဉ် ...ဦးမြတ်ထွန်းတို့အဖွဲ့သည် မင်းစင်ရှေ့သို့ရောက်လျက် အားလုံးတညီတည်း မြင်းပေါ်မှဆင်းလိုက်ကြ၏။ ထို့နောက်တစ်ညီတည်း ဒူးထောက်လိုက်ကြ၏။ ထိုစဉ် မြင်းတွေကလည်း လူတို့နှင့်တညီတည်း ရှေ့လက်နှစ်ချောင်းကို ထောက်လိုက်ကြ၏။ ထို့နောက် လူတို့က ဦးညွှတ်လိုက်ကြသည်နှင့် မြင်းတွေကပါ တစ်ပြိုင်တည်းဦးခေါင်းမြေသို့စ ်း၏။

လက်ခုပ်ဩဘာသံများ တစ်ကွင်းလုံး ညံသွားဆဲ၌ပင် လူအားလုံး မြင်းပေါ်သို့ တစ်ပြိုင်တည်းတက်လိုက်ကြသည်။ မြင်းရောလူရော ငြိမ်လျက် မင်းစင်ရှိရာသို့ ငေးမျှော်ကြည့်လိုက်ကြ၏။ နန်းမတော်ဆင်ဖြူမရှင်နှင့်တကွ အိမ်ရှေ့ကိုယ်တော်ကြီးအပါအဝင် မင်းစင်ပေါ်ရှိ လူအားလုံးတို့က အားပါးတရလက်မြှောက်ဧဝ့ရမ်းလျက် အားပေးကြ၏။ ထိုစဉ်မြင်းတပ်ကြီးတစ်တပ်လုံး တစ်ညီတည်း ပတာပ်ရပ်လိုက်၏။ မြင်းအားလုံးကိုတညီတည်း ဟီသံပြုစေပြီးမှ ရှေ့လက်နှစ်ချောင်းကို မြေသို့ကျစေ၏။



ကလေးငယ်ကဲ့သို့ မြူးထူးရွှင်ပျသော လ,နတ်သမီးသည် တိမ်ဥယျာဉ်အတွင်းမှ ချောင်းမြောင်းကြည့်ဘိသို့...မြရွက်၏ မျက်နှာသည် မင်းစင်၏တစ်နေရာမှ ဝင်းပစွာပေါ်လာ၏။

ဆွေဆက်သည် အခိုက်အတန့်အားဖြင့်ငေးမောနေမိရာမှအများနှင့်အတူ မြင်းကိုတုံ့လှည့်၏။ ထို့နောက်လူမလှုပ်စေပဲအသကျ (အသားကျ) ရွှရွမြန်မြန်စီးလျက် မိမိတို့ယူထားသည့်နေရာသို့ ပြန်ရောက်လာ၏။

"သူ ...မမြင်လိုက်ဘူး၊ သူ–မမြင်လိုက်သေးဘူး..."ဟု တွေးရင်း ကာလသားပေါက်ကလေးများကဲ့သို့ ဆွေဆက်၏ ရင်ထဲ၌ တဒိတ်ဒိတ် မြည်ခုန်နေ၏။

ခဏအတွင်း အိမ်ရှေ့ကိုယ်တော်ကြီးနှင့် နောက်ပါ ငါးယောက် ခန့် မြင်းကိုယ်စီနှင့်ရောက်လာ၏။ ရပ်နေသော မြင်းတပ်ဖွဲ့၏ရှေ့၌ လူးလာတုံ့ခေါက်ပြု၏။

"မောင်ရိုရဲ့ ချပ်မိန့်ညိုနဲ့ မောက်တို မောက်ရှည်တွေ ဒိုင်းတွေ လွှားတွေ အရောင်ပြောင်သလိုမောင်ရို့ရဲ့ ဓားရေးလှံရေးနဲ့ လူရေး လူစကိုလဲ ပြကြစမ်းပါဦး..."

အိမ်ရှေ့ကိုယ်တော်ကြီး၏ နောက်တော်ပါးမှ မြင်းစီးသူရဲကောင်း တို့က အိမ်ရှေ့ကိုယ်တော်ကြီး၏ မိန့်သံကိုမြင်းတပ်ဖွဲ့အားလုံးကကြား တယ်။ အိမ်ရှေ့ကိုယ်တော်ကြီး အမိန့်တော်ရှိနေစဉ် မြင်းတပ်ဖွဲ့ အားလုံးတို့ကိုကြည့်လျက် ပြုံးယောင်ယောင်ပြုနေကြ၏။ ထိုသူတို

အထဲ၌ တယောက်တည်းသောအမျိုးသမီး၏ မျက်နှာသည် အထင်းသား အဝင်းသားပေါ်လွင်လှ၏။

ဆွေဆက်သည် မိမိကိုမြင်လေမလား မြင်လေမလားဟု မိမိမျက်နှာကိုမြင်စေရန်ခါးဆန့်လျက် မင်းသမီးကြီးမြရွက်၏ မျက်နှာကို တမော့မော့ကြည့်၏။ ပြုံးနေသောမြရွက်သည်ဆွေဆက်ကို ခွဲခြား၍လည်း မမြင်၊ ခွဲခြားမြင်ရအောင်လည်း ရှာဖွေကြည့်ရှုပုံမရ၊ အားလုံးနှင့် တသားတည်းတပြားတည်းပြု၍ကြည့်၏။

လှပသောအပြုံးကို အားလုံးနှင့်အတူ တညီတည်းပေးရက်လေအားသည့် မင်းသမီးကြီး မြရွက်သည် မိမိအား မေ့လေပြီကော...ဟု ဆွေဆက်၏ရင်၌ ဟာတိဟာတာ ဖြစ်လာရ၏။ ထိုစဉ် စိန်ဆိုင်းမြဆိုင်းတို့က တီးလုံးတီးချက်တို့ကိုပြောင်းလိုက်သည်။

အိမ်ရှေ့ကိုယ်တော်ကြီးနှင့် နောက်ပါငါးယောက်တို့သည် စက်ဝန်းတိုင်များရှိရာသို့ မြင်းဦးလှည့်လိုက်ကြ၏။ မြင်းခင်းသဘင်ကွင်း၏ လက်ျာဖက်၌ အဲမောင်းလှံပျံလွှတ်ရန် စက်ဝန်းတိုင်များရှိ၏။ ထိုစက်ဝန်းတိုင်တို့၌အမြင့်အတောင် '၂၅' ရှိသောတိုင်၌ တပ်ဆင်ထားသည့် စက်ဝန်းတစ်မျိုး အမြင့်အတောင် '၄၀' ရှိသောတိုင်၌ တပ်ဆင်ထားသည့် စက်ဝန်းတစ်မျိုး အမြင့်အတောင်'၆၀' ရှိသောတိုင်၌တပ်ဆင်ထားသည့် စက်ဝန်းတစ်မျိုး၊ ပေါင်း သုံးမျိုးသုံးစားသောတိုင်များရှိ၏။ ထိုတိုင်တို့သည် မြင်းခင်းသဘင်ကွင်း၏ အရှေ့ယွန်းယွန်းဖက်၌ရှိသောကြောင့်၊ နံနက်ခင်းစက်သွင်းသူများသည်နေကို မျက်နှာမူလျက် ခက်ခဲစွာစက်သွင်းကြရ၏။ ■



သို့သော် အိမ်ရှေ့ကိုယ်တော်ကြီးကိုယ်တိုင် အချက်ပြလိုက်သည်နှင့် တစ်ဦးတည်း မြင်းကိုအလှစီး၍ ထွက်သွားသူကား၊ မြရွက်ဖြစ်၏ တောင်ဖက်မြောက်ဖက်ရှိမဏ္ဍပ်တို့အတွင်းမှ အိမ်ရှေ့သမီးတော်.. "ပဘာဝတီ" ဟူသော အသံကြီးသည် တစ်ကွင်းလုံးဟိန်းလျက် ထွက်ပေါ်လာ၏။

မြင်းတော်ခံသည် အိမ်ရှေ့ကိုယ်တော်ကြီး၏ လက်ျာဘက်ဘေးတွင် အရိုးအရှည် ငါးတောင်ခန့်ရှိလျက် အဖျားတွင်လှပသည့် ပန်းဖွားနီကြီး တပ်ဆင်ထားသော လှံကိုကိုင်၍စောင့်၏။

မြရွက်သည်ကွင်းကို တစ်ပတ်ပတ်လျက် အကွေ့အဝန်းညီစွာ အသကျ (အသားကျ) အလှစီးလာပြီးနောက်မြင်းတော်ခံ၏ လက်ထဲမှ လှံကိုအစီးအသွားမပျက် ဆွဲယူလိုက်သည်နှင့် တစ်ကွင်းလုံးကောင်းချီးသြဘာသံများဟိန်းလာ၏။

ထိုစဉ် မြင်းသည်စက်ဝန်းတိုင်ရှိရာသို့ လွှတ်လိုက်သည့် မြားကဲ့သို့ တစ်ရှိန်ထိုးပြေး၏။ ကြည့်နေစဉ်၌ပင် မြရွက်၏ လက်မှ လှံတံသည် မြင်းဦးတည်ရာသို့ တန်းကနဲရှေ့မှ ထွက်သွားပြီးနောက် အတောင် ၂၅ မြင့်သည့် စက်ဝန်းအနီးသို့ ရောက်ကာမှ မျက်စေ့ပါသူကဲ့သို့ အထက်ကို ယွန်းမော့လျက် စက်ဝန်း၏အလယ်တည့်တည့်၌စွဲ၏၊

လက်ခုပ်သြဘာသံတို့ကား ...တစ်ကွင်းလုံး ဖိတ်လျှံလျက် ကောင်းကင်သို့ ပြန့်တက်သွား၏။ မြရွက်သည် မြင်းဇက်မသတ်ပဲ ကွင်းကိုပတ်လျက် အိမ်ရှေ့ကိုယ်တော်ကြီး၏ ရှေ့သို့ရပ်လာပြီးနှ ဦးညွှတ်၍မိမိနေရာသို့ဝင်၏။

အိမ်ရှေ့ကိုယ်တော်ကြီး၏ လက်စွဲတော်သည် မြွေဆက်ကို အပြီးဖြင့်ကြိုရာ မြွေဆက်ကလည်း မြူးရွှင်ဝမ်းမြောက်ဟန်ဖြင့် တုံ့ပြန်၏။ ဤတွင်လက်စွဲတော်သည် မြင်းကိုတက်ကြွစွာ နှင်ထွက်လိုက်ပြီးနောက်...အတောင် ၄၀ ရှိ စက်ကိုလုံတံစွဲစေပြီး မြွေဆက်၏ဘေး၌ မြင်းချင်းယှဉ်၍ရပ်၏။ ထို့နောက်အချင်းချင်းပြုံးရွှင်စွာကြည့်ကြပြန်၏။

ဆွေဆက်သည် အိမ်ရှေ့ကိုယ်တော်ကြီးကိုယ်တိုင် အတောင် (ခြောက်ဆယ် ရှိသည့်) စက်ဝိုင်းသို့လုံစွဲအောင် လွှတ်လိုက်သည်ကိုမျှ မမြင်မသိလိုက်တော့၊ အထပ်ထပ်မရပ်မနား ဆက်ကာဆက်ကာ ပေးလိုက်ကြသောချီးကျူးလက်ခုပ်သံတို့အကြား၌အိမ်ရှေ့ကိုယ်တော်ကြီးနှင့် နောက်တော်ပါ တို့မင်းစင်ရှိရာသို့ မြင်းစိုင်းသွားကြမှ အိပ်ရာမှနိုးသူကဲ့သို့သတိရ၏။

ဒီနေ့အဖို့ မည်သူတွေမည်သို့ အစွမ်းပြနေကြသည်ကို ဆွေဆက်ဘာမျှမမှတ်မိ၊ ဆွေဆက်ကြည့်နေသည်ကား ...မင်းစင်ပေါ်၌ ခမ်းနားကြီးကျယ်စွာ အဆောင်အယောင်အခြွေအရံတို့နှင့် တင့်တင့်တယ်တယ် ထိုင်နေလေပြီဖြစ်သော မင်းသမီးကြီးမမြွေဆက်...

ထိုမင်းသမီးကြီး၏ နောက်ဖက်ခပ်လှမ်းလှမ်းက တောက်ပသစ်လွင်သော အဆင်အသွင် ပြုံးရွှင်သောမျက်နှာပေးဖြင့် အပြေးအလွှားဝတ္တရားကျေပွန်လွန်းနေသော အိမ်ရှေ့ကိုယ်တော်ကြီး၏ လက်စွဲကိုယ်ရံ လူပျိုတော်သား ...

မျက်စိရှေ့၌မြင်းတို့သည်ပြေးနေ၏။ နားနှစ်ဖက်၌ တစ်ခဲနက်



သော ကောင်းကြီးသံတို့သည်ဝင်ရောက်လာကြ၏။ သို့သော် ထိုအရာတို့သည် ဆွေဆက်၏ဦးနှောက်က ခံယူလွှတ်နေသောကြောင့် ကြားရမြင်ရသော်လည်း ဆွေဆက်၏ နှလုံးသား၌ တစ်ခုမျှ စွဲထင်ခြင်းမရှိ။

ဆွေဆက်၏ နှလုံးသားသည် ပျက်ပြုန်းကျေမွနေဟန်တူ၏ ဆွေဆက်၏ရင်၌ ခံစားရနိုင်စကောင်းသည့် နှလုံးသားရှိအံ့မထင်..........

ဆွေဆက်သည် အသက်ကင်းမဲ့သူကဲ့သို့ ပြူးကြောင်ကြောင်ကြည့်၏။ ဆွေဆက်၏မျက်နှာ၌ ဝမ်းနည်းမှု၊ ဝမ်းသာမှု၊ ရယ်မောပြုံးရွှင်မှုမရှိ၊ ခံစားမှုအသွင်အပြင်ကင်း၏။

ဆွေဆက်၏ မျက်စေ့၊ နားတို့မှဝင်လာသမျှကုန်သော အာရုံတို့သည် ဆွေဆက်၏ကျွမ်းမြည့်ပျောက်ဆုံးနေသော နှလုံးသားနေရာကိုကျော်ဖြတ်လျက် ဟင်းလင်းပွင့်သော ရင်မှအပြင်သို့ ထွက်ကျကုန်ဟန်ရှိ၏။ ဆွေဆက်၏ မျက်လုံးသည်အပြူးသား အပွင့်သားဖြင့် ဘာမျှမမြင်ရသလိုငေးငိုင်၏။

"ထွက်လေ..."ဟူသည့်အသံကို ကြားလိုက်ရသောကြောင့် ဆွေဆက် သည် မြင်းကိုဒုန်းစိုင်းလျက်ထွက်သွား၏။ ဆွေဆက်၏ မြင်းတိမ်ပျံသည် မိုးတိမ်ကိုပျံမည့်နှယ် ကွင်းကိုပတ်လျက် ဒုန်းစိုင်းနေ၏။

တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်၊ လေးပတ်၊ ငါးပတ်

ဆွေဆက်၏နားထဲ၌ ရယ်သံတွေဝင်လာ၏။ တစ်ကွင်းလုံး

အုန်းအုန်းကျွက်ကျွက်ညံအောင် လှောင်ပြောင်သရော်နေကြ၏။ သို့သော် ဆွေဆက်သည်တစ်ခုမျှမသိ၊ မိမိနှင့်မဆိုင်သလို မြင်းကို ဒုန်းစိုင်းလျက် ကွင်းကိုပတ်မြဲပတ်၏။ မကြာမီမြင်းတစ်စီး မိမိနှင့် ယှဉ်လျက်ပါလာ၊

"လူလေး ...လူလေး...လူလေး ...ဘာပြုနေတာတုံး၊ စက်သွင်းရမယ်လေ..."

လက်ဖော့တော်အဘကြီး၏အသံဟု အမှတ်ထားမိ၏။ ထို့နောက် အဲမောင်းလုံတံဖြင့် မိမိစက်ပစ်ရမည်ဟု သတိပြုမိ၏။ ရှေ့၌ အသင့်ရပ်နေသော လူတစ်စုံတစ်ယောက်၏ လက်ထဲမှ လုံကိုစွဲယူလျက် အမြင့်ဆုံးစက်ဝန်းသို့ ပစ်ထိုးလိုက်၏။

စက်ပစ်သူတို့သည် စက်ဝန်းသို့လုံစွဲသည်နှင့် မိမိပစ်သော လုံကိုစွဲ နေပြီဖြစ်ကြောင်း သိစေရန် ကွင်းကိုပတ်၍ မြင်းအလုစီးပြရ၏။ ထိုစဉ်...မင်းဆွေ၊ မင်းသား၊ မှူးမတ်များ၏ သမီးကညာရတနာတို့နှင့် နန်းတော်သူများက မိမိတို့ခေါင်း၌ စိုက်ထားသည့် ပန်းများဖြင့် ပစ်ပေါက် ကောင်းချီးပေးကြရ၏။ စက်သွင်းသူသည် မြင်းပေါ်မှနေ၍ ဖမ်းမိသမျှပန်း တို့ကို နား၌ပန်ဆင်ကြွားဝါကြ၏။ ထိုအချိန်တွင် စက်ဝိုင်းစောင့်တို့သည် စက်ဝန်းတိုင်၌ အသင့်ရှိသောကြိုးကို လှုပ်ရမ်း၍ လုံကိုစက်ဝန်းမှ ဖြုတ်ချကြရ၏။

ထိုသို့ စက်ဝန်းရှိလုံကို ဖြုတ်ချရန် အချိန်ပေးပြီးမှ နောက်တစ်ကြိမ်စက်ဝန်း၌ လုံစိုက်အောင် ပစ်ကြရခြင်းမှာအစဉ်အလာ တစ်ခုကဲ့သို့ ဖြစ်နေ၏။ သို့မဟုတ်က အဝန်းအဝိုင်းကျဉ်းမြောင်းလှသော စက်ဝန်း၌



စိုက်နေသည့် လုံတံက ရှုပ်နေသောကြောင့် နောက်တစ်ကြိမ်လုံစိုက်ထိုးရန်မလွယ်ကူ ...

သို့သော် ဆွေဆက်ကား ထိုသို့မဟုတ် သံပတ်ပေးထားသည့် စက်ရုပ်ကဲ့သို့ အသိကင်းစွာလှုပ်ရှားနေ၏။ အရပ်အနားမရှိ။ မြင်းကို တစ်ပတ်ပြီးတစ်ပတ်ပတ်၏။ အသင့်စောင့်ပေးနေသမျှ လုံကိုဆွဲလျက် တစ်ချောင်းပြီးတစ်ချောင်းပစ်စိုက်၏။ အတောင်ခြောက်ဆယ် မြင့်သော စက်ဝန်းအလယ်တည့်တည့်ရှိ အနီဝန်းတစ်ခုလုံးစိုက်သောလုံများဖြင့် ပိတ်စေ၏။

ကောင်းချီးပေးသံများသည် ရပ်နားခြင်းမရှိ တစ်ဆက်တည်း မြည်ဟည်းနေ၏။

"လူလေး ...လူလေး ...မောင်ဆွေဆက် မင်းကို ကောင်းချီးပေးနေကြတယ်လေ...။ နားပြီးမဏ္ဍပ်ရှေ့ကို ခပ်ဖြည်းဖြည်း တစ်ပတ်လောက် ပတ်လိုက်ဦး..."

အတူယှဉ်လိုက်လာသော မြင်းပေါ်မှ လက်ဖော့တော်ကြီးက ပြောလိုက်ခြင်းဖြစ်၏။ ဆွေဆက်သည် လက်ဖော့တော်ကြီးကိုမျှ လှည့်၍ မကြည့်ဘဲ ပြောသည့်အတိုင်း မြင်းကို အပြေးလျှော့လိုက်၏။

နန်းတွင်းသူအပျိုတို့၏ ဦးခေါင်းမှ၊ သဇင်နှင့်တကွသော တော်ဝင်ပန်းတို့သည် ဆွေဆက်၏မြင်းပေါ်သို့ပန်းမိုးရွာဘိသို့ကျ၏။ သို့သော် ...ဆွေဆက်က တစ်ပွင့်တလေမျှမဖမ်း...

ရှင်လန်းလှပသော အမရပူရရွှေမြို့တော်သူတို့၏ ပြုံးသောမျက်နှာ

ကြည်သောမျက်လုံးတို့ကို မြင်ရသော်လည်း ...တုံ့ပြန် ပြုံးရယ်မှုမပြု၊ ကျေးဇူးတင်မှုမပြ...၊တည်ငြိမ်သော အသိကင်းသည့် မျက်နှာဖြင့်သာ မဏ္ဍပ်တစ်ခုပြီးတစ်ခု လွန်လာခဲ့၏။

မင်းစင်ရှေ့သို့ရောက်သည်နှင့် နန်းမတော်မိဖုရားကြီး ဆင်ဖြူမရှင်က ပခုံး၌တင်သော ပုဝါကိုပစ်ပေး၏။

"ငါ့ကျွန်စွမ်းပေသည်၊ တစ်ခုခုပြုပြစမ်းပါဦး..."

ဆွေဆက်သည် မင်းစင်တစ်ခုလုံးကို အသက်ကင်းမဲ့သူကဲ့သို့ ငေးကြည့်၏။ မြရွက်သည် ပျော်ရွှင်မှုအပြည့်ဖြင့် ဝမ်းမြောက်ရွှင်ပြစွာ မိမိအားတုံ့ပြန်ကြည့်နေသော်လည်း ယခင်ကရင်းနှီး ချစ်ခင်ခဲ့ကြဘူးသည့် မျက်နှာမျိုးကိုမပြ၊ ဣန္ဒြေသိက္ခာနှင့် ဝင့်ဝါလှသော အသွင်အပြင်ကိုဆောင်၏။

ဤတွင် နာကျည်းမှုနှင့်အတူ အိပ်ရာမှ လှုပ်နှိုးခြင်း ခံလိုက်ရဘိသို့ အားလုံးသတိတရ ဖြစ်လာ၏။ ထိုနောက် ဆင်ဖြူမရှင်ပေးသနားသည့် ပုဝါကို ရင်၌စီးလျက် အတောင် ခြောက်ဆယ်မြင့် စက်ဝန်းကို လှံဖြင့် ပစ်စိုက်၏။ ထို့နောက် မြင်းကို ကွင်းတပတ်ခန့် စိုင်းလျက် စက်ဝန်းတိုင်မှကြိုးကို လှုပ်ပြီးလျှင် မြင်းအစိုင်းမပျက် ကျလာသော လှံကို ဖမ်း၍ ဆင်ဖြူမရှင် ရှိရာသို့ သွားရောက်ဦးညွှတ်၏။

တစ်ကွင်းလုံး ဩဘာသံတွေလျှံတက်လာ၏။ ဆွေဆက်၏ဝမ်းထဲက တစ်ခုပြီးတစ်ခု မောသွားအောင်ပြုလုပ်ပြချင်နေ၏။ ထိုသို့ပြုလုပ် ပြလိုခြင်းသည်လည်း တစ်ခုတစ်ခုကိုအငြိုးနှင့် ပြုလုပ်ပြလို



ခြင်းဖြစ်၏။ ထိုအငြိုးကား မိမိရင်၌ဖြစ်ပေါ်စွဲမက်မိခဲ့သောအချစ်။ ဆွေဆက်သည် အိမ်ရှေ့ကိုယ်တော်ကြီးပစ်ပေးသည့် ရင်စည်းပုဝါကို သိမ်းယူလိုက်ပြီးနောက် ကွင်းတစ်ပတ်ပတ်ပြီးနောက်ထပ် လှံတစ်ချောင်းဆွဲယူလာ၏။

ဆွေဆက်၏ဟန်ပန်သည် ယခုမှအသက်ဝင်လာ၏။ ဆွေဆက်၏ မျက်လုံးများသည် ယခုမှအရောင်တောက်လာ၏။ ဆွေဆက်သည် အတောင်ခြောက်ဆယ် စက်ဝန်းကို နောက်တစ်ကြိမ် လှံစွဲစေပြီးနောက် ကွင်းကို တစ်တပတ်ပတ်ပြီးသည်နှင့် လက်၌ကျန်နေသေးသည့် လှံဖြင့်စက်ဝန်း၌စွဲသည့်လှံကိုပစ်ခတ်ပြုတ်စေ၏။ ထို့နောက် ယခင်နည်း ကွင်းတစ်ပတ်ခန့် မြင်းကိုစိုင်းပတ်ပြီးနောက် မြင်းအစိုင်းမရပ်ပဲ ပြုတ်ကျလာသည့် လှံနှစ်ချောင်းကို ဖမ်းယူပြီးလျှင် မင်းစင်ရှေ့သို့ သွားရောက်ရပ်၏။

ချီးကျူးသံတွေ မစဲမီပင် သမီးတော် ဘာဝတီခေါ် မြရွက်က အိမ်ရှေ့ကိုယ်တော်ကြီး၏ ကိုယ်ရံလက်စွဲတော်ရှိရာသို့ အဓိပ္ပာယ်ပါပါ မျက်လုံးနှင့် စောင်းငဲ့ကြည့်၏။ ထို့နောက် နှစ်ယောက်သား ခေါင်းညိတ် လည်ညိတ် ပြုကြပြီးနောက် ပခုံးထက်ရှိ ပုဝါကို ဆွေဆက်ရှိရာသို့ ပစ်ချပေး၏။

ရင်နင့်နေသော ဆွေဆက်သည် ကျလာသည့် ပုဝါကို မဖမ်းမယူဘဲ မြေသို့ကျစေပြီးမှ လှံဖြင့်ထိုးကောက်၏။ ထို့နောက် မိမိရင်၌ မစီးမနှောင်ပဲ မိမိစီးသော မြင်း၏လည်သို့ စည်းနှောင်ပေး၏။

ကနောင်ကိုယ်တော်ကြီးသည် ဆွေဆက်၏ ယောက်ျားပီသသော ထီ,မထင်သည့် အပြုအမူကို လွန်စွာနှစ်သက်၏။

“ယောက်ျားဟူသည် ရွယ်တူအမျိုးသမီးတို့က မြှောက်ပင့်ချီးကျူးကြတိုင်း ကျေနပ်ဝမ်းမြောက်ရမည်လော...”

မြရွက်ကမူ ထိုသို့မတွေး မိမိပစ်ပေးသည့် ပုဝါကိုမြေသို့ကျစေပြီးမှ လှံဖြင့်ထိုးကောက်လိုက်ခြင်းအတွက် စိတ်၌ထင့်ကနဲဖြစ်၏။ သူ ဘာအဓိပ္ပာယ်နှင့် ဤသို့ပြုမူရတာလဲဟု တွေးရင်း ဆွေစက်၏ မျက်နှာကို စိမ်းစိမ်းကြည့်မိ၏။ ထို့နောက်မှ ဣန္ဒြေဆည်လျက် ဘေးပတ်လည်သို့လှည့်ပြုံး၏။ ထိုစဉ်ဆွေဆက်သည် မြင်းကို ဒုန်းစိုင်းထွက်သွား၏။

ယောက်ျားပီပီ သံချိဝင့်ကြွားသော ကျားဆိုမှကျားသည့် အာဂသူရဲကောင်းတစ်ဦးဟု တစ်ကွင်းလုံးကအသိအမှတ်ပြုထားကြသောကြောင့် ဆွေဆက်ကွင်းလည်သို့ ထွက်လာသည်နှင့် ဩဘာသံများ ဆူညံလာ၏။

ရွှေမြို့တော်သူတို့၏ နှုတ်မှ မလေးတို့မောင်၊ ပျိုတို့မောင်ကြီး၊ ပျို့ဦးရင်၊ ပျို့ကိုရင်၊ ပျို့သူရဲကောင်း ဟူသော အသံစာစာကလေးများ ကွင်းလုံးညံလာ၏။

ထိုစဉ်ဆွေဆက်သည် အတောင်ခြောက်ဆယ် စက်ဝန်းကို ယာလက်ဖြင့် ဗဟိုချက်ရှိရာသို့လှံစွဲစေလျက် ဝဲလက်မှလှံဖြင့် စွဲသော လှံကိုပစ်ခတ်ပြုတ်ကျစေ၏။



လှံနှစ်ချောင်းသည်အတူယှဉ်လျက်အသွားဦးစိုက်ကျ၏။ဆွေဆက်
သည်ကျလာသည့်လှံနှစ်စင်းအနက်လှံတစ်စင်းကိုရင်ဝဖြင့်လည်းကောင်း၊
ကျန်သောလှံတစ်စင်းကို ဖွင့်ထားသည့် ပါးစပ်ဖြင့်လည်းကောင်း
မြင်းထက်မှ မော့၍ ခံ၏။

“လူလေး” ဟုအော်လိုက်သော လက်ဇော့တော်ကြီး၏ စိုးရိမ်သံ
နှင့်အတူ မဏ္ဍပ်တွေရှေ့၌ ထိုင်ရှိနေသမျှလူအားလုံး ‘ဝုန်းကနဲ’
မတ်မတ်ရပ်၏။

လှံတစ်ချောင်းသည်ဆွေဆက်၏ရင်ဘတ်၌လည်းကောင်း၊ ကျ
တစ်ချောင်းသည် ဆွေဆက်၏ ပါးစပ်၌လည်းကောင်း၊ တည့်တည့်မ
မတ် စိုက်ထောင်နေ၏။

ရွှေမြို့တော်သူတို့၏ ရူးရူးဝါးဝါး အော်ဟစ်လိုက်သံသ
တစ်ကွင်းလုံးပုံးလွှမ်းသွား၏။ မြရွက်သည် တုန်လှုပ်သော ကိုယ်လ
တုန်လှုပ်သော နှုတ်ခမ်းတို့နှင့် ဆွေဆက်ရှိရာသို့ စိတ်ဇောကြီး
ကြည့်၏။

ဆွေဆက်သည်ရင်ဘတ်ထက်၌ ကပ်တင်ထားသည့် ယာလ
တွင် ဆုပ်ထားသောလှံသွားကိုဘေးသို့တိမ်းပြလိုက်ပြီး ပါးစ
ကိုက်ထားသည့်လှံသွားကို ဝဲလက်ဖြင့် ဆွဲယူပြလိုက်၏။ ထို့နော
လှံတစ်စင်းကို အသွားမြုပ်အောင် စက်သို့ပြန်ပစ်၏။ ကျန်ေ
လှံတစ်စင်းကို မင်းစင် ရှေ့သို့ ယူလာပြီးနောက် အသွားမြုပ်အေ
မြေသို့စိုက်၏။

တိတ်ဆိတ် အုံ့အားသင့်နေကြသော မင်းပရိသတ်ကြီးသည် ယခုမှသတိရလာကြလျက် မပြီးဆုံးနိုင်သော ကောင်းချီးသံတို့ဖြင့် အဆက်မပြတ်ကောင်းချီးလက်ခုပ်ပေး၏။

ထိုနေ့ပွဲကား ဆွေဆက်၏ပွဲပင် ဖြစ်တော့သည်။ ခပ်စောစော ပိုင်းက မူ ဤမင်းပရိသတ်တို့အကြား၌ "ဦးမြတ်ထွန်းက သာသည်၊ ဦးဂေါင်းကြီး ကသာသည် တောသားတွေ လူစွမ်းကိုယ်စရှိကြ၏" ဟု ...မြို့တော်သူ မြို့တော်သားတို့ကပြောကြ၏။ ယခုနောက်ပိုင်း၌ မူကား...

"မောင်ကြီးဆွေဆက်..."ဟူသော အသံတို့က ဖုံးလွှမ်းလာ၏။ ယောကျ်ားတို့ကပင် နန်းတွင်းသူနှင့် ရွှေမြို့တော်သူ၏ လေသံကို လိုက်လျက် "မောင်ကြီးဆွေဆက်"ဟု ချစ်စနိုးပြောင်လှောင် **ခေါ်**ဝေါ် ကြ၏။

ပွဲအပြီး ဆွေဆက်သည် နန်းမတော် ဆင်ဖြူမရှင် မိဖုရားကြီး၏ ပုဝါသုံးဆင့်ရ၏။ အိမ်ရှေ့ကိုယ်တော်ကြီး၏ ပုဝါသုံးဆင့်ရ၏။ ကနောင်အိမ်ရှေ့ကိုယ်တော်ကြီး ကိုယ်တိုင် လက်ကမ်း၍ မြင်းပေါ်မှ ချပေးခြင်းခံရ၏။ နန်းတော်သူနှင့် ရွှေမြို့တော်သူတို့ကိုယ်တိုင် မိမိတို့ ခေါင်းမှပန်းကို ဆွေဆက်နားသို့ လက်ရောက်ပန်ပေးကြ၏။ ဆွေဆက်၏ လက်မောင်းလက်ရုံးတို့ကို တယုတယကိုင်တွယ် ပွတ်သပ် ကြည့်ကြ၏။

"ချပ်မိန်ညို၊ မောက်တိုမောက်ရှည်၊ ပြောင်ပြောင်လက်လက်တွေ ဝတ်ဆင်ထားတိုင်း သူ့ရဲကောင်းမဟုတ်၊ . သူရဲကောင်းဟူသည်



ဟောသည် လုလင်ကိုနင်ရှိကြည့်ထားကြ...သည်လုလင်သည် ရန်သ
ကင်းသောသည်လိုပွဲမျိုး၌သာ သူရဲကောင်းဖြစ်သည်မဟုတ် အောင
အကြေက ကုလားဖြူတွေကိုလည်း အနိုင်မခံအရှုံးမပေးပဲ ဖိန့်ဖိ
တုန်အောင် သူရဲကောင်းလုပ်လာခဲ့သကော..."

အိမ်ရှေ့ကိုယ်တော်ကြီး၏ မြှောက်စားသည့် အမိန့်ကြော
ဆွေဆက်သည်တခဏချင်း အမရပူရနေပြည်တော်၌ကျော်စောထင်ရှ
လာရ၏။ သို့သော်ဆွေဆက်၏ မျက်လုံးကား...ဆင်ဖြူမရှင်
နောက်ပါးမှ ခြွေရံသင်းပင်းတို့နှင့်အတူ မိမိကိုမသိသကဲ့သို့ ပါသွ
နေပြီဖြစ်သော ပဘာဝတီဘွဲ့ခံ ရှင်မြရွက်ကိုသာငေးမျှော်နေ
သောကြောင့် အိမ်ရှေ့ကိုယ်တော်ကြီး မိန့်တော်မူသည့်စကားကို
နားမလည်လိုက်...

* * *

နောက်တစ်နေ့နံနက်စောစောဌ် ဆွေဆက်သည်လူသူ အနည်းငယ်နှင့်အတူ အမရပူရ ရွှေမြို့တော်ကြီးကိုကျောပေးလျက် အောက်ပြည်အောက်ရွာသို့ ထွက်ခွာလာခဲ့၏။

မှိုင်းပျသော နှင်းမှုန်တို့အကြားဌ် ရွှေမြို့တော်သည် တဖြည်းဖြည်းဝေးကွာကျန်ခဲ့၏။

ဤနေပြည်တော်ဌ် ရွှေထီးရွှေနန်း ရွှေကြငှန်းရှိ၏။ ဤနေပြည်တော်ဌ် မြန်မာမင်းတို့ စိုးစံဆဲဖြစ်၏။ ဤနေပြည်တော်၌ မိမိကိုသူရဲကောင်းဟု သတ်မှတ်ကြ၏။ ဤနေပြည်တော်သူတို့သည် မိမိအား မောင်ကြီးဆွေဆက်ဟုချီးကျူးထောမနာပြုကြ၏။ ဤနေပြည်တော်တွင် မိမိဌ်ရန်သူမရှိ မြှောက်စားသူသာရှိ၏။ သို့သော်.. ဤနေပြည်တော်ဌ် မိမိနေမဖြစ်...

ဤနေပြည်တော်၌ အရာအထောင်သော သမီးကညာတို့သည် မိမိကို ချစ်ခင်ချီးကျူးနေကြလင့်ကစား တစ်ယောက်သော ချစ်သူသည် မိမိအားကျောခိုင်းနေလေပြီ။ ထို့ကြောင့် ...ဤနေပြည်တော်တွင် မိမိအားလျစ်လျူပြုသောချစ်သူကို နေ့စဉ်နှင့်အမျှ မြင်နေရလိမ့်မည် ဖြစ်၏။ ထိုသို့မြင်ရခြင်း ကြောင့် မိမိသည် ပူလောင်သော နှလုံးသားကို အမြဲတစေရင်၌မွေ့ထားရပေလိမ့်မည်။

အကြေအရပ်၌ မြန်မာတို့၏ ရွှေထီးရွှေနန်း ရွှေကြငှန်းတို့မရှိ၊ ထီးရိပ်နန်းရိပ်သုဉ်း၏။ မြန်မာတွေ တစ်ပြုံလုံး ကုလားဖြူကျွန်ဖြစ်ကုန်ကြရ၏။ မိမိအားရန်သူတို့ အမြဲဝိုင်းရံနေ၏။ သူပုန်လူဆိုးအဖြစ် အစွပ်အစွဲခံရ၏။ အမြဲတစေအသက်အန္တရာယ်ရှိ၏။ ကုလားဖြူတွေနှင့် သူသေငါသေ တိုက်ခိုက်ရန် အခါမလပ်တာစူနေရ၏။ သို့သော် ... ဤအကြေအရပ်၌ မိမိအားလျစ်လျူပြုနေသော ချစ်သူကိုမမြင်ရ၊ ထို့ကြောင့် မိမိ၏နှလုံးသားသည် ပူလောင်ခြင်းမှသက်သာ၏။ မိမိသည် ရွှေထီးရွှေနန်းရိပ်နှင့် ထိုက်တန်သူမဟုတ်၊ ကုလားဖြူ တို့နှင့် တိုက်ခိုက်ရန် အကြေအရပ်နှင့် ထိုက်တန်သူဖြစ်၏။ ရွံ့နွံစူးညှောင့် ခလုတ်ကန်သင်း တို့နှင့်သာ ထိုက်တန်သူဖြစ်၏။ မိမိထိုက်တန်ရာသို့သာ မိမိသွားတော့အံ့ ...မြင်းနက်ကြီးရှေ့ဆောင်သော လက်နက်ကိုင် မြင်းစီးယောက်ျားချည်းဖြစ်ကြသည့် မြင်းအုပ်စုတစ်စုသည် နေဝင်ရီးရီ အချိန်သဘာသာ၌ နယ်ခြားကျောက်တိုင်အနီးသို့ ရောက်လာ၏။

ထိုမြင်းအုပ်၏ ရှေ့မှ လူတစ်စု ဖြုံးကနဲပေါ်လာကြသည်။

"ဟေ့ ...ဘယ်သူတွေလဲ .....နယ်ခြားကိုမဖြတ်ရဘူးနော် ... မင်းတရားကြီးအမိန့်ကွ ..."



ဆွေဆက်သည် ထိုသူ၏ အော်သံကို မကြား၊ မိမိအတွေးနှင့် မိမိသွားမြဲသွား၏။

"ဟေး ...ဟိုရှေ့ကကောင် မကြားဘူးလား ...မင်းတရားကြီး အမိန့်နဲ့ပြောနေတာကွ ..."

ဆွေဆက်၏လူများက ကြားလိုက်သလိုလိုရှိသောကြောင့် ဘာမှန်းမှမသိဘဲတန့်ရပ်လိုက်၏။ ထိုစဉ် ဆွေဆက်သည် မြင်းနက်ကြီး သယ်ဆောင်ရာသို့ ခေါင်းငိုက်စိုက်နှင့်ပါသွား၏။ အော်သူတို့က အော်၏။ တားသူတို့ကတား၏။ ဆွေဆက်၏လူအချို့က ဘုရင့် တပ်မတော်သား ဆိုသူတို့ရှိရာသို့ ဒေါသတကြီးမြင်းစိုင်းဝင်၏။ ထိုစဉ် ...သေနတ်သံတစ်ချက်ပေါ်လာကာဆွေဆက်သည် မြင်းနက်ကြီး ပေါ်မှ ဦးစောက်ကျသွား၏။

ရှမ်းကြီးဦးနန္ဒသည် ဓားလွယ်ကို အိမ်မှထုတ်လျက် ထိုလူစု လူအုပ်ရှိရာသို့ မြင်းကိုအပြင်းနှင်၏။ လက်ဖွေ့တော် အဘကြီးက လှမ်းအော်တားဆီး၏။

"မောင်နန္ဒတို့ငဖားတို့နေကြဦးပ ...လေ ...သဟာကျုပ်တို့ အချင်းချင်းတွေပ ..."

လက်ဖွေ့တော် အဘကြီးသည် ဤသို့တားဆီးရင်း ဆွေဆက် ကျရာသို့သွားရောက်ပွေ့ထူ၏။ ဆွေဆက်၏လူအားလုံး မြင်းပေါ်မှ ဆင်းကာ ဆွေဆက်ဘေး၌ဝိုင်းရံနေကြ၏။ ထိုသူတို့အပြင်မှ မင်းတရားကြီး၏ တပ်မတော်မှ ဆိုသူများက ထပ်၍ ဝိုင်းရံထား၏။

"နင်တို့ အကြေဘက် ကုလားဖြူနယ်ကိုသွားပြီး တိုက်ခိုက်လုယက် ကြမည့်သူတွေ မဟုတ်လား၊ နင်တို့ကြောင့် မင်းတရားကြီးနဲ့ ကုလားဖြူဘုရင်ခံတို့ မသင့်မတင့်ရှိကြတော့မည်ကော"

နယ်ခြားစောင့်တပ်မှ သွေးသောက်ကြီးဆိုသူသည် မာရေကြောရေရှိလှ၏။ ဆွေဆက်နှင့်အဖော်တစ်စုကို ရာဇဝတ်တော်ကျူးလွန်သူများဟု ဖမ်းမည်ဆီးမည်တကဲကဲပြု၏။

ရှမ်းကြီးဦးနန္ဒနှင့် ငဖားတို့ကလည်း ဤနယ်ခြားစောင့် မြန်မာတပ်သားဆိုသူများကိုနုတ်နုတ်စင်းလိုနေလှပြီ။ လက်ဝှေ့တော် အဘကြီးကမူဆွေဆက်ကို ပြုစုပွေ့ပိုက်ရင်း နှစ်ဦးနှစ်ဖက် ကျေရာကျေကြောင်း ပြေပြေလည်လည်ပြော၏။ မိမိတို့ မြင်းခင်းပွဲတော်မှ ပြန်လာကြသူများဖြစ်ကြောင်း၊ ယခင်ကတည်းက အကြေအရပ်ရှိ ကုလားနယ်၌နေကြသူများဖြစ်ကြောင်းရှင်းပြ၏။

"ဒါကြောင့်ခက်တာပေါ့၊ ဘုရင့်ရှေ့မှောက်တော့ သူတော်ကောင်းလုပ်၊ ကွယ်ရာရောက်တာနဲ့ခိုး၊ ဆိုး၊ လုယက်၊ နင်တို့လိုလူတွေ ဖျက်နေလို့ တိုင်းပြည်ပျက်ရတာ..."

သွေးသောက်ကြီး၏စကားသည် တဖြည်းဖြည်းပိုမိုရင့်သီးလာ၏။ ကြာသော်...လက်ဝှေ့တော် အဘကြီးပင်လျှင်မခံနိုင်တော့ ...

"သည်မှာသွေးသောက် ...မြန်မာ့တိုင်းပြည်သုံးပုံနှစ်ပုံ ကုလားဖြူလက်ထဲရောက်တာ နင်တို့လို တစ်ကိုယ်ကောင်း နာမည်ရဖို့ကြည့်ပြီး အမှုထမ်းနေတဲ့ သူ့ရဲဘောကြောင်သူတွေကြောင့် နားလည်ရဲ့လား



...နင်တို့ဟာ တိုင်းပြည်နဲ့လူမျိုး အပေါ်မှာ တကယ်စေတနာမရှိဘဲ ငါ၀တ္တရား ကျေပွန်သူဆိုတဲ့ နာမည်ကောင်းလေးတစ်ခုရပြီး ရာထူးအဆင့်ဆင့်တိုးဖို့အတွက် တိုင်းပြည်ကြီးပျက်ချင်ပျက်ပစေလို့ ...ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ခိုင်းတဲ့အတိုင်း ဖြစ်ချင်ရာဖြစ် ကုန်းလုပ်နေကြတဲ့ တစ်ဘို့ထဲသမားတွေ။ ဒီမှာ ...နင်တို့ကို ဒို့တကယ်တိုက်မယ်ဆိုရင် နင်တို့အခုအချိန်မှာ တစ်ယောက်မှမကျန်ဘူးသိရဲ့လား..."

လက်ဝှေ့တော်အဘကြီး ပြောနေဆဲ၌ပင်လျှင် မြင်းတွေစိုင်းလာသည့် အသံကိုကြားကြရပြီး ချက်ချင်းမြင်းအုပ်ကြီးတစ်အုပ်ရောက်လာ၏။ ထိုမြင်းအုပ်ကြီးထဲ၌ပင်လျှင် သွေးသောက်ကြီး၏ တပ်မှူးပါလာသည်။

သွေးသောက်ကြီးက တပ်မှူးရှိရာသို့ မိမိ၏ဆောင်ရွက်ချက်နှင့် ရာဇဝတ်ကောင်များက မိမိကိုအံတုပြောဆိုနေကြပုံကို တိုင်ကြားပြောဆို၏။ တပ်မှူးသည်သွေးသောက်ကြီးကို ခြေထောက်ဖြင့် ကန်လိုက်၏။

"ဒုက္ခဘဲ...အဲဒါမှဒုက္ခဘဲ မြို့စားမင်းသမီးကြီးကိုယ်တိုင် ပါလာတယ် နင်သေဖို့သာပြင်တော့..."

ထိုသို့တပ်မှူးကညည်းညူနေဆဲ ဦးမြတ်ထွန်းနှင့်တကွ ပဘာဝတီဘွဲ့ခံ မင်းသမီးကြီးမပြရွက်ရောက်လာ၏။ အကျိုးအကြောင်းသိရသည်နှင့် အလွန်စိုးရိမ်ကြီးစွာ ဣန္ဒြေသိက္ခာတွေကို မဆည်တော့ဘဲ ဆွေဆက်ကိုပြေးပွေ့၏။ ဆွေဆက်၏ ဒဏ်ရာကိုကြည့်၏။ ပခုံးညှပ်ရိုးအောက်သို့ တိမ့်သွားခြင်း ဖြစ်လျက် သွေးလွန်နေ၏။ အထက်သို့

လည်းကောင်း၊ အောက်သို့လည်းကောင်းအနည်းငယ် တိမ်းလွဲသွားပါက အသက်ကိုမှ မှီနိုင်ဖွယ်မရှိ။

မြရွက်သည် ဆွေဆက်ကို လှုပ်ကာလှုပ်ကာခေါ်ကြည့်၏။ သို့သော် ...ဆွေဆက်က သဲ့သဲ့မျှထူးနိုင်၏။

"မြို့စားမင်းသမီးကြီး လူနာပိုပြီးပင်ပန်းလိမ့်မည်။ အခု စကားပြောနိုင်မည်မဟုတ်ပေါင်ပါ၊ သမားတော်များရှိရာကို အမြန်ခေါ်သွားမှ တော်ပါခြိမ့်မည်..."

မြရွက်သည် လက်ဇော့တော်ကြီးကို အားထားစွာလှည့်ကြည့်၏။ ထို့နောက်အနီးဆုံး၌ရှိသော သမားတော်များကိုပင့်ခေါ်လာရန် အမိန့်ပေး၏။ ပြီးသည်နှင့် လူနာကိုအညင်သာဆုံးချထားခဲ့ပြီးနောက် နယ်ခြားစောင့်တပ်မှူးရှိရာသို့သွား၏၊

"ဘယ်သူလဲ ...ဗိုလ်မှူးဆွေဆက်ကို သေနတ်နဲ့ပစ်တာ"

ရဲမက်နှစ်ယောက်သည် အလွန်တုန်လှုပ်နေဟန်ရှိသော သွေးသောက်ကြီးကို မြရွက်ရှေ့သို့တွန်းပို့လိုက်၏။

"ကျွန်...ကျွန် ...ကျွန်တော်မျိုးကြီး ဘုရင်မင်းတရားကြီးရဲ့ အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး သစ္စာရှိရှိ အမှုတော်ထမ်းမိတာပါ မြို့စားမင်းသမီးကြီးသခင်ဘုရား ..."

"ဒီအသံ ငါကြားဘူးတယ် ယူခဲ့စမ်း မီးစီးတစ်ခု..."

မြရွက်သည်သွေးသောက်ဆိုသူ၏ မျက်နှာကို ရဲမက်တစ်ဦး၏



မီးတုတ်ဖြင့် သေသေချာချာအနီးကပ်ကြည့်၏။ မောက်တိုပါးကနှင့်တကွ ယွမ်းခမောက်ကိုဆွဲချွတ်၏။ အတွင်းခံဦး:ချစ်ကို ဆွဲချွဝလိုက်သည်နှင့် နဖူးပြင်၌မျိုးဖျက်ဟူသော စာလုံးနက်ကြီးသညအထင်းသားပေါ်လာ၏။

"ဩ...ရှင်ကို...ရှင်...ကျုပ်ကိုသိလား..."

သွေးသောက်ကြီးသည် လုံးဝတုန့်ပြန်ခြင်းမပြုဘဲ၊ အလွန်တုန်တုန်လှုပ်လှုပ်ဖြစ်နေ၏။

"ရှင်မပြောရင် ကျုပ်ပြောရမှာပေါ့၊ ကျုပ် သုံးခွပဲ့နင်းကြီးရဲ့သမီးမြရွက်လေ၊ ရှင်ရန်ကုန်က သူဌေးသား မျိုးမင်းဆိုတဲ့ ကုလားကျွန်မဟုတ်လား၊ ရှင်လိုလူစားကများ မင်းတရားကြီးရဲ့အမိန့်ကို ဦးထိပ်ပန်ဆင်ပြီး သစ္စာရှိရှိအမှုထမ်းတယ်ဆိုတော့ တော်တော်လဲရီစရာကောင်းတာပဲ...ရှင့်လို ကုလားကျွန်သစ္စာဖောက်က ဒီလိုအမျိုးသားနယ်စောင့်တပ်ထဲကို ဘယ်လိုရောက်လာတာလဲ ရှင်မှန်မှန်ပြောစမ်း...၊သူ့ကို ကိုဆွေဆက်မှန်းသိလို့ တမင်ပစ်တာ မဟုတ်လား..."

"မ...မ...မသိရပါဘူး သခင်မဘုရား...၊ ကျွန်တော်မျိုး သူ့ကိုနောက်ကပဲ မြင်လိုက်ရပါတယ်၊ အမိန့်တော်အတိုင်းသာ..."

မြရွက်သည် သွေးသောက်ကြီး မျိုးမင်း၏ ပါးကိုဖျန်းကနဲရိုက်လိုက်၏။

"ဘာအမိန့်တော်အတိုင်းလဲ သစ္စာဖောက်မျိုးဖျက်၊ ကုလားကျွန်က ကြာတယ်...ကိုင်စမ်းနင့်မား..."

မျိုးမင်းသည် လုံးဝမကိုင်ဝံ့ဘဲနေ၏။ မြရွက်က ဓားပြားဖြင့် ရိုက်လျက် မျိုးမင်းဓားကိုအထုတ်ခိုင်း၏။

"မြရွက်နှင့်ဟာ ...မတော်ဘူးထင်သဟ..."

မြရွက်သည် ဦးမြတ်ထွန်းဘက်သို့ လက်ယှက်လိုက်၏။

"ဘကြီးသည်တစ်ခါတော့ ...ကျွန်မကိုခွင့်လွှတ်ပါ..."

ယောကျ်ားနှင့် မိန်းမပင်ဖြစ်သော်လည်းဓားပွဲမှာ သိပ်မကြာလှချေ၊ ကြယ်ဂရာင်လက်လက်၌ တခဏသာလျှင် ချွင်ချွင် ခြက်ခြက်မည်လျှက် မကြာမီပင်မြရွက်သည်မျိုးမင်း၏ လက်ကောက်ဝတ်ကို ပက်ဓားဖြင့်ဆတ်လိုက်ပြီးတစ်ဆက်တည်း စလွယ်ပိုင်းလိုက်၏။

"သစ္စာဖောက်မျိုးဖျက်...ထိုး၊ ခုတ်၊ ပက်၊ ပိုင်း၊ တွက်၊ ဓားရေးအစဉ်ကိုမှ မကာတတ်ဘဲနဲ့ဒါနဲ့များအမှုတော် လာထမ်းနေရသေးတယ်..."

မြရွက်က မကျေမချမ်းပြောလိုက်သည်။ ထို့နောက် သမားတော်ကြီးတို့ ရောက်လာကြသဖြင့် ဆွေဆက်၏ဒဏ်ရာကို ကြည့်စေ၏။ အတွင်းသားကိုမထိ ကိုယ်အင်္ဂါမချို့တဲ့ပဲ ပျောက်ကင်းနိုင်သည် ဆိုသောကြောင့် ဆေးထည့်စည်းနှောင်လျက်ယူသွားကြ၏။ နှစ်ရက်အတွင်း ဒဏ်ရာသက်သာလာသောကြောင့် ဆွေဆက်နှင့် မြရွက်တို့စကားပြောနိုင်ကြ၏။

ဆွေဆက်က မြရွက်ကို အခဲမကျေ...။ မသိသလိုထည်ထည်



ဝါဝါနေသောကြောင့် နာကျည်းသည်ဆို၏။ မြရွက်က ကနောင်ကိုယ်တော်ကြီး၏ မွေးစားသမီးအနေနှင့် ဣန္ဒြေကို အသက်နဲ့ထပ်တူစောင့်ထိန်းနေရပါသည်ဟုဆို၏။

"အနို့...ဒါဖြင့် ဟိုလက်စွဲကိုယ်ရံလူပျိုတော်သားတော့ကော..."

"ကြည့်စမ်း...သူ ဒါကိုသဝန်တိုနေတာ၊ အဲဒါက အိမ်ရှေ့ကိုယ်တော်ကြီးကခိုင်းလို့ မြရွက်ကို ဓားခုတ်၊ လှံထိုး၊ စက်ဝန်းပစ်သင်ပေးတဲ့ဆရာ...တော့်..."

"သိဘူးလေ မင်းသမီးကြီး ဖြစ်နေလို့ နန်းတွင်းသားတွေကိုမှ သဘောကျပြီး သည်ကတောသားကို မသိယောင်ဆောင်နေသလားလို့..."

"ကြည့်စမ်း...ကြည့်စမ်း ...ထုလိုက်ရ အနာကြီးကနာသွားပြန်ရော့မယ်၊အဲ့သည် တောသားလူစွမ်းကောင်းကြီးကြောင့် မင်းသမီးဘဝနဲ့ ဟောသည်နယ်ကြီး တစ်ခုလုံးကိုပါ စွန့်ပြီး အခုအပြီးလိုက်လာခဲ့တာတော်ရဲ့...

... အိမ်ရှေ့ကိုယ်တော်ကြီးက ဟောဒီ နယ်စပ်ကြီး တစ်လျှောက်လုံးကို မောင်ကြီးဆွေဆက်တို့လို ...မျိုးချစ် သူရဲကောင်းတွေဝင်ထွက်လိုတဲ့အခါ အကူအညီပေးနိုင်အောင်ဆိုပြီးမြရွက်ကို အပိုင်စားပေးသနားထားတာတော်ရဲ့...

... အခုတော့ အကူအညီပေးရုံ မဟုတ်ဘဲ မျိုးချစ်မောင်ကြီးရဲ့ နောက်တော်ပါးက ကိုယ်တိုင်လိုက်ပါဆောင်ရွက်ခွင့်ရလို့ ဒီနယ်ကြီး

တစ်ခုလုံးကိုပါ ဘကြီးဦးမြတ်ထွန်းလက်ထဲကို လွှဲအပ်ပေးခွင့်ရခဲ့ပြီ… သိရဲ့လား…”

ယခုတစ်ကြိမ်သာလျှင် တွေ့ဖူးကြုံဖူးရသော မြစ္စက်၏ မိခင်လောင်းဆန်ဆန်ရန်တွေ့နေပုံကို ဆွေဆက်သည် တအံ့ဘသြ ငေးမော ကြည့်ရင်း နွေးသောရင်ရှိနှလုံးသား၌ချမ်းမြေ့နေ၏။

နှင်းမှုန်တွင်းမှ ဖြတ်သန်းတိုက်ခတ်လာသော လေသည် ချစ်သူနှစ်ယောက်တို့၏ နှလုံးသားကို ပို၍ ချမ်းမြေ့အောင် ယုယပိုက်ထွေးလိုက်၏။

# ချစ်နိုင် (စိတ်ပညာ) ၏

## ထုတ်ဝေပြီးသော စာအုပ်များ


| | | |
|---|---|---|
| ၁။ | **ချစ်လို့ပြောတာ မှတ်ပါ** (မြဝတီစာပေတိုက်) | ၉၆ / ဇွန် |
| | – (ဒုတိယအကြိမ်) | ၉၆ / ဇူလိုင် |
| | – (တတိယအကြိမ်) | ၉၆ / ဩဂုတ် |
| | – (စတုတ္ထအကြိမ်) | ၉၇ / ဖေဖော် |
| ၂။ | **လက်တစ်ကမ်းရှိ တက်လမ်း** (ပတ္တမြားငမောက်စာပေ) | ၉၆ / စက် |
| ၃။ | **မိမိကိုယ်ကို တည်ဆောက်ခြင်း** (စာပေလောက ပုံနှိပ်တိုက်) | ၉၇ / ဇန် |
| ၄။ | **ပညာသည် တန်ခိုးကို ဖန်ဆင်း၏** (ဝါမိုးအောင်စာပေ) | ၉၇ / မတ် |


# ချစ်နိုင် (စိတ်ပညာ)

## ထုတ်ဝေမည့် စာအုပ်များ


၁။ **လျှပ်တစ်ပြက် အတွေးများ**

၂။ **အောင်မြင်မှုနှင့် စိတ်ခွန်အား**

၃။ **စစ်ဘက်ခေါင်းဆောင်မှုနှင့် အခြားဆောင်းပါးများ**

၄။ **လောကကို အလှမြင်ပါ**

## ရန်ကုန်ဘဆွေ
## (၁၉၁၆–၁၉၈၆)

ရန်ကုန်ဘဆွေကို ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့နယ်၊ ရေပူဝရွာတွင် အဖ ဦးကြာဖူး၊ အမိ ဒေါ်သေးသေးတို့မှ ၁၉၁၆–ခုနှစ်၊ စက်တင်ဘာလ ၂၁–ရက်နေ့တွင် ဖွားမြင်ခဲ့သည်။

၁၅–နှစ်သား အရွယ်တွင် မြောင်းမြမြို့၌ ပန်းချီပညာကို သင်ကြားခဲ့၏။ ၁၉၃၂–ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိပြီးနောက် သက်စောင့် မဂ္ဂဇင်းတွင် ဝတ္ထုတိုများ ဖော်ပြခံရလေသည်။ ကြော်ငြာ ဒီဇိုင်း၊ ရုပ်ရှင်ပိုစတာနှင့် ဓာတ်ထိုး ပန်းထိုး အထည်များအတွက် ပန်းရေးခြင်းဖြင့် အသက်မွေးကျောင်း ပြုခဲ့သည်။ ၁၉၄၀–ပြည့်နှစ်တွင် နဂါးနီဂျာနယ်တွင် စာတည်းအဖွဲ့ဝင် ဖြစ်လာ၏။

ဒုတိယ ကမ္ဘာစစ်အတွင်း ရန်ကုန်ဘဆွေသည် ဖက်ဆစ်ဆန့်ကျင်ရေး မြေအောက်ယူနစ် တာဝန်ခံတစ်ဦးအဖြစ် ဖျာပုံခရိုင်အတွင်း လှုပ်ရှားခဲ့၏။

၁၉၆၄–ခုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့လေသည်။ ရန်ကုန်ဘဆွေသည် သေသော်မှတည့် ဩော်ကောင်း၏ ဝတ္ထုနှင့် မြန်မာပြည်သား ဝတ္ထုတို့ကဲ့သို့ သမိုင်းနောက်ခံ ဝတ္ထုကြီးများ ရေးသားခဲ့လေသည်။

သီကုံးပန်းသွင် ရေးဖွဲ့ချင်သော်ကဲ့သို့သော စာပေကျမ်းများလည်း ပြုစုခဲ့သေး၏။ ကလောင်အမည်ခွဲ အမျိုးမျိုးဖြင့် မြဝတီမဂ္ဂဇင်း၌ ဘဝသရုပ်ဖော်ဝတ္ထု အများအပြား ရေးခဲ့သည်။

နိုင်ငံတော်နှင့် လူမျိုးအတွက် ထမ်းဆောင်ခဲ့မှုများကြောင့် ၁၉၈၁–ခုနှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ချီးမြှင့်ခြင်း ခံရလေသည်။

ရန်ကုန်ဘဆွေသည် ၁၉၈၆–ခုနှစ်၊ စက်တင်ဘာလ ၁၇–ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ပါသည်။